# ဗောဓိပက္ခိယ

# ဝိပဿနာအမြုတေ

ရေးသားသူ
ဦးပုဏ္ဏါဓာရ
ဗောဓိပက္ခိယချောင်

မင်းကွန်းတောင်ရိုး

ဓမ္မဒါန

၁၄၉၃၂

# မဟာဝိပက္ခိယ

# ဝိပဿနာအမြုတေ

ရေးသားသူ


## ဦးပုဏ္ဍါစာရ

မဟာဝိပက္ခိယချောင်

မင်းကွန်းတောင်ရိုး၊



ဓမ္မဒါန

ပထမအကြိမ်
အုပ်ရေ (၂၀၀၀)
၁၉၈၀-ခု၊ ဧပြီလ


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၁၇၈)။

ပုံနှိပ်/ထုတ်ဝေသူ

ဗောဓိပက္ခိယ ကမ္မဋ္ဌာနာစရိယ ပြန့်ပွားရေး
အဖွဲ့အတွက် ဦးလှရွှေ (ကင်းလွတ်ခွင့် ၄၂၆)က
ဒေါ်တင်ကြည် "ဒေါ်တင်ကြည်နှင့် သားများပုံနှိပ်တိုက်"
(မြ-၀၁၂၂၁) အာဇာနည်လမ်း၊ ဆိုင်းတန်း
မန္တလေးမြို့တွင် ပုံနှိပ်ထုတ်ဝေပါသည်။




မူလ ပထမ ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော
အဂ္ဂမဟာပဏ္ဍိတ ပညာပါရဂူ ဒီလစ်ဘွဲ့တော်ရ
ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီး၊




ဒုတိယ ကမ္ဘာ့ဌာန်းဆရာ နှင့် ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော
ပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမက ဘာသန္တရကောဝိဒ
ဂုဏ်ထူးဝိသေသရှိတော်မူသော ကျေးဇူးရှင် သံလျင်တောရ
(ဓမ္မဝါဒီ) ဆရာတော်ဘုရားကြီး၊



တတိယဆရာ (ဩဝါဒစရိယ) ဖြစ်တော်မူသော
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးရှင် မင်းကွန်း ဓမ္မနာဒတိုက်
ဆရာတော်ဘုရားကြီး၊



ဗောဓိပက္ခိယကမ္မဋ္ဌာန်းဌာန ၏
ဝိပဿနာအမြုတေ ကျမ်းပြုဆရာ
မင်းကွန်း (ဗောဓိပက္ခိယ ကမ္မဋ္ဌာနာစရိယ)
အရှင်ဗုဒ္ဓါစာရ၊




၁၃၄၀-ခုနှစ်၊
သီတင်းကျွတ်လဆန်း
(၇)ရက်နေ့တွင်
စတင်ဖွဲ့စည်း
တည်ထောင်ခဲ့သော
ပြည်ထောင်စု
မြန်မာနိုင်ငံတော်လုံး
ဆိုင်ရာ
**ဗောဓိပက္ခိယ**
**တရား**
ပြန့်ပွားရေးအဖွဲ့ချုပ်၏
အလုပ်အမှုဆောင်
များ။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမပင့်ညာဉ် .... .... | ၁ |
| ၂။ | ဗောဓိပက္ခိယဟူသည်ကား.... .... | ၃ |
| ၃။ | ဗောဓိပက္ခိယတရား (၃၇)ပါး — | ၄ |
| ၄။ | ဗောဓိပက္ခိယကမ္မဋ္ဌာန်းဌာန၏ အခြေခံဒေသနာတော် .... .... | ၁ ခ |
| ၅။ | မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်အကျိုးပြု .... — | ၁ ၁ |
| ၆။ | လိုရင်းအဓိပ္ပါယ် နှင့် အကျိုးတရား ငါးပါး — — | ၁ ခ |
| ၇။ | သတိပဋ္ဌာန်တရား လေးပါးဟူသည်ကား | ၁ ၃ |
| ၈။ | အကျိုးတရား ကာလအပိုင်းအခြား — | ၁ ၃ |
| ၉။ | ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရှိရန် ဆရာရှာကြံပါ .... — | ၈ ၅ |
| ၁၀။ | ပုဗ္ဗကိစ္စအချိုးကျမှ- မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်မည် — | ၁ ၅ |
| ၁၁။ | ပရိကမ္မကိစ္စ(၈ါ)ပုဗ္ဗကိစ္စဆောင်ရွက်ရန် | ၁ ၅ |
| ၁၂။ | ရတနာသုံးပါးကိုပူဇော်ကန်တော့ရန် — | ၁ ၈ |
| ၁၃။ | သီလဆောက်တည်ရန် .... — | ၁ ၈ |
| ၁၄။ | တရားတောင်းရန် .... — | ၁ ၈ |
| ၁၅။ | မိမိခန္ဓာကိုမြတ်စွာဘုရားအားလှူဒါန်းရန် | ၁ ၉ |
| ၁၆။ | ဝန်ချတောင်းပန်ရန် — .... | ၁ ၉ |


F B

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ပြန်လည်ခွင့်လွှတ်ခြင်း၊ .... .... | ၂၀ |
| ၁၈။ | မေတ္တာပို့သခြင်း .... .... | ၂၀ |
| ၁၉။ | သီလအကျိုးငါးပါး .... .... | ၂၄ |
| ၂၀။ | မေတ္တာအကျိုး[၁၁]ပါး .... .... | ၂၅ |
| ၂၁။ | ဝိပဿနာစာတရားရှုပွားရခြင်းအကြောင်း | ၂၆ |
| ၂၂။ | ဒိဋ္ဌိကိုအလျှင်အမြန်ပယ်သတ်ပါ .... | ၂၇ |
| ၂၃။ | အကြောင်းတရားနှင့်အကျိုးတရား .... | ၂၉ |
| ၂၄။ | အမှန်သစ္စာတရားနှစ်ပါး .... .... | ၃၀ |
| ၂၅။ | ခန္ဓာငါးပါး၌ ပါဝင်သောတရားစုများ | ၃၁ |
| ၂၆။ | ခန္ဓာငါးပါးကိုထပ်ပြီးချုံးပြန်သော် .... | ၃၃ |
| ၂၇။ | ခရီးစဉ်နယ်မြေလေးခု .... .... | ၃၄ |
| ၂၈။ | သမုတိသစ္စာနယ်ဆိုသည်မှာ .... | ၃၄ |
| ၂၉။ | ပရိကမ်နယ်ဆိုသည်မှာ .... .... | ၃၄ |
| ၃၀။ | ဝိပဿနာနယ်ဆိုသည်မှာ .... .... | ၃၅ |
| ၃၁။ | အရိယာနယ်မြေဆိုသည်မှာ .... | ၃၆ |
| ၃၂။ | မိမိတို့ခရီးစဉ်နှင့် ရည်မှန်းချက်ပန်းတိုင် | ၃၇ |
| ၃၃။ | ဒိဋ္ဌိနိုင်ငံကိုဖြိုဖျက်ရန်ဗုဒ္ဓပေးသောလက်နက် | ၃၈ |
| ၃၄။ | မူရင်းမဟာသတိပဋ္ဌာနသုတ် ဓာတုမနသိကာရပဗ္ဗ .... .... | ၄၁ |
| ၃၅။ | ဤကိုယ်ကာယတလံမျှ၌ .... .... | ၄၂ |
| ၃၆။ | ဓာတုမနသိကာရအပိုင်း၌အထူးမှတ်ဖွယ် | ၄၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၇။ | ဒိဋ္ဌိနိုင်ငံဖြိုဖျက်ရန် အဋ္ဌကထာဆရာညွှန်ကြားချက် .... | ၄၅ |
| ၃၈။ | ဗုဒ္ဓဝါဒီတို့၏ ရည်မှန်းချက်ပန်းတိုင် — | ၄၆ |
| ၃၉။ | ပရမတ္ထဟူသမျှ ဒြဗ်မရကိုယ် .... | ၄၇ |
| ၄၀။ | ခေတ်ခြောက်ပါးကို ဉာဏ်၌ ကောင်းစွာထင်မြင်အောင်ရှုပါ — | ၄၈ |
| ၄၁။ | ခေတ်ခြောက်ပါးနှင့် သနလေးပါးကိုဖြိုဖျက်နိုင်သည် — | ၄၉ |
| ၄၂။ | ခေတ်ကိုမြင်မှ အတုံးအခဲ ပုဂ္ဂိုလ်သတ္တဝါ ပျောက်မည် .... | ၅၀ |
| ၄၃။ | ဗောဓိပက္ခိယကမ္မဋ္ဌာန်းဌာန၏ယုံကြည်ချက် | ၅၁ |
| ၄၄။ | ကျင့်ကွက်, ကျင့်နည်း, ကျင့်စဉ်အမြွက် | ၅၂ |
| ၄၅။ | စိတ္တဇဝါယောခေတ်သက်သေပြချက်.... | ၅၃ |
| ၄၆။ | ဝါယောခေတ်အစ တွန်းမှုက .... | ၅၅ |
| ၄၇။ | ရူပနာမပရိစ္ဆေဒဉာဏ်ဝင်လာပုံ .... | ၅၇ |
| ၄၈။ | ပစ္စယပရိဂ္ဂဟဉာဏ်ဝင်လာပုံ .... | ၅၈ |
| ၄၉။ | သမ္မသနဉာဏ်ဝင်လာပုံ .... .... | ၅၈ |
| ၅၀။ | ဥဒယဗ္ဗယဉာဏ်ဝင်လာပုံ — .... | ၆၀ |
| ၅၁။ | အပျက်ကြမ်းရာမှ နုလာခြင်း .... | ၆၂ |
| ၅၂။ | အဇ္ဈတ္တဖေါ်ဌဗ္ဗကို ကာယဝိညာဏ်နှင့်တွေ့သိခြင်း — | ၆၃ |
| ၅၃။ | ဥဒယဗ္ဗယမှ·ပဉ္စ ပဉ္စဥဒယဗ္ဗယသို့ — | ၆၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၄။ | ဘင်္ဂလားကျဆင်းလာပုံ .... — | ၆၆ |
| ၅၅။ | ထူးသောဝါဃောခတ်၏ ဆောင်ပုဒ်လင်္ကာ | ၆၇ |
| ၅၆။ | မင်းကွန်းဓမ္မနာဒတိုက် ဆရာတော်ဘုရား၏ဂါထာတော် .... | ၆၈ |
| ၅၇။ | ထိုဂါထာ၏ဆိုင်ရာ တရားလင်္ကာ .... | ၆၉ |
| ၅၈။ | ၎င်းဂါထာအဆက် တိပိဋကဓရ ဆရာတော်ဘုရား၏ ဂါထာ .... | ၆၉ |
| ၅၉။ | ထိုဂါထာ၏ဆိုင်ရာတရားလင်္ကာ .... | ၇၀ |
| ၆၀။ | ဒေသနာ၁တော် ယုတ္တိသက်သေပြချက်.... | ၇၀ |
| ၆၁။ | ချောင်းရေမြစ်ရေတို့သည် ပင်လယ်ထဲ၌ ပေါင်းဆုံကြသည် .... | ၇၁ |
| ၆၂။ | ရုပ်တရား၏ ဖြစ်ပျက်ပုံ အာဂမယုတ္တိသက်သေပြချက်များ — | ၇၃ |
| ၆၃။ | ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ မဂ္ဂင်ဒီပနီ စာမျက်နှာ(၁၀၁)မှ .... | ၇၃ |
| ၆၄။ | ဆရာတော်ဦးနန္ဒိယမထေရ်၏ နိဗ္ဗာနမဂ္ဂဒီပနီ စာမျက်နှာ(၈၄)မှ — | ၇၄ |
| ၆၅။ | ဥာဏာစာရီမထေရ်၏ အပါယ် တံခါးပိတ်ကျမ်း စာမျက်နှာ(၁၁)မှ — | ၇၄ |
| ၆၆။ | ဝေဘူဆရာတော်ဘုရားကြီး၏ဓမ္မလမ်းစဉ်မှ | ၇၅ |
| ၆၇။ | ကျေးဇူးရှင် တိပိဋကဓရဆရာတော်ဘုရား၏ ခတ်၆-ပါးစာမျက်နှာ(၇၂)မှ .... | ၇၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၈။ | ကျေးဇူးရှင် သံလျင်ဆရာတော်ဘုရား၏ ဝိပဿနာစဘုံသွား စာမျက်နှာ[၁၇]မှ... | ၇၆ |
| ၆၉။ | ကန္နီရွှေသိမ်တော် ဆရာတော်၏ ယောဂီပါရဂူကျမ်း စာမျက်နှာ[၁၀၅]မှ | ၇၇ |
| ၇၀။ | ခန္တီးဆရာတော်ဘုရား၏ ဓမ္မသံဝေဂလင်္ကာမှ | ၇၈ |
| ၇၁။ | အနာဂါမ် ဆရာသက်ကြီး ရုပ်-နာမ် ဖြစ်ပျက်ပုံ စာမျက်နှာ[၈၂]မှ | ၇၉ |
| ၇၂။ | မင်းကွန်းဆရာတော်ဘုရား ၏ တပည့် သဒ္ဓမ္မပါလ ဆရာတော်၏ သတိပဋ္ဌာန်တရား ရှုပွားနည်းကျမ်းမှ ... | ၈၀ |
| ၇၃။ | ပြန်လည် သုံးသပ်ချက် .... .... | ၈၀ |
| ၇၄။ | တေဇောဓာတ် ရှုပွားနည်း ... | ၈၂ |
| ၇၅။ | တေဇောဓာတ် ဖမ်းယူရန် ဆောင်ပုဒ်... | ၈၂ |
| ၇၆။ | အပူ တေဇောဓာတ် ဖမ်းယူရန် .... | ၈၂ |
| ၇၇။ | အခေ တေဇောဓာတ် ဖမ်းယူရန် ... | ၈၄ |
| ၇၈။ | ပထဝီဓာတ် ဆောင်ပုဒ်လင်္ကာ .... | ၈၆ |
| ၇၉။ | အလေးပထဝီဓာတ် ဖမ်းယူရန် ... | ၈၆ |
| ၈၀။ | အမာ ပထဝီဓာတ် ဖမ်းယူရန် .... | ၈၇ |
| ၈၁။ | အကြမ်း ပထဝီဓာတ် ဖမ်းယူရန် .... | ၈၈ |
| ၈၂။ | အာပေါဓာတ် ဖမ်းယူရန် လက္ခဏာ ဆောင်ပုဒ်များ... ... | ၈၉ |
| ၈၃။ | အထူးမှတ်ဘွယ် .... .... | ၉၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | အာပေါဓာတ်ကို ဖမ်းယူရန် .... | ၉၁ |
| ၈၅။ | ဓာတ် ၂-ပါးတွဲ ၃-ပါးတွဲ ရှုပွားရန် — | ၉၃ |
| ၈၆။ | သိကောင်းစရာ ဓာတ်ကြီး၄-ပါး၏ သဘာဝ လက္ခဏာများ — .... | ၉၄ |
| ၈၇။ | ကာယာသတိပဋ္ဌာန်, ကာယာ- နုပဿနာ ဥဒ္ဒေသ .... .... | ၉၆ |
| ၈၈။ | ဘယဉာဏ် ဝင်လာပုံ — .... | ၉၈ |
| ၈၉။ | အာဒီနဝဉာဏ် ဝင်လာပုံ .... .... | ၉၉ |
| ၉၀။ | နိဗ္ဗိဒါဉာဏ် ဝင်လာပုံ — .... | ၁၀၀ |
| ၉၁။ | မုဉ္စိတုကမျတာဉာဏ် ဝင်လာပုံ .... | ၁၀၁ |
| ၉၂။ | အထူးသိသာရန် — .... | ၁၀၂ |
| ၉၃။ | ပဋိသင်္ခါဉာဏ် ဝင်လာပုံ .... .... | ၁၀၄ |
| ၉၄။ | သင်္ခါရုပေက္ခာဉာဏ် ဝင်လာပုံ .... | ၁၀၉ |
| ၉၅။ | ကိလေသာဒုက္ခ နှင့် သင်္ခါရဒုက္ခ — | ၁၁၀ |
| ၉၆။ | ကိလေသာဒုက္ခ ဆိုသည်မှာ .... | ၁၁၁ |
| ၉၇။ | သင်္ခါရဒုက္ခ ဆိုသည်မှာ .... — | ၁၁၁ |
| ၉၈။ | အထူးသိဘွယ်တရပ် .... — | ၁၁၂ |
| ၉၉။ | အရိယာနယ်မြေသို့ မတက်လှမ်းလိုသေးသော ပုဂ္ဂိုလ်မျိုး.... | ၁၁၃ |
| ၁၀၀။ | အနုလောမဉာဏ် ဝင်လာပုံ — | ၁၁၄ |
| ၁၀၁။ | ဂေါတြဘူဉာဏ် ဝင်လာပုံ .... | ၁၁၆ |
| ၁၀၂။ | မဂ်ဉာဏ်ထူး ဝင်ပုံ — — | ၁၁၇ |


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃။ | ဖိုလ်ဉာဏ်ထူး ဝင်ပုံ ... .... | ၁၁၇ |
| ၁၀၄။ | ပထမပိုင်း ဓာတ် ၄-ပါး ရုပ်ကမ္မဋ္ဌာန်း နိဂုံးချုပ် .... .... | ၁၁၈ |
| ၁၀၅။ | ဒုတိယပိုင်း ဝိညာဏဓာတ် (ဝါ) စိတ္တာနုပဿနာ ရှုပွားနည်း ... | ၁၂၀ |
| ၁၀၆။ | စိတ်၏ ဆောင်ပြချက်များ .... | ၁၂၁ |
| ၁၀၇။ | စိတ်၏ ဂုဏ်သတ္တိများ .... ... | ၁၂၂ |
| ၁၀၈။ | မဟာသတိပဋ္ဌာနသုတ် စိတ္တာနုပဿနာ ဥဒ္ဒေသ .... .... | ၁၂၆ |
| ၁၀၉။ | အဓိပ္ပါယ်အကျဉ်းချုပ် .... .... | ၁၂၇ |
| ၁၁၀။ | စိတ္တာနုပဿနာ အကျိုးပြ ဝတ္ထုသာဓက | ၁၂၇ |
| ၁၁၁။ | ပုဂ္ဂိုလ် ၄-မျိုး ... .... | ၁၃၅ |
| ၁၁၂။ | ဥဂ္ဃဋိတညူ ပုဂ္ဂိုလ် .... .... | ၁၃၅ |
| ၁၁၃။ | ဝိပဉ္စိတညူ ပုဂ္ဂိုလ် .... ... | ၁၃၆ |
| ၁၁၄။ | နေယျပုဂ္ဂိုလ် .... .... .... | ၁၃၆ |
| ၁၁၅။ | ပဒပရမ ပုဂ္ဂိုလ် .... .... | ၁၃၇ |
| ၁၁၆။ | သူနာ ဥပမာ ပုဂ္ဂိုလ် ၃-ယောက် ... | ၁၃၈ |
| ၁၁၇။ | အထူးသိသာရန် .... .... | ၁၄၁ |
| ၁၁၈။ | စိတ်၏ မှီရာ ကိန်းရာ ဌာန ... | ၁၄၃ |
| ၁၁၉။ | အဋ္ဌကထာဆရာ၏ ထောက်ခံချက် ... | ၁၄၄ |
| ၁၂၀။ | စိတ်ကို ဖမ်းဆီးရမိရန် သဲလွန်စများ.... | ၁၄၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂၁။ | ထေရဂါထာပါဠိတော်လာ မျောက်မိုက်ဥပမာ .... .... | ၁၄၆ |
| ၁၂၂။ | ထပ်မံရှင်းလင်းချက် — — | ၁၄၇ |
| ၁၂၃။ | မသဲမကွဲ မိုးဖွဲ့နှင်းမှုံ စိတ်ဖြစ်ပုံ — | ၁၅၀ |
| ၁၂၄။ | အထူးသိသာရန် .... .... | ၁၅၂ |
| ၁၂၅။ | ငြိမ် လှုပ် လှုင့် ခုံ စိတ်ဖြစ်ပုံ — | ၁၅၅ |
| ၁၂၆။ | မူလ ပင်ကိုယ်စိတ်သည် ထွန်းလင်းတောက်ပသည် .... — | ၁၅၅ |
| ၁၂၇။ | မြတ်စွာဘုရားဒေသနာတော် ယုတ္တိများ | ၁၅၆ |
| ၁၂၈။ | မြတ်စွာဘုရားဟော — — | ၁၅၈ |
| ၁၂၉။ | ရဟန္တာ အရှင်မြတ်ဟော .... .... | ၁၅၉ |
| ၁၃၀။ | အာဂမယုတ္တိအထောက်အထားများ — | ၁၅၉ |
| ၁၃၁။ | ကျေးဇူးရှင် လယ်တီ- ဆရာတော်ဘုရား၏ အလင်းကျမ်းမှ — | ၁၅၉ |
| ၁၃၂။ | ကျေးဇူးရှင် တိပိဋကာရေ ဆရာတော်ဘုရား၏ မဟာဗုဒ္ဓဝင်မှ .... | ၁၆၀ |
| ၁၃၃။ | ကျေးဇူးရှင် သံလျင်တောရ ဆရာတော်ဘုရား၏ ဝိပဿနာဘုံသွားမှ | ၁၆၁ |
| ၁၃၄။ | သေကျွတောင် ဆရာတော်၏ ပဏ္ဍိတ ဝေဒနီယ ကျမ်းမှ — — | ၁၆၂ |
| ၁၃၅။ | ထပ်မံရှင်းလင်းချက် .... — | ၁၆၃ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၃၆။ စိတ်ကြောင့်ဖြစ်သော ကိလေ-
သာကို စိတ်ဖြင့် သုတ်သင်ခြင်း .... ၁၆၄
၁၃၇။ ဗုဒ္ဓမြတ်ဘုရား၏ အလို .... .... ၁၆၆
၁၃၈။ အနုလောမဉာဏ် ဝင်လာပုံ .... ၁၆၇
၁၃၉။ ဂေါတြဘူဉာဏ် ဝင်လာပုံ .... ၁၆၈
၁၄၀။ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံ ၁၆၉
၁၄၁။ ဖိုလ်ဉာဏ်ဖြင့်ဆက်လက် မျက်မှောက်ပြုပုံ ၁၇၀
၁၄၂။ ဒေသနာတော်ယုတ္တိနှင့် တိုင်းတာချက် ၁၇၀
၁၄၃။ ပစ္စဝေက္ခဏာဉာဏ် ဝင်လာပုံ .... ၁၇၁
၁၄၄။ သဉပါဒိသေသ နိဗ္ဗာန်နှင့်
အနုပါဒိသေသ နိဗ္ဗာန် .... .... ၁၇၁
၁၄၅။ သဉပါဒိသေသ နိဗ္ဗာန် ဟူသည်ကား.... ၁၇၃
၁၄၆။ အနုပါဒိသေသ နိဗ္ဗာန်ဟူသည်ကား .... ၁၇၄
၁၄၇။ သောတာပန်ရရှိအပ်သောအကျိုးတရားများ ၁၇၅
၁၄၈။ သောတာပန် အဖြစ်သည် လူမင်း,
နတ်မင်း အဖြစ်ထက် မွန်မြတ်သည် .... ၁၇၇
၁၄၉။ သောတာပန်၏ မဟာ-
ပစ္စဝေက္ခဏာ(၇)ပါး ဆောင်ပုဒ် .... ၁၈၀
၁၅၀။ ခေတ်(၆)ပါး တရား နာကြား-
ရသော ပုက္ကုသာတိအရှင် ဝတ္ထု .... ၁၈၂
၁၅၁။ မင်းနှစ်ပါးသဝဏ်လွှာအပြန်အလှန်ပါးကြပုံ ၁၈၆
၁၅၂။ ပုက္ကုသာတိမင်းကြီး၏ လက်ဆောင်တော် ၁၈၇

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၃။ | ဗိမ္ဗိသာရမင်းကြီး၏တုံ့ပြန်လက်ဆောင်တော် | ၁၈၉ |
| ၁၅၄။ | ပုက္ကုသာတိ မင်းကြီးက လက်ဆောင်တော်အား ကြိုယူခြင်း .... | ၁၉၂ |
| ၁၅၅။ | ပုက္ကုသာတိမင်းကြီး ပီတိသောမနဿ ဖြစ်ခြင်း.... .... | ၁၉၄ |
| ၁၅၆။ | မင်းကြီး ဈာန်ရပြီး မြတ်စွာဘုရားအား ရည်မှန်း၍ ရဟန်းပြုခြင်း .... .... | ၁၉၄ |
| ၁၅၇။ | မြတ်စွာဘုရား ကြွလာတော်မူခြင်း .... | ၁၉၇ |
| ၁၅၈။ | ဝိပဿနာတရား ဓာတ်(၆)ပါးကို ဟောကြားတော်မူခြင်း — | ၂၀၁ |
| ၁၅၉။ | ပုက္ကုသာတိအရှင် အနာဂါမ်အဖြစ် ရောက်တော်မူခြင်း — | ၂၀၅ |
| ၁၆၀။ | ကျမ်းစာနိဂုံး — — — | ၂၀၈ |
| ၁၆၁။ | ကျမ်းပြုသူ၏ ပတ္ထနာ .... .... | ၂၁၅ |

# နိဒါန်း

## ဤကျမ်းငယ်ဖြစ်ပေါ်လာရပုံ

လွန်ခဲ့သော ၁၃၃၁-ခုနှစ်က ဖြစ်သည်၊ မိုးရာသီအခါတွင် အောက်မြို့ အောက်ရွာ၌ မိုးအစးကောင်းလေ့ရှိသည်၊ ဆွမ်းခံထွက်ချိန် မိုးမိသည်ကမျာသည်၊ မိမိ၏ကျန်းမာရေး ချို့တဲ့မှုကြောင့် မိုးမိတိုင်း နေမကောင်းဖြစ်ခဲ့ရသည်၊ ဒါကြောင့်မို့ မိုးပါးသော မြန်မာပြည်အထက်ပိုင်း မန္တလေးတဘက်ကမ်း စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

မင်းကွန်းတောင်ရိုးရောက်တော့ ဓမ္မနာဒတိုက်ဆရာတော် ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်၏ မေတ္တာရိပ်ကို ခိုလှုံကာ ဆရာတော်ဘုရား၏ ဆုံးမဩဝါဒများကို ခံယူခွင့်ရရှိခဲ့ပါသည်၊ ဆရာတော်ဘုရား၏ ညွှန်ကြားချက်အရ တိုက်ကြပ်ရဟန်းတပါး၏ ကျေးဇူးပြုမှုကြောင့် "ကာယဝိဝေက စိတ္တဝိဝေက"ဖြစ်သော လိုဏ်ဂူတခုမှာ သီတင်းသုံးပြီး မင်းကွန်း၌ ပဌမ ဝါဆိုခဲ့သည်။

ယင်းနေရာသည် ဆိတ်ငြိမ်မှု ကောင်းသော်ငြား လဲ "တောရ" မရသောကြောင့် တောရ အင်္ဂါနှင့်ညီညွတ်သော

F- A

နောက်တဥ္စာနသို့ ဓမ္မနာဒတိုက်အုပ်ဆရာတော်၏ အစီအစဉ် အရ ပြောင်းရွှေ့ပြီး ဒုတိယ ဝါဆိုခဲ့လေသည်၊ မိမိကျင့်သုံး လျက်ရှိသော ဝိဇ္ဇာနှင့်စရဏ အလုပ်များကိုလဲ ဆက်လက် ကျင့်သုံးနိုင်ခဲ့ပါသည်။

သို့သော် လက်ရှိနေရာသည် ထင်းတော ဟင်းရွက်တော သို့ သွားရာလမ်း, နွားကျောင်းသားများ ယာယီစခန်းနှင့် နီးကပ်နေပြန်သည်၊ မိမိကျင့်သုံးလိုသော စရဏ အကျင့်တွင် အတားအဆီးသဘွယ် ဖြစ်နေပြန်သည်၊ ဒါကြောင့်မို့ တခြား သင့်လျော်သော တနေရာကို ရွေးချယ်ပြီး တတိယဝါဆိုခဲ့ လေသည်။

ထိုသို့ တတိယ ဝါဆိုပြီးသည့်နောက် တနေ့သောအခါ ဆွမ်းခံထွက်ရင်း ဖွားဖွားကြီးချောင် ရောက်လာသည်၊ ၎င်း ချောင်၌ မြစ်ဝကျွန်းပေါ်ဒေသ ဓနုဖြူမြို့နယ် ဇာတိဖြစ် ကြသော သီလရှင် အဖွားအိုညီအမနှစ်ဦး နေထိုင်လျက်ရှိ သည်၊ အသက်အားဖြင့် (၇၀)ကျော်ခန့် ရှိကြလေပြီ၊ ဆွမ်းလောင်း၍ ပြီးကြသောအခါ အဖွားအိုဘို့က "အရှင် ဘုရား သိတော်မူသော တရားများကို တပည့်တော်တို့အား ချီးမြှင့်တော်မူပါဘုရား"ဟု တရားတောင်းခံ လျှောက်ထား ကြလေသည်၊ ပဌမတော့ ငြင်းပယ်ရန် စိတ်ကူးပါသေးသည်။ နောက်ပြန်စဉ်းစားကြည့်တော့ သူတို့၏သဒ္ဒါတရား သူတို့၏ အသက်အရွယ်ကို ထောက်ထားပြီး သူတို့၏ဘဝထောက်ရာ တည်ရာ ရရှိစေရန်အတွက် လှူချိရန် စဉ်းစားဆုံးဖြတ်ခဲ့ပါ သည်။

ဒါကြောင့်မို့ "ကောင်းပြီ ဒီဆိုလိုလျှင် တိပိဋကဓရ ဆရာတော်ဘုရားထံသွားပြီး ခွင့်ပန်ကြ" ဟု မှာကြားခဲ့ကာစ ပြန်ခဲ့သည်။ ထိုအချိန်မှစ၍ မင်းကွန်းတောင်ရိုးတွင် ဗောဓိ ပက္ခိယတရား၊မျိုးစေ့ စတင်ချခဲ့သလို ဖြစ်တော့သည်။ တဆင့် စကား တဆင့်ကြားပြီး ယောဂီများ တစတစ တိုးပွား လာကြတော့သည်၊ မိမိသည်လဲ ပဋိပတ္တိသာသနာပြုကမ္မဋ္ဌာန်း ဆရာ ဖြစ်မှန်းမသိ ဖြစ်လာလေတော့သည်။

ယင်းကဲ့သို့ ရပ်ထား၍မရသော အခြေအနေများကြောင့် ၁၃၃၇-ခု၊ ဝါဆိုလဆန်းတွင် ယောဂီ [၁၂၀] ကျော်ခန့်ကို မင်းကွန်းတောင်ရိုး ဖွားဖွားကြီးချောင်၌ (၁၀)ရက်တရား စခန်း ပဌမအကြိမ် ပေးခဲ့ရသည်၊ တဖန် ၁၃၃၉-ခု၊ ဒုတိယ ဝါဆိုလဆန်း(၂)ရက်နေ့တွင် ယောဂီ[၁၅၀]ကျော်, ရဟန်း [၇]ပါး, ပါဝင်သော [၁၀]ရက် တရားစခန်းကို ဒုတိယ အကြိမ်ဖြင့်၎င်း၊ ၁၃၄၀-ခု၊ ဝါဆိုလဆန်း[၂]ရက်နေ့တွင် ရဟန်းယောဂီ(၁၆)ပါးနှင့် ယောဂီ[၁၇၀]ကျော် ပါဝင် သော တတိယအကြိမ် (၁၀)ရက်စခန်းကို၎င်း အသီးသီး ပေးခဲ့ရလေသည်။

ယောဂီများဟာလဲ ဝါတွင်းနှင့် ဝါပအခါများပါ အဆက်မပြတ်ရှိနေတော့သည်၊ ယင်း အခြေအနေ အရပ်ရပ်တို့ကြောင့် တတိယအကြိမ် တရားကျင့်သုံးပွဲ(၁၀) ရက်စခန်းပြီးသောအခါ ယောဂီအများစုတို့က ယင်းဗောဓိ ပက္ခိယတရား အမြစ်တွယ်နိုင်ရေး အတွက် ယောဂီများ

ဘက်မှလဲ တာဝန်ယူကြကာ ဆောင်ရွက်နိုင်အောင် အမြဲတန်း ဂေါပကအဖွဲ့တခု ရှိသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြလေသည်။

ယင်းဆုံးဖြတ်ချက်အရ ၁၃၄၀-ခု၊ သီတင်းကျွတ်လဆန်း (၇)ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လုံးဆိုင်ရာ [ဗောဓိပက္ခိယတရား ပြန့်ပွားရေးအဖွဲ့ချုပ်]ဟူသော အမည်ဖြင့် မင်းကွန်းတောင်ရိုးတွင် စတင်ပေါ်ပေါက်ခဲ့လေသည်၊ ယင်းကဲ့သို့ အဖွဲ့အစည်းတရပ် ဖြစ်လာပြီး သည့်နောက် တာဝန်ရှိသော အမှုဆောင်လူကြီးအချို့က "ဗောဓိပက္ခိယကမ္မဋ္ဌာန်းဌာန"၏ တရားကျင့်သုံးနည်း အကျဉ်းချုပ်ကို ပြုစုပေးပါရန် တောင်းခံလျှောက်ထားခဲ့ကြလေသည်။

ယင်း အမှုဆောင်လူကြီးများ၏ တောင်းခံလျှောက်ထားချက်အရ ဤကျမ်းငယ် ထွက်ပေါ်လာရခြင်း ဖြစ်ပေသည်။ ဤကျမ်းငယ်တွင် ဗောဓိပက္ခိယကမ္မဋ္ဌာန်းဌာန ၏ ပင်တိုင်ကမ္မဋ္ဌာန်းဖြစ်သော ဓာတ်ခြောက်ပါးကို အပိုင်း(၂)ပိုင်းခွဲ၍ ပြုစုထားပေသည်။

(၁) ပဌမပိုင်းတွင် ဓာတ်ကြီးလေးပါးကို အရုံခံထားသော (ဝါ) ဓာတုမနသိကာရပဗ္ဗရုပ်ကမ္မဋ္ဌာန်းကိုရှင်း။

(၂) ဒုတိယပိုင်းတွင် ဝိညာဏဓာတ်ကို အရုံခံထားသော (ဝါ) စိတ္တာနုပဿနာ နာမ်ကမ္မဋ္ဌာန်းကိုရှင်း အသီးသီး အကျဉ်းရုံးပြီးဖော်ပြထားပေသည်။

ဤ ကျမ်းငယ်အနေဖြင့် ကျမ်း၏ထယ်ဝါမှု ခန့်ငြားမှု ဖြစ်သော ဝေါဟာရ အသုံးအနှုန်းများကို၎င်း၊ အဆင့်အတန်း မြင့်မားလှန်းသော တွေးခေါ်ကြံဆမှုများကို၎င်း၊ နက်နဲ သိမ်မွေ့သော ဥပမာဥပမေယျများကို၎င်း၊ အဓိကမထားပဲ မြန်မာစာကို ဖတ်တတ်သူ ဖတ်နိုင်သူတိုင်း သဘောပေါက် နားလည်နိုင်ကြစေရန် တန်းဆာမဆင်ပဲ ရိုးသားပွင့်လင်းစွာ ပြုစုရေးထားပေသည်။

ဥပမာအားဖြင့် ယနေ့ထုတ်ဝေလျက်ရှိကြသော မြန်မာ သတင်းစာများကို ဝန်ကြီး, ဝန်လေးအစရှိသော အရာရှိကြီး များသည်၎င်း၊ ပါမောက္ခ ပညာပါရဂူ အစရှိသော အသိ ပညာရှင်များသည်၎င်း၊ ဆေးဆရာဝန် အင်ဂျင်နီယာ အစ ရှိသော အတတ်ပညာရှင် များသည်၎င်း၊ ကျောင်းဆရာ စာရေးစာချီ ဝန်ထမ်းများသည်၎င်း၊ တောင်သူလယ်သမား စက်ရုံအလုပ်သမားများသည်၎င်း အစရှိသဖြင့် ကာယဉာဏ လုပ်သားပြည်သူများသည် ထိုနေ့စဉ်ထုတ်ဝေသော သတင်း စာများကို ဖတ်နိုင်ကြပေသည်၊ ဖတ်သောသူတိုင်းလဲ သဘောပေါက်နားလည်ကြပေသည်။

ထိုဥပမာနည်းတူ ဤကျမ်းငယ်ကိုလဲ ပရိယတ္တိပညာရှင် ပုဂ္ဂိုလ်များလဲ လက်ခံနိုင်ရေးအတွက်၎င်း၊ ပရိယတ္တိအင်အား ချို့တဲ့သော "တရားလေ့လာလိုက်စားသူ" ယောဂီပုဂ္ဂိုလ် များလဲ သဘောပေါက် နားလည်လွယ်နိုင်စေရေးအတွက်

ရင်း၊ တိုတို နှင့် လို ရင်း သို့ ရောက် အောင် ပြုစုထားသော ကျမ်းငယ်ဖြစ်ပေသည်။

[ဤကျမ်းငယ်၏ချို့ယွင်းမှုများကို တွေ့ရှိပါက, ခွင့်လွှတ်ကြပါရန် နှင့် အ ကြံ ပေး ပြု ပြင် ကြ ပါ ရန် မေတ္တာရပ်ပါသည်]။

## လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လွှာ

ဤကျမ်းစာအုပ်သည် ပရိယတ္တိကို အခြေခံပြီး ပေါ်ထွန်းလာသော ပဋိပတ္တိ ကျင့်သုံးနည်းစာအုပ်ဖြစ်ပါသည်၊ ဥပမာ နွေအခါ ရေဆာဆာနှင့် သဲပူ နေပူ တို့ကို ဖြတ်ကျော်လာရသော သူ များ သည် သစ်ပင် ရိပ် ကောင်း ကောင်း တွင် တအောင့်နား၍ ရေကြည် ရေအေးကလေးကို သောက်သုံးလိုက်ရတော့ အခေါက်တွေ စိမ့်ဝင်ကာ ချမ်းသာတာကို ခံစားလိုက်ရသကဲ့သို့—

ထို့အတူ ကိလေသာအပူတွေကို ခံစားနေရသော တရားရေအေး အမြိုက်ဆေးကို မျှော်မှန်းတောင့်တနေကြသော သူတို့သည် ကော်ရှိလိမ့်မည်ဟု ယုံကြည်ပါသည်၊ သို့ပါ၍ ဤကျမ်းစာအုပ်သည် ထိုသူများအတွက် ဖတ်သားရုံပင်

အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးလျှင်ငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် လမ်းညွှန်သော ကျမ်းစာအုပ် အသီးသီးရှိသည့်အနက် တအုပ်အပါအဝင်ဖြစ်နိုင်အောင် ကြိုးစား၍ပြုစုထားပါသည်။

ဤကျမ်းစာအုပ်သည် လောကအပြစ် ဓမ္မအပြစ်များမှ သန့်ရှင်းစင်ကြယ်စေနိုင်ရန် အတွက်၎င်း၊ ဒေသနာတော်ယုတ္တိ, အာဂမယုတ္တိ, သဘာဝယုတ္တိ စသည်တို့နှင့် မဆန့်ကျင်ရလေအောင်၎င်း အထူးသတိထား၍ ပြုစုထားပါသည်။

ဖော်ပြပါအင်္ဂါရပ်များနှင့် အတတ်နိုင်ဆုံး ညီညွတ်စေရန် အတွက်လဲ မိမိ၏နိဿရည်းဆရာဖြစ်တော်မူသော တိပိဋက ဓရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရား အပါအဝင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ၏ ကြည့်ရှုစစ်ဆေးပေးမှု တည်းဖြတ်ပေးမှုများကို အလေးထားကာ ခံယူခဲ့ပါသည်။

## ကြည့်ရှုစစ်ဆေးတည်းဖြတ်ပေးသော ပုဂ္ဂိုလ်များ

(၁) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရား ဓမ္မနာဒတိုက် မင်းကွန်း။

(၂) ဦးဥက္ကံသာဘိဝံသ သကျသီဟ ဓမ္မာစရိယ, အစိုးရ ဓမ္မာစရိယ ဓမ္မနာဒတိုက်အုပ်ဆရာတော် မင်းကွန်း။

# နိဒါန်း

(၃) ဦးပညာသာမိ ပထမကျော် ဣန္ဒာရာမတိုက် ဆရာတော် မင်းကွန်း။

(၄) ဦးကုမာရာဘိဝံသ အစိုးရဓမ္မာစရိယ ဗန်းမော်တိုက် ဆရာတော် မန္တလေး။

(၅) ဦးမြင့်ဆွေ ဓမ္မာစရိယ၊ ဝိဇ္ဇာ [ဂုဏ်ထူး]၊ မဟာဝိဇ္ဇာ [လန်ဒန်]၊ မန္တလေး။

ယင်းကဲ့သို့ ကြည့်ရှုစစ်ဆေး တည်းဖြတ်ပေးတော်မူကြသော ဆရာတော် သံဃာတော်များကို ဦးနှိမ်ချ၍ ပူဇော်ခြင်းဖြင့်၎င်း၊ လူပုဂ္ဂိုလ်များကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်းကို၎င်း၊ ဖြူစင်သောနှလုံးသားမှ ပေါက်ဖွားလာသော စေတနာဖြင့် ထာဝစဉ် မှတ်တမ်းတင်အပ်ပါသည်။

[မင်းကွန်း ဗောဓိပက္ခိယကမ္မဋ္ဌာနာစရိယ]
**အရှင် ဇုဋ္ဌိလာစာရ**
ဗောဓိပက္ခိယကမ္မဋ္ဌာနာစရိယ
ဗောဓိပက္ခိယကမ္မဋ္ဌာန်းဌာန
မင်းကွန်းတောင်ရိုး၊
စစ်ကိုင်းမြို့နယ်။

စိရံ တိဋ္ဌတု သဒ္ဓမ္မော

သူတော်ကောင်းတရားအစွန့်ရှည်စွာတည်မြဲပါစေ

# ဗောဓိပက္ခိယ ကမ္မဋ္ဌာန်းဌာန

# ဝိပဿနာအမြုတေ

## ပဌာမ ပဋိညာဉ်

ဗုဒ္ဓံပူဇေမိ ဓမ္မံပူဇေမိ သံဃံပူဇေမိ။

ဗုဒ္ဓံ=အရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချုံးမျှ ဘုန်းတော်ကြီးမား ဂုဏ်၉-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ=ဘုရားတပည့်တော်သည်။ ပူဇေမိ=ပူဇော်ပါ၏ အရှင်ဘုရား။

ဓမ္မံ=သွာက္ခာတအစ ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်၆-ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို။ အဟံ = ဘုရားတပည့်တော်သည်။ ပူဇေမိ= ပူဇော်ပါ၏ အရှင်ဘုရား။

သံဃံ = သုပ္ပဋိပန္နအစ ပုညက္ခေတ္တံအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်၉-ပါးနှင့် ပြည့်စုံတော်မူသော မဂ်၌ တည်သော ပုဂ္ဂိုလ် ၄-ဦး၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ် ၄-ဦး၊ ထို ၈-ဦးသော ပရမတ္ထသံဃာတော်အပေါင်းကိုရင်း။

သံဃံ = မောဟမှောင်ထုကို ဖြိုခွင်းပြုနိုင်အောင် ဒီပနီ အမျိုးမျိုးဖြင့် အသိဉာဏ်တိုးစေရန် ဟောညွှန်တော်မူခဲ့ပေ သော အဂ္ဂမဟာပဏ္ဍိတ ပညာပါရဂူ ဒီလစ်ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကိုရင်း။

သံဃံ=ရုပ်နာမ်ဓမ္မသင်္ခါရအပေါ်၌ ပညတ်မနှော ပရမတ် သဘောဖြင့် ဤကားဓာတ်ရုပ်၊ ဤကားဓာတ်နာမ်၊ ဤကား အနိစ္စ၊ ဤကားဒုက္ခ၊ ဤကားအနတ္တ ဟု ခန္ဓာဉာဏ်ရောက် အလင်း ပေါက်အောင် ညွှန်ကြား ပြသတော်မူခဲ့ပေသော ပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမက ဘာသန္တရကောဝိဒ ဂုဏ်ထူး ဝိသေသတို့ဖြင့် ထိုက်တန်တော်မူပေထသော ကျေးဇူးရှင် သံလျင်တောရ ဆရာတော်ဘုရားကြီးကိုရင်း။

သံဃံ=ပိဋကသုံးပုံ နှုတ်ငုံဆောင်လျက် ဤကား ဝိနည်း ဤကား သုတ္တန် ဤကား အဘိဓမ္မာ ခွဲစိပ်ဖြာ၍ နိကာယ် ငါးအင် ပရိယတ်တွင် အဆီအနှစ်ထုတ်ကာ အသိဉာဏ်တိုး ပွား အကျိုးများအောင် သွန်သင်ဆုံးမ နည်းလမ်းပြသတော် မူပေထသော ပရိယတ္တိဓမ္မာစရိယ ဝံ့သကာ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အစိုးရပဌမကျော်၊ ဗုဒ္ဓသာသနဝိသိဋ္ဌ

တိပိဋကဓရ မဟာတိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ ကျေးဇူးရှင် ဓမ္မနဲဒ တိုက် ဆရာတော်ဘုရားကြီးကိုဖွင်း။ အဟံ = ဘုရားတပည့် တော်သည်။ ပူဇေမိ=ပူဇော်ပါ၏အရှင်ဘုရား။

## ဗောဓိပက္ခိယဟူသည်ကား

ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ။

ဗောဓိယာ=မဂ်ဉာဏ်၏။ ပက္ခေ=အဘို့၌ (ဝါ) အသင်း အပင်း၌။ ဘဝါ=ဖြစ်ကြကုန်သောတရားတို့တည်း။ ဣတိ= ဤသို့သော အကြောင်းကြောင့်။ ဗောဓိပက္ခိယာ = ဗောဓိ ပက္ခိယမည်ကုန်၏။

ရှင်တော်မြတ်ဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူ၍ ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော ပိဋက သုံးပုံကို အဆီညှစ်၍ အနှစ်သာရကို ထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယတရား ၃၇-ပါးရ၏၊ "ဗောဓိပက္ခိယတရား ၃၇-ပါးသည် ပိဋကသုံးပုံ၏ အဆီအနှစ်တည်း" တဖန် ဗောဓိပက္ခိယတရား ၃၇-ပါးကိုအကျဉ်းချုံးပြန်သည်ရှိသော် "ဝိသုဒ္ဓိ ၇-ပါးဖြစ်၏" တဖန်ဝိသုဒ္ဓိ ၇-ပါးကို အကျဉ်းချုံး ပြန် သည်သော် "သီလ, သမာဓိ, ပညာ" သုံးပါးဖြစ်၏၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သာသနာတော်ကြီးသုံးပါး ခေါ်၏၊ သိက္ခာသုံးပါးလည်းခေါ်၏။

(ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား၏
ဗောဓိပက္ခိယဒီပနီမှ)

## ပိဋကသုံးပုံ

၁။ သုတ္တန် ပိဋကတော်၊
၂။ ဝိနယ ပိဋကတော်၊
၃။ အဘိဓမ္မာ ပိဋကတော်။

## ဗောဓိပက္ခိယတရား ၃၇-ပါး

(က) သတိပဋ္ဌာန်တရား ၄-ပါး၊
(ခ) သမ္မပ္ပဓာန်တရား၊ ၄-ပါး၊
(ဂ) ဣဒ္ဓိပါဒ်တရား ၄-ပါး၊
(ဃ) ဣန္ဒြေ ၅-ပါး၊
(င) ဗိုလ် ၅-ပါး၊
(စ) ဗောဇ္ဈင် ၇-ပါး၊
(ဆ) မဂ္ဂင် ၈-ပါး ပေါင်း{၃၇}မျိုးဖြစ်သည်။

## (က) သတိပဋ္ဌာန်တရား ၄-ပါး၊

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်= ဤ တလံမျှရှိသော ကိုယ်ကာယအပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ လက္ခဏာယာဉ် ၃-ချက်တင်ကာရှုပွားခြင်း။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်= သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, တည်းဟူသော ခံစားမှုဝေဒနာသုံးမျိုးအပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ လက္ခဏာယာဉ် ၃-ချက်တင်ကာ သတိမပြတ်အထပ်ထပ် ရှုမှတ်ခြင်း။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်= အာရုံအသီးသီးကို ကြံစည်တတ် ထူးထူးထွေထွေသိတတ်သော ဝိညာဏ တည်းဟူသောစိတ်ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ လက္ခဏာယာဉ် ၃-ချက်တင်ကာ သတိမပြတ် အထပ်ထပ် ရှုမှတ်ခြင်း။

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်= အာရုံ ၆-ပါးနီဝရဏတို့ အပေါ်၌ တဏှာမဝင်ပဲ အနိစ္စထင်အောင် သတိမပြတ် အထပ်ထပ်ရှုမှတ်ခြင်း။

## သတိပဋ္ဌာန်ဆိုသည်မှာ-

၁။ အထပ်ထပ်ရှုနေခြင်း၊
၂။ အထပ်ထပ်ပွားများနေခြင်း၊
၃။ သတိနှင့်တွဲပြီး သိနေခြင်း၊
၄။ သတိနှင့် သုံးသပ်နေခြင်း၊
၅။ သတိနှင့် အာရုံကိုထင်လာအောင်, ပေါ်လွင်လာအောင် ရှုနေခြင်း။

## (ခ) သမ္မပ္ပဓာန် ၄-ပါး၊

၁။ အရေကြွင်းစေ အင်္ဂါတပါး၊
၂။ အကြောကြွင်းစေ အင်္ဂါတပါး၊
၃။ အရိုးကြွင်းစေ အင်္ဂါတပါး၊
၄။ အသား, အသွေး, အကုန်ခန်းခြောက်စေ အင်္ဂါတပါး။ တနည်း–

၁။ ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာ-
မော= ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်ကုန်သော အကုသိုလ်
တရားတို့ကို ပယ်ခြင်းအလို့ငှါ အားထုတ်ခြင်း။

၂။ အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါ-
ယာမော=ရှေ့အဘို့၌ ဖြစ်လတံ့ကုန်သော အကုသိုလ်
တရားတို့ကို နောင်ဘဝအဆက်ဆက်၌ တရံတဆစ်မျှ
မဖြစ်လာစေရန် အားထုတ်ခြင်း။

၃။ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာ-
မော=မဖြစ်ပေါ်ဘူးသေးသော ကုသိုလ်တရားတို့ကို
ဖြစ်ပေါ်လာစေရန် အားထုတ်ခြင်း။

၄။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျော ဘာဝါယ
ဝါယာမော=ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်ကုန်သော (ဒါန,
သီလ, ဘာဝနာ)စသည့် ကုသိုလ်တရားတို့ကို မြဲမြံ
ခိုင်ခံ့သောအဆင့်သို့ရောက်အောင် အားထုတ်ခြင်း။

## (ဂ) ဣဒ္ဓိပါဒ် ၄-ပါး။

၁။ ဆန္ဒိဒ္ဓိပါဒေါ=ဆန္ဒဟူသော[တောင့်တမှု]ပြည့်စုံခြင်း။
၂။ ဝီရိယိဒ္ဓိပါဒေါ=လုံ့လဝီရိယပြည့်စုံခြင်း။
၃။ စိတ္တိဒ္ဓိပါဒေါ=စိတ်ဟူသော (ကြံစည်မှု) ပြည့်စုံခြင်း။
၄။ ဝီမံသိဒ္ဓိပါဒေါ=ပညာဟူသော (အထူးသိမှု) ပြည့်စုံ
ခြင်း။

## (ဃ) ဣန္ဒြေ ၅-ပါး၊ [အစိုးရမှု]

၁။ သဒ္ဓိန္ဒြေ=အစိုးရသော သဒ္ဓါတရားရှိမှု၊
၂။ ဝီရိယိန္ဒြေ=အစိုးရသော ဝီရိယရှိမှု၊
၃။ သတိန္ဒြေ=အစိုးရသော သတိတရားရှိမှု၊
{မမေ့လျော့မှုရှိခြင်း}
၄။ သမာဓိန္ဒြေ=အစိုးရသော သမာဓိတရား၊
(တည်ကြည်မှုရှိခြင်း)
၅။ ပညိန္ဒြေ=အစိုးရသော ပညာ၊ (ပိုင်းခြားသိမှုရှိခြင်း)

## (င) ဗိုလ် ၅-ပါး၊ [အားကောင်းခြင်း]

ပဋိပက္ခေမွေ ဗလိယန္တိတိ ဗလာနိ။

ပဋိပက္ခေမွေ = ဆန့်ကျင်ဘက်တရားတို့ကို၊ ဗလိယန္တိ = အားတိုက်ဖိစီးတတ်ကုန်၏၊ ဣတိ=ထို့ကြောင့်။ ဗလာနိ= ဗိုလ်မည်ကုန်၏။

(ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား)

၁။ သဒ္ဓါဗိုလ်၊
၂။ ဝီရိယဗိုလ်၊
၃။ သတိဗိုလ်၊
၄။ သမာဓိဗိုလ်၊
၅။ ပညာဗိုလ်။

## (စ) ဗောဇ္ဈင် ၇-ပါး၊

၁။ သတိသမ္ဗောဇ္ဈင်=သတိပဋ္ဌာန်, သတိန္ဒြေ, သတိဗိုလ်, သမ္မာသတိ မဂ္ဂင်ခေါ်သော "သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင်မည်၏"။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်=ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, သမ္မာဒိဋ္ဌိ မဂ္ဂင်ခေါ်သော "ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏"။

၃။ ဝီရိယသမ္ဗောဇ္ဈင် = သမ္မပ္ပဓာန်, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, သမ္မာဝါယာမ မဂ္ဂင်ခေါ်သော "ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏"။

၄။ ပီတိသမ္ဗောဇ္ဈင် = ကာယဂတာသတိစသည် တည်ထောင်မိ၍ ထင်မှု မြင်မှု တိုးပွား၍ လာသောအခါ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းသည် "ပီတိသမ္ဗောဇ္ဈင်မည်၏"။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်=စိတ်မငြိမ်သက်မှု, စိတ်အကြံများမှုကြောင့် ဖြစ်ကုန်သော ကိုယ်စိတ်နှစ်တန် ပူပန်ခြင်း ခပ်သိမ်းတို့၏ အစဉ်အတိုင်း ငြိမ်းချမ်း၍လာခြင်းသည် "ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏"။ (ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိစေတသိက်ပင်တည်း)

၆။ သမာဓိသမ္ဗောဇ္ဈင်=သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိမဂ္ဂင်ဟုဆိုအပ်သော သမာဓိတရားသည် "သမာဓိသမ္ဗောဇ္ဈင်မည်၏"။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် = ကမ္မဋ္ဌာန်းအလုပ် အတွင်း၌ အချိုးအစားမကျနိုင်သေး၍ ကြောင့်ကျစိုက်ရသော ဗျာပါဒအမှုတို့သည် များစွာရှိကုန်၏၊ အချိုးအစား လှလှ အကုန်ကျသောအခါ၌ ကြောင့်ကျစိုက်မှုတို့မှ ကင်းရှင်းခြင်းဟူသော တတြမဇ္ဈတ္တတာ စေတသိက်သည် "ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏"။

စတုသစ္စဓမ္မေ သုဋ္ဌု ဗုဇ္ဈတီတိ သမ္ဗောဓိ၊
သမ္ဗောဓိယာ အင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ။

စတုသစ္စဓမ္မေ = သစ္စာလေးပါးတရားတို့ကို။ သုဋ္ဌု = ကောင်းစွာ။ ဗုဇ္ဈတိ=သိမြင်တတ်၏။ ဣတိ=ထို့ကြောင့်။ သမ္ဗောဓိ=သမ္ဗောဓိမည်၏။ {လောကုတ္တရာမဂ်ဉာဏ်ကိုဆိုလိုသည်}။ သမ္ဗောဓိယာ=မဂ်ဉာဏ်၏။ အင်္ဂေါ=အတောင်အလက်သည်။ သမ္ဗောဇ္ဈင်္ဂေါ=သမ္ဗောဇ္ဈင်မည်၏။

(ဗောဓိပက္ခိယဒီပနီမှ)

## (ဆ) မဂ္ဂင် ၈-ပါး၊

၁။ သမ္မာဒိဋ္ဌိ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော အမြင်။

၂။ သမ္မာသင်္ကပ္ပ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော ကြံစည်မှု။

၃။ သမ္မာဝါစာ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော ပြောဆိုမှု။

၄။ သမ္မာကမ္မန္တ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော ပြုလုပ်မှု။

၅။ သမ္မာအာဇီဝ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော အသက်မွေးမှု။

၆။ သမ္မာဝါယာမ = ဖြူစင်ဖြောင့်မတ်ကောင်းမြတ်သော လုံ့လပြုမှု။

၇။ သမ္မာသတိ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော အမှတ်ရမှု။

၈။ သမ္မာသမာဓိ = ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော တည်ကြည်မှု။

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆန္တိ
ဧတေနာတိ မဂ္ဂေါ။

ဧတေန = ဤတရားစုဖြင့်။ ကိလေသေ = သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာအညစ်အကြေးတို့ကို။ မာရေန္တော = ပယ်သတ်ကုန်လျက်။ နိဗ္ဗာနံ = အပါယဒုက္ခ, ဝဋ္ဋဒုက္ခ၏ လွတ်ငြိမ်းခြင်းသို့။ ဂစ္ဆန္တိ = ရောက်ကြရ၏။ ဣတိ = ထို့ကြောင့်။ မဂ္ဂေါ = မဂ်မည်၏။

ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သောတရားစုကို မဂ်ဆိုသည်ဟူလို။

(ဗောဓိပက္ခိယဒီပနီ-မှ)

## မောဓိပက္ခိယ ကမ္မဋ္ဌာန်းဌာန၏ အခြေခံဒေသနာတော်

မောဓိပက္ခိယ ကမ္မဋ္ဌာန်းဌာန၏ အခြေခံရေသောက်မြစ် ဒေသနာတော်မှာ သုတ္တန်ပိဋက ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ် ဖြစ်ပေသည်။

## မဟာသတိပဋ္ဌာနသုတ် ဒေသနာတော် အကျိုးပြ

ကာယေ ကာယာနုပဿီ ... 

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

## လိုရင်းအဓိပ္ပါယ် အကျိုးတရား ၅-ပါး၊

၁။ ကိလေသာ အညစ်အကြေးတည်းဟူသော လောဘ, ဒေါသ, မောဟ, မာန တရားတို့ကို သန့်ရှင်းစင်ကြယ် စေနိုင်ခြင်း။

၂။ စိုးရိမ် ပူဆွေး ငိုကြွေး မည်တမ်းခြင်းတည်းဟူသော ၁၁-ပါးသော မီးတို့ကို လွန်မြောက်စေနိုင်ခြင်း။

၃။ ကိုယ်၏ပင်ပန်းဆင်းရဲမှု, စိတ်၏ပင်ပန်းဆင်းရဲမှုတို့ကို ချုပ်ကွယ်ပျောက်ကင်းစေနိုင်ခြင်း။

၄။ အနုဗောဓဉာဏ် နှင့် ပဋိဝေဓဉာဏ် တည်းဟူသော အရိယာမဂ်ဉာဏ်တို့ကို ရရှိစေနိုင်ခြင်း။

၅။ မျက်မှောက်ခန္ဓာဖြင့် ခံစားအပ်သော "သဉပါဒိ-သေသ နိဗ္ဗာန်" ချမ်းသာကို ဉာဏ်၏ ရှေ့မှောက်သို့ရောက်ရှိခံစားနိုင်ခြင်း။

## ကောယနောဟူသည်-

၁။ ကောယနော = မကွေ့မကောက် တကြောင်းတည်းသော လမ်းခရီးဖြစ်သည်။

၂။ ကောယနော=အဖော်မပါ တဦးတည်း သာလျှင်သွားအပ်သောခရီးဖြစ်သည်။

၃။ ကောယနော=မြတ်သော ဘုရားမြတ်စွာ ပစ္စေကာနှင့်အရိယာတို့၏ လမ်းခရီးဖြစ်သည်။

၄။ ကောယနော=မြတ်သော သာသနာတော်တွင်း၌သာလျှင် ရှိသော လမ်းခရီးဖြစ်သည်။

၅။ ကောယနော=မြတ်သော နိဗ္ဗာန်သို့သာလျှင် သွားရာလမ်းခရီးဖြစ်သည်။

(အထက်ပါအကျိုးတရား ၅-ပါးတို့ကို ပေးစွမ်းနိုင်ခြင်းသည် ကောယနမဂ်တည်းဟူသော သတိပဋ္ဌာန်တရား ၄-ပါး၏ အစွမ်းသတ္တိထူးပင်ဖြစ်ပေသည်)။

## သတိပဋ္ဌာန်တရား ၄-ပါးဟူသည်ကား

၁။ ကာယာသတိပဋ္ဌာန်=ကာယာနုပဿနာ၊ (ရုပ်ကမ္မဋ္ဌာန်း)။

၂။ ဝေဒနာသတိပဋ္ဌာန်=ဝေဒနာနုပဿနာ၊ (နာမ်ကမ္မဋ္ဌာန်း)။

၃။ စိတ္တာသတိပဋ္ဌာန် = စိတ္တာနုပဿနာ၊ (နာမ်ကမ္မဋ္ဌာန်း)။

၄။ ဓမ္မာသတိပဋ္ဌာန် = ဓမ္မာနုပဿနာ၊ (မိဿကကမ္မဋ္ဌာန်း)။

ဖေါ်ပြပါ သတိပဋ္ဌာန်တရား ၄-ပါးထဲမှ တပါးတပါးကို ရှုကွက်ရှုခံ မှန်ကန်စွာ လုပ်ငန်းအနေဖြင့် ကျင့်သုံးနိုင်ခဲ့သည်ရှိသော်၊ ဝိပဿနာဉာဏ် {၀ ါ} အနုဗောဓဉာဏ်တွေ အဆင့်ဆင့် ရရှိလာတော့သည်။ ယင်းသို့ ရရှိလာသော ဝိပဿနာဉာဏ်ကို မရပ်မနား ဆက်လက် ရှုပွားနိုင်ခဲ့သည်ရှိပြန်သော် ပဋိဝေဓဉာဏ်ကိုရရှိပြီး အထက်ဖေါ်ပြပါ အကျိုးတရား ငါးပါးတို့ကို ဧကန်မုချရရှိနိုင်တော့သည်။ {၀ါ} ရရှိလိမ့်မည်ဟု ရှင်တော်ဘုရားကိုယ်တော်တိုင် အာမခံထားသည်။

## အကျိုးတရား ကာလအပိုင်းအခြား
## ၇-ရက်၊ ၇-လ၊ ၇-နှစ်၊

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော
သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ (လ)

သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ
ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ
ဥပါဒိသေသေ အနာဂါမိတာတိ။

(မဟာသတိပဋ္ဌာနသုတ် ပါဠိတော်)

## အဓိပ္ပါယ်

ချစ်သားရဟန်းတို့— ရဟန်းရှင်လူ ယောဂီသူတော်စင်သည် ဖေါ်ပြပါ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မနှင့် သက်ဆိုင်သော ဤသတိပဋ္ဌာန်တရား ၄-ပါးတို့ကို ငါဘုရားဟောညွှန်သည့် အတိုင်း နားလည်သဘောပေါက်၍ လိုက်နာကျင့်သုံးလျှင် အများဆုံး ၇-နှစ်၊ အလတ်စား ၇-လ၊ အနည်းဆုံး ၇-ရက်နှင့်ပင် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ခွင်သို့ ရောက်ရှိနိုင်သည်။

အကယ်၍ ဥပါဒါန်စွဲငြိမှုရှိသေးပါက အနာဂါမ်အဆင့်တွင် ရပ်မည်၊ ဥပါဒါန်စွဲငြိမှု ကင်းဆိတ်ပါက အရဟတ္တဖိုလ်ခေါ် ရဟန္တာအထိ ဖြစ်နိုင်သည်။ (အောက်ဆင့်ဖြစ်သော သောတာပန် နှင့် သကဒါဂါမ်အဆင့်ကိုမူ ဟောညွှန်ရန် မလိုတော့ပြီ-ဟု ဆိုလိုသည်)။

ထိုဖေါ်ပြပါ အကျိုးတရားငါးပါးကို လက်တွေ့ ခံစားလိုသူများသည် ပဋ္ဌမရှေးဦးစွာ အောက်ပါ မှုသေစည်းမျဉ်းများအတိုင်း လိုက်နာကြရန် ရှင်တော်မြတ်ဘုရားကပင် ဟောညွှန်ခဲ့ပြန်သည်။

## [က] မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရန် ဆရာကောင်းရှာပါ

ယထာဘူတ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

ယထာဘူတ ဉာဏာယ=ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိနိုင်ခြင်းငှါ။ သတ္ထာ = ဆရာ ကောင်းကို။ ပရိယေသိတဗ္ဗော = ရှာရမည်။ (ဝါ) ရှာကြပါ ကုန်။

## (ခ) ပုဗ္ဗကိစ္စ အချိုးကျမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်မည်

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ ပညာဝုဍ္ဎိယာ သံဝတ္တန္တိ ကတမေ စတ္တာရော? သပ္ပုရိသ သံသေ- ဝေါ သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော ဓမ္မာနု ဓမ္မပဋိပတ္တိ။

ဘိက္ခဝေ=ရဟန်းအစရှိ ဘေးရန်တွေ့ဟု ရှုနိုင်ကြသော အို–ယောဂီသူတော်စင် အပေါင်းတို့....။ ပညာဝုဍ္ဎိယာ = ပညာတရားတိုးပွားစေခြင်းငှါ။ စတ္တာရော = လေးပါးကုန် သော။ ဣမေဓမ္မာ = ညွှန်ပြထင်ရှား ဤတရားတို့သည်။ သံဝတ္တန္တိ = ရှိကြပေကုန်၏။ စတ္တာရော = ပညာတိုးပွားရေး တရား လေးပါးတို့ဟူသည်ကား။ ကတမေ = အဘယ်တရား တွေပါလဲဟူမူ။

(၁) သပ္ပုရိသသံသေဝေါ = သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်းလဲ တပါး။

(၂) သဒ္ဓမ္မဿဝနံ=ဤသို့မှီဝဲဆည်းကပ်ပြီးလျှင် မိမိကိုယ်တိုင် သူတော်ကောင်း ဖြစ်လာအောင် တရားတော်မြတ်ကို မှတ်ယူ နာကြားခြင်းလဲ တပါး။

(၃) ယောနိသောမနသိကာရော=နှလုံးသွင်း မှန်ကန်ခြင်းလဲ တပါး။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ = ဟောညွှန်အပ်သော ဓမ္မလမ်းစဉ်အရ တရားသဘောတွေပေါ်ထွက်လာအောင် မိမိကိုယ်တိုင် ပွားများအားထုတ်ခြင်း တပါး။

ဣမေစတ္တာရော = ဖေါ်ပြထင်ရှား ဤလေးပါးတို့ ဖြစ်ကြကုန်၏။

(အင်္ဂုတ္တိုရ်ပါဠိတော်)

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊
သင့်ရာစိတ်ထား၊ မင်္ဂအားလျော်ဘိ၊
ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊ အပါယ်လွှတ်ကြောင်း၊
အကျင့်ကောင်းတည်း။

[ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား]

အထက်ဖေါ်ပြပါ ဒေသနာတော်နှစ်ရပ်၏ ဆိုလိုရင်းမှာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရှိရေးအတွက်—

၁။ သူတော်ကောင်းကို မှီဝဲဆည်းကပ်ပါ၊ (ဝါ) ဆရာကောင်းရှာပါ။

၂။ ဆရာသွားဟောညွှန်သည့်အတိုင်း နာယူမှတ်သားပါ။

၃။ နှလုံးသွင်းမှုမှန်ကန်ပါ။

၄။ ဆရာသွား ဟောညွှန်သည့် အတိုင်း၊ မိမိ ကိုယ်တိုင် လိုက်နာကျင့်သုံးပါ၊ {ဝါ} ပွားများအားထုတ်ပါ-ဟု အမိပ္ပါယ်ဆက်ရောက်ပါသည်။

ဤကဲ့သို့ လမ်းညွှန်သူ ဆရာသမားမပါပဲ သုတမယ, စိန္တာမယ နှင့် တွေးတောကြံဆပြီး အားထုတ်ပါက အမှန်နည်းပါး၍၊ အမှားများတတ်ပါသည်၊ အချိန်ကုန်လူပန်း ဖြစ်တတ်ပါသည်။

ဒါကြောင့်မို့ အမှားနည်းပြီး အမှန်များစေရန်အတွက် ကောယနော - ဟု ဆိုအပ်သော တကြောင်းတည်းသာလျှင် ဖြစ်သော ထိုလမ်းခရီးသို့ လျှောက်ဘူးသော (ဝါ) လျှောက်ဆဲ လျှောက်လတံ့ဖြစ်သော ပုဂ္ဂိုလ်တဦးတဦး နှင့် တွဲပြီး (ဝါ) မှီငြမ်းပြုပြီးသွားပါက ရှင်တော်မြတ်ဘုရား၏ အလိုတော်ကျ ဖြစ်၍၊ အထက်ကဖော်ပြခဲ့သော အကျိုးတရားငါးပါးကို မုချမသွေ ရနိုင်ပေလိမ့်မည်။

# ပရိကမ္မ ကိစ္စ (ဝါ) ပုဗ္ဗ ကိစ္စ ဆောင်ရွက်ရန်

## ၁။ ရတနာသုံးပါးအားပူဇော်ရန်၊

ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ=ဤလောကုတ္တရာတရား ၉-ပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ=မြတ်စွာဘုရားကို၊ ပူဇေမိ=ပူဇော်ပါ၏အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ = ဤလောကုတ္တရာတရား ၉-ပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဓမ္မံ=တရားတော်မြတ်ကို။ ပူဇေမိ=ပူဇော်ပါ၏အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ=ဤလောကုတ္တရာတရား ၉ -ပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ သံဃံ = သံဃာတော်အရှင်မြတ်ကို၊ ပူဇေမိ=ပူဇော်ပါ၏အရှင်ဘုရား။

## ၂။ သီလဆောက်တည်ရန်၊

၅-ပါးသီလ၊ ၈-ပါးသီလ၊ ၉-ပါးသီလ အလျှင်းသင့်ရာ သီလကို ဆောက်တည်နိုင်ပါသည်။

## ၃။ တရားတောင်းရန်၊

ဘုန်းတော်အနန္တ, ဉာဏ်တော်အနန္တ, ကံတော်အနန္တ, တန်ခိုးတော်အနန္တ, မေတ္တာတော်အနန္တ, ကျေးဇူးတော် အနန္တ တို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွဋ်ထား

ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ပါရခြင်း အကျိုးငှါ [သမထဘာဝနာ] ဝိပဿနာဘာဝနာ နှစ်ဖြာကျင့်ခဏ်း မြတ်ကမ္မဋ္ဌာန်းကို ပွားများအားထုတ် ကျင့်သုံးလိုပါ၍၊ ဘုရားတပည့်တော်အား၊ အစဉ်သနားသောအားဖြင့် အရိယာသစ္စာလေးပါးကို သိနိုင်မြင်နိုင်သော အနုသယကိလေသာဆို၊ အယုတ်တရားမျိုးတို့ကို သုတ်သင်ရှင်းလင်းပယ်သတ်နိုင်သော တရားထူး တရားမြတ်များကို ဘုရားတပည့်တော်အား အစဉ်သနားသောအားဖြင့် ယနေ့ယခု ဤအခါန်မှစ၍ ဘုရားတပည့်တော် တရားကျင့်သုံးတိုင်း ကျင့်သုံးတိုင်း ညွှန်ကြားပြသ ပေးသနားတော်မူပါအရှင်ဘုရား။

## ၄။ မိမိခန္ဓာအား မြတ်စွာဘုရားကို လှူဒါန်းရန်၊

ရှင်တော်မြတ်ဘုရား ဘုရားတပည့်တော်သည် တရားထူး တရားမြတ်များကို သိလွယ်, မြင်လွယ်, ရလွယ် စေခြင်းအကျိုးငှါ ယနေ့ ယခု ဤအခါန်မှစ၍ ဘုရားတပည့်တော် တရားကျင့်သုံးတိုင်း ကျင့်သုံးတိုင်း ဘုရား တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့ကို အရှင်မြတ်ဘုရားအား အပ်နှံပါ၏ လှူဒါန်းပါ၏ ပူဇော်ပါ၏အရှင်ဘုရား။

## ၅။ ဝန်ချတောင်းပန်ရန်၊

ရှင်တော်မြတ်ဘုရား.... ဘုရားတပည့်တော်သည် သံသရာဘဝအဆက်ဆက်မှ ယခုဘဝတိုင်မောဟဖုံးလွှမ်း၊ကာ ဘုရား,

တရား, သံဃာ တည်းဟူသော ရတနာသုံးပါးအပေါ်၌သော်ငြင်း၊ မိဘ, ဆရာသမား, ဘိုးဘွားများအပေါ်၌သော်ငြင်း၊ မိမိထက် ဝါကြီးသောပုဂ္ဂိုလ်, အသက်ကြီးသောပုဂ္ဂိုလ်များ အပေါ်၌သော်ငြင်း၊ အရိယာ သူတော်စင်များ အပေါ်၌ သော်ငြင်း၊ တကြိမ်တခါမသိ၍ဖြစ်စေ သိလျက်နဲ့ဖြစ်စေ ကာယကံ, ဝစီကံ, မနောကံ တို့ဖြင့် ဖြစ်မှားကျူးလွန်ခဲ့ဘူး သော အပြစ်များရှိပါက ဘုရားတပည့်တော်အား အစဉ် သနားသောအားဖြင့် ခွင့်လွှတ်တော်မူကြပါ, သည်းခံတော် မူကြပါ, ကျေနပ်တော်မူကြပါရန် ဘုရားတပည့်တော် ရှိသေစွာ ဝန်ချတောင်းပန်အပ်ပါသည်အရှင်ဘုရား။

## ၆။ ပြန်လည်ခွင့်လွှတ်ခြင်း။

ရှင်တော်မြတ်ဘုရား.... ထိုနည်းတူစွာ ခုနစ်ရက်သားသမီး များက ဘုရားတပည့်တော်အား ကာယကံ, ဝစီကံ, မနောကံ တို့ဖြင့် တကြိမ်တခါ မသိ၍ဖြစ်စေ သိလျက်နဲ့ဖြစ်စေ ပြစ်မှားကျူးလွန်ခဲ့ဘူးသော အပြစ်များရှိပါကလဲ ဘုရား တပည့်တော်ကလဲ ခွင့်လွှတ်ပါ၏ သည်းခံပါ၏ ကျေနပ်ပါ၏ အရှင်ဘုရား။

## ၇။ မေတ္တာပို့သခြင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝှမ်းလုံးမှာနေ လူ, နတ်, ဗြဟ္မာ များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါ စေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အရှေ့အရပ်မှာနေ လူ, နတ်, ဗြဟ္မာ များသတ္တဝါတွေ ချမ်းသာကိုယ်စိတ်မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

တောင်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ, များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အနောက်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

မြောက်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အရပ်လေးမျက်နှာမှာနေ လူ, နတ်, ဗြဟ္မာ များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အရှေ့တောင်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ, များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်

ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အနောက်တောင်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ, များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အနောက်မြောက်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ, များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အရှေ့မြောက်အရပ်မှာနေ လူ, နတ်, ဗြဟ္မာ, များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

အရပ်ရှစ်မျက်နှာမှာနေ လူ, နတ်, ဗြဟ္မာ, များသတ္တဝါတွေ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချမ်းကြပါစေ။

စကြာဝဠာအနန္တ, အထက်ဘဝဂ်, အောက်အဝီစိ ကုန်းမှာနေ ကိုးကုဋေ, ရေမှာနေ ဆယ်ကုဋေ သုံးဆယ့်တဘုံကျင်လည်ကုန်သော အရပ်ဆယ်မျက်နှာမှာ နေကြကုန်သည့် လူ, နတ်, ဗြဟ္မာ, ဒုက္ခိတ, သုခိတ, ထွက်သက်ဝင်သက် ရှိကြ

ကုန်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့သည် ချမ်းသာ ကိုယ် စိတ် မြဲကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း ချေမ်း ကြပါစေ။

တရားထူး တရားမြတ်များကို သိလွယ် မြင်လွယ် ရလွယ် ကြကာ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်မြတ်ကို အလျှင်အမြန် မျက်မှောက် ပြုနိုင်ကြပါစေ၊ စိတ်၏အလင်းဓါတ်, စိတ်၏ အကြည်ဓါတ်တို့သည်လဲ ဒီရေအလားကဲ့သို့ တိုးတက်ရရှိကြ ပါစေ (သာဓု.... သာဓု_ သာဓု....)။

## မှတ်ချက် -

၁။ ပုဗ္ဗကိစ္စ {ဝ၁} ပရိကမ် ဆောင်ရွက်ရာတွင် သီလ ဆောက်တည်မှု၊ [တနည်း] သီလစင်ကြယ်မှု အဓိကအချက် အနေဖြင့် ပါဝင်ပါသည်။ သီလသည် = ကာယဒုစရိုက်, ဝစီ ဒုစရိုက်တို့ကို မကျူးလွန်မိအောင် စောင့်ထိမ်းခြင်းလက္ခဏာ ရှိပါသည်၊ {တနည်း} ကုသိုလ်ကောင်းမှု အစုစုတို့၏ မှီရာ, တည်ရာ မူလအခြေခံဖြစ်ပေသည်။

ဥပမာ ။သီလသည် လယ်, ယာ, မြေကောင်း နှင့် လဲ တူသည်၊ လယ်, ယာ,က မြေဩဇာညံ့ဖျင်းနေပါမူ မျိုးစေ့ ဘယ်လိုပင် ကောင်းသော်ငြားလဲ ကောက်ပဲ သီးနှံ တို့ မအောင်မြင်နိုင်ပါ၊ ထို့အတူ ကိုယ်ခံသီလ မသန့်ရှင်း မစင်ကြယ်ပါက ဒါနကုသိုလ်ကောင်းမှု ဘာဝနာကုသိုလ်

ကောင်းမှုတို့သည် ပြုလုပ်သလောက် အကျိုးမပေးနိုင်ပေ၊ ညောင်ပင်လောက်လှူသော်လဲ ညောင်စေ့မျှသာ ရနိုင်ပါသည်၊ ကိုယ်ခံသီလသန့်ရှင်းစင်ကြယ်မှုရှိမှသာ ပြုလုပ်သလောက် အကျိုးပေးနိုင်ပါသည်။

## သီလအကျိုး ငါးပါး

၁။ စည်းစိမ်ချမ်းသာကြွယ်ဝခြင်း၊
၂။ ရပ်နီးရပ်ဝေး ကောင်းသောကျော်စောသတင်းရှိခြင်း၊
၃။ ပရိသတ်အလယ် ရဲရင့်တင့်တယ်ခြင်း၊
၄။ သက်တန်းစေ့၍သေသော် မတွေမဝေပဲသေရခြင်း၊
၅။ သေလွန်ပြီးသည့်နောက် သုဂတိဘဝသို့လားရခြင်း။

## သီလနှင့်ပတ်သက်သော လင်္ကာဆောင်ပုဒ်

သက်သတ်နိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။
မုသာမိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ အပယ်ချဉ်း၊
လေးသင်းဝစီကံ။

(ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား)

## ၂။ မေတ္တာကိုလဲ မချန်သင့်၊

ပုဗ္ဗကိစ္စတွင် သီလကိုအလေးထားသကဲ့သို့ မေတ္တာတရားကိုလဲ လေးစားသင့်ပါသည်၊ မေတ္တာတရားသည် ဒေါသ

တရား၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်၊ ဒေါသတရားက ပူလောင်စေတတ်သော " မီး " နှင့် ဥပမာတူပါသည်၊ မေတ္တာတရားက ပူလောင်စေတတ်သောမီးကို ငြိမ်းသတ်နိုင်သော " ရေ " နှင့် တူပါသည်။

(က) ဒေါသတရား၏ ပူမှု လောင်မှုကြောင့် မိမိသူတပါး ၂-ဦးသားကို ဆင်းရဲစေနိုင်ပါသည်။

(ခ) မေတ္တာတရား၏ ငြိမ်းမှုကြောင့် မိမိသူတပါး ၂-ဦးသားကို ချမ်းသာစေနိုင်ပါသည်။

(ဂ) မေတ္တာတရားကို ယုံကြည်စွာဖြင့် စိတ်ပါ, ကိုယ်ပါ, လိုက်လှဲကာဖြင့် ပွားများပေးပါက အောက်ပါ အကျိုးတရား ၁၀-ပါးကို ရရှိနိုင်ပါသည်။

## မေတ္တာအကျိုးတရား (၁၁) ပါး

၁။ ချမ်းသာစွာအိပ်ရခြင်း၊

၂။ ချမ်းသာစွာနိုးရခြင်း၊

၃။ မကောင်းသော အိပ်မက်များကို မမြင်မက်ရခြင်း၊

၄။ လူအများ ချစ်ခင်ခြင်း၊

၅။ နတ်အများချစ်ခင်ခြင်း၊

၆။ နတ်ကောင်းနတ်မြတ်တို့၏ ကူညီစောင့်ရှောက်မှုကို ရရှိခြင်း၊

၇။ မတော်တဆ ကျရောက်လာသော မီးဘေး, အဆိပ်ဘေး, လက်နက်ဘေးတို့မှ ကင်းဝေးနိုင်ခြင်း၊

၈။ စိတ်ကြည်လင်မှုရှိခြင်း၊

၉။ ရုပ်ကြည်လင်မှုရှိခြင်း။

၁၀။ သက်တန်းစေ့၍ သေခဲ့သော် မတွေဝေဘဲ သေရခြင်း၊

၁၁။ သေလွန်က ဗြဟ္မာ့ပြည် လားနိုင်ခြင်း၊

(ထို့ကြောင့် "ရေကြည်တနှောက် ဗြဟ္မာပြည်သို့ ရောက်နိုင်သည်" ဟု ပညာရှိများ ဆိုရိုးစကားရှိပေသည်)။

## ဝိပဿနာတရား ရှုပွားရခြင်းအကြောင်း

ယခုကဲ့သို့ ဝိပဿနာအလုပ်ကို အားထုတ်ရခြင်း (ဝါ) ဝိပဿနာတရား ရှုပွားရခြင်းမှာ ပင်ကိုယ်က အနိစ္စ, ဒုက္ခ, အသုဘ, အနတ္တ ဖြစ်ပါလျက် နိစ္စ, သုခ, သုဘ, အတ္တ ဟူ၍၊ ဖေါက်ဖေါက်ပြန်ပြန် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် လောကီခန္ဓာအပေါ်၌ အယူမှား, အမှတ်မှား, အသိမှား (ဝိပလ္လာသ အယုတ်တရား) တွေ ဖြစ်နေသောကြောင့် ထို အမှားတို့ကို ပျောက်အောင် ဝိပဿနာတရား ရှုပွားရခြင်းဖြစ်သည်။

ယင်း ဝိပလ္လာသ အယုတ်တရားတွေ လွှမ်းမိုးနှိပ်စက်မှုကြောင့် (ဝါ) အထက်ဖေါ်ပြပါအတိုင်း အမှားကို အမှန်၊ အမှန်ကို အမှားဟူ ဖေါက်ဖေါက်ပြန်ပြန် စွဲယူခဲ့သောကြောင့်

အပါယ်လေးရွာအား ကိုယ့်အိမ်၊ကိုယ့်ယာ အမှတ်ထားကာ ကျင်လည်ခဲ့ရသော ဘဝပေါင်းဟာလဲ မရေတွက်နိုင်တော့ပြီ။ ထို့ပြင်တဝ လူ့ပြည်လူ့ရွာသို့ ညွှ့်သည်အဖြစ် တခါ တခေါက် လာရောက်တဲ့အခါမှာ သေဆုံးခဲ့ရသော ဘဝတွေ အနန္တမို့(မဆွေးမမြေ့ခဲ့ပါလျှင်)အရိုးတွေဟာလဲ တောင်လို ပုံနေအုံးမည်။

ဒါ့တွင်မက သံသရာအစမှ ယခုဘဝတိုင် အမေသေလို့ ငိုခဲ့ရတဲ့မျက်ရည်တွေ၊ အဖေသေလို့ ငိုခဲ့ရတဲ့မျက်ရည်တွေ၊ သားသမီးတွေ သေလို့ ငိုခဲ့ရတဲ့မျက်ရည်တွေ၊ ဇနီးသေလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ ခင်ပွန်းသေလို့ ငိုခဲ့ရတဲ့ မျက်ရည် တွေဟာလဲ သမုဒ္ဒရာရေမက များခဲ့လှပြီ၊ ဒါကြောင့်မို့ ရှင်တော်မြတ်ဘုရား ကရုဏာတော်ရှေ့ထား၍ (ဒိဋ္ဌိဝိပလ္လာသ အယုတ်တရားကို အလျှင်အမြန် ပယ်သတ်ကြရန် အောက်ပါ အတိုင်း အရေးတကြီး ဟောညွှန်ခဲ့ပေသည်။

~~~~~~

## ဒိဋ္ဌိကို အလျှင်အမြန်ပယ်သတ်ပါ

သတ္တိယာ ဝိယဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိံ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။

သာဓဝေါ = တရားကျင့်သုံး နှလုံးပျော့ပြောင်း အို.... ယောဂီ သူတော်စင် အပေါင်းတို့....။

သတ္တိယာ=ထက်လှစွာသော လှံမကြီးဖြင့်။ဩမဋ္ဌော· ဝိယ=ရင်ဝ၌စူးဝင်၍ လျှင်မြန်စွာ နှုတ်ပယ်သောသူကဲ့သို့
~~~~~~

ရှင်း။ မတ္တကေ = ဦးခေါင်းထိပ်၌။ ဥယှမာနေဝ = လောင်မီးကျ၍(ဝါ)မီးလောင်၍ လျင်မြန်စွာ ငြိမ်းသတ်သော သူကဲ့သို့ရှင်း။ သက္ကာယဒိဋ္ဌိ =အနမတဂ္ဂ သံသရာမှစ၍ ယခုဘဝတိုင်အောင် မိမိတို့ ခန္ဓာအစဉ်တွင် စူးဝင်လျက် ရှိသော သက္ကာယဒိဋ္ဌိ အညှောင့်အစူးကြီးကို (ဝါ) မိမိတို့ခန္ဓာအစဉ်တွင် ထာဝစဉ် လောင်ကျွမ်းလျက်ရှိသော မိစ္ဆာဒိဋ္ဌိမီးစုကြီးကို။ ပဟာနာယ=မကြွင်း ချက်ခြင်း လက်ငင်း ပယ်သတ်ခြင်းငှါ (ဝါ) အလျင်အမြန် ငြိမ်းသတ်နိုင်စေခြင်းငှါ။ သတော = မမေ့မလျော့ သတိရှိသော။ ဘိက္ခု = သံသရာဘေး ထောက်တွေ့မြော်မြင် ယောဂီသူတော်စင်သည်။ ပရိဗ္ဗဇေ=ရုပ်နာမ်မှာငါ မနေ့ရအောင် ဝိပဿနာဉာဏ်သဘောဖြင့် လျင်လျင်မြန်မြန် သုတ်သင်ရှင်းလင်း ပယ်သတ်ရာ၏။

တနည်း ။　　။ ယခုကဲ့သို့ သာသနာတော် သုံးရပ် အကျင့်မြတ် တွေ့ နေရောင်, လရောင်ပမာ ထွန်းလင်းတောက်ပစဉ် အချိန်အခါ၌ တသံသရာလုံး အညွန့်တုံးအောင် အမှားကိုအမှန်,အမှန်ကိုအမှားဟု ဖေါက်ဖေါက်ပြန်ပြန် စွဲယူခဲ့သော မိစ္ဆာဒိဋ္ဌိ တရားဆိုးကြီးကို (ဝါ) သက္ကာယဒိဋ္ဌိ ကိလေသာဆိုးကြီးကို အပြီးသတ်အဆုံးတိုင် မကြွင်းချက်ခြင်း ယခုလက်ငင်း ပယ်သတ်ကြပါကုန်လော့။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်, သံယုတ်ပါဠိတော်)

## (အဓိပ္ပါယ်)

ရှင်တော်မြတ်ဘုရားက ဥပမာပေးသည်မှာ.... ရင်စမှာ လှံစူးခံရတဲ့သူဟာ အသက်ဘေးချမ်းသာရာအတွက် လှံကို လျင်မြန်စွာ ဆွဲနှုတ်သောသူကဲ့သို့ရင်း၊ မိမိဦးခေါင်းနှင့်တကွ တကိုယ်လုံး မီးလောင်ခံရသောသူဟာ အသက်ဘေးချမ်းသာရာအတွက် မီးကိုလျင်မြန်စွာ ငြိမ်းသတ်သော သူကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိ(ဝါ)ဒိဋ္ဌိငါကို လျင်လျင်မြန်မြန်ပယ်သတ်ကြရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ပေသည်။

ကောင်းပါပြီ ယင်း"ဒိဋ္ဌိငါ"ကို ပယ်သတ်နိုင်ရေးအတွက် စီမံကြပါစို့၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ယင်း ဝိပလ္လာသ တရားသုံးမျိုးသည် (လောကီခန္ဓာ) အပေါ်၌။ တံမမ = ငါ့ဟာ, ငါ့ဥစ္စာ, ငါ့ပစ္စည်း ဟူ၍ရင်း၊ သောဟမသ္မိ=ငါ, ငါအမျိုးသား, ငါအမျိုးသမီးဟူ၍ရင်း၊ သောမေအတ္တာ=ငါ့ကိုယ်, ငါ၏အတ္တ, ငါ၏ဇီဝဟူ၍ရင်း၊ တဏှာငါ, မာနငါ, ဒိဋ္ဌိငါတို့ဖြင့် စွဲယူခဲ့သည်။

~~~~~~~~~~

## အကြောင်းတရား နှင့် အကျိုးတရား

အကြောင်းအကျိုးကို ဆင်ခြင် သုံးသပ်ကြည့်တဲ့အခါမှာ "ခန္ဓာ"တည်းဟူသော အကြောင်းတရားကြောင့် တဏှာငါ, မာနငါ, ဒိဋ္ဌိငါတည်း၊ဟူသော အကျိုးတရား-၃ပါး ဖြစ်ပေါ် လာတာ တွေ့ရပေမည်။
~~~~~~~~~~

ရင်း။ မတ္ထကေ = ဦးခေါင်းထိပ်၌။ ဥယျမာနေဝ = လောင်မီးကျ၍(ဝါ)မီးလောင်၍ လျင်မြန်စွာ ငြိမ်းသတ်သော သူကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိ = အနမတဂ္ဂ သံသရာမှစ၍ ယခုဘဝတိုင်အောင် မိမိတို့ ခန္ဓာအစဉ်တွင် စူးဝင်လျက် ရှိသော သက္ကာယဒိဋ္ဌိ အညှောင့်အစူးကြီးကို (ဝါ) မိမိတို့ခန္ဓာအစဉ်တွင် ထာဝစဉ် လောင်ကျွမ်းလျက်ရှိသော မိစ္ဆာဒိဋ္ဌိမီးစုကြီးကို။ ပဟာနာယ = မကြွင်း ချက်ခြင်း လက်ငင်း ပယ်သတ်ခြင်းငှါ (ဝါ) အလျင်အမြန် ငြိမ်းသတ်နိုင်စေခြင်းငှါ။ သတော = မမေ့မလျော့ သတိရှိသော။ ဘိက္ခု = သံသရာဘေး ထောက်တွေ့မြော်မြင် ယောဂီသူတော်စင်သည်။ ပရိဗ္ဗဇေ = ရုပ်နာမ်မှာငါမဖြစ်ရအောင် ဝိပဿနာဉာဏ်သဘောဖြင့် လျင်လျင်မြန်မြန် သုတ်သင်ရှင်လင်း ပယ်သတ်ရာ၏။

တနည်း ။　　။ ယခုကဲ့သို့ သာသနာ တော် သုံးရပ် အကျင့်မြတ် တွေ့ နေရောင်, လရောင်ပမာ ထွန်းလင်း တောက်ပစဉ် အချိန်အခါ၌ တသံသရာလုံး အညွန့် တုံးအောင် အမှားကိုအမှန်,အမှန်ကိုအမှားဟု ဖေါက်ဖေါက်ပြန်ပြန် စွဲယူခဲ့သော မိစ္ဆာဒိဋ္ဌိ တရားဆိုးကြီးကို (ဝါ) သက္ကာယဒိဋ္ဌိ ကိလေသာဆိုးကြီးကို အပြီးသတ်အဆုံးတိုင် မကြွင်းချက်ခြင်း ယခုလက်ငင်း ပယ်သတ်ကြပါကုန်လော့။

(ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်, သံယုတ်ပါဠိတော်)

## (အဓိပ္ပါယ်)

ရှင်တော်မြတ်ဘုရားက ဥပမာပေးသည်မှာ.... ရင်စမှာ လှံစူးခံရတဲ့သူဟာ အသက်ဘေးချမ်းသာရာအတွက် လှံကို လျင်မြန်စွာ ဆွဲနှုတ်သောသူကဲ့သို့ရင်း၊ မိမိဦးခေါင်းနှင့်တကွ တကိုယ်လုံး မီးလောင်ခံရသောသူဟာ အသက်ဘေးချမ်းသာရာအတွက် မီးကိုလျင်မြန်စွာ ငြိမ်းသတ်သော သူကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိ(ဝါ)ဒိဋ္ဌိငါကို လျင်လျင်မြန်မြန်ပယ်သတ်ကြရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ပေသည်။

ကောင်းပါပြီ ယင်း"ဒိဋ္ဌိငါ"ကို ပယ်သတ်နိုင်ရေးအတွက် စီမံကြပါစို့၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ယင်း ဝိပလ္လာသ တရားသုံးမျိုးသည် (လောကီခန္ဓာ) အပေါ်၌။ တဏှမမ = ငါ့ဟာ, ငါ့ဥစ္စာ, ငါ့ပစ္စည်း ဟူ၍ရင်း၊ သော-ဟမသ္မိ=ငါ, ငါအမျိုးသား, ငါအမျိုးသမီးဟူ၍ရင်း၊ သော-မေအတ္တာ=ငါ့ကိုယ်, ငါ၏အတ္တ, ငါ၏ဇီဝဟူ၍ရင်း၊ တဏှာငါ, မာနငါ, ဒိဋ္ဌိငါတို့ဖြင့် စွဲယူခဲ့သည်။

~~~~~~~~~

## အကြောင်းတရား နှင့် အကျိုးတရား

အကြောင်းအကျိုးကို ဆင်ခြင် သုံးသပ်ကြည့်တဲ့အခါမှာ "ခန္ဓာ"တည်းဟူသော အကြောင်းတရားကြောင့် တဏှာငါ, မာနငါ, ဒိဋ္ဌိငါတည်းဟူသော အကျိုးတရား-၃ပါး ဖြစ်ပေါ်လာတာ တွေ့ရပေမည်။
~~~~~~~~~

ဒါကြောင့်မို့ ဒိဋ္ဌိငါ တည်းဟူသော အကျိုးတရားကို ပယ်သတ်လိုပါလျှင် ခန္ဓာတည်းဟူသော အကြောင်းတရားကို အရင်တွေ့အောင်, သိအောင်, မြင်အောင်, ကျိုးစားရပါမည်၊ ယင်းကဲ့သို့ ခန္ဓာကိုရှာလျှင်လဲ "သစ္စာ" တည်းဟူသော "အမှန်တရား" ကို လက်ကိုင်ထားရန် လိုအပ်ပါသည်။

## အမှန်တရား သစ္စာ-၂ ပါး

"သမုတိသစ္စာ နှင့် ပရမတ္ထသစ္စာဟူ၍ အမှန်တရား ၂-ပါး ရှိသည်"၊

၁။ သမုတိသစ္စာ ဆိုသည်မှာ= မရှိ အမှန်တရားဖြစ်သည်။ ဥပမာ။ ။တောတောင်ရေမြေ,စိန်ရွှေရတနာ, ပစ္စည်းဥစ္စာ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျာ်း, ဆင်, မြင်း, ကျွဲ, နွား စသည်အားဖြင့် လောကလူအပေါင်း တို့ ခေါ်ဝေါ်သမုတ်အပ်သော "ပညတ်" တရားတို့ကို (သမုတိသစ္စာ)ဟု ခေါ်သည်။

၂။ ပရမတ္ထသစ္စာ ဆိုသည်မှာ = ရှိ အမှန်တရားဖြစ်သည်။ ယင်း ပရမတ္ထသစ္စာ၌ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူ၍ ၄ ပါး ရှိသည်။

(က) စိတ်=အာရုံအသီးသီးကို ကြံစည်တတ်သော အာရုံအသီးသီးကို **သိ**တတ်သော သဘောရှိသောကြောင့် စိတ်ဟု မည်သည်။

(ခ) စေတသိက်=စိတ်နှင့် ယှဉ်ဖေါ်ယှဉ်ဖက်, ဖြစ်ဖေါ် ဖြစ်ဖက်, တပေါင်းတည်း အတူတကွ ဖြစ်တတ်သောကြောင့် (စေတသိက်)မည်သည်။

(ဂ) ရုပ်=ဖေါက်ပြန်တတ်,ဖြစ်ပြီးလျှင် ပျက်တတ်သော သဘောကြောင့် (ရုပ်) မည်သည်။

{ဖေါက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊
စကားပုံသော၊ ရုပ် ခေါ်ပေ၏}။

(ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား)

(ဃ) နိဗ္ဗာန် = တဏှာမှ လွတ်မြောက်သော သဘောကြောင့် နိဗ္ဗာန် မည်သည်။

ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ။

ဝါနတော=ဝါန ဟူသော တဏှာကွန်ယက်မှ။ နိက္ခန္တံ= လွတ်မြောက်၏။ ဣတိ=ဤသို့သော အကြောင်းကြောင့်။ နိဗ္ဗာနံ=နိဗ္ဗာန်မည်၏။

တနည်း။ ။ကိလေသာက ပေးသော ဒုက္ခနှင့် ခန္ဓာက ပေးသော ဒုက္ခတို့မှ လွတ်မြောက်ခြင်းကြောင့် နိဗ္ဗာန်မည်၏။

## ခန္ဓာ၌ ပါဝင်သော တရားစုများ

(က) စိတ်တခု ယုတ် ကိုးဆယ် [၈၉] ဂ၉-ပါး

၁။ ကာမာဝစရစိတ် ၅၄-ပါး

၂။ ရူပါဝစရစိတ် ၁၅-ပါး

၃။ အရူပဝစရစိတ် ၁၂-ပါး
၄။ လောကုတ္တရာစိတ် ၈-ပါး

ပေါင်း—၈၉-ပါး။

(ခ) စေတသိက် ၅၂-ပါး

၁။ အညသမန်းစေတသိက် ၁၃-ပါး
၂။ အကုသိုလ်စေတသိက် ၁၄-ပါး
၃။ သောဘဏစေတသိက် ၂၅-ပါး

ပေါင်း—၅၂-ပါး။

ရုပ် ၂၈-ပါး

၁။ ဘူတရုပ် ၄-ပါး
၂။ ဥပါဒါရုပ် ၂၄-ပါး

ပေါင်း—၂၈-ပါး။

(အကျယ်ကို **သင်္ဂြိုဟ်**ကျမ်းမှာ ယူကြပါ)

ခန္ဓာဆိုသည်မှာ လိုရင်းကို ချုံးလိုက်တော့ စိတ်, စေတသိက်, ရုပ်သုံးမျိုးရသည်။ ယင်း သုံးမျိုးရှိသည့်အနက်·

၁။ ရုပ် ၂၈-ပါးသည် = ရူပက္ခန္ဓာ ၁-ပါး
၂။ ဝေဒနာစေတသိက်သည်= ဝေဒနက္ခန္ဓာ ၁-ပါး
သညာစေတသိက်သည် = သညာက္ခန္ဓာ ၁-ပါး

ဝေဒနာသညာမှ ကြွင်းသော
စေတသိက် ၅၀-သည် = သင်္ခါရက္ခန္ဓာ ၁-ပါး
၃။ စိတ် ၈၉-ပါးသည် = ဝိညာဏက္ခန္ဓာ ၁-ပါး
ပေါင်း—၅-ပါး

## ခန္ဓာ (၅) ပါးကို ထပ်ပြီးချုံးပြန်သော်

၁။ ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ် တို့သည်=ရူပက္ခန္ဓာ၊

၂။ စေတသိက်နှင့်စိတ်၊ နှစ်မ်ခန္ဓာ လေးပါးသည်=နာမ်၊ {ရုပ် ၂၈-ပါးရှိသည့်အနက် အထက်ပါ ဓါတ်ကြီး လေးပါးသည်သာလျှင် မူလ မူတည်ရုပ်ဖြစ်သည်}။

ဖော်ပြပါအတိုင်း သစ္စာတရား လက်ကိုင်ထား၍ ရှိရှိသမျှ သင်္ခါရတရားတို့ကို ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ကြည့်နိုင်သောအခါ ပရမတ္ထ သဘောတရားအရ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ကျား-မ ဆိတ်သုဉ်းပြီး [ရုပ် နှင့် နာမ်] တို့သာလျှင် ရှိတော့သည်။

သို့သော် သမုတိသစ္စာကိုလဲ လုံးဝပစ်ပယ်၍ မရသေးပါ၊ သူ့နေရာနှင့်သူ သမုတိသစ္စာနယ်မြေမှာ သုံးစွဲရပါသေးသည်၊ သမုတိသစ္စာမရှိပါက (အရိုင်းအစိုင်းတွေ တိရစ္ဆာန်) တွေလို ဖြစ်သွားနိုင်ပါသည်။

ယင်းဖော်ပြပါ ရုပ်၊ နာမ်ပေါ်တွင် စွဲကပ်လျက်ရှိသော မိစ္ဆာဒိဋ္ဌိ ကိလေသာဆိုး အယုတ်တရားမျိုးကို ပယ်သတ်နိုင်

ရန် နည်းလမ်းမရှာကြံမှီ မိမိတို့၏ ခရီးစဉ် လုပ်ငန်းစဉ်များကို ရှေးဦးစွာစီစစ်ရန် လိုအပ်ပါသေးသည်။

## ခရီးစဉ်နယ်မြေ (၄) ခု

၁။ သမုတိသစ္စာနယ်မြေ၊ (ဝါ) ကိလေသာနယ်။
၂။ ပရိကမ်နယ် [အစီအစဉ်ပြုလုပ်ရသောနယ်]။
၃။ ဝိပဿနာနယ်၊ [အရှိအတိုင်းမြင်အောင် ရှုပွား ရသောနယ်]။
၄။ အရိယာနယ်၊ {ဝါ} နိဗ္ဗာန်နယ်။

## သမုတိသစ္စာနယ်ဆိုသည်မှာ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဝိပလ္လာသတရားတွေ ဖုံးလွှမ်းမှုကြောင့် အမြင်မှား၊ အမှတ်မှား၊ အသိမှား တွေ ဖြစ်ကာ လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, ဆင်, မြင်း, ကျွဲ, နွား ဟု မရှိတရားတွေ {ဝါ} ပညတ်နိမိတ်တွေ ထင်နေသောနယ်။

## ပရိကမ်နယ်ဆိုသည်မှာ

အထက်က ဖော်ပြပြီးခဲ့သော အင်္ဂုတ္တိုရ်ပါဠိတော်အရ
၁။ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊
၂။ မိမိကိုယ်တိုင် သူတော်ကောင်း ဖြစ်လာနိုင်ရေး အတွက် သူတော်ကောင်းများ ဟောညွှန်သော တရားတော်မြတ်ကို နာယူမှတ်သားခြင်း၊
၃။ နှလုံးသွင်း မှန်ကန်မှုအတွက် သီလ ဆောက်တည် ခြင်း၊

အာထက်နယ်မြေများသို့ တက်ရောက်နိုင်ရေးအတွက် ရှေးဦးစွာ ကြိုတင်ပြင်ဆင်ရသောနယ် ဖြစ်သည်။

[ယင်းနယ်မြေ၌ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ (ဝါ)ကြိုတင် ပြင်ဆင်မှုများ အချိုးမကျပါက မူလထွက်ခဲ့သော ကိလေသာနယ်သို့ ပြန်ကျတတ်သည်]။

## ၃။ ဝိပဿနာနယ်ဆိုသည်မှာ

ဝိ=မူလရှိသော ရုပ်,နာမ် ကို ရှိရင်းစွဲအခြေအနေအတိုင်း၊ သဘောလက္ခဏာနှင့် အချင်းအရာအတိုင်း။ ပဿနာ=မြင်နိုင်စွမ်းသော မဟာကုသိုလ် ခေါ် ကာမကုသိုလ်နှင့် ယှဉ်ပြီး ပေါ်ထွက်လာသော ဝိဇ္ဇာဉာဏ်နယ်ကို ခေါ်သည်။

တနည်း။ ။ဤတလံမျှသော ခန္ဓာကိုယ်သည် ပုဂ္ဂိုလ်, သတ္တဝါမဟုတ်၊ ယောကျ်ား,မိန်းမ မဟုတ်၊ အတ္တ,ဇီဝ မဟုတ်၊ ရုပ် နှင့် နာမ်မျှသာ ဖြစ်သည်။

ယင်း ရုပ် နာမ် တို့သည်လဲ မမြဲသော အနိစ္စ သဘော, ဆင်းရဲသော ဒုက္ခသဘော, အစိုးမရသော အနတ္တသဘောသာ ရှိနေသည်ကို ဉာဏ်မျက်စိနှင့် မြင်အောင် ကြည့်ရမည်။ တနည်းအားဖြင့်—

ဝိပဿနာနယ်သည် သင့်တနယ် [ဝါ] သင်္ခါရနယ်ပင် ဖြစ်သည်။ သင်္ခါရဆိုသည်မှာ....

"ခယတော, ဝယတော, သုညတောတိ, ဋ္ဌမသ္မိံ စ,
တိဝိဓေ ဥပဋ္ဌာနေ ကုသလတာယ" ဟူ၍

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိသည့်အတိုင်း သက်ရှိသက်မဲ့

ရှိရှိသမျှ ရုပ်နာမ်တို့အပေါ်တွင် ခယ = ကုန်ကုန်နေခြင်း၊ ဝယ=ပျက်ပျက်နေခြင်း၊သုည=ပုဂ္ဂိုလ်သတ္တဝါ,ယောကျ်ား, မိန်းမ, အထည်ဒြပ်ကြီး, အရာဝတ္ထုကြီး, အခိုင်အမာကြီးတွေ ဟု မတွေ့ရတော့ မထင်ရတော့ပဲ မြစ်ရေ အလျင်ကဲ့သို့ရင်း၊ တိမ်ခိုးရုပ်, မီးခိုးရုပ်တွေ့, ဗရမ်းဗတာ လှုင့်ပျက်နေသကဲ့သို့ ရင်း၊ တွေ့နေရ မြင်နေရခြင်းကို ဆိုသည်။

{ရုပ်,နာမ်တို့၏ ဖြစ်ပျက်သဘောကို လုပ်ငန်းပိုင်းတွင် ဆက်ရှုပါ}

## ၄။ အရိယာနယ်မြေဆိုသည်မှာ

အထက်ဖော်ပြပါ ပရိကမ်နယ်မြေတွင် အချိုးကျအောင် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ပြီး ဝိပဿနာနယ်မြေတွင် နည်းမှန် လမ်းမှန်[ဝါ]ရှုကွက်ရှုခံ မှန်ကန်စွာအထပ်တလဲလဲ အားထုတ် ရပါသည်။ (ရုပ်တရားကိုဖြစ်စေ, နာမ်တရားကိုဖြစ်စေ)

ယင်းသို့ သတိမပြတ် ရှုမှတ်ဖန်များလာတော့ ရုပ်ကို ရှုလျှင်လဲ ရုပ်အဖြစ်အပျက် နာမ်ကိုရှုလျှင်လည်း နာမ်၏ အဖြစ်အပျက်ကို ပိုင်ပိုင်နိုင်နိုင် တွေ့ရှိလာတော့သည်။

ဤကဲ့သို့ သတိမပြတ် ရှုမှတ်လျက်ရှိစဉ် လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေသာမီးမှ ယာယီ ကင်းဝေး နေသည်၊ [ဝါ] ကိလေသဇဒုက္ခမှ ယာယီ ငြိမ်းနေသည်။ ခန္ဓာစကပေးသော သင်္ခါရ ဒုက္ခက ရှိနေသေးသည်။ ယင်း သင်္ခါရ ဒုက္ခကို မုန်းအောင် ရှုဖန်များလတ်သော ဖြစ်ပျက် အဆုံးသို့ ရောက်သွားပါသည်။

(ဤကဲ့သို့ ကိလေသာကပေးသော ဒုက္ခနှင့် ခန္ဓာက ပေးသော ဒုက္ခဆုံးခြင်းသည် အရိယာနယ်မြေ ဖြစ်ပေတော့သည်၊ [ဝါ] နိဗ္ဗာန်နယ်မြေဖြစ်သည်)။

## မိမိတို့ ခရီးစဉ်နှင့် ရည်မှန်းချက်ပန်းတိုင်

အထက်က ဖော်ပြခဲ့သည့်အတိုင်း မိမိတို့၏ ရည်မှန်းချက်လုပ်ငန်းနှင့် ခရီးစဉ်များကို အကောက်ချ၍ ကြည့်သည်ရှိသော်

၁။ မိမိတို့လက်ရှိတည်ရာနယ်မြေ=သမုတိသစ္စာနယ်{ဝါ} ကိလေသာနယ်မြေ။
၂။ မိမိတို့ဖြတ်ကျော်ရမည့် နယ်မြေ = ပရိကမ် နယ်မြေ။
၃။ မိမိတို့ ဖြတ်ကျော်ရမည့် နယ်မြေ=ဝိပဿနာနယ်မြေ။
၄။ မိမိတို့ ရည်မှန်းချက်ခရီးပန်းတိုင် =အရိယာ နယ် မြေ [ဝါ] နိဗ္ဗာန်။
၅။ ခရီးလမ်းညွှန်=သစ္စာလေးပါး။
၆။ စီးနင်းလိုက်ပါရမည့်ယာဉ်=မဂ္ဂင်ယာဉ်။
၇။ လိုက်ပါရမည့်အဖွဲ့=ဗောဓိပက္ခိယအဖွဲ့။
၈။ လမ်းခရီး အစောင့်အရှောက်များ = ဣန္ဒြေ(၅)ပါး၊ ဗိုလ်(၅)ပါး။
၉။ လမ်း၌ တွေ့ရမည့် အန္တရာယ်များ=ပုဂ္ဂိုလ်,သတ္တဝါ, ကျား,မ နှင့် ပုံသဏ္ဌာန်အမျိုးမျိုး, အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ နှင့် ဝိပလ္လာသ သုံးမျိုး, ဿန လေးမျိုးတို့ ဖြစ်ကြသည်။
၁၀။ အန္တရာယ်များ ကာကွယ်ရန် လက်နက် = ပထဝီ, အာပေါ, တေဇော, ဝါယော ဓါတ်ကြီးလေးပါးနှင့်

ဝိညာဏခေတ်ကို ဝိပဿနာ ရှုဆင်ခြင်သည့် အမြင်မှန် သမ္မာဒိဋ္ဌိလက်နက်။

၁၁။ တိုက်ပွဲဝင်ရမည့် စစ်မျက်နှာ = ရူပကာယ နှင့် နာမကာယ။

၁၂။ ပစ်ကွင်း-ပစ်ကွက် = ရုပ်သဘာဝ နှင့် နာမ်သဘာဝ။

## ဒိဋ္ဌိနိုင်ငံ ဖြိုဖျက်ရန် ဗုဒ္ဓပေးသော လက်နက်

အင်အား အပြည့်အဝ ရှိပြီး ခိုင်မာ တောင့်တင်း လျက်ရှိသော ဒိဋ္ဌိနိုင်ငံကြီးကို ဖြိုဖျက်နိုင်ရန်အတွက် တော်ရုံသင့်ရုံ လက်နက်မျိုးနှင့် မရနိုင်ပါ၊ ခေတ်မီ၍ အစွမ်းထက်မျက်သော လက်နက်မျိုးမှသာ ရနိုင်ပါသည်။

ကထံနုခေါ ဘန္တေ ဘဂဝါ ဇာနတော ကထံ၊ ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။

## (ဆိုလိုရင်းအဓိပ္ပါယ်)

ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား- အဘယ်ကဲ့သို့ ဟုတ်တိုင်းမှန်ရာကို သိသောသူ, မြင်သောသူသည် အယူဝါဒ ဖေါက်ပြန်လွဲမှားတတ်သော မိစ္ဆာဒိဋ္ဌိ တရားဆိုးကြီးကို ပယ်သတ်နိုင်ပါသနည်း အရှင်ဘုရား....

ပထဝီဓါတုံ အာပေါဓါတုံ တေဇောဓါတုံ ဝါယောဓါတုံ အာကာသဓါတုံ ဝိညာဏဓါတုံ ခေါ ရာဟုလ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။

## (အနက်အဓိပ္ပါယ်)

ရာဟုလ=ချစ်သား ရာဟုလာ။ ပထဝီဓါတုံ=ပထဝီဓါတ်၏ သဘော လက္ခဏာကိုရင်း၊ အာပေါဓါတုံ=အာပေါဓါတ်၏ သဘော လက္ခဏာကိုရင်း။ တေဇော-ဓါတုံ = တေဇောဓါတ်၏ သဘော လက္ခဏာကိုရင်း။ ဝါယောဓါတုံ=ဝါယောဓါတ်၏ သဘော လက္ခဏာကိုရင်း။ အာကာသဓါတုံ = အာကာသဓါတ်၏ သဘော လက္ခဏာကိုရင်း။ ဝိညာဏဓါတုံ = ဝိညာဏဓါတ်၏ သဘောလက္ခဏာကိုရင်း။ (အသီးသီး ပိုင်းခြား၍ ဓာတ်တခုစီ တခုစီအပေါ်တွင်) အနိစ္စတော=မမြဲဟူ၍ရင်း၊ ဒုက္ခတော = ဆင်းရဲဟူ၍ရင်း။ အနတ္တတော = ငါ့ကိုယ်မဟုတ်[ဝါ]အစိုးမရဟူ၍ရင်း။ ဇာနတော = ဉာဏ်ဖြင့်သိသောသူအား၊ ပဿတော=ဉာဏ်ဖြင့်မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ=[သံသရာတလျှောက်မျက်စိမှောက်၍]အမှားကိုအမှန် အမှန်ကိုအမှား ဖြစ်အောင် ဖေါက်ဖေါက်ပြန်ပြန် စွဲယူခဲ့သော မိစ္ဆာဒိဋ္ဌိကို[ဝါ]သက္ကာယဒိဋ္ဌိ တရားဆိုးကြီးကို။ ပဟီယတိ = အပြီးသတ် အဆုံးတိုင် ပယ်သတ်နိုင်လေ၏။

[ဖေါ်ပြပါ ဂါထာများသည် ရာဟုလောဝါဒသုတ်တွင် သားတော်အရှင်ရာဟုလာ မေးလျှောက်ချက်ကို မြတ်စွာဘုရားက ပြန်လည် ဖြေကြားတော်မူသော ဒေသနာတော်ဖြစ်ပေသည်]။

## (အဓိပ္ပါယ်)

"တသံသရာလုံး အညွန့်တုံးအောင် အယူ၀ါဒ ဖေါက်ပြန် လွဲမှားတင်သော မိစ္ဆာဒိဋ္ဌိ ကိလေသာဆိုး အယုတ်တရားမျိုးကို အဘယ်ကဲ့သို့ အသိမှန် အမြင်မှန်ရသော ပုဂ္ဂိုလ်များက ပယ်သတ်နိုင်ပါသလဲ အရှင်ဘုရား...." ဟု အရှင်ရာဟုလာ က လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

မြတ်စွာဘုရားက ပြန်လည် ဖြေကြားတော်မူသည်မှာ– "ချစ်သား ရာဟုလာ....ဤတလံမျှရှိသော ခန္ဓာကိုယ်ကြီးတွင် ဓာတ်{၆}ပါးရှိသည်။ ယင်း{၆}ပါးတွင် ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ၀ါယောဓာတ်နှင့် အာကာသဓာတ် တို့ဟာ [ရုပ်] တရား ဖြစ်သည်။ ၀ိညာဏဓာတ်က [နာမ်] တရား ဖြစ်သည်။

ပထဝီဓာတ်၏ (လေး, မာ, ကြမ်း) သဘောကိုရှင်း၊ အာပေါဓာတ်၏ (ဖွဲ့မှု, ပြန့်မှု) သဘောကိုရှင်း၊ တေဇောဓာတ်၏ (ပူမှု, အေးမှု)သဘောကိုရှင်း၊ ၀ါယောဓာတ်၏ (တွန်းမှု, ကန်မှု, ထိန်းမှု, ဖိမှု)သဘောကိုရှင်း၊ အာကာသဓာတ်၏ (ကန့်သပ် ပိုင်းခြား ပေး မှု) သဘော ကိုရှင်း၊ ၀ိညာဏဓာတ်၏ (အာရုံအသီးသီးတွင် သိမှု) သဘောကိုရှင်း၊ (ဓာတ်တပါးစီ တပါးစီတို့၏)သဘာ၀လက္ခဏာကို ပိုင်းခြား၍ ဉာဏ်နှင့် သိ, မြင်အောင် ရှုပွားရမည်။

ယင်းသို့ ဓာတ်တို့၏ သဘာ၀လက္ခဏာကို တသီးတခြားစီ သိမြင်ပြီးသည်နောက် သာမည လက္ခဏာတည်းဟူသော အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကို

ဝိပဿနာ ဉာဏ်စက္ခုဖြင့် မြင်အောင် ရှုပွားနိုင်သော ယောဂီ သူတော်စင်တို့သည် သံသရာအစမှ ယခုဘဝ တိုင်အောင် မိမိတို့ ခန္ဓာအစဉ်တွင် စူးဝင်လျက်ရှိသော မိစ္ဆာဒိဋ္ဌိ ဆူးညှောင့်ကြီးကို သုတ်သင်ရှင်းလင်း ပယ်သတ် နိုင်တော့သည်” ဟူ ဆိုလိုသည်။

## မူရင်း မဟာသတိပဋ္ဌာန သုတ်တော် ဓါတုမနသိကာရပဗ္ဗ

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓါတုသော ပစ္စဝေက္ခတိ “အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓါတု အာပေါဓါတု တေဇောဓါတု ဝါယောဓါတူ” တိ။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ။ ဧဝမေဝခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓါတုသော ပစ္စဝေက္ခတိ “အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓါတု အာပေါဓါတု တေဇောဓါတု ဝါယောဓါတူတိ”။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟာရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟာရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟာရတိ။

သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယ-ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

အတ္ထိကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ-မတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

[က] ဘိက္ခဝေ=ရဟန်းတို့။ ပုနစ=တဘန်လည်း၊ အပရံ=တပါးတုံ။ ဘိက္ခု = ရဟန်းသည်။ ယထာဌိတံ= တည်မြဲတိုင်းသော။ ယထာပဏိဟိတံ = ထားမြဲတိုင်းသော။ ဣမမေဝကာယံ = ဤရူပကာယ ခန္ဓာကိုယ်ကိုသာလျှင်၊ ဓါတုသော = ဓါတ်အားဖြင့်၊ ပစ္စဝေက္ခတိ = ဆင်ခြင်ရှုပွားရ၏။

ဣမသ္မိံကာယေ=ဤကိုယ်ကာယ တလံမျှ၌—

၁၊ ပထဝီဓါတု = လေးလံ့, ကြမ်းထမ်း, ခက်မာခြင်း သဘောရှိသော ပထဝီဓာတ်သည်ရင်း၊

၂၊ အာပေါဓါတု=ဖွဲ့ပေးခြင်း, ပြန့်ပေးခြင်း သဘောရှိသော အာပေါဓာတ်သည်ရင်း၊

၃၊ တေဇောဓါတု = ပူမှုသဘော, အေးမှုသဘောရှိသော တေဇောဓာတ်သည်ရင်း၊

၄။ ဝါယောဓါတု = တွန်းပေးမှု, ကန်ပေးမှု သဘော ရှိသော ဝါယောဓာတ်သည်ရှင်း၊
အတ္ထိ = အသီးသီးရှိကြ၏။ ဣတိ = ဤသို့။ ပစ္စ–ဝေက္ခတိ = သတိမပြတ် ရှုမှတ်ပွားများရာ၏။

[၁] ဘိက္ခဝေ = ရဟန်းတို့၊ သေယျထာပိ = ဥပမာသော်ကား၊ ဒက္ခော = လိမ္မာသော။ ဂေါဃာတကော ဝါ = နွားသတ်ယောကျ်ားသည်ရှင်း၊ ဂေါဃာတကအန္တေဝါသိဝါ= နွားသတ်ယောကျ်ား၏ တပည့်သည်ရှင်း။ ဂါဝိံ =နွားကို။ ဝဓိတွာ=သတ်၍။ စတုမဟာပထေ = လမ်းမလေးဖြာ ပေါင်းဆုံရာ၌၊ ဗိလသော=အဘို့အစုအားဖြင့်၊ ဝိဘဇိတွာ = အရိုး, အသားအသား, သီးခြားဝေဘန်၍။ နိသိန္နော=ထိုင်နေသည်။ အဿ=ဖြစ်ရာ၏၊

[၈] ဘိက္ခဝေ = ရဟန်းတို့။ဝေမေဝခေါ = ဤအတူသာလျှင်၊ ဘိက္ခု=ရဟန်းသည်၊ ယထာဌိတံ=ရပ်သောဣရိယာပုထ်အားဖြင့် တည်တိုင်းသော၊ ယထာပဏိ–ဟိတံ=တပါးသော ဣရိယာပုထ်အားဖြင့် ထားတိုင်းသော၊ ယထာဌိတံ = ထိုထိုခဏ၌ မိမိ၏ အစွမ်းဖြင့် တည်တိုင်းသာလျှင်၊ ယထာပဏိဟိတံ = ထိုထို အကြောင်းတရားတို့သည် အပြားအားဖြင့် ဆောင်အပ်သော၊ ဣမမေဝကာယံ = ဤတလံမျှရှိသော ခန္ဓာကိုယ် ရုပ်တရားကြီးကိုသာလျှင်၊ ဓါတုသော=

ပထဝီ အစရှိသည့် ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ= သတိမပြတ် အထပ်ထပ် ဆင်ခြင်ရှုပွားရာ၏။

[သ] ပုနစ = ဤသို့။ အဇ္ဈတ္တံဝါ = မိမိသန္တာန်၌လည်း။ ကာယေ = ဓာတ်လေးပါး ရုပ်တရားအပေါင်း၌။ ကာယာနုပဿီ=ဤ မဟာဘုတ် ဓာတ်ရုပ်အပေါင်း၌ အဘန်တလဲလဲ ရှုပွားသည်ဖြစ်၍။ ဝိဟရတိ=နေလေ၏ (ပ) ။ ဘိက္ခဝေ = ရဟန်းတို့....။ ဧဝမ္ပိခေါ= ဤသို့လျှင်လည်း။ ဘိက္ခု = ရဟန်းသည်။ ကာယေ= ဤကိုယ်ကာယ တလံမျှ၌။ ကာယာနုပဿီ = ဤ မဟာဘုတ် ဓာတ်ရုပ်ကြီးကို သတိမပြတ် ဝိပဿနာ ဉာဏ်ဖြင့် ရှုမှတ်နေသည်ဖြစ်၍။ ဝိဟရတိ=နေလေ၏။

## ၅) ဓါတုမနသိကာရပိုင်း၌ အထူးမှတ်ဘွယ်

နွားသတ်ယောကျ်ားသည် နွားကိုအစာပေး၍ မွေးနေစဉ် သော်၎င်း၊ သတ်ရာအရပ်သို့ ဆောင်ယူလျက် ရှိစဉ်သော်၎င်း၊ သတ်ရာအရပ်၌ ချည်၍ထားဆဲ အခါ၌သော်၎င်း၊ သတ်နေစဉ် သော်၎င်း၊ သတ်၍ သေသည်ကို မြင်ဆဲခဏ၌သော်၎င်း၊ ထို ထိုသော အခိုက်အတန့်တို့၌ နွားဟူသော အမှတ်သညာ မကွယ် ပျောက်သေးပေ။

အတုံးအပိုင်း ခုတ်ဖြတ် လှီးဖျက်၍ အဘို့အစုပြုပြီးသော အခါ၌သော်မူကား "နွား" ဟူသော အမှတ်သညာ ကွယ် ပျောက်၍"အမဲ"ဟူသော အမှတ်သညာသာလျှင် ဖြစ်တော့ ၏။

ယင်းကဲ့သို့ အမဲဖြစ်ပြီးသောအခါ ငါအမဲရောင်း၏။ ဤသူတို့ကား အမဲဝယ်ကြ၏ဟူသော အမှတ်သညာသာဖြစ်သကဲ့သို့ ထို့အတူ ဤတလံမျှသော ကိုယ်ကာယကြီးကို ဓာတ်လေးပါးနှင့် မစေ့ဘန် မပိုင်းခြားမှီ (ဝါ) ဓာတ်တရားနှင့် မရှုပွါးမှီက ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားဟူသော အမှတ်သညာ ငါ, သူတပါး ဟူသော အမှတ်သညာတို့သည် ဖြစ်၏။

ဓာတ်ကြီးလေးပါးနှင့် ပိုင်းခြားစေ့ဖန်၍ အထပ်ထပ်ဆင်ခြင် ရှုမှတ်သောအခါ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားဟူသော အမှတ်သညာ၊ ငါ, သူတပါးဟူသော အမှတ်သညာတို့ ကွယ်ပျောက်၍ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူသော ပရမတ္ထ ဓာတ်သဘောသာ ရှိလေတော့၏။

(ဆရာတော် ဦးဗုမ်မူကို မှီးပါသည်)

## ဒိဋ္ဌိနိုင်ငံဖြိုဖျက်ရန် အဋ္ဌကထာဆရာမြတ် ညွှန်ကြားချက်

၁။ ဓါတ္ဝဋ္ဌာနာမ=သဘာဝဋ္ဌော၊

၂။ သဘာဝဋ္ဌောနာမ=သုညတဋ္ဌော၊

၃။ သုညတဋ္ဌောနာမ=နိဿတ္တဋ္ဌော, နိဇီဝဋ္ဌော၊

(က) ဓာတ်ဟူသည်=သဘာဝကို ဆိုသည်၊
(ခ) သဘာဝဟူသည်=ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သုဉ်းမှုကို ဆိုသည်။
(ဂ) သုညတဟူသည် = ပုဂ္ဂိုလ် သတ္တဝါ မှလွတ်သော သဘောကို ဆိုသည်။

## ဆိုလိုရင်း အဓိပ္ပါယ်

ဓာတ်ဆိုသည်မှာ သူ့သဘာဝအလျောက် သူ့သဘောနှင့်သူ ဆောင်ပြနေမှု ဖြစ်သည်။ ဥပမာ....ပင်လယ်ရေ၏ ငံသည့်သဘော, ရှောက်သီး၌ ချဉ်သည့်သဘော, အုံးသီး၌ အဆိမ့်သဘော, ဧရပ်သီး၌ အစပ်သဘောတို့ကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် သဘာဝဟူသမျှ အတ္တ,ဇီဝမှ ဆိတ်သုဉ်းသည်။

ဓာတ်အရ သဘောမျှပေ၊ သဘောဟူက သုညမှာနေ၊
သုညအရ သတ္တကင်းလေ၊ ကျွမ်းဝိဘင်း ထင်လှင်း
ရှင်းပြပေ။

## ဗုဒ္ဓဝါဒီတို့၏ ရည်မှန်းချက် ပန်းတိုင်

ဗုဒ္ဓဝါဒ၊ လမ်းဆုံးရ၊ ဟောပြနိဗ္ဗာန်ပင်၊
နိဗ္ဗာနမှာ၊ ပရမသုညတာ၊ ခန္ဓာသုညတမြင်၊
ခန္ဓာသုညတ၊ မြင်ရေးက၊ ဓာတ်မှသိနိုင်ပင်၊
ထိုသဘာဝ၊ ထောက်ရှုဆ၊ ဓာတ်ကစရှုဝင်။

(ကျေးဇူးရှင် သံလျင်တောရ ဆရာတော်ဘုရား)

# "အဝိပ္ပါယ်"

ဗုဒ္ဓဝါဒီတို့၏ အမြင့်ဆုံး ရည်မှန်းချက် ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်သည်။ ယင်းနိဗ္ဗာန်၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝတို့မှ ဆိတ်သုဉ်းသော "ပရမသုည" ဖြစ်သည်။ ဒါကြောင့် မို့ နိဗ္ဗာန်သို့ သွားလိုလျှင် "ခန္ဓာငါးပါး" ကို သုညအနေ ထင်လာအောင် ရှုပွားရမည်။ ဤကဲ့သို့ သုညအနေ ထင်လာအောင် ဓာတ်တရားမှသာ တတ်နိုင်သည်။ ထို့ကြောင့် ဓာတ်တရားကို စ၍ ရှုပွားရသည်။

## ပရမတ္ထဟူသမျှ မရဒြပ်ကိုယ်

ငရုပ်စေ့၌၊ စိတ်တွေ့သတ်သတ်၊ အစပ်ကိုတည့်၊
သိမြင်ဘိသို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထကို။

ငရုပ်စေ့၌ စိတ်ဖြင့်သာ တွေ့ရှိထင်မြင် ခံစားရသော အစပ်အရသာကို ကြည့်ရှုသိမြင်ရသကဲ့သို့ ပထဝီစသော ပရမတ္ထဓာတ်သဘာဝတို့ကိုလဲ သတ္တိကိုသာမြင်အောင်ကြည့်ရှု ရာ၏။ သတ္တိကို ဉာဏ်ဖြင့် တွေ့သိမှ ပရမတ္ထသို့ ဆိုက်သည်။ အလုံး, အခဲ, အရှည်, အတို, အဝိုင်း, အပုစသော သဏ္ဌာန်ကို အနည်းငယ်မျှ မထင်မြင်စေရ၊ သဏ္ဌာန်ကို ထင်မြင်နေသေး သမျှ ပရမတ္ထသို့ မဆိုက်ရောက်သေးဟူ၍ မှတ်ယူရ၏။

(ကျေးဇူးရှင် တိပိဋကရေ ဆရာပေါ်ဘုရား) ၏
ဓာတ် ၆-ပါး ကျမ်းမှ

ပရမတ်အစစ်၊ ဓာတ်အနှစ်၊ ရှုလင့်ယောဂီမြတ်။
အပေါ်ပညတ်၊ ရှုတုံလတ်၊ ပရမတ် ကွယ်စေတတ်။
အတွင်းရှုလျှင်၊ ပရမတ်မြင်၊ နောက်တွင်ဉာဏ်စဉ်ကပ်။
ဉာဏ်မပိုင်က၊ ဓာတ်ကိစ္စ၊ လွဲကြမဂ်ဉာဏ်မြတ်။
ဓာတ်ကြီးလေးထွေ၊ ရှုတတ်ပေ၊
ပေါ်လေမဂ်ဉာဏ်မြတ်။

(ဒွေးကျေးဇူးရှင် သံလျင်ဓာတာရ ဆရာတော်ဘုရား)

## "အမိပွါယ် သိသာလေပြီ"

## ဓာတ် ၆-ပါးကို ဉာဏ်၌ ကောင်းစွာ ထင်မြင်အောင် ရှုပါ

ဘုရားသာသနာတော်၌ ကြုံကြိုက်ကြသော သူတို့မှာ သစ္စာလေးပါးကို သိမှုသည် အထွဋ်အမြတ်တည်း။ သစ္စာလေးပါးကိုသိမှ ဒိဋ္ဌိနယ်ကြီး, ဒုစရိုက်နယ်ကြီး, အပါယ်သံသရာဘေးကြီးတို့မှ အပြီးတိုင် ကျွတ်လွတ်နိုင်ကြကုန်သည်။ ထိုကြောင့် သစ္စာလေးပါးကို သိခြင်းငှာမိမိသန္တာန်၌ ယုတ်စွအဆုံး မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်, အာကာသဓာတ်, စိတ်ဓာတ်ဟူသော ဓာတ် ၆-ပါး တို့ကိုရှင်း၊

ထိုဓာတ် ၆-ပါး တို့၏ မျက်တောင်တခတ် လျှပ်စာပြက်မျှ အသက်မရှည် အတည်မမြဲ မစဲချုပ်ဆုံး၍နေမှုဟူသော အနိစ္စအချက်ကြီးကိုရှင်း၊ ယခုဘဝတွင် ထင်မြင်နိုင်ကြရန် ကျက်မှု,

အံမှု, နှလုံးသွင်းမှု တို့ကို အထူး အားထုတ် လေ့လာကြရကုန်သည်။ ထိုခေတ် ၆-ပါးကို ဉာဏ်၌ ကောင်းစွာ ထင်မြင်ကြကုန်လျှင် ကြွင်းသောတရားတို့၌ အထူး အားထုတ်ဘွယ် မရှိပြီ၊ အနိစ္စအချက် ကောင်းကောင်း ထင်မြင်ကြကုန်လျှင် အနတ္တအချက်ကြီးလဲ ပြီးစီးလေတော့သည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ ဗောဓိပက္ခိယဒီပနီမှ

## ခေတ် ၆-ပါးနှင့် ဃန လေးပါးကို ဖြိုဖျက်နိုင်သည်

ထိုဃနလေးပါးကို ဖြိုဖျက်ရာ၌ ခန္ဓာငါးပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်း၊ အာယတန တဆဲ့နှစ်ပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်း၊ ခေတ်တဆဲ့ရှစ်ပါးအနေဖြင့်ကြည့်၍ ဖြိုဖျက်နည်း စသည်ဖြင့် များစွာရှိလေသည်။ အဘိဓမ္မာပိဋက, သုတ္တန်ပိဋက တို့၌ ဟောတော်မူသမျှသောတရားစုတို့သည် ထိုအခဲကြီးကို ဖြိုဖျက်ရန် ဟောကြားအပ်သော တရားတို့ပေတည်း၊ အချုပ်အားဖြင့် သင်္ဂြိုဟ်ကျမ်းတကျမ်းလုံးသည် ထိုဃနခေါ်သည့် အခဲကြီးလေးမျိုးတို့ကို ဖြိုဖျက်ရန် နည်းကောင်းကြီးပေတည်း။

ထိုသို့ ဖြိုဖျက်ရန် နည်းကောင်းများစွာတို့တွင် "ပုဏ္ဏသာတိ" အရှင်အား ဟောကြားအပ်သော (ခေတ်-၆-ပါး) အနေဖြင့် ကြည့်၍ဖြိုဖျက်နည်းသည် မကျဉ်းမကျယ် မနည်းမများ ဖြစ်သဖြင့် ထိုအရှင်မြတ် {အနာဂါမ်} အရိယာဖြစ်၍

သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်သွားကြောင်း ကျမ်းဂန်တို့၌ လာရှိရကား၊ ယင်း ခေတ်-၆-ပါးနည်းဖြင့် ယခင်ရှေ့သုံးခဲ "သမ္မုဟာဃန, သန္တတိဃန, ကိစ္စဃန" တို့ကို ဖြိုဖျက်ပုံပြပေအံ့—

## ဆောင်ပုဒ်လင်္ကာ

ခက်မာ,ယိုစေး၊ ပူအေး,ထောက်ကန်၊ ဝါ{တွန်းကန်}
ရုပ်မှန်ပိုင်းဖြတ်၊ အာရုံခေတ်ကို၊
တတ်တတ်မြင်သိ၊ ဤသတ္တိ၊ မှတ်ဘိလက္ခဏာ။

(ကျေးဇူးရှင်တိပိဋကရေဆရာတော်ဘုရား၏
ခေတ်-၆-ပါးကျမ်းမှ)

## ခေတ်ကိုမြင်မှ အတုံး အခဲ ပုဂ္ဂိုလ် သတ္တဝါ ပျောက်မည်

ခေတ်ကိုမမြင်၊ တုံးစုထင်၊ မှားဝင်သူငါဟုတ်။
သူငါကျား,မ၊ ခေါင်းလက်စ၊ သတ္တပုဂ္ဂိုလ်သမုတ်။
ပုဂ္ဂိုလ်သတ္တာ၊ ထင်လောက၊ အတ္တ,ကမ္မေရှုတ်။
ယင်းအမှားကို၊ မှန်စေလို၊ ခွဲဖြိုခေတ်နှင့်ဖြုတ်။
ခေတ်နှင့်ဖြုတ်ချေ၊ အတ္တသေ၊ မြင်လေသုညဟုတ်။

(ကျေးဇူးရှင်သံလျင်တောရဆရာတော်ဘုရား)

ဒီလောက်ဆိုလျှင်တော့ "ဒိဋ္ဌိနိုင်ငံကြီး"ကို ခေတ် လက်နက်နှင့် ဖြိုဖျက်နိုင်ကြောင်း သိသာလောက်ပါပြီ၊ လမ်းညွှန်တဲ့ပုဂ္ဂိုလ်များကို ဆန်းစစ်လိုက်ပြန်တော့— (၁) သုံး

လောကထွဋ်ထား ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင်။ (၂) အဋ္ဌကထာဆရာသခင်၊ (၃) မြန်မာနိုင်ငံတော်တွင်မက, ကမ္ဘာကပါ သိကြသော နေ့လ ပမာ ထင်ရှားတော်မူကြသော ဆရာသခင်ကျေးဇူးရှင်ကြီးများ ဖြစ်ပေသည်၊

ယင်း, ဖော်ပြပါ အထောက်အထားများကို လက်ကိုင်ထားပြီး၊ "ဗောဓိပက္ခိယကမ္မဋ္ဌာန်းဋ္ဌာန"က ဓာတ်(၆)ပါးကို ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

## ဗောဓိပက္ခိယကမ္မဋ္ဌာန်းဋ္ဌာန၏ ယုံကြည်ချက်

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်, ထိုထိုဓာတ်မျှ၊ တတ်တတ်သိက၊ ညဉ်ဆိုးသက္ကာယ၊ သေကိန်းကျသည်၊ ဆေးမြတ်အကျော်၊ ဓာတ်မဟော် တည်း။

(ဗောဓိပက္ခိယကမ္မဋ္ဌာနစရိယ)

ဖေါ်ပြပါအထောက်အထား ယုံကြည်ချက်အရ ဗောဓိပက္ခိယကမ္မဋ္ဌာန်းဋ္ဌာနက သတိပဋ္ဌာန်တရားလေးပါး ရှိသည့်အနက် ကာယာသတိပဋ္ဌာန် = ကာယာနုပဿနာ။ ရုပ်ကမ္မဋ္ဌာန်း၌"ဓါတုမနသိကာရ"ရုပ်ကို အရှုခံထားခြင်းဖြစ်ပါသည်၊

မြတ်စွာဘုရားက ပုဂ္ဂိုလ်၏စရိုက်, ပါရမီကို လိုက်၍ ရုပ်ကမ္မဋ္ဌာန်း ကာယာနုပဿနာမှာပင်လျှင် အပိုင်း၆-ပိုင်းခွဲ၍ ဟောညွှန်ထားခဲ့ပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကာယာနုပဿနာ အာနာပါနပိုင်း၊
၂။ ကာယာနုပဿနာ ဣရိယာပထပိုင်း၊
၃။ ကာယာနုပဿနာ သမ္ပဇညပိုင်း၊
၄။ ကာယာနုပဿနာ ပဋိကူလမနသိကာရပိုင်း၊
၅။ ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း၊
၆။ ကာယာနုပဿနာ နဝသိဝထိကပိုင်း။

(အကျယ်ကိုမဟာသတိပဋ္ဌာနသုတ်ပါဠိတော်မှယူပါ)။

## ကျင့်ကွက် ကျင့်နည်း ကျင့်စဉ် အမြွက်

အထက်ကဖော်ပြခဲ့သည့်အတိုင်း ပညတ်အသိ, ဝိပလ္လာသအသိ, အမှားသိတွေဖြစ်သော—

၁။ အတုံး အခဲ အသိမျိုး၊
၂။ သတ္တ အတ္တ အသိမျိုး၊
၃။ အကောင်သဏ္ဍာန် အသိမျိုး၊
၄။ ယောက်ျား မိန်းမ အသိမျိုး။

အစရှိသော အသိမျိုးတို့ကို ကျော်လွန်ပျောက်ကွယ်သွားရေးအတွက် သက်သာလွယ်ကူသော "ရှုကွက် နှင့် အရှုခံ" အာရုံအဖြစ် ရုပ်ကမ္မဋ္ဌာန်းထဲက ဖော်ပြပါ ၆-မျိုးအနက်

နံပါတ် ၅-ဖြစ်သော "ဓာတုမနသိကာရ" ရုပ်ကို ရှုပွားခြင်း ဖြစ်သည်။

ယင်းဓာတ်ရုပ် လေးပါးထဲမှာလဲ "ဝါယောဓာတ်ရုပ်" သည် (ဝါ) ဝါယောဓာတ်၏ သဘာဝလက္ခဏာသည်၊ သိလွယ်, မြင်လွယ်သောကြောင့် ဝါယောဓာတ်ကစတင်ရှုပွား လျှင် အသင့်လျော်ဆုံးဖြစ်သည်။

၎င်း ဝါယောဓာတ်မှာလဲ အောက်ပါအတိုင်း လေးမျိုး ရှိပြန်ရာ—

၁။ ဥတုဇဝါယော=ဥတုကြောင့်ဖြစ်သော ဝါယောဓာတ်၊
၂။ အာဟာရဇဝါယော=အာဟာရကြောင့်ဖြစ်သော ဝါ- ယောဓာတ်၊
၃။ စိတ္တဇဝါယော=စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၊
၄။ ကမ္မဇဝါယော=ကံကြောင့်ဖြစ်သောဝါယောဓာတ်။

ထို ဝါယောလေးမျိုးအနက် စိတ္တဇ ဝါယောဓာတ်၏ သဘာဝလက္ခဏာ (ဝါ) ဝိတ္ထမ္ဘိတ=တွန်းမှု, ကန်မှု, ထောက်မှု, ထိမ်းမှု, မမှု, အစရှိသော စိတ်ကြောင့်ဖြစ်ပေါ်လာသော စိတ္တဇဝါယောဓာတ်၏ {အစရုပ်}ကို ရှုပွားရန်ဖြစ်သည်။

## စိတ္တဇဝါယောဓာတ် သက်သေပြချက် သုတ္တန်ပါတ်ပါဠိ ဝိဇယသုတ္တန်

စရံဝါ ယဒိဝါ တိဋ္ဌံ၊ နိသိန္နော ဥဒဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။

စရံဝါ=သွားလည်းသွား၏။ ယဒိ=ထိုမျှ။ တိဋ္ဌံဝါ= ရပ်လည်းရပ်တည်၏။ နိသိန္နောဝါ = ထိုင်လည်းထိုင်နေ၏။ ဥဒ = ထိုမျှ။ သယံဝါ = လျောင်းလည်းလျောင်းစက်၏။ သမိဉ္ဇေတိ = ထိုထို အဆစ်တို့ကို ကွေးလည်း ကွေးညွှတ်၏။ ပသာရေတိ=ဆန့်လည်းဆန့်တန်း၏။ သော=ဤ သွား, ရပ်, ထိုင်, လျောင်း, ရှေးနှောင်းတက်ဆုတ်, ကွေးရုပ်, ဆန့်တန်းမှု အစုစုအဖုံဖုံ အမူအရာအလုံးစုံသည်။ ကာယဿ=ခန္ဓာကိုယ်၏။ ဣဉ္ဇနာ=လှုပ်ရှားမှုသာတည်း။

{ဤ ဂါထာဖြင့် ဤဆိုလတ္တံ့သော အနက်အဓိပ္ပါယ်ကို ဖေါ်ပြသည်}။

ဤ ခန္ဓာ၌ အခြားတပါးသော တစုံတယောက်သော သွားတတ်သူ ပုဂ္ဂိုလ်သတ္တဝါ, ရပ်တတ်သူ ပုဂ္ဂိုလ်သတ္တဝါ, ထိုင်တတ်သူပုဂ္ဂိုလ်သတ္တဝါ, လျောင်းတတ်သူပုဂ္ဂိုလ်သတ္တဝါ, ရှေးနှောင်းတက်,ဆုတ်, ကွေးရုပ်, ဆန့်တန်းတတ်သူ ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ စင်စစ်သော်ကား—

(က) သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။

(ခ) စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ် ဝယ်ပြည့်။

(ဂ) ဝါယောပြည့်သော်၊ ဝိညတ်ပေါ်၊ [ရုပ်သစ်ပေါ်] ရုပ်သော်သွားလာ၏ [သွားပေ၏]။

(ဃ) ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဥာဏ်ဖြင့်ကြည့်။ [ဥာဏ်ဖြင့်သိ]

(င) ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။
(စ) ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။
(ဆ) ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။
(ဇ) ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေးဉာဏ်ဖြင့်သိ။
(ဈ) ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့်ဉာဏ်ဖြင့်သိ။

(ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရား) ၏
ဓာတ် ၆-ပါး ကျမ်းမှ

အဓိပ္ပါယ်ထင်ရှားနေပေပြီ၊ စိတ်၏ထူးခြားမှု(ဝါ)စိတ်၏စေ့ဆော်မှုကြောင့် ဝါယောဓာတ်ထူးခြားမှု ဖြစ်ပေါ်လာသည်၊ (ဝါ) တွန်းမှု, ကန်မှု, လှုပ်မှု, ရွေ့မှု, ဖြစ်ပေါ်လာပေသည်၊ ဝါယောဓာတ်၏ထူးခြားမှု (ဝါ) ပြန့်နှံ့မှုကြောင့် ဤတလံမျှရှိသော ခန္ဓာကိုယ်၏ လှုပ်ရှားမှု အထူးထူးအထွေထွေ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်၊ ဒါကြောင့်မို့ [စိတ္တဇ ဝါယောဓာတ်၏အစရုပ်]ကို ရှုပွားရခြင်းဖြစ်ပေသည်။

## ဝါယောဓာတ်အစ တွန်းမှုက

ဥပမာ- နွားခေါင်းနေရာ၌ [ဝါ] နွားခေါင်းကို ရှုကွက်အဖြစ်ထား၍ ရှုပွားလိုသော် နွားခေါင်း၌စိတ်၏ စေ့ဆော်မှုကြောင့် အသက်ရှုမှု ပြုလုပ်လျက်ရှိသော (ဝင်လေကို တွန်းသွင်းမှုတခုနှင့် ထွက်လေကို တွန်းထုတ်မှုတခုဟူ၍ ၂-ခု ရှိသည်)၊ ရှုပွားခါစ ယောဂီသည် [က] ဝင်လေ "တွန်း" သွင်းမှုအား အသိ ကပ်သေးပဲ လွှတ်ထားလိုက်ပါအုံး၊ [ခ] ထွက်လေ "တွန်း" ထုတ်မှု (ဝါ) ထွက်တွန်းအပေါ်၌သာ

"သုံးပိုင်းပိုင်း"၍ တွန်းတယ်, တွန်းဘယ်, တွန်းတယ်, လို့ လိုက်ပြီးသိနေပါ။

ထပ်၍ရှင်းရသော် ထွက်သက်ကိုပြုလုပ်လျက်ရှိသော ထွက်လေကို အပြင်သို့ထွက်လာအောင် နှာတန်အတွင်းမှ "တွန်း, တွန်း, တွန်း,"ပေးနေသော တွန်းမှုကိစ္စ {ဝါ} တွန်းပေးမှုကိရိယာကို အရှုခံအာရုံအဖြစ်ထားပြီး ရှုပွားခြင်းဖြစ်သည်၊ (ရှုကွက်က နှာခေါင်းနေရာ၊ အရှုခံက ဝါယောဓာတ်၏တွန်းမှု ကိရိယာ (ဝါ) တွန်းမှုလက္ခဏာဖြစ်ပေသည်)။

ယင်း ထွက်တွန်း ၃ • ချက်အပေါ်၌သာ [တွန်း, တွန်း, တွန်း] တွန်းတယ်, တွန်းတယ်, တွန်းတယ်ဟူ၍ သတိမပြတ် ရှုမှတ်နေပါ၊ အတွေးမဝင်ပါစေနဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တ, လို့လဲ မဆင်ခြင်ပါနဲ့အုံး၊ တွန်းတာတခုထဲ အပေါ်၌သာ "ကောဓမ္မော"ဖြစ်အောင် အထပ်တလဲလဲရှုပွားနေပါ၊ (ရှုကွက်,အရှုခံ အပေါ်မှာ အသိကပ်ဖန်များလာလျှင် ရှုဉာဏ် ပေါ်ထွက်လာပါလိမ့်မည်)။

ယခုကဲ့သို့ ထွက်လေ (ဝါ) ထွက်တွန်းတချက် နေရာမှာ ၃-ချက် တွန်းစေခြင်းသည် (က) အာနာပါန ကမ္မဋ္ဌာန်းနှင့် မရောထွေးစေရန် အတွက်ငင်း၊ (ခ) တရားကျင့်သုံးခါစ ယောဂီများသည် စိတ်တည်ငြိမ်မှုနည်းပါးပြီး စိတ်ပြန့်လွင့်မှု များနေကြပါသေးသည်၊ ဥပမာ– မိမိတို့အိမ်၌ ညအိပ်ချိန် တန်၍ တံခါးပိတ်ထားသည်ဆိုကြပါစို့, ထိုစဉ်အရပ်ထဲက အသိမိတ်ဆွေ တဦးတယောက်က အရေးပေါ် ကိစ္စတခု

ပေါ်လာသဖြင့် မိမိအိမ်သို့လာပြီး [ဒေါက်] ဟု တံခါး တချက်ခေါက်သည်ဆိုပါစို့၊ မိမိအနေဖြင့် ကြားလိုက်သော တံခါးခေါက်သံတချက်အပေါ်၌ သိပ်ပြီးမသဲကွဲသဖြင့် နား စွင့်နေစဉ် အပြင်က တံခါးခေါက်သူက (ဒေါက်-ဒေါက် ဒေါက်) ၃-ချက်ဆင့်ပြီး ခေါက်လိုက်တော့မှ ဪ.... အိမ် ရှေ့က တံခါးခေါက်သံပါကလားဟူ၍ သဲကွဲစွာသိရသကဲ့သို့ ထို့ကြောင့် တရားအားထုတ်ခါစ ယောဂီအား နှာခေါင်းက ၃-ချက်တွန်းစေခြင်းဖြစ်သည်။

ဖေါ်ပြပါအတိုင်း ၃-ချက်တွန်းမှုအပေါ်တွင် သိသိနေမှု နာရီတွေများလာ နာရီမှရက်သို့ကူးလာ၍ ၂-ရက်ခန့် ရလာ သောအခါ ယခင်ကသိထားသော ဝိပလ္လာသအသိ၊ ပုဂ္ဂိုလ်, သတ္တဝါ, ခြေ, လက်, ပါး, နှာခေါင်း စသည့်အမှားသိတွေ ဖြေးဖြေးကွာလာ, ဝေးလာပြီးယောဂီသည် ပရမတ်ဖြစ်သော တွန်းမှုနှင့်သိမှုအပေါ်တွင် အာရုံကျရောက်လာတော့သည်၊ (ဝါ) တွန်းမှုနှင့်သိမှုအပေါ်၌သာ ပြိုင်တူ ပြိုင်တူ လိုက်၍ သိနေတော့သည်။

## ရူပနာမ ပရိစ္ဆေဒဉာဏ်ဝင်လာပုံ

ဤကဲ့သို့ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ခြေ, လက်, ခေါင်း, နှာခေါင်းတွေ ကွယ်သွားပြီး တွန်းမှုကတလှုပ် သိမှုကတလှုပ် (ဝါ) တွန်းတစနှင့်သိတာ တွန်းသည့်အထဲမှာ အထည်တွေ, ဒြပ်တွေ, အကောင်တွေ, သဏ္ဌာန်တွေကို မတွေ့ မမြင်ရတော့သလို သိမှုထဲမှာလဲ ငါ, သူတပါး, မိန်းမ,

ယောဂကျြား တွေ့ကို မတွေ့ရ မမြင်ရတော့ပါ၊ [နှာခေါင်းနေရာမှာ တွန်းမှုကိုရင်း ငါနေရာမှာသိမှုကိုရင်း]မြင်လာတော့သည်၊ ထိုသို့သောသိမှုမြင်မှုကို ဒေသနာတော်အရ နာမ,ရူပ ပရိစ္ဆေဒဉာဏ် (ဝါ) ရူပ,နာမ ပရိစ္ဆေဒဉာဏ်ဟု ဆိုသည်။ [ရှုဉာဏ် စတင်ဝင်ရောက်လာခြင်းဖြစ်တော့သည်]။

## ပစ္စယပရိဂ္ဂဟဉာဏ် ဝင်လာပုံ

ဖေါ်ပြပါအတိုင်း (တွန်းမှုနှင့် သိမှု)အပေါ်၌သာ ဆက်တိုက် သိဖန်များလာသောအခါ ယင်းတွန်းမှုတခု ဖြစ်ပေါ်လာရေးအတွက် အတွင်းဘက်က ကူညီပေးနေသော'ကိရိယာ' အဆင့်ဆင့်တို့ကိုပါ တိုး၍တိုး၍ မြင်လာတော့သည်၊ ဥပမာ–တွန်းလိုသောစိတ် ဖြစ်ပေါ်လာသောကြောင့် ထိုစိတ်၏ စေ့ဆော်မှုကို အကြောင်းပြု၍ တွန်းမှုတွေ အထပ်ထပ် တတွန်းပြီး တတွန်း ဆင့်ကာဆင့်ကာ အတွင်းက ပြုလုပ်ဆောင်ရွက်ပေးနေသည်ကိုပါ တဆင့်တိုး၍သိလာတော့သည်၊ ထိုတွန်းမှု ဝါယောဓာတ်ရုပ်နှင့် သိမှုနာမ်တရားတို့ကိုလဲ ခြားနား သိလာတော့သည်၊ ယင်းကဲ့သို့ အကြောင်းနှင့်အကျိုး ဆက်စပ်၍သိလာခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

## သမ္မသနဉာဏ် ဝင်လာပုံ

အထက်ပါအတိုင်း ဓာတ်ရုပ်, ဓာတ်နာမ်တို့ကို ခြားခြားနားနား သိလာပြီးသည့်နောက် ယောဂီသည် ဤတလံမျှ

သော မဟာဘုတ်ဓာတ်ဦးစီးသည့် ရုပ်ကြီးအပေါ်၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန် အတွင်း, အပြင်, အကြမ်း, အနု, အယုတ်, အမြတ်, အနီး, အဝေး အစရှိသည်တို့ကိုပါ ကျယ်ပြန့်စွာ သိလာသည်။ {ဉာဏ်ကြီးသူများသာ}

ယောဂီသည် ရှုကွက်, အရှုခံမှန်ကာ ရှုဉာဏ်အားကောင်းလာသောကြောင့် ဝါယောဓာတ်၏ တွန်းနေမှုအပေါ်၌ အစတွန်း, အလယ်တွန်း, အဆုံးတွန်း ဟု ဉာဏ်နှင့်တွေ့သိလာသည်၊ ယင်းသို့ တွေ့သိလျက်ရှိသော တွန်းမှုတို့ဟာလဲ တည်တန့် ခိုင်မြဲခြင်းမရှိပဲ (ဥပါဒ်, ဌီ, ဘင်, ခဏငယ် သုံးချက်) မျှသာ ရပ်တည်နိုင်ပြီး ချုပ်ပျောက် ကုန်ဆုံးသွားလေသည်၊ (ဝါ) ဖြစ်ပြီး ပျက်သွားလေတော့သည်၊ ယင်းသို့ ဖြစ်ပျက် အနိစ္စသဘောကို ဝိညာဉ်သိဖြင့် ရှေ့ဦးစွာ တွေ့သိပြီးသော ယောဂီသည် ဒုက္ခ နှင့် အနတ္တတို့ကိုပါ {ဓမ္မနိယာမ}=တရားသဘော ဓမ္မတာအတိုင်း တွေ့သိလာတော့သည်။

ထိုကဲ့သို့ ရှုပွားလျက်ရှိသော အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ဝါယောဓာတ်ရုပ်ကို {အနိစ္စ=မမြဲ။ ဒုက္ခ=ဆင်းရဲ။ အသုဘ=မတင့်တယ်။ အနတ္တ=အစိုးမရ။} စသည်ဖြင့်ရင်း၊ ပြုပြင်အပ်သည်ဟူ၍ရင်း၊ အကြောင်းတရားကိုစွဲ၍ ဖြစ်ပေါ်လာရသည်ဟူ၍ရင်း၊ ကုန်ဆုံးခြင်းသဘောရှိသည်ဟူ၍ရင်း၊ ချုပ်ပျောက်ခြင်း သဘောရှိသည်ဟူ၍ရင်း၊ အကျဉ်းချုံးပြီး "ဝိညာဉ်"သိမှုကို သမ္မသနဉာဏ်ဖြစ်ပေါ်လာသည်ဟု ဆိုလေသည်။

## ဥဒယဗ္ဗယဉာဏ် ဝင်ပုံ

ပေါ်ပြူပါအတိုင်း သမ္မသနဉာဏ်ဖြင့် နှလုံးသွင်းဖန်များ၍ ဝိပဿနာဉာဏ် ရင့်သန်လာသောအခါ ဤတလံမျှရှိသော ခန္ဓာကိုယ်ကြီး၌ တွန်းမှု တွန်းသဘော ဝါယောဓာတ်ရုပ် နှင့် သိမှုဓာတ်နာမ်တို့သာလျှင်ရှိတာပဲ (ဝါ)တွန်းမှုနှင့်သိမှုဟာလဲ ဖြစ်ပြီး ပျက်တဲ့သဘောပဲ ရှိပါကလားလို့ ထပ်ခါထပ်ခါ တွေ့သိလာတော့သည်။

ထိုကဲ့သို့ တွန်းမှုကိရိယာတခုတည်းကိုသာ(ဝါ)နှာခေါင်းမှ ထွက်တွန်း သုံးချက်ကိုသာ တွန်းတယ်, တွန်းတယ် ဟု အထပ်ထပ် ရှုပွားလျက်ရှိသော ယောဂီသည် တွန်းမှုတွေ တထပ်ပြီး၊တထပ် မြင့်၍မြင့်၍တက်လာသလို ဉာဏ်ထဲ၌တွေ့သိလာသည်၊ ဥပမာ— အဆောက်အဦးဆောက်လုပ်ရန်အတွက် မော်တော်ယာဉ်နှင့်သယ်ယူလာသော အုတ်ခဲ (ဝါ) အုတ်ချပ်တွေကို ကားပေါ်ကချသည်ဆိုကြပါစို့၊ ၎င်းအလုပ်သမားသည် အုတ်တင်,အုတ်ချ မကျွမ်းကျင်သေးသဖြင့် စနစ်တကျမစီတတ်သေးပဲ ဖြစ်သလိုသာဆင့်၍ဆင့်၍ တင်နေတော့သည်။

ဤသို့ ထပ်ကာထပ်ကာ တင်ဖန်များလတ်သော် အောက်ခြေကမခိုင်အပေါ်ဝန်က,လေးမှုကြောင့် အုတ်ပုံကြီး[ဝရုန်းသုံးကား] ပြိုကျလေတော့သည်၊ ထို့အတူပင် တွန်းမှုတွေ အထပ်ထပ် သိလာဖန်များတော့ ဤ တလံမျှရှိသော ခန္ဓာ (ဝါ) ရုပ်တရားကြီးထဲမှာ ထားစရာ သိုလှောင်စရာမရှိတော့ သည့်ပမာ အဆက်မပြတ်ပျက်ကျပြိုကျလာတော့သည်။

နောက် ဥပမာတခုက- ဖလ်ချိုင့်နှင့်အလားတူသော ရုပ်တရား ကိုယ်ပေါ်သို့ အလေးအပင်တခုနှင့် အလားတူသော တွန်းမှုကြီးက ဖြုန်းကနဲကျလာတော့ အဆိုပါဒဏ်ချက်ကြီးကို မခံနိုင်သောဖလ်ချိုင့်သည် အစိပ်စိပ်အမွှာမွှာ ကျေမွသွားပြီး ဖလ်ချိုင့်သဏ္ဌာန် ပျောက်ကွယ်သွားသကဲ့သို့လဲ တွေ့သိတတ်သည်။

သို့တည်းမဟုတ် မိုးဦးကျအချိန်မှာ ဖြစ်ပေါ်တတ်သော လျှပ်ပစ်သကဲ့သို့ဖြစ်ကာ ကြက်သီးများ တကိုယ်လုံးတဖြန်းဖြန်း ထလာသလိုလဲဖြစ်တတ်သည်၊ တရားအာရုံကိုမချမခြင်း (ဝါ)မျက်လုံးကိုမဖွင့်မခြင်း တဖြန်းဖြန်း တဖြင်းဖြင်းဖြစ်နေတတ်သည်၊ တခါဘူးမျှ မတွေ့ကြုံဘူးသေးသော ယောဂီများသည် ကြောက်ရွံထိပ်လန့်သောစိတ် ပေါ်တတ်ပေသည်။

## (မှတ်ချက်)

လမ်းညွှန်ပြသပေးသောဆရာသမားမရှိပဲ အားထုတ်သော ယောဂီများသည် ထိုအတွေ့အကြုံမျိုးကို တွေ့သိရသောအခါ ဝေဖန်ပိုင်းခြား၍ သိတတ်သော ဉာဏ်မျိုး မရှိသောကြောင့် ကြောက်လန့်ပြီး ကမ္မဋ္ဌာန်းအလုပ်ကို ရပ်ထားလိုက်တတ်ကြပေသည်။ (ထိုကဲ့သို့ အပျက်ကြမ်းခြင်းမှာ လောဘ, ဒေါသ, စရိုက်ကြမ်းသောကြောင့် အပျက်ကြမ်းခြင်းဖြစ်ပေသည်)။

တချို့ယောဂီများကြတော့ စုန်းပူးသလိုလို, နတ်ပူးသလိုလို တကိုယ်လုံး တဆတ်ဆတ်တုံလာတတ်ပေသည်၊ တချို့ကြတော့လဲ ထုတ်မှာဆွဲထားသော သံအိပ်ကြီးကို အောက်က

သံချွန်နဲ့ ထိုးဖေါက်လိုက်တော့ သဲတွေကိုယ်ပေါ်သို့ တဖွား ဖွား ကျလာသလိုလဲဖြစ်တတ်သည်၊ လှိုင်းလုံးကြီးများအိအိ ပြီး အလိပ်လိပ် ဆင်းလာသလိုလဲဖြစ်တတ်သည်၊ ရေလှိုင်း ရိုက်ခတ်မှုဒဏ်ကြောင့် သဲကမ်းပါးများ ပြိုပြိုကျသလိုလဲ တွေ့သိရတတ်သည်။

## အပျက်ကြမ်းရာမှ နုလာခြင်း

ယောဂီသည် လမ်းညွှန်သူ ဆရာသမားနဲ့ တွဲဘက်၍ ရှုကွက် အရှုခံ မှန်မှန်ဖြင့် ဆက်လက်ပြီး လိုက်နာကျင့်သုံး ပါက, အဖြစ်အပျက် ကြမ်းရာမှတဖြေးဖြေး နုလာတော့သည်၊ တကိုယ်လုံးတွင် ပရွက်ဆိတ်များ၊ အနှံ့အပြားသွားနေသကဲ့သို့ (မွမွ,ရွရွ) ဖြစ်လာတတ်ပေသည်၊ တဖန် ပရွက်ဆိတ်များ လျှော့နည်းသွားတာ ကြက်သန်းပိုးများ ဟိုနားဒီနား {တလှုပ်လှုပ်တရွရွ} သွားလာနေသကဲ့သို့လဲ တွေ့ရတတ်ပေ သည်။

ဆက်လက်ပြီး ဝါယောဓာတ်ကိုပဲ အရှုခံထားကာ ကိုယ် ပေါ်၌ ရှုကွက်အမျိုးမျိုးပြောင်းပြီး ဆရာသမားနှင့် တွဲ ဘက်၍ ဆက်လက်ရှုပွားပြန်သည်ရှိသော် တကိုယ်လုံးတွင် အပ်ဖျားကလေးနဲ့ ထိုးဆွနေသကဲ့သို့ {စစ်စစ်, စစ်စစ်} နဲ့လဲ ဖြစ်လာတတ်ပေသည်။ ဖော်ပြပါအတိုင်း ဤတလံရှိမျှသော ခန္ဓာကိုယ်ကြီး(ဝါ)ရုပ်တရားကြီး တခဏမစဲ တသဲသဲ တဖွဲဖွဲ တလှုပ်လှုပ် တရွရွနှင့် ဖြစ်ခြင်း, ပျက်ခြင်း ဤနှစ်သင်းဖြင့် အတင်းအကြပ် နှိပ်စက်အပ်နေသည်ကို ဒေသနာတော်အရ ဥဒယဗ္ဗယဉာဏ် ဝင်ရောက်သည်ဟု ဆိုလေသည်။

အထက်ဖော်ပြပါ ရုပ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စ သဘော ငါးမျိုး,ခြောက်မျိုးအနက် ယောဂီပုဂ္ဂိုလ်၏ စရိုက် ကိလေသာ အထူးအပါးအလိုက် အကြမ်းအနု ခြားနားတတ် ပေသည်၊ တမျိုး နှစ်မျိုးမှ သုံးမျိုး လေးမျိုးအထိ အဖြစ် အပျက် ပေါ်တတ်လေသည်။

## အဇ္ဈတ္တ ဖောဋ္ဌဗ္ဗကို ကာယဝိညာဏ်ဖြင့် သိခြင်း

ဖော်ပြပါ ရုပ်တရား၏ ဖြစ်ခြင်း,ပျက်ခြင်း သဘောသည် အဇ္ဈတ္တတည်းဟူသော ဤတလံမျှရှိသော ကိုယ်ပေါ်၌ (ဝါ) ရုပ်တရားအပေါ်၌ ပစ္စုပ္ပန် အခိုက်အတန့်တွင် (မမွလမ်းစဉ် အတိုင်း) ပေါ်ထွက်လာသော ဖောဋ္ဌဗ္ဗ=ထိတွေ့မှုကို ကာယ ဝိညာဏ်ဖြင့် သိလျက်ရှိသော ဉာဏ်ယှဉ်အသိမျိုး ဖြစ်သည်၊ (ဝါ) သတိနှင့်သမ္ပဇဉ် ယှဉ်မိတိုင်းယှဉ်မိတိုင်း တွေ့သိရသော အဖြစ်အပျက်မျိုး၊ (ဝါ) "ခဏိကမရဏ"မျိုး ဖြစ်ပေသည်။

ယင်း ခဏိကမရဏ မျိုးသည် အလွန်သိမ်မွေ့နူးညံ့ပြီး၊ အလွန်လျှင်မြန်လှသောကြောင့် ပုထုဇဉ်တို့၏ ပကတိမျက်စိ ဖြင့် မမြင်နိုင်ပေ၊ အနုဗောဓဉာဏ်စက္ခု (ဝါ) ဝိပဿနာ ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်သည်၊ လူသားတွေထက် တန်ခိုး ကြီးသော နတ်သာမန်,ဗြဟ္မာသာမန်တို့၏ ဒိဗ္ဗစက္ခုတို့နှင့်လဲ မမြင်နိုင်သေးပေ၊ ထိုဝိပဿနာ ဉာဏ်မျက်စိ ရရှိရေးအတွက် တရက်တွင် (၂၄)နာရီ ရှိသည်အနက် အနည်းဆုံး (၇)နာရီ (၈)နာရီ အားထုတ်ချိန်ထားပြီး (၄)ရက်ခန့် နာရီပေါင်း

{၃၀}ကျော်ကို ရှင်တော်မြတ်ဘုရား ဟောညွှန်ထားသော ဓမ္မသမ်းစဉ်အတိုင်း ကျင့်သုံးမှုသာလျှင် "*စက္ခုမန္တယောဂီ" အဖြစ် ရောက်နိုင်သည်၊ စက္ခုမန္တယောဂီအဆင့်သို့ ရောက်ရှိမှုသာ ဖော်ပြပါ ရုပ်တရား၏ ဖြစ်မှုပျက်မှု သဘောကို တွေ့သိနိုင်သည်။

## ဥဒယဗ္ဗယမှ-ပဋိ, ပဋိဥဒယဗ္ဗယ သို့

အထက်ဖော်ပြပါအတိုင်း ရုပ်တရား၏ အနိစ္စသဘောကို (၀၁) အဖြစ်အပျက်ကို ယခုကဲ့သို့ ဉာဏ်ဖြင့်တွေ့သိပြီးသော ယောဂီသူတော်စင်တို့သည် ယင်း အဖြစ်အပျက်ကိုပဲ ထပ်ကာ ထပ်ကာ တွေ့သိနိုင်ရေးအတွက် ရှုပွားလက်စ "ဝါယောဓာတ်"ကိုပင် အရှုခံအာရုံအဖြစ်ထားပြီး ကိုယ်ပေါ်၌ ရှုကွက်နေရာအမျိုးမျိုးပြောင်းကာ ဆက်လက်ရှုပွားရပါသေးသည်။ [အဖြစ်အပျက်မှန်းအောင်ဖြစ်ပေသည်]။

ဥပမာ။ ။နှာခေါင်းရှုကွက်တွင် အထွက်တွန်း ၃-ချက်မှ ၂-ချက်, ၁-ချက်သို့ရင်း၊ နှာခေါင်းအဝင်တွန်း ၃-ချက်, ၂-ချက်, ၁-ချက်သို့ရင်း၊ ထို့အတူ နှုတ်ခမ်း အဝင်တွန်း, အထွက်တွန်းများကိုရင်း၊ အပေါ်အံသွားနှင့်အောက်အံသွား ဖိတွန်း ဝဲ,ယာ ကိုရင်း၊ အရှေ့သွားခြင်း ဖိတွန်းကိုရင်း၊

---

* (စက္ခု=ဉာဏ်မျက်စေ့၊ မန္တ=ရှိသော၊ ယောဂီ= တရားကျင့်သူ)။

လက်ဖနောင့်ခြင်း ဖိတွန်းကိုရင်း၊ လက်ဖနောင့်နှင့်ပေါင် ဝဲယာ ဖိတွန်းကိုရင်း၊ လက်သီးဆုပ်နှစ်ဘက်နှင့် လက်ချောင်းကလေးများ အချင်းချင်း ဖိတွန်းကိုရင်း၊ ခြေဖနောင့်နှင့်ကြမ်း ဖိတွန်း ဝဲ,ယာကိုရင်း၊ မျက်လွှာအချင်းချင်း နှုတ်ခမ်းများအချင်းချင်း ဖိတွန်းတို့ကိုရင်း ရှုကွက်အမျိုးမျိုးပြောင်းကာ ဝါယောဓာတ်၏ အရှုခံ တွန်း သဘောကို ဆက်လက်ရှုပွားရာသည်။

ထို့ပြင် သွား, ရပ်, ထိုင်, လျောင်း, ဣရိယာပုထ် လေးပါးကို ဝါယောဓာတ် အတွန်းသဘောဖြင့်ရင်း၊ ကွေးမှု, ဆန့်မှု အစုစုတို့ကိုရင်း၊ ရှုကွက်အမျိုးမျိုးပြောင်းကာ ဆက်လက်၍ ဝါယောဓာတ်ကိုပေးသည်။ [ဥပမာ] တကိုယ်လုံးတွင် အမြတ်ဆုံးထားသော ဦးခေါင်းမှစ၍ အယုတ်ဆုံးထားသော ခြေဖဝါးထိအောင် ဝါယောဓာတ်၏ အတွန်းသဘောကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း (အဖြစ် အပျက် မုန်းလာအောင် ဆက်လက်ရှုပွားနိုင်လေတော့သည်)။

## တနည်းအားဖြင့်

ဂီတပညာကို လေ့လာ သင်ကြားထားပြီးသောသူသည် ပတ္တလား, စန္ဒယား တို့ကို ဘယ်ခလုတ်, ဘယ်အလုံးကပဲ တီးခေါက် တီးခေါက် တေးသီချင်းသံ ထွက်ပေါ်လာသကဲ့သို့ ဝါယောဓာတ်ကို နိုင်နင်းလာသောအခါ ဘယ်ဏာတွန်းတွန်း အပျက်သဘောတွေပေါ်ထွက်လာတော့သည်။

## ဘင်္ဂဉာဏ် ဝင်လာပုံ

အထက်ဖော်ပြပါအတိုင်း ရုပ်တရား၏ ဖြစ်ခြင်းပျက်ခြင်း သဘောကို (ဝါ) မမြဲသောအနိစ္စသဘောကိုရင်း, ဆင်းရဲသော ဒုက္ခသဘောကိုရင်း, အစိုးမရသော အနတ္တသဘောကိုရင်း, သတိမပြတ် အထပ်ထပ်ရှုပွားလျက်ရှိသော ယောဂီသူတော်စင်သည် သတိနှင့် သမ္ပဇဉ်ယှဉ်မှု အားကောင်းလာတော့သည်၊ ယင်းဉာဏ်ယှဉ်မှုအားကောင်းလာသောကြောင့် ယောဂီသည် အဖြစ်သဘောကို မတွေ့သိရတော့ပဲ အပျက်သဘောကိုသာ ဆက်တိုက်တွေ့သိလာတော့သည်၊ (ဝါ) ဤတလံမျှသောကိုယ်ကြီးအား ဝိပဿနာဉာဏ်မျက်မှန် တပ်ပြီး ကြည့်လိုက်တိုင်း အမာခံ အထည်ကြီး, ဒြပ်ကြီးကို မတွေ့သိရတော့ပဲ မျက်မှု, ပြိုမှု, ကုန်မှု ကိုသာ တွေ့ရတော့သည်၊ ဤကဲ့သို့ တွေ့သိရခြင်းကို **ဘင်္ဂဉာဏ်ဝင်သည်**ဟု ဆိုလေသည်။

ယခုကဲ့သို့ ဘင်္ဂဉာဏ်ဝင်လာသည်အထိ ဝါယောဓာတ် တပါးတည်းကိုသာ အရှုခံထားပြီး ရှုကွက်နေရာ အမျိုးမျိုး ပြောင်း၍ရှုပွားလာခြင်းဖြစ်သည်၊ အထက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း ဝါယောဓာတ်၏ ကျယ်ပြန့်ပုံကို တွေ့မြင်လာလေတော့သည်၊ ဒါကြောင့်မို့ ကျေးဇူးရှင် သံလျင်တောရ ဆရာတော်ဘုရားက ဝါယောဓာတ်၏ ကျယ်ပြန့်ပုံကို အောက်ပါအတိုင်း မိန့်ဆိုခဲ့ပါသည်။

# ထူးသော ဝါယောဓာတ် ၏ ဆောင်ပုဒ်လင်္ကာ

ဓာတ်ကြီးလေးအင်၊ ဉာဏ်နဲ့ယှဉ်၊ ထူးအင်ဝါယောဓာတ်။
လက္ခဏာဝါ၊ တွန်းကိရိယာ၊ ယှဉ်လာဉာဏ်နဲ့စပ်။
အာ-ဣ-သံ-ဓာ၊ ဤလေးဖြာ၊ ဝင်လာဝါယောဓာတ်။
ဝါယောလက္ခဏာ၊ စ,ရှုရာ၊ မှတ်ပါဤကြောင်းရပ်။

(ကျေးဇူးရှင် သံလျင်တောရ ဆရာတော်ဘုရား)

## ဆိုလိုချက်

ဓာတ်ကြီးလေးပါးအနက် ဝါယောဓာတ်သည် ထူးခြားသော ဓာတ်ဖြစ်သည်၊ ဝါယောဓာတ်၏ တွန်းမှုကိရိယာကို ဉာဏ်နဲ့မြင်လာတော့လျှင်၊ အာ=အာနာပါနရုပ်ကမ္မဋ္ဌာန်းသည်ငင်း၊ ဣ=ဣရိယာပထ ရုပ်ကမ္မဋ္ဌာန်းဟု ဆိုအပ်သော သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု အစုစုကိုငင်း၊ သံ=သမ္ပဇာနရုပ်ကမ္မဋ္ဌာန်းဖြစ်သော ကွေးမှု, ဆန့်မှု, ရှေ့တိုးမှု, နောက်ဆုတ်မှု, ဘယ်ညာစောင်းမှု, လှုပ်မှု, မှောက်မှု, အစုစုကိုငင်း၊ ဓာ=ပထဝီဓာတ် အစ ဝါယောဓာတ် အဆုံးရှိသော ဓာတ်ကြီးလေးပါးတို့ကိုငင်း၊ အသီးသီး ရှုပွားလာနိုင်တော့သည်၊ ဒါကြောင့်မို့ ဝါယောဓာတ်က စတင်ရှုပွားရခြင်း ဖြစ်သည်ဟု ဆိုလိုသည်။

ရုပ်တရားတွင် ဓာတ်ကြီးလေးပါးရှိသည့်အနက် ယခုကဲ့သို့ ဝါယောဓာတ်ကို စတင်ရှုပွားရ၍ "ဉဒယဗ္ဗယဉာဏ် နှင့်

ဘင်္ဂဉာဏ်”အဆင့်သို့ ရောက်လာသောအခါတွင် ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရား၏ ခါတ်[ ၆ ]ပါး ကျမ်း တွင် လာသော ဂါထာ နှင့် ကိုက် ညီ လာ သည့် ကို လဲ တွေ့ရပြန် သည်။

## မင်းကွန်း ပဋ္ဌမဓမ္မနာဒဆရာတော်ဘုရား၏ တရားဂါထာတော်

နာမရူပံဝ သမ္ဘောတိ၊
တံဝ တိဋ္ဌတိ ဝေတိ စ။
နာညတြ တမှာ သမ္ဘောတိ၊
နာညံ့ တမှာ နိရုဇ္ဈတိ။

ဣမသ္မိံ ကာယေ = ဤကိုယ်ကာယ တလံမျှ၌၊ နာမ ရူပံဝ=နာမ်ရုပ်တရား ဤနှစ်ပါးသည်သာလျှင်။ သမ္ဘော- တိ=ဥပါဒ်ထင်ရှား ဖြစ်ပွား၍နေ၏၊ တံဝ = နာမ်ရုပ် တရား ထိုနှစ်ပါးသည်သာလျှင်။ တိဋ္ဌတိ စ=ဌီခဏအနေ ဖြင့် တည်လည်းတည်ပေ၏။ ဝေတိ စ = ဘင်ခဏသို့ ရောက်၍ ချုပ်လည်းချုပ်ပျောက်၏။

တမှာ = နာမ်ရုပ်တရား ထိုနှစ်ပါးကို။ အညတြ- ဌပေတွာ=ချန်လှပ်ဖယ်ရှား အလွတ်ထား၍။ (အညံ့= တပါးသော အတ္တလိပ်ပြာ သတ္တဝါသည်)။ န သမ္ဘော တိ=ဖြစ်သည်လည်းမဟုတ်၊ တမှာ=နာမ်ရုပ်တရား ထို နှစ်ပါးမှ၊ အညံ့=တပါးသော အတ္တလိပ်ပြာ သတ္တဝါ

ဆိုတဲ့သဘောသည်၊ နနိရုဇ္ဈတိ=ချုပ်သည်လည်းမဟုတ်။ {ထိုသဘောသည် ရှိလည်းမရှိ}၊

## ထိုဂါထာ၏ဆိုင်ရာတရားလက်ာ

ဤကိုယ်ကာယ၊ တလံမျှဥ္၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကား ငါတည့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဘွယ်ရာ၊ မရှိပါ သည်၊ ခန္ဓစနာမ်ရုပ်မျှသာတည်း။

## ထိုဂါထာ၏အဆက်
## တိပိဋကဓရဆရာတော်ဘုရား၏ တရားဂါထာ

တဒ္ဓ ဟုတွာ အဘာဝေန၊
ဥဒယဗ္ဗယ ပီဠနာ။
အဝသဝတ္တနာနိစ္စံ၊
ဒုက္ခာနတ္တာ ဝ ကေဝလံ၊

တဒ္ဓ=နာမ်ရုပ်တရား ထိုနှစ်ပါးသည်လည်း။ ဟုတွာ အဘာဝေန=ဖြစ်ပြီးသည်နောက်တခဏချင်းချုပ်ပျောက် တတ်သောကြောင့်။ ကေဝလံအနိစ္စံဝ=သက်သက်ကေန် အနိစ္စမှန်စွာတကား,...။ ဥဒယဗ္ဗယပီဠနာ = ဖြစ်ခြင်း ပျက်ခြင်း ဤနှစ်သင်းဖြင့် အတင်းအကြပ် နှိပ်စက်အပ် သောကြောင့်။ ကေဝလံဒုက္ခံဝ=သက်သက်ကေန် ဒုက္ခ မှန်ပေစွတကား....။ အဝသဝတ္တနာ=အလိုအကြိုက်သို့

မလိုက်ပါခြင်းကြောင့်။ ကေဝလံအနတ္တာဝ=သက်သက်ကေန် အနတ္တမှန်ပေစွတကား....။

## ထိုဂါထာ၏ဆိုင်ရာ တရားလက်ာ

နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်...။ ဒုက္ခ အနတ္တချည်းပါတကား။

## ဒေသနာတော်ယုတ္တိသက်သေပြချက်

န ကေဝလဥ္စ နိစ္စနဝ ါ သူရိယုဂ္ဂမနေ ဥဿာဝ ဗိန္ဒုဝိယ ဥဒက ပုပ္ဖုဠ္ဌေဝိယ ဥဒကေ ဒဏ္ဍရာဇိနွေဝ ဝိယ အာရဂ္ဂေ သာသပေါဝိယ ဝိဇ္ဇုပ္ပါဒေါဝိယ ပရိတ္တဋ္ဌာယိနော။

ကေဝလဥ္စ=သက်သက်ကား၊ နိစ္စနဝါ=အမြဲအမြဲ အသစ်အသစ် သင်္ခါရတရားတို့သည်သာလျှင်။ န=မဟုတ်ကုန်သေး၊ [ဤသင်္ခါရတရားတို့သည် တိုသောအသက်ရှိကုန်၏ဟု မိမိဉာဏ်ဖြင့် သိရရုံသာမဟုတ်သေး]။ သူရိယုဂ္ဂမနေ=နေထွက်သောအခါ၌၊ ဥဿာဝဗိန္ဒုဝိယ စ=ကြွေကျသော ဆီးနှင်းပေါက်ကဲ့သို့ရင်း၊ ဥဒကပုပ္ဖုဠ္ဌေဝိယ စ=ရေပွက်ကဲ့သို့ရင်း၊ ဥဒကေ=ရေ၌၊ ဒဏ္ဍာရာဇိဝိယ စ=တောင်ဝှေးဖြင့် ရေးချစ်အပ်သော အရေးကဲ့သို့

ရင်း။ အာရက္ခ=ပွတ်ဆောက်ဖျားဌ်၊ သာသပေါဝိယ စ=မုံညင်းစေ့ကဲ့သို့ရင်း၊ ဝိဇ္ဇုပ္ပါဒေါဝိယ စ=လျှပ်စစ် လျှပ်နွယ်ရောင် ပြက်သကဲ့သို့ရင်း။ ပရိတ္တဌ္ဌာယိနောတိ စ=တိုစွာသော ကာလမျှသာ တည်ခြင်း ရှိကြကုန်၏ ဟူ၍ လည်း။ ဥပဋ္ဌဟန္တိ=ထင်မြင်ကြကုန်၏။

[ပဋိသမ္ဘိဒါမဂ်နှင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

ကန္နီရွှေသိမ်တော်ဆရာတော်ဘုရား၏
ယောဂီပါရဂူကျမ်းမှကောက်နုတ်ချက်

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော "မဟာ သတိပဋ္ဌာနသုတ်ပါဠိတော်"၌ ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း မိဿကကမ္မဋ္ဌာန်း ဟူ၍ သုံးမျိုးရှိသည်၊ တဖန် ရုပ်ကမ္မဋ္ဌာန်း တွင် ပုဂ္ဂိုလ်၏စရိုက်ကိုလိုက်ပြီး ကမ္မဋ္ဌာန်း(၆)မျိုး သူ့ အရှုခံအာရုံနှင့်သူ ခွဲပြီး ဟောညွှန်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

# ချောင်းရေမြစ်ရေတို့သည် ပင်လယ်ထဲပေါင်းဆုံကြသည်

ဖော်ပြပါ ရုပ်ကမ္မဋ္ဌာန်း {၆}မျိုးထဲမှ မည်သည့်ရုပ်ကို ဖြစ်စေ "ရှုကွက်-အရှုခံ"မှန်မှန်နှင့် စနစ်တကျ ရှုပွားနိုင် သည်ရှိသော် "ရှုဉာဏ်"တွေ အစဉ်အတိုင်းပေါ်ထွက်လာ၊ (၀၁) ဝိပဿနာဉာဏ်စဉ်တွေ အစဉ်အတိုင်း ရရှိလာတော့ သည်။ ယင်းကဲ့သို့ ဝိပဿနာဉာဏ် ပေါ်ထွက်လာ၍

"ဉဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ်"သို့ ရောက်ရှိလာသောအခါ ရုပ်တရားတို့၏ ဖြစ်ပုံပျက်ပုံခြင်း တူညီကြတော့သည်၊ (ဝ၁) ရုပ်တရား၏ အနိစ္စလက္ခဏာထင်ပုံကို ဉာဏ်မြင်ခြင်း တူညီကြလေသည်။

ဉပမာ။　။မြန်မာပြည်၌ အထင်အရှားရှိကြသေစ (၁) ဧရာဝတီမြစ်၊ (၂) ချင်းတွင်းမြစ်၊ (၃) စစ်တောင်းမြစ်၊ (၄) သံလွင်မြစ်၊ (၅) ရေးမြစ်၊ (၆) ထားဝယ်မြစ် ဟူ၍ အသီးသီးရှိကြသည်၊ ၎င်းမြစ်တို့သည် သူ့ဒေသနှင့်သူ မြစ်ဖျားခံ၍ စီးဆင်းနေကြသည်၊ မြစ်ဖျားခံသည့်ဒေသခြင်း မတူကြပါ။

သို့သော် မြစ်ဖျားခံသည့်ဒေသ ခြားနားမှု ရှိပင်ရှိငြား သော်လဲ ၎င်းမြစ်ရေအသီးသီးတို့သည် မုတ္တမပင်လယ်ကွေ့ထဲမှာ သွားပြီးပေါင်းဆုံကြပါသည်၊ ပင်လယ်ထဲ၌ ပေါင်းဆုံမိပြီးသော မြစ်ရေတို့ကိုလဲ ဒါကဘယ်မြစ်ကရေ, ဟိုဟာက ဘယ်မြစ်ကရေ ဟူ၍ ခွဲခြား၍လဲ မရနိုင်ကောင်းတော့ပေ။

[၁] ထို့အတူ ရုပ်(၆)ပိုင်းခွဲပြီး ဟောညွှန်ထားခဲ့ပါ သော်လဲ [သဘာဝလက္ခဏာ]မှာ ခြားနားမှုရှိပေမဲ့ [သာမညလက္ခဏာ]ကျတော့ တူညီသွားပါသည်။ (အဖြစ်အပျက် တူသည်)

[၂] ထို့အတူပင် နာမ်ကမ္မဋ္ဌာန်းပိုင်းမှာလဲ စိတ္တာနုပဿနာနှင့် ဝေဒနာနုပဿနာ တို့ဟာ အရှုခံအာရုံခြင်း,

(ဝါ) သဘာဝလက္ခဏာခြင်း မတူကြသော်လဲ မမြဲတဲ့ အနိစ္စသဘော သာမညလက္ခဏာကြတော့ တူညီသွားသည်။ ယင်းသို့ တူညီကြောင်းကို အောက်ဖော်ပြပါအတိုင်း အာဂမယုတ္တိအဖြစ် သက်သေထုတ်ပြပါသည်။

## ရုပ်တရားဖြစ်ပျက်ပုံ အာဂမယုတ္တိ သက်သေပြချက်

(၁) ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ မဂ္ဂင်ဒီပနီ စာမျက်နှာ [၁၀၁] နှင့် ဘာဝနာဒီပနီ စာမျက်နှာ [၂၂၀]၊

ဤ အေးမှု-ပူမှု ဥတု(၂)ပါးတို့၏ တက်မှု-ဆုတ်မှုကို အစွဲပြု၍ ခက်မာမှု-နူးညံ့မှုဟူသော ပထဝီနှစ်မျိုးတို့သည်လည်း အမြဲလျှင်တက်တုံ-ကျတုံ ဖြစ်နေကုန်၏၊ ထို့အတူ ဖွဲ့စေးမှု-ယိုစီးမှုဟူသော အာပေါနှစ်မျိုး၊ ထောက်ကန်မှု-လှုပ်ရှားမှု ဟူသော ဝါယောနှစ်မျိုးတို့သည်လည်း အမြဲလျှင် တက်တုံ-ကျတုံ ရှိနေကြကုန်၏။

ဦးခေါင်းအင်္ဂါအစ ရှိသော ကိုယ်ခန္ဓာအစုအတွင်း၌ ဓာတ်လေးပါးတို့သည် ပွက်ပွက်ဆူသော အိုးကြီး၏အတွင်း၌ (တဆူဆူ တရှုရှု တမွှမွှ) ဖြစ်ခါပျက်ခါ နေကြကုန်သော ရေပွက်ငယ်တို့နှင့် အလားတူကုန်၏။ (ခဏမစဲ တသဲသဲလျှင် သဲကမ်းပါ၊ ပြိုသကဲ့သို့) မြင်ရလေ၏။

(၂) ဆရာတော် ဦးနန္ဒိယ မထေရ်၏ (နိဗ္ဗာနမဂ္ဂဒီပနီ) စာမျက်နှာ (၈၄)၊

ဤကဲ့သို့ ခန္ဓာကိုယ်ကြီးကို မြင်လောက်အောင် ပိုင်း၍ ပိုင်း၍ ကြည့်လေ၊ (ရွရွ,ရွရွ) ဖြစ်ပျက်နေသည်ကို မြင်လိမ့် မည်၊ (ရွရွ,ရွရွ)ဆိုသော်လည်း အထည်ဒြပ် ပျက်မျိုးမဟုတ်၊ ပရမတ်သဘောစတွေ (ရွရွ,ရွရွ) ဖြစ်ပျက်နေသည်ကို ဆိုလို သည်။

(၃) ဆရာတော် ညာဏစာရီ မထေရ်၏ [အပါယ်တံခါး ပိတ်] စာမျက်နှာ [၁၁]၊

ခါတ်ပေါ်စဉ် လန့်သလိုနှင့် တွန်းတိုးဖြစ်သော အနု သယကို မဂ်ဗိဇက ထိသဖြင့် မြေကြိုထိတော့ တွန့်သကဲ့သို့ ပတိလီယတိ တွန့်၏၊ (စုဋ္ဌသောတာပန်) လက်မှတ်ရပြီ။

တဖန် ခန္ဓာထဲမှာ (ရွ-ရွ-မွ-မွ) တွေ့နေတော့၏၊ စိတ်ထဲ မျက်စိထဲမှာတော့ ဝိုးပိုးဝင်းဝင်းတွေ့တတ်၏၊ (ရွရွ,မွမွ) မဂ်မှန်တည်း၊ပရမတ်တည်း၊ မဂ်တရားတည်း၊ [ဝိုးဝိုးဝင်းဝင်း စသည်ကား မဂ်မှားတည်း၊ ပညတ်တည်း၊အမဂ္ဂတည်း] ဟု သူ့အဆင့်မို့ သူ့တရားကပြနေ၏။ (မဇ္ဈိမသောတာပန်) ဖြစ်ပြန်ပြီ။

တဖန် တရက်, နှစ်ရက် အတွင်းတွင် စိတ်အစရုံတမျိုးစီ ခြားနားလျက် တကိုယ်လုံး ဖြစ်ပျက်တွေ သိသိသာသာကြီး ဖြစ်ပြီးမှ ဖြုံးကနဲချုပ်ပျောက်ရပ်စဲသွားတတ်၏။ ဖြစ်ပျက်

ကား သင်္ခါရတည်း၊ သိ,သိ နေတာက ဝိပဿနာတည်း၊ ချုပ်ပျောက်ရပ်စဲသွားတာက နိရောဓသစ္စာ (နိဗ္ဗာန်)တည်း၊ သိတာက မဂ်တရားတည်း၊ (မဟာသောတာပန်) ဖြစ်ရ ပြန်ပြီ။

## (၄) ဝေဘူဆရာတော်ဘုရား၏ မေးမြန်းစဥ်မှု၊

ထင်ရှားရှိသောတရားကို မြင်အောင်ရှုတာ ဝိပဿနာ ခေါ်တယ်၊ နှာသီးဝမှာ သတိကပ်ပြီးစောင့်ကြည့် မထိခင်လဲ မသိနဲ့ သိလို့မရဘူး၊ ထိပြီးလို့လဲ သိလို့မရဘူး၊ ထိတုံး ပစ္စုပ္ပန်တဲ့တဲ့မှ သိလို့ရတယ် ထွက်လေဝင်လေက (ဝါ ယောဓာတ်) ဖောဋ္ဌဗ္ဗက ထိတယ်၊ အထိခံနဲ့ ထိတာကရုပ်၊ သိတာကနာမ်၊ သိနေရင် လောဘ, ဒေါသ, မောဟတွေ ဖြစ်ခွင့်မရဘူး၊ အခိုက်အတန့် မီးငြိမ်းနေတယ်၊ ရုပ်နာမ်မှ တပါး ဘာမျှမရှိပါကလားဆိုတာ သိရမယ်၊ နှာသီးဖျား တွင်မက တကိုယ်လုံးမှာ (တရိပ်ရိပ်,တရွရွ) ဖြစ်ပျက်နေတာ တွေ့ရလိမ့်မယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်လျှင် သိသာလှပါတယ်၊ ဘယ် သူ့ကိုမှသွားပြီး မေးနေစရာမလိုပါဘူး၊ [ရေငတ်တဲ့လူ ရေ သောက်ရတော့ ရေငတ်ပြေသလိုဘဲ] ရေခပ်သောက်တာ က,မှ ကြာသေးတယ်။

(၅) ကျေးဇူးရှင် တိမိဋ္ဌကစရ ဆရာတော်ဘုရား၏ ခေတ်
၆-ပါး သိမ်းဆည်းပုံကျမ်း စာမျက်နှာ [၇၂]၊

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည်၊ ဤသခ်ါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တနိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တမ္ဗိုရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး၊ ဖြူဟ္မာလူနတ်၊ ထုတ်ခြင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ငှိုသို့ဝင်၍၊ ဘင်္ဂကွာဏ၊ မရဏဖြင့်၊ (ရွှရွ,လှုပ်လှုပ်)၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်....

အရိုး အနိစ္စပါတကာ....။

အရိုး ဒုက္ခပါတကား....။

အရိုး အနတ္တပါတကား....။

(၆) ကျေးဇူးရှင် သံလျင်တောရ ဆရာတော်ဘုရား [ဝါ]
စမ္ပဝါဒီပြုစုသော ဝိပဿနာဘုံသွားဉာဏ်လှေကား
ကျမ်း စာမျက်နှာ [၁၇] မှ၊

ရုပ်ဆိုသည်မှာ ပူမှု-အေးမှု သဘောမျှ၊ မာမှု-ပျော့မှု သဘောစမျှ၊ တွန်းကန် ဖိထိန်း,မ,မှုမျှ၊ ဖွဲ့ပေးမှုမျှ၊ မြင်ရုံမျှ၊ ကြားရုံမျှ၊ နံရုံမျှ၊ လျက်ရုံမျှ၊ ထိရုံမျှသာရှိသည်။ အကောင်အထည်ကြီး၊ မရှိပေ၊ ဥပမာ.... အအေးထဲတွင် လက်ကြီး, မာမှုထဲတွင် အကောင်ကြီး လူကြီး ရှာမတွေ့ပုံ သတိပြု။

ထိုရုပ်အစစ်ကို တွေ့ရသူမှာ အကောင်တွေ ကျား-မ, တွေနှင့် ပုဂ္ဂိုလ်သဏ္ဌာန်တွေ ကွယ်သွားရုံမကသေးဘဲ ရုပ်တည့်နေသော ရုပ်ဟူ၍ပင် မတွေ့ရတော့ပေ၊ (အမြဲလှုပ်နေ, အမြဲရွှေနေ) ပျက်နေရုံတွင် မကပြန်ဘဲ အစဉ်ပြိုကျနေမှု ငြိမ်နေအောင်လုပ်၍ မရမှုကိုသာ တွေ့နေရတော့သည်။ (မပျက်ပဲ အမာခံအကောင်ကြီး သဏ္ဌာန်ကြီး ရုပ်ကြီးဟူ၍ မတွေ့တော့ချေ)။

(၇) ကန္နီရွှေသိမ်တော်ဆရာတော်ဘုရား၏ [ယောဂီပါရဂူကျမ်း] စာမျက်နှာ [၁၇၅]၊

ဤကဲ့သို့ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် လက္ခဏာ, ဝဝတ္ထာန ဝါရဖြင့် ရုပ်တရားတို့၏ ဖြစ်ပွားပျက်ဟန်ကို ရှုဖန်များလှသော ယောဂီအား အမြဲမပြတ် တရိပ်ရိပ်ဖြစ်၍ တရိပ်ရိပ်ပျက်ပုံကိုရင်း, အသစ်အသစ်ဖြစ်၍ အဟောင်းအဟောင်းပျက်ပုံကိုရင်း, ချုပ်ပုံကိုရင်း, ကေန်မိမိ၏မျက်စိနှင့် မြင်ရဘိသကဲ့သို့ မုချထင်ထင် သိမြင်ရလေတော့၏။

အဘယ်ကဲ့သို့ မြင်ရသနည်းဟူမူ နေအာရုံတက်၍ နေထွက်လာသောအခါ ပိန်းရွက်မြက်ပင်တို့အပေါ်၌ (ဝါ) အဖျားတို့၌ တသားတည်းခဲ၍နေသော ဆီးနှင်းပေါက်တို့သည် တဖြောက်ဖြောက်ကြွေကျသည်ကို မြင်ရဘိသကဲ့သို့ရင်း၊ ထုံးချောင်းဂရက် ကျောက်စပျက်ဝဲကွေ့၌ ရေဝှေ့၍ ထုပ်အပ်သောရေပွက်ကို မြင်ရဘိသကဲ့သို့ရင်း၊ ကြည်လင်ငြိမ်သက်လှသော ရေအပြင်ဝယ် နှင်တံတောင်ဝှေ့းတို့ဖြင့်

ရေးခြစ်လိုက်သောအခါ အလှအလှ အလိပ်အလိပ် တရိပ်ရိပ်သော ရေလှိုင်းအစဉ်ကို မြင်ရဘိသကဲ့သို့ရှင်း၊ ပွတ်ဆောက်ဖျား၌ တင်ထားသော မုညင်းစေ့ လေငေ့အပ်သော လူး,နှမ်းစေ့တို့၏ တရွေ့ရွေ့ တရိပ်ရိပ် တဖိတ်ဖိတ်ကြွေကျသည်ကို မြင်ရဘိသကဲ့သို့ရှင်း၊ မိုးလအခါ ဝသန္တာဝယ် ညို,ပြာ,ရီမှောင် တိမ်တောင်တိမ်လိပ်တို့၏ အတွင်း၌ လေပြင်းခတ် နဂါးပတ်အတွင်း လေဟုန်ဆင်း၍ တဝင်းဝင်း တောက်ပသော လျှပ်စစ်လျှပ်နွယ်ရောင်များကို မြင်ရဘိသကဲ့သို့ရှင်း၊ အလွန်လျှင်မြန်၍ တိုတောင်းလှသော အသက်ရှိသောရုပ်တို့၏ ဖြစ်ဟန်ပျက်ဟန်တို့ကို ကေန်မုချထင်မြင်လာရကုန်၏။

(ဂ) ခန္ဓီးဆရာတော်ဘုရား၏ မေ့သံဝေဂလင်္ကာ၊

၁။ ငါမဟုတ်ပဲ၊ ငါဟုစွဲ၊ အလွဲမြင်သည်သာ။

၂။ ကိုယ်မဟုတ်ပဲ၊ ကိုယ်ဟုစွဲ၊ အလွဲထင်သည်သာ။

၃။ ငါကောင်မဟုတ်၊ တလှုပ်လှုပ်၊ နာမ်ရုပ်အစဉ်သာ။

၄။ ကိုယ်ကောင်မဟုတ်၊ တလှုပ်လှုပ်၊ ခတ်ရုပ်မှုန်သည်သာ။

၅။ ဤကိုယ်ကာယ၊ (တရွရွ)၊ ပျက်၍နေသည်သာ။

၆။ (ရွရွ,မွမွ)၊ ပျက်ပြိုကျ၊ ခတ်ရုပ်မှုန်သည်သာ။

၇။ ခတ်ရုပ်မြင်လျှင်၊ သမ္ပဇဉ်၊ အမြင်လင်းသည်သာ။

၈။ ဉာဏ်မြင်လင်းမှ၊ ကိုယ်ကာယ၊ အတ္တပြုတ်မည်သာ။

(၉) အနာဂါမ် ဆရာသက်ကြီး၏ ရုပ်နာမ်ဖြစ်ပျက်တတ်ပုံ စာမျက်နှာ (ဂ၂)၊

အနာအို အနာဆွေးများ၌ ပိုးလောက်များကျ၍ အပုပ် အစပ်တွေကိုစားကာ (တလှုပ်လှုပ်,တရွရွ) နေသကဲ့သို့လည်း နေတတ်၏၊ တကိုယ်လုံး အတွင်းရော အပြင်ပါ မစင်အတွင်း က, လောက်တွေကဲ့သို့ ပိုးလောက်တွေ ထိုး၍ထိုး၍ နေသကဲ့ သို့လည်း ထင်ရတတ်၏။ ဆောင်းအခါနှင်းများကျသကဲ့သို့ မိမိကိုယ်၌ အတွင်းရောအပြင်ပါ နှင်းပေါက်ကလေးတွေ တကိုယ်လုံးကျ၍ နေသကဲ့သို့ အေးလျက် (ဖွာ,ဖွာ,ဖွာ,ဖွာ) ကျနေသလိုလည်း ဖြစ်တတ်၏။ (အပ်ကလေးတွေနဲ့ ထိုးဆွ) သကဲ့သို့လည်း ဖြစ်တတ်၏။

{ခန္ဓာကိုယ်ကြီးဟာ လှုပ်မရကြွမရ ခြေလက်တွေ သေ သကဲ့သို့ လေးပြီးလျှင်} အတွင်းသားတွေကတော့ ဆူပွက်၍ နေသည်ကိုလည်း တွေ့ရတတ်၏။ နေ့ရောညပါ ဆက်လက် ရှုဖန်များလတ်သော ခန္ဓာကိုယ်ကြီးတခုလုံး ဘယ်အခါမဆို ဆူပွက်၍ ပျက်စီးချုပ်ပျောက် ဖောက်ပြန်နေတာကိုချည်း တွေ့နေရတော့၏၊ တုံးလုံးလှဲ၍ ရှုမည်ဆိုလျှင်လည်း ဦး ခေါင်းမှခြေဖျား ခြေဖျားမှဦးခေါင်းသို့ ဆင်းလိုက် တက် လိုက်နှင့် (ရေမြှုပ်ရေပွက်ကလေး) တွေကဲ့သို့ ကိုယ်နှင့်အပြည့် ဆင်းတက်သွားလာနေသလို ဖြစ်နေတော့၏။

တခါတရံ ခန္ဓာကိုယ် တနေရာ တနေရာ၌ (ရိုးတိုးရွတွ) နှင့် ပရွက်ဆိတ်ကလေးတွေ တရွေ့ရွေ့ သွားနေသလို ထင် ရတတ်သည်။

(၁၀)မူလ မင်းကွန်းဆရာတော်ဘုရားကြီး၏ တပည့် လက်ပန်တန်းမြို့ (သဒ္ဓမ္မပါလဆရာတော်)၏ သတိပဋ္ဌာန် တရား ရှုပွားနည်း၊

ဤကဲ့သို့ ရှုဖန်များလာသောအခါ ရင်ထဲ၌ [တဒိတ်ဒိတ် ဒိတ်ဒိတ်]နှင့်လည်း ဖြစ်လာတတ်၏၊ လှုပ်လှုပ်နှင့်လည်း ဖြစ်လာတတ်၏၊ ရှိန်ရှိန်နှင့်လည်း ဖြစ်လာတတ်၏၊ ကိုယ်ထဲက ပူ၍လည်း လာတတ်၏၊ မိမိကိုယ်ကာယ တနေရာ တနေရာ၌ (ပရွက်ဆိတ်ကလေးများ) တက်နေသကဲ့သို့ (ရွှရွ,ရွှရွ)နှင့် လည်း ဖြစ်လာတတ်၏။

တကိုယ်လုံးတွင် အပ်ဖျားလေးနဲ့ ဆွသလိုလဲနေတတ်၏၊ ခန္ဓာကိုယ်အတွင်း၌ (တလှုပ်လှုပ်,တရွတရွ,တမွမွ,တကြွကြွ) ဖြစ်၍လဲ နေတတ်၏၊ မနှစ်သက်ဘွယ် စက်ဆုပ်ဘွယ်သော ဝေဒနာတရားတို့သည် ခန္ဓာကိုယ်ထဲ၌ ဖြစ်ပေါ်၍ နေ တတ်၏။

~~~~~~~~

## ပြန်လည်သုံးသပ်ချက်

မြန်မာနိုင်ငံတွင်မက ကမ္ဘာကပါသိကြသော ပုဂ္ဂိုလ်ကြီး များ အပါအဝင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်ကြီး(၁၀)ဦးတို့ လက်ခံကျင့်သုံးသော ကမ္မဋ္ဌာန်းသည် ရုပ်"ကမ္မဋ္ဌာန်း – ကာယာနုပဿနာ"ပဲ ဖြစ်ပါသည်၊ သို့သော်.... အခြေခံ အရှုခံရုပ်ပိုင်းကျတော့ ခြားနားသွားပါသည်၊ {ဝ၇}အရှုခံ သဘာဝလက္ခဏာခြင်း မတူကြပါ၊ ပြန်လည်သုံးသပ်ကြည့် ပါက အောက်ပါအတိုင်း တွေ့ရပါသည်။
~~~~~~~~

၁။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား။
၂။ ဝေဘူဆရာတော်ဘုရား။
၃။ ဆရာတော်ဦးနန္ဒိယ မထေရ်မြတ်။
၄။ ကန္နီရွှေသိမ်တော်ဆရာတော်ဘုရား။
၅။ အနာဂါမ်ဆရာသက်ကြီး။
ကာယာနုပဿနာ အာနာပါနပဗ္ဗ အာနာပါန
ရုပ်ကမ္မဋ္ဌာန်းကို အရှုခံထားကြပါသည်။

၆။ ကျေးဇူးရှင် သံလျင်တောရဆရာတော်ဘုရား။
၇။ ကျေးဇူးရှင် တိပိဋကဓရဆရာတော်ဘုရား။
၈။ ညာဏစာရီဆရာတော်ဘုရား။
ကာယာနုပဿနာ ဓာတုမနသိကာရပဗ္ဗ ဓာတ်ရုပ်
ကမ္မဋ္ဌာန်းကို အရှုခံထားကြပါသည်။

၉။ ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရား။
၁၀။ လက်ပန်တန်းမြို့ သဒ္ဓမ္မပါလဆရာတော်ဘုရား။
ကာယာနုပဿနာ ဣရိယာပထနှင့်သမ္ပဇာနပဗ္ဗ
(သတိပဋ္ဌာန်တရား)

(၁) ယင်းကဲ့သို့ အရှုခံသဘာဝလက္ခဏာခြင်း မတူကြပြားသော်လဲ ရှုညာဏ် သာမညလက္ခဏာ (ဝါ)ဝိပဿနာညာဏ်ဟုဆိုအပ်သော ဥဒယဗ္ဗယညာဏ် နှင့် ဘင်ညာဏ်ကြတော့တူကြပါသည်၊ တနည်း....အနိစ္စလက္ခဏာ အဖြစ်အပျက်သဘောကြတော့ တူညီသွားကြပါသည်၊

(၂) နာမ်ကမ္မဋ္ဌာန်းတွင်လဲ အထက်က ဖော်ပြခဲ့သည့် အတိုင်း စိတ္တာနုပဿနာနှင့် ဝေဒနာနုပဿနာ တို့သည် အရှုခံခြင်းမတူကြသော်လဲ ရှုဉာဏ်အဖြစ်အပျက်ပေါ်ပုံ တွေ့ သိပုံခြင်း ကြတော့ တူကြပေသည်။

(နာမ်တရား၏ ဖြစ်မှု, ပျက်မှုကို ဒုတိယပိုင်း၌ ဖော်ပြ ထားပေသည်)။

~~~~~~~~

## တေဇောဓာတ်ရှုပွားနည်း

ဖော်ပြပါအတိုင်း ဝါယောဓာတ်ကို စနစ်တကျ ရှုပွား နိုင်ပြီးပါက တေဇောဓာတ်ကို ဆက်လက်ရှုပွားရန် ဖြစ်ပါ သည်၊ တေဇောဓာတ်၏လက္ခဏာ=ဉဏှတ္တတေဇော, သီတတ္တ တေဇော ပူမှုသဘောနှင့် အေးမှုသဘောဟူ၍ နှစ်မျိုးရှိပေ သည်။

## တေဇောဓာတ်ဖမ်းယူရန်ဆောင်ပုဒ်

ပူနွေးစ်ရပ်၊ တေဇောဓာတ်၊ ရှုလတ်မြတ်ယောဂီ။
တွင်းပြင်နှစ်ရပ်၊ လုံးရပ်ဓာတ်၊ ရှုနိုင်လေတော့သည်။

## အပူတေဇောဓာတ်ဖမ်းယူရန်

နှုတ်ခမ်းမှထွက်သော အာငွေ့လေနှင့် လက်ကျိုဘက် လက်ဝါးကို ထိတွေ့နေပါ၊ အဆက်မပြတ် အထပ်ထပ် ထိတွေ့ မှုကိုပေးပြီး ပူတယ်,ပူတယ် (ဝါ) ပူမှုသဘောကို လိုက်
~~~~~~~~

သို့သိနေပါ၊ ပူမှုသဘော {ဝါ} ပူမှုကိရိယာတွေ အထပ်ထပ် တွေ့လာပါလိမ့်မည်၊ ပူတာလေးမှ ပူတာကြီး ဖြစ်လာပြီး တကိုယ်လုံး ရှိန်ရှိန်နှင့် အပူရှိန်တွေတက်လာပါလိမ့်မည်။

ယင်းကဲ့သို့ အပူရှိန်တွေ တကိုယ်လုံးပြန့်နှံ့လာပြီးနောက် ဝါယောဓာတ် နည်းတူ ခန္ဓာကိုယ်ထဲမှာ ထားစရာ သိုစရာ မရှိတော့ပဲ အပူသဘောတွေ ပျက်ကျ ပြိုကျ လာပါတော့ သည်၊ အပူဓာတ်တွေ ပျက်ပြို၍ ကုန်သွားသောအခါ မိမိ စိတ်ကလေးကို ဦးခေါင်းပေါ်တင်ပြီး စောင့်ကြည့်နေပါ၊ ဤတလံမျှရှိသော ခန္ဓာကိုယ်ကြီးသည် ဦးခေါင်းမှစပြီး ခြေဖျားထိအောင် တသ်သဲ တဖွဲဖွဲ တမွမွ တရွရွ နှင့် မြစ်ရေ အလျဉ်ကဲ့သို့ ပျက်ပြိုကျနေသော အနိစ္စသဘောကို တွေ့ရ ပါတော့သည်။ {ဝါ} တွေ့ရပေလိမ့်မည်။

[ယင်း အပူတေဇောဖမ်းယူရာ၌ ရှုကွက်က လက်ျာဘက် လက်ဝါး, အရှုခံက အပူကိရိယာ, ရှုဉာဏ်က ပျက်ပြိုမှု အနိစ္စသဘောဖြစ်သည်]။

## ရှုကွက်အမျိုးမျိုးပြောင်းယူပါ

ဆက်လက်၍ အထက်ပါနည်းအတိုင်း လက်ဝါး, လက်ခုံ, လက်ဖျံ, လက်ချောင်းကလေးများကို အာရွှေ့ပေးကာ အပူကိုဖမ်းယူပါ၊ .တဖန်– အာခေါင်, ချိုင်းကြား, ဒူးကွေး ကြား, ခြေမကြား, လက်မကြား နေရာများမှ စိတ်ဖြင့် အပူကိုဖမ်းယူပါ၊ ထိုနောက် မျက်စိ, ပါး, နား, ချိုစောင်း,

ကျော, ရင်, ဒူး အစရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများမှ ရှုကွက်တွေ အမျိုးမျိုးပြောင်းကာ အပူတေဇောဓာတ်ကို ဖမ်းယူနိုင်ပါတော့သည်။

ယောဂီသည် ဝါယောဓာတ် ရှုပွားစဉ်ကပင် ပညတ်နှင့် ပရမတ် ကွဲနေပြီဖြစ်၍ လောကဝေါဟာရအားဖြင့် ခေါ်ဆိုထားသော ခြေ,လက်,ခေါင်း အစရှိသော ပညတ်အာရုံသည် သတိနှင့် သမ္ပဇဉ် ယှဉ်လာသောအခါ လုံးဝပျောက်ကွယ်သွားတော့သည်၊ တေဇောဓာတ်၏ ပရမတ္ထသဘာဝဖြစ်သော ပူမှုသဘောဉ်သာ သိ၍,သိ၍နေတော့သည်။

(ခန္ဓာအတွင်း ခဏတိုင်း၌တွေ့နိုင်သော တေဇောဓာတ်ကိုသာ ဖမ်းယူပါလေ)

## အေးတေဇောဓာတ်ဖမ်းယူရန်

အထက်က ဖော်ပြခဲ့အည့်အတိုင်း ခန္ဓာတွင်းရှိ ခဏတိုင်း၌ တွေ့နိုင်သော အေးမှုသဘော အင်္ဂါရိယာကို အရှုခံထားရန် ဖြစ်သည်။

နှုတ်ခမ်းကို မပွင့်တပွင့် စဉ်းငယ်ဟထားပြီး ဝင်လေကို ရှူသွင်းနေပါ၊ လေနှင့် နှုတ်ခမ်း ထိတွေ့မှုကြောင့် အေးသဘောကို တွေ့လာလိမ့်မည်၊ ၎င်းအေးမှုသဘောက လေးအပေါ်မှာ အေးတယ်,အေးတယ်ဟု အထပ်ထပ်လိုက်သိနေပါ၊ အသိကပ်ပေးဖန်များလာတော့ အေးမှုတွေ တစတစ ကျယ်ပြန့်လာ, ကြီးထွားလာတော့သည်၊ ကျောထဲရင်ထဲကပါ စိမ့်၍စိမ့်၍ အေးလာတော့သည်။

ယင်း အဓာတ်တွေ တကိုယ်လုံးပြန့်နှံ့ပြီး အထက်အပူ တေဇောဓာတ်နည်းတူ ခန္ဓာကိုယ်ထဲမှာ ထားစရာ သိုစရာ မရှိသကဲ့သို့ အဓာတ်တွေ တရိပ်ရိပ်နှင့် ပျက်ကျ ပြိုကျ သွားတော့သည်၊ စိတ်ကလေးကို ဦးခေါင်းပေါ်တင်ပြီး စောင့်ကြည့်တော့လဲ တမ္မမ္မ, တရွှရွှ ပျက်ပြိုကျနေသော အနိစ္စသဘောကိုသာ တွေ့ရတော့သည်၊ မပျက်ပဲ မပြိုပဲ ခံနေသော အထည်ကြီး ဒြပ်ကြီး ကိုယ်ကောင်ကြီးဟူ၍ မတွေ့ရတော့ပေ။

## ရှုကွက်အမျိုးမျိုး ပြောင်းရှုရန်

အထက်ပါနည်းအတိုင်း နှာခေါင်းကိုရှုကွက်ထားပြီး ဓမ္မကို ဖမ်းယူခြင်းဖြင့်ရင်း၊ နားရွက်ဖျား, ပါး, လက်ခုံ, လက်ဝါး, လက်ချောင်းများကို စိတ်,စိုက်ထား၍ရင်း၊ ကျန်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စိတ်,စိုက်၍ရင်း၊ အသီးသီး အတေဇောဓာတ်ကို ဖမ်းယူနိုင်တော့သည်၊ ဝိပဿနာဉာဏ်စဉ်တွေ အစဉ်အတိုင်းတက်လာပြီး ရှေးနည်းအတိုင်း အသေဘောတွေ ပျက်ပြိုကျသွားတော့သည်။ (ရုပ်ကြီးပြန်ကြည့်တော့လဲ ပျက်ပြိုနေတော့သည်)။

## ပထဝီဓာတ်ရှုပွားနည်း

ခန္ဓာကိုယ်အတွင်း၌ရှိ ခဏတိုင်းတွင် တွေ့ရှိနိုင်သော ပထဝီဓာတ်မျိုးဖြစ်သည်။ ။[ပထဝီဓာတ်၏လက္ခဏာ = လေးလံ

ခြင်း၊ ခက်ထန်, မာကြောခြင်း၊ ကြမ်းထမ်းခြင်း၊ သဘော ရှိသည်။

## ပထဝီဓာတ်ဆောင်ပုဒ်လင်္ကာ

လေး,မာ,ကြမ်းမှု၊ ဤသုံးခု၊ ပွားရှုပထဝီ။
တွင်း,ပြင် ရုပ၊ ဟူသမျှ၊ ရှုကြနိုင်တော့သည်။

## အလေး ပထဝီဓာတ်ဖမ်းယူရန်

ရှေးဦးစွာ တင်ပလ္လင်ခွေထိုင်နေပါ၊ ဒူးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဖြေးဖြေးခြင်း စုံ(၀ါ)=ဖုံ မ,နေပါ၊ မ,လျက်ရှိသော လက်နှစ်ဖက်တွင် ပထဝီဓာတ်၏ လေးမှုသဘောကို တွေ့လာပါလိမ့်မည်။ ဤသို့ လေး မှုန်း သိ သော နေရာ တွင် အသိကပ်ပေးထားပြီး လေးမှုသဘောကို လေးတယ်, လေးတယ်ဟု အထပ်ထပ်လိုက်၍ သိနေပါ၊ အသိကပ်ဖန်များလာ, သတိမပြတ်ရှုမှတ်ဖန်များလာတော့ကာ လေးမှုတွေ တိုးပွားကြီးထွားလာတော့သည်။

လေးမှုတွေ ကြီးထွားပြီး ဖိလာ, အင့်လာ သောကြောင့် ခန္ဓာကိုယ်သည် ငင်းအလေးဒါဏ်ကို တာရှေမထမ်းပိုးထားနိုင်တော့သဖြင့် ပရမ်းပတာ ပျက်ကျ,ပြိုကျလာတော့သည်၊ တကိုယ်လုံးတွင် မပျက်မပြိုပဲ ခံနိုင်သော (၀ါ) ခံနေသော အကောင်ကြီး, အထည်ကြီး, ဒြဗ်ကြီးဟူ၍ လုံးဝမရှိတော့ပေ၊ အလေးသဘောတွေ ပျက်ပြိုပြီးနောက် ခန္ဓာပြန်ကြည့်

တော့လဲ တလှုပ်လှုပ်, တရွရွ နှင့် ပျက်ကျနေသော အနိစ္စ သဘောကို ဆက်လက်တွေ့တော့သည်။

## ရှုကွက်အမျိုးမျိုးပြောင်းရှုရန်

ဖော်ပြပါအတိုင်း ဒူးနှစ်ဘက်အစုံ မှပြီးနောက် ဒူး တဘက်စီခွဲပြီး မှပါ၊ ထို့အတူ လက်မောင်းနှစ်ဘက်, တတောင်ဆစ်နှစ်ဘက် တို့ကိုရင်း, လက်သီးဆုပ် နှစ်ဘက်, ဦးခေါင်း, ဒူးခေါင်းနှင့် လက်ဆယ်ချောင်း၊ တို့ကိုရင်း မှပါ၊ ထိုနောက် ပခုံးနှစ်ဘက်, ချိုစောင်းနှစ်ဘက်, ဇက်, လက် ပြင်, ကျောပြင် အစရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများမှ စိတ်စိုက်၍ အလေးသဘောကိုယူပါ၊ ရှေးနည်းတူ အလေး တွေ ပျက်ပြိုနေမှုကို တွေ့နိုင်ပါသည်။

## အမာ ပထဝီဓာတ်ဖမ်းယူရန်

ခန္ဓာကိုယ်အတွင်းရှိ ခဏတိုင်းတွင် တွေ့ရှိနိုင်သော ပထဝီ ဓာတ်၏ အမာသဘောကို အပေါ်အံသွားနှင့် အောက်အံ သွားထိထားသော ထိတွေ့မှုက ယူနိုင်ပါသည်၊ အံသွားခြင်း ထိထားမှု "အမာ" သဘောကို ရှေးနည်းအတိုင်း အထပ်ထပ် သတိကပ်၍ ရှုပွားနေပါ၊ မာကြော တောင့်တင်း မှုတွေ တစတစ တိုးပွားကြီးထွားလာပါလိမ့်မည်။

ယင်း မာကြောမှုတွေ တကိုယ်လုံးပြန့်နှံ့လာပြီး ခန္ဓာကိုယ် ထဲမှာ ထားစရာ သိုစရာ မရှိသည့်ပမာ အမာသဘောတွေ

တရိပ်ရိပ် တလိပ်လိပ် ပြိုကျ,ပျက်ကျသွားတော့သည်၊ အမာသဘောတွေ ကုန်သွားလို့ ခန္ဓာပြန်ကြည့်တော့လဲ တလှုပ်လှုပ်, တရွရွနှင့် မြစ်ရေအလျဉ်ကဲ့သို့ ပျက်၍ပျက်၍ ဆင်းနေတော့သည်။ (ဝါ) အနိစ္စသဘောထင်လာတော့သည်။

## ရှုကွက်အမျိုးမျိုးပြောင်းရှုရန်

သွားခြင်းထိပြီး အမာကိုယူသည့်နည်းတူ ဒူးခေါင်းနှစ်ဘက်, တတောင်ဆစ်နှစ်ဘက် လက်ကောက်ဝတ်နှစ်ဘက်, ပခုံးစွန်းနှစ်ဘက် အရိုးများမှ "အမာ" သဘောကိုရှင်း၊ လက်သည်းအချင်းချင်း, လက်ညှိုးဖုများ, ခြေမျက်စိနှစ်ဘက်, ချိုစောင်းနှစ်ဘက် အစရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများက အမာသဘောကို ယူနိုင်တော့သည်၊ ပျက်မှုပြိုမှု တို့သည်လဲ ရှေးနည်းအတိုင်းတွေ့တော့သည်။

## အကြမ်း ပထဝီဓာတ်ဖမ်းယူရန်

ခန္ဓာကိုယ်တွင်းရှိ တခဏတိုင်းတွင် တွေ့သိနိုင်သောပထဝီဓာတ် အကြမ်းသဘောဖမ်းယူရန်မှာ လကျ်ာဘက်နားနှောင့်ဆံစကို လကျ်ာဘက်လက်ညှိုးဖြင့် ပွတ်တိုက်ပေးနေပါ၊ (ရှုကွက်က နားနှောင့်, အရှုခံကပထဝီဓာတ်၏ အကြမ်းသဘော) ဖြစ်သည်၊ ဆံပင်နှင့်လက် ပွတ်တိုက်လိုက်တော့လက်က အကြမ်းသဘောကို ထိတွေ့လာပေသည်၊ ထိတွေ့မှုကြောင့် သိနေသော အကြမ်းသဘောအပေါ်တွင် သတိနှင့်အသိကပ်ပြီး အထပ်ထပ် ကြမ်းတယ်,ကြမ်းတယ်ဟု၍ လိုက်သိနေပါ၊ ကြမ်းမှုတွေ တစတစကြီးထွားလာပါလိမ့်မည်။

ယင်း ကြမ်းမှုတွေ တကိုယ်လုံးပြန့်နှံ့လာသည့်တိုင်အောင် ကြမ်းမှုတခုတည်းအပေါ်၌သာ ထပ်ကာထပ်ကာ လိုက်သိနေရပါ၊ အသားနုသော နေရာများတွင် ပို၍ထင်ရှားပါသည်၊ ဥပမာ.... ပါးစပ်အတွင်း၌ သဲတွေဝင်နေသကဲ့သို့ ရှတတ, ကြမ်းတမ်းတမ်း ဖြစ်လာပါသည်၊ မျက်စိတွင်းမှာလဲ ခုလုခုလု ဖြစ်လာတော့သည်၊ ဤကဲ့သို့ ကြမ်းမှုသဘောတွေ အဆင့်ဆင့် တိုးတက်ကြီးထွားလာသော် ရှေးနည်းအတူ တရိပ်ရိပ်,တလိပ်လိပ် ပျက်ပြို၍ ကျသွားတော့သည်၊ ခန္ဓာကိုယ်လဲ ဆက်တိုက် မွမွ,ရွရွနှင့် ပျက်သွားတော့သည်။ (ဝါ) မမြဲ, ဆင်းရဲ, အစိုးမရသည်ကို တွေ့သိလာတော့သည်။

## ရှုကွက်နေရာအမျိုးမျိုးပြောင်းရှုရန်

အထက်ပါနည်းအတိုင်း ဝဲ,ယာ,နားထင်,ဆံစပ် မှရင်း၊ အပေါ်သွားနှင့်လျှာ, အောက်သွားနှင့်အပေါ်နှုတ်ခမ်းဖျား အပေါ်သွား နှင့်အောက် နှုတ် ခမ်း ဖျား တို့မှရင်း, ဝဲ, ယာ ဖနောင့်မှရင်း, ဝဲ,ယာ လက်ဖဝါးနှင့် လက်သည်းစွယ်များကရင်း, အသီးသီး အကြမ်းပထဝီဓာတ်ကို ဖမ်းယူနိုင်တော့သည်၊ ပျက်မှု,ပြိုမှုတို့သည်လဲ ရှေးနည်းအတိုင်းပင် တွေ့ရှိရလေသည်။

## အာပေါဓာတ်ဖမ်းယူရန်<br>လက္ခဏာဆောင်ပုဒ်များ

၁။ ဖွဲ့မှုပြန့်မှု၊ ထိုနှစ်ခု၊ မှတ်ရှုအာပေါ်ပေ။

၂။ ဖွဲ့ပြန့်နှစ်ဖြာ၊ လျော်ကန်ရာ၊ ထင်လာသိကာနေ။

၃။ အားများသည့်ဟာ၊ ဆက်ရှုပါ၊ ထိုဟာအာပေါပေ။
၄။ ရှေ့ကဖွဲ့ထုံး၊ နောက်ပြန်ခြုံ၊ နှစ်စုံတွဲတတ်လေ။
၅။ ရှေ့ဓာတ်သုံးဖြာ၊ ဆက်ရှုပါ၊ တွေ့လာထိုနှစ်ထွေ။
၆။ အာပေါကင်းလေ၊ ရှေ့ဓာတ်တွေ၊ ပျက်ကြွေမရှိချေ။

အာပေါဓာတ်ဖမ်းယူရာ၌လဲ (က) ခန္ဓာတွင်းမှာရှိသော အာပေါဓာတ်ဖြစ်ခြင်း၊ (ခ) ခဏာတိုင်း၌ တွေ့သိနိုင် ရှုပွား နိုင်သော အာပေါဓာတ်ဖြစ်ခြင်း၊ (ဂ) ပရမတ္ထ သဘာဝ လက္ခဏာကို ဖော်ပြနိုင်သော အာပေါဓာတ်ဖြစ်ခြင်း၊ စသော အင်္ဂါသုံးရပ်နှင့် ညီညွတ်ရန်လိုပါသည်။

## အထူးမှတ်ဘွယ်

အာပေါဓာတ်သည် အထက်တွင်ဖော်ပြခဲ့ပြီးသော ပထဝီ တေဇော ဝါယော စသည့် ဓာတ်များကဲ့သို့ အပေါ်ယံ ကာယဒွါရ (ဝါ) ကိုယ်ပေါ်၌ ရှာကြံ၍ ရနိုင်သော ဓာတ် မဟုတ်ပါ၊ ဖော်ပြပါဓာတ်ကြီးသုံးပါးတို့၏ အတွင်းသို့ဝင် ပြီး ဆောင်ရွက်ပေးလျက်ရှိသော သဘောရှိသည်၊ ပထဝီ ဓာတ်အတွင်း၌လဲ အာပေါဓာတ် ပါဝင်မှုကိုရင်း၊ တေဇော ဓာတ်အတွင်း၌လဲ အာပေါဓာတ်ပါဝင်မှုကိုရင်း၊ ဝါယော ဓာတ်အတွင်း၌လဲ အာပေါဓာတ် ပါဝင်နေမှုကိုရင်း၊ မနော ဝိညာဏဓာတ်နှင့်သာ ရှာကြံတွေ့သိနိုင်သည်။

ထို့ကြောင့် အာပေါဓာတ်ကို စနစ်တကျ ရှုပွားလိုသော ယောဂီများသည် ရှေးဦးစွာ အထက်တွင်ပြဆိုခဲ့သော ဓာတ်

သုံးပါးကို အချိုးတကျ ရှုပွားပြီးဖြစ်ရပါမည်။ တနည်း—ခေတ်ကြီးသုံးပါးတို့၏ သဘာဝလက္ခဏာ သာမညလက္ခဏာတို့ကို ပိုင်ပိုင်နိုင်နိုင် ရှုပွားထားရန်လိုအပ်ပါသည်၊ ယင်းကဲ့သို့ခေတ်ကြီးသုံးပါးတို့၏ သဘော,သဘာဝနှင့် ၎င်းခေတ်တို့၏ဖြစ်မှု,ပျက်မှု (အနိစ္စလက္ခဏာ) ကို မတွေ့ရသေးသော ယောဂီများအတွက် အာပေါခေတ်ကို မကျင့်သုံး မရှုပွားသင့်သေးဟု ဆိုလိုပါသည်။

~~~~~~~~~~

## အာပေါခေတ်ကိုဖမ်းယူရန်

အာပေါခေတ်ကိုဖမ်းယူရန်အတွက် ရှေးဦးစွာလကျာဘက် ချိုင်းကို "ရှုကွက်" အဖြစ်ထားပါ၊ တေဇောခေတ်၏အပူသဘောကို "အရှုခံ" အာရုံအဖြစ်ထားပါ၊ အထက်တေဇောခေတ် ရှုပွားစဉ်ကကဲ့သို့ပင် တေဇောခေတ်၏ ပူမှုကိရိယာကိုသာ ပူတယ်,ပူတယ်ဟူ၍ လိုက်သိပေးနေပါ၊ ပူမှုအပူသဘောတွေ ကျယ်ပြန့်လာ, တိုးပွားလာပါလိမ့်မည်။

ယခင်အထက် တေဇောခေတ် အပူသဘောကို ရှုစဉ်အခါတုံးက ပူမှု,အပူသဘောတွင်သာ အသိကပ်ထားပါသည်၊ ယခုရှုပွားသဲအခါ၌မူ အပူခေတ်တွေတိုးပွားလာအောင် ကြီးထွားလာအောင် ကျယ်ပြန့်လာအောင် အာပေါခေတ်က (ဝါ) အာပေါခေတ်၏ ဖွဲ့ပေးမှု, ဖြန့်ပေးမှု ကိရိယာကလိုက်ပြီးဆောင်ရွက်ပေးလျက်ရှိသည်ကို တစ,တစ ဉာဏ်နှင့်သိလာမြင်လာတော့သည်။
~~~~~~~~~~

ယင်းသို့ သိလာမြင်လာမှုသည် တစထက်တစ ရှင်းလာပြတ်သားလာမှုကြောင့် ထိုတေဇောဓာတ်၏ ပူမှုသဘောသည် အာပေါဓာတ်၏ ဖွဲ့ပေးမှု ဖြန့်ပေးမှု အကူအညီရရှိ၍သာ ယခုကဲ့သို့ အပူဓာတ်တွေ ကြီးထွားလာ ကျယ်ပြန့်လာပါတကား၊ အာပေါဓာတ်၏သတ္တိ, အာပေါဓာတ်၏ သဘောတွေကို ဉာဏ်ထဲဝင်လာတော့သည်၊ (ဝါ) အာပေါဓာတ်၏ ဖွဲ့စည်းပေးမှု ကိရိယာအပေါ်သို့ မိမိအာရုံကျရောက်သွားတော့သည်။

ထိုကဲ့သို့ အသိဉာဏ်တွေ အထပ်ထပ်ဝင်လာပြီး အထက်ဓာတ်ကြီးသုံးပါးနည်းတူ ဉာဏ်စဉ်တွေ ပေါ်ထွက်လာတော့သည်၊ ယင်းသို့ ဉာဏ်တွေ ဝင်လာ, သိလာ သည်နှင့်အမျှ သိမှုကိစ္စတွေကလဲ များလာတော့သည်၊ စောစောကတွေ့သိလျက်ရှိသော ပူမှု, အပူသဘောတွေသည်ရင်း၊ ဖွဲ့ပေးမှု ဖြန့်ပေးမှု သဘောတွေသည်ရင်း၊ ပေါ်လိုက်,ပျောက်လိုက်{ဝါ} ဖြစ်လိုက်,ပျက်လိုက် (အနိစ္စလက္ခဏာ)ထင်လာတော့သည်။

ယင်းကဲ့သို့ သတိမပြတ် အထပ်ထပ် ရှုမှတ်ဖန်များလာသော် စောစောကသိရှိနေသော ပူမှုသဘော, ဖွဲ့မှု ဖြန့်မှုသဘောတို့သည် တကိုယ်လုံးပြန့်နှံ့လာ၍ ထားစရာ သိုစရာ မရှိတော့သည့်ပမာ လှိုင်းလုံးကြီးများ တအိအိဆင်းနေသကဲ့သို့ ပြိုဆင်း,ပျက်ဆင်း သွားလေတော့သည်။ (ဝါ) အနိစ္စလက္ခဏာ ထင်လာတော့သည်။

ထဖန် စိတ်ကလေးကို ဦးခေါင်းပေါ်သို့ တင်ကြည့်ပြန်တော့လဲ ရှေးနည်းအတိုင်း (လှုပ်လှုပ်, ရွရွ, တရိပ်ရိပ်) နှင့် အပျက်သဘောကိုသာ ဆက်လက်တွေ့သိနေတော့သည်။

## ရုကွက်အမျိုးမျိုးပြောင်း၍ရှုပွားရန်

အထက်ပါအပူတေဇောဓာတ်နည်းတူ အဧတေဇောဓာတ်ကိုဂင်း၊ ကျန် ဓာတ်သုံးပါးတို့၏ လေးမှု, မာမှု, ကြမ်းမှု တို့ကိုဂင်း၊ ထိမ်းမှု, မမှု တို့ကိုဂင်း၊ အသီးသီးဖမ်းယူရှုပွားနိုင်တော့သည်။

## ဓာတ် ၂-ပါးတွဲ ရှုပွားရန်

ဓာတ်(၂)ပါးတွဲပြီး ရှုပွားရန်အတွက်, ဥပမာ.... လကျာဘက် လက်သီးဆုပ်အတွင်းက "အပူတေဇော"ကိုဂင်း၊ လက်ဝဲဘက် လက်ခုံပေါ်က "အဧတေဇော"ကိုဂင်း၊ ပြိုင်တူ ပူတယ်,ဧတယ် (ဝါ) ပူဧ,ပူဧ ဟူ၍ လိုက်သိနေပါ။

ရှေးနည်းအတိုင်း အပူသဘော, အဧသဘောတွေကို သိလာ,မိလာပါလိမ့်မည်။ ဤသို့ သတိမပြတ် အထပ်ထပ် ရှုပွားဖန်များလာခဲ့သော် ပူမှု,ဧမှုတွေ ကြီးထွား ကျယ်ပြန့် လာပါလိမ့်မည်။

ဆက်ခါဆက်ခါ ရှုဖန်များလာသော် ခန္ဓာထဲ၌ ထားစရာ သိုစရာ မရှိတော့သည့်ပမာ ပူမှုသဘော, ဧမှုသဘောတွေ တားမရ ဆီးမနိုင်အောင် ပြိုကျ, ပျက်ကျ သွားလေတော့ သည်။

ကျန်ခေတ်များကိုလဲ ဖော်ပြပါနည်းအတိုင်း (၃)ပါးတွဲ (၄)ပါးတွဲကာ ဆက်လက်ရှုပွား ပါက အာပေါခေတ်၏ ဖွဲ့စည်းပေးမှု ပြန့်ဝေပေးမှုတို့ကို တွေ့သိနိုင်တော့သည်၊ ၎င်း ဖွဲ့မှု, ပြန့်မှု တို့ဟာလဲ အခိုင်အမာဟူ၍မရှိပဲ ပျက်မှု, ပြိုမှု သဘောသာ ရှိနေသည်ကို တွေ့ရလေတော့သည်။ (ဝါ) အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောများကို တွေ့သိ လာတော့သည်။

~~~~~

## သိကောင်းစရာ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ

### ၁။ ပထဝီဓာတ်၏ သဘောလက္ခဏာ

နူးညံ့ခက်မာ၊ ကိုရိယာ၊ နှစ်ဖြာမြေဓာတ်မုချမှတ်။
သဏ္ဌာန်ဒြဗ်၊ မရအပ်၊ သတ္တိမုချမှတ်။
ကာယမနု၊ ရှာကြံမှု၊ မုချရမည်မှတ်။

### ၂။ အာပေါဓာတ်၏ သဘောလက္ခဏာ

ဖွဲ့စေးစီးယို၊ နှစ်ပါးကို၊ ခေါ်ဆိုရေဓာတ်မုချမှတ်။
သဏ္ဌာန်ဒြဗ်၊ မရအပ်၊ သတ္တိမုချမှတ်။
မနောဒွါရ၊ ရှာကြံမှု၊ မုချရမည်မှတ်။
~~~~~

၃။ တေဇောဓာတ်၏ သဘောလက္ခဏာ

ပူကြေိုယာ၊ တေဇောသာ၊ နှစ်ဖြာမီးဓာတ်မုချမှတ်။
သဏ္ဍာန်ဒြပ်၊ မရအပ်၊ သတ္တိမုချမှတ်။
ကာယမနု၊ ရှာကြံမှု၊ မုချရမည်မှတ်။

၄။ ဝါယောဓာတ်၏ သဘောလက္ခဏာ

တွန်းကန်လှုပ်ရှား၊ ဤနှစ်ပါး၊
ခေါ်ငြားလေဓာတ်မုချမှတ်။
သဏ္ဍာန်ဒြပ်၊ မရအပ်၊ သတ္တိမုချမှတ်။
ကာယမနု၊ ရှာကြံမှု၊ မုချရမည်မှတ်။

[ခန္တီးဆရာတော်ဘုရား၏ ဓမ္မသံဝေဂလင်္ကာ]

ဖော်ပြပါ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ (ဝါ) သတ္တိကို ရုပ်ကမ္မဋ္ဌာန်းတွင် "အရှုခံအာရုံ"အဖြစ် ထားခဲ့ပါသည်၊ "ရှုကွက်"အနေဖြင့် ဤတလံမျှသော ရူပကာယ အပေါ်၌ နေရာအမျိုးမျိုး ပြောင်း၍ ထားခဲ့ပါသည်၊ ယင်း "ရှုကွက်, အရှုခံ" အပေါ်၌ မူတည်ကာ "ရှုဉာဏ် [ဝါ] ဝိပဿနာဉာဏ်"တွေကို ဉာဏ်မျက်စိဖြင့် အဆင့်ဆင့် ဟုတ်တိုင်းမှန်စွာ သိခဲ့မြင်ခဲ့ရပါသည်။

ဤကဲ့သို့ "အရှိကိုအရှိအတိုင်း (ဝါ) အရှိအမှန်တရား" တို့ကို သိမြင်နိုင်ရေးအတွက် ရှင်တော်မြတ်ဘုရား၏ လမ်းညွှန်ဒေသနာတော်ဖြစ်သော "မဟာသတိပဋ္ဌာနသုတ်ပါဠိတော် ကာယာနုပဿနာ"ကိုပဲ လိုက်နာကျင့်သုံး ခဲ့ခြင်းဖြစ် ပေသည်။

## ကာယာသတိပဋ္ဌာန်
## ကာယာနုပဿနာဥဒ္ဒေသ

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဘိက္ခဝေ = ရုပ်နာမ်အစု၌ ဘေးရန်တွေ့ဟု ရှုနိုင်ကြသော အို....ယောဂီသူတော်စင်အပေါင်းတို့....။ ဣဓ= ဤမြတ်စွာဘုရားသာသနာတော်အတွင်း၌။ ဘိက္ခု= သံသရာဘေး ထောက်တွေးမြော်မြင် ယောဂီသူတော်စင်သည်။ အာတာပီ=ရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လ ဝီရိယနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာ-နော=ရုပ်တရားကို (ပထဝီ, အာပေါ, တေဇော, ဝါယော အစရှိသော မဟာဘုတ်ဓာတ်ရုပ်ကြီး)ဟု ပိုင်းခြား၍ သိသောဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိမာ= မမေ့မလျော့ မပေါ့မတန်သော သတိတရားနှင့်ပြည့်စုံသည်ဖြစ်၍။

လောကေ = ရုပ္ပုပါဒါနက္ခန္ဓာတည်းဟူသော ဤလောက၌၊ အဘိဇ္ဈာဒေါမနဿံ=ဤမဟာဘုတ်ဓာတ်ရုပ်အပေါ်၌ တပ်မက်သောအားဖြင့် ရှေ့ရှုကြံစည်ခြင်းဟူသော "လောဘ"၊ ရှေ့ရှုကြံစည်တိုင်း မရသောကြောင့် နှလုံးမသာယာခြင်းဟူသော "ဒေါမနဿ"ကို။ ဝိနေယျ =တဒင်္ဂ, ဝိက္ခမ္ဘန အားဖြင့် ပယ်ဖျောက်၍။

ကာယေ=ပထဝီ, အာပေါ, တေဇော, ဝါယော အစ ရှိသော ကိုယ်အင်္ဂါကြီးငယ်အပေါင်းတို့၌။ ကာယာနု- ပဿီ=ဤမဟာဘုတ် ဓာတ်ရုပ်ကြီးကို အဖန်တလဲလဲ ရှုပွားနေသည်ဖြစ်၍။ (ဝါ) ကာယာနုပဿီ=ဤကိုယ် ကာယ တလံမျှ၌ ဓာတ်ကြီးလေးပါးတို့၏ သဘာဝ လက္ခဏာများကို။ အနိစ္စ=မမြဲဟူ၍။ ဒုက္ခ=ဆင်းရဲဟူ၍။ အသုဘ = မတင့်တယ်ဟူ၍။ အနတ္တ=အစိုးမရ။ (ဝါ) ငါ့ကိုယ်မဟုတ်ဟူ၍ အဖန်တလဲလဲ သတိမပြတ် ရှုမှတ် လျက်ရှိသော ဝိပဿနာဉာဏ်ဖြင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ=နေကြလေ၏။ (ဝါ) နေကြပါကုန်လော့....။

## ဆိုလိုရင်းအဓိပ္ပါယ်

ဤတလံမျှရှိသော ကိုယ်ကာယအပေါ်၌ လောဘ, ဒေါသ တည်းဟူသော အယုတ်တရားမျိုးတွေ မခိုကပ်နိုင် အောင် မလျော့မပေါ့သော လုံ့လဝီရိယနှင့် ပြည့်စုံကာ မမေ့မပျောက်သော သတိနှင့် သိနေ၍ ပထဝီဓာတ်, အာ ပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့၏ သဘော လက္ခဏာတို့ကို ပိုင်းခြား၍သိနေကြပါ။

ယင်းကဲ့သို့ သဘာဝလက္ခဏာကို ရှုပွားဖန်များလာသော် သာမညလက္ခဏာဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ တည်းဟူသော ဤရူပကာယ၏ အရှိတရားကို တွေ့သိလာပေ လိမ့်မည်၊ ဤသို့ တွေ့သိနေရသော အနိစ္စ, ဒုက္ခ, အနတ္တ,

လက္ခဏာရေးသုံးပါးကို အဖန်တလဲလဲ သတိမပြတ် ဝိပဿနာ ဉာဏ်နှင့် ရှုမှတ်နေကြပါဟု ဆိုလိုပေသည်။

ယင်းကဲ့သို့ ရူပကာယဟုဆိုအပ်သော ဤမဟာဘုတ် ဓာတ်ရုပ်ကြီးအပေါ်၌ ဓာတ်လေးပါးအနက် ဓာတ်တပါး တပါးကို အရှုခံထားပြီး မြဲ, ဆင်းရဲ, အစိုးမရဟူ၍ လက္ခ ဏာသုံးချက်တင်ကာ ဆက်လက်ရှုပွားပြန်သည်ရှိသော် ဤတလုံးမျှသော ဓာတ်ရုပ်ကြီး တောင့်တင်းမှု ခိုင်မာမှု ဟူ၍ မတွေ့ရတော့ပဲ သဲပုံကြီးကို လက်နှင့်ထိလိုက်သကဲ့သို့ ၎င်း၊ စပါးပုံကြီးကို တုတ်နှင့်ထိုးလိုက်သကဲ့သို့၎င်း၊ တဖွားဖွား ပျက်ဆင်း, ပြိုဆင်းနေသည်ကိုသာ တွေ့ရတော့သည်။

ဤကဲ့သို့ အဖြစ်ကိုမတွေ့ရတော့ပဲ ပျက်မှု, ပြိုမှု, ကုန်မှု, ချုပ်ပျောက်မှု တမျိုးမဟုတ် တမျိုးကိုသာ တွေ့နေရသော ကြောင့် ဘင်္ဂဉာဏ်ဝင်လာကြောင်း အထက်တွင်ရှင်းခဲ့ပြီး ဖြစ်သည်။

## ဘယဉာဏ်ဝင်လာပုံ

ယောဂီသည် ကမ္မဋ္ဌာန်းတရား ချမထားပဲ ဆက်လက် ရှုပွားပြန်သည်ရှိသော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဖြစ်ကိုမတွေ့တော့ပဲ အပျက်သဘောကိုသာ တွေ့ရတော့ သည်၊ ဤသို့ အဖြစ်ကိုမမြင် အပျက်သာထင်နေသောကြောင့် ယောဂီစိတ်ထဲ၌ ဩော် ဒီတလုံးမျှရှိသော အတိတ်ကာလက ဖြစ်ခဲ့တဲ့ မဟာဘုတ်ဓာတ်ရုပ်ကြီးဟာလဲ ချုပ်ဆုံးခဲ့လေပြီ။

ပစ္စုပ္ပန်ဖြစ်သော ခဏတ်ရုပ်ကြီးဟာလဲ တသဲသဲ တဖွဲဖွဲ တမွမွ တရွရွနဲ့ ချုပ်ဆုံးနေဆဲပဲ၊ နောင်ဖြစ်လတံ့သော ရုပ်တရားတွေဟာလဲ ယခုပစ္စုပ္ပန်ရုပ်တရားကဲ့သို့ ချုပ်ဆုံးရအုံးမှာပါလား၊ ဟူ၍ ဉာဏ်၌ ထင်လာသိလာတော့သည်။

တနည်းအားဖြင့် ပစ္စုပ္ပန်အခိုက်အတန့်ဖြစ်သော စက္ကန့်တိုင်း စက္ကန့်တိုင်းတွင် ချုပ်ပျောက်သေဆုံးလျက်ရှိသော ရုပ်တရား၏ ခဏိကမရဏကို ခန္ဓာကိုယ်တွေ့ ဝိပဿနာဉာဏ်ဖြင့် တွေ့သိနေတော့သည်၊ ဤသို့တွေ့သိလာ ယောဂီစိတ်ထဲ၌ ဩော် ငါယခင်က ဒီခန္ဓာကြီးကို ခိုင်မာတယ် တောင့်တင်းတယ် ထင်ပြီး အားကိုးမိခဲ့ အထင်ကြီးမိခဲ့တယ်၊ ယခုတော့ ငါထင်ခဲ့တာတွေ လွဲကုန်ပါကောလား၊ သေသေချာချာ ကြည့်လေ ကြောက်စရာကောင်းလေ ဖြစ်နေပါကောလားဟု ယောဂီဉာဏ်ဖြင့် မြင်လာ,သိလာသည်ကို ဘယဉာဏ်ဝင်လာသည်ဟု ဆိုလေသည်။

## အာဒီနဝဉာဏ်ဝင်ပုံ

တဖန် ယောဂီသည် စောစောက မိမိတွေ့သိလျက်ရှိသော မမြဲ, ဆင်းရဲ, အစိုးမရမှု တို့ကိုပဲ ထပ်ကာထပ်ကာ တွေ့သိနေပေသည်။ ယခင်တရားမကျင့်သုံးမှီအချိန်က ဤခန္ဓာကိုယ်အပေါ်၌ မိမိအထင်ကြီးကာ အားကိုးခဲ့မိသည်၊ မိမိအလိုအကြိုက်သို့ လိုက်ပါ၍ မိမိအကျိုးကို ဆောင်ပေးလျက်ရှိသည်ဟု ယူဆခဲ့ပေသည်၊ ယခု တရားနှလုံးသွင်းကာ ဝိပဿနာ

ဉာဏ်စက္ခုဖြင့် ကြည့်ရှုတော့မှ မိမိအလိုအကြိုက်သို့မလိုက်ပဲ သူ့သဘောသူဆောင်ပြကာ ကြောက်ရွံ့စရာအသွင်ကို တွေ့နေရတော့သည်။

ယင်းကဲ့သို့ ကြောက်ရွံ့သောစိတ် ဘယဉာဏ်ရင့်သန်လာသော ယောဂီသည် ယခင်က မိမိပိုင်သည် မိမိဆိုင်သည် ဟု အားကိုးအားထားပြုခဲ့သော ခန္ဓာကိုယ်အား မိမိကိုဒုက္ခပေးမည့် ဘေးအန္တရာယ်အသွင် မြင်လာတော့သည်၊ ဥပမာ-မ လွဲ မ ရှောင် သာ သော ကြောင့် စိတ် နှံ့စက် သော သူ နှင့် တအိမ်တည်း၌ အတူအိပ်နေရသကဲ့သို့ရင်း၊ သားရဲတိရစ္ဆာန်ထူပြောသော လမ်းခရီးကို တဦးတည်းသွားနေရသကဲ့သို့ရင်း၊ လူသူကင်းမဲ့လျက်ရှိသော ရွာဆိုးရွာပျက်ထဲသို့ ရောက်နေသကဲ့သို့ရင်း၊ မိမိသည် ဘေးအန္တရာယ်နှင့်ရင်ဆိုင်ရတော့မည်ဟု စိုးရိမ်လာ, ကြောင့်ကြလာတော့သည်၊ ဤကဲ့သို့ စိုးရိမ်ကြောင့်ကြမှု ဘေးမြင်မှု အသွင်ဉာဏ်၌ ထင်လာသည်ကို အာဒီနဝဉာဏ်ဝင်လာသည်ဟု ဆိုလေသည်။

## နိဗ္ဗိဒါဉာဏ်ဝင်လာပုံ

ယောဂီသူတော်စင်သည် မူလရှုပွားလျက်ရှိသော ရှုကွက်အရှုခံအပေါ်၌ အသိကပ် ပေးလိုက်တိုင်း ပေးလိုက်တိုင်း ရှုဉာဏ်တွေ့ဝင်လာပြီး ဤခန္ဓာကိုယ်၏ မမြဲ, ဆင်းရဲ, အစိုးမရသည့်သဘောကိုသာ ထပ်တွေ့ရသည်၊ (ဝါ) ပျက်မှုပြိုမှု ကုန်မှု ချုပ်ပျောက်မှုကိုပဲ ထပ်တွေ့သိနေပေသည်။ မှီခိုရာ အားထားရာကို လှမ်းမျှော်၍လဲ မတွေ့ရမမြင်ရပေ၊

ကြောက်ရွံ့စိတ် ထိတ်လန့်စိတ် တွေကိုသာ တွေ့နေရတော့သည်၊ ယင်းသို့တွေ့ရှိနေမှုကြောင့် သခါရအပေါ် ငြီးငွေ့လာလေသည်။

ယခင် မိမိတရားအားမထုတ်မှီအချိန်က ဤခန္ဓာကြီးကို တင့်တယ်သည် ဖွယ်ရာသည် ကျက်သရေရှိသည် မင်္ဂလာရှိသည် ချမ်းသာသည် ဟု ထင်ခဲ့မိတာတွေဟာ ယခုအခါ ဘာတခုမျှ ရှာမတွေ့တော့သဖြင့် ဤခန္ဓာကိုယ်ကြီးအပေါ်၌ စိတ်ပျက်လာ စိတ်ကုန်လာ ငြီးငွေ့လာတော့သည်။ (၀၁) နိဗ္ဗိဒါဉာဏ်ဝင်ရောက်လာလေတော့သည်။

## မုဉ္စိတုကမျတာဉာဏ် ဝင်လာပုံ

ယောဂီသည် အထက်ကဖော်ပြခဲ့သည့်အတိုင်း တချိန်က မိမိ အားကိုး အားထားပြုခဲ့သော ဤတလံမျှရှိသော ခန္ဓာကိုယ် ရုပ်တရားမှာ ယခုအခါ ထောက်ရာ တည်ရာ မရနိုင်ပဲ ကြည့်လိုက်တိုင်း (၀၁) လက္ခဏာယာဉ်သုံးချက်တင်၍ ရှုပွားတိုင်း ရှုပွားတိုင်း ပျက်ပြိုနေမှုတို့ကိုသာ ဒလစပ်တွေ့နေရလေတော့သည်။

ဉာဏ် ယှဉ် ကာ ကြည့် လိုက် တိုင်း ကြည့် လိုက် တိုင်း အကောင်းတရားကို လုံးဝမတွေ့ရတော့ပဲ အဆိုးတရားတွေကိုသာ ထပ် ကာ ထပ် ကာ တွေ့ နေ ရ သ ဖြင့် ယောဂီသည် ကြောက်ရွံ့စိတ် ထိတ်လန့်စိတ် ဘေးကင်းရာသို့ ရှောင်လိုတိမ်းလိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာလေသည်။

ဥပမာ.... မုဆိုး၏ကွန်ယက်၌ မိနေသော ငုံးငှက်ကဲ့သို့ရင်း၊ အလမ္ပယ်၏လက်တွင်းသို့ ရောက်ရှိနေသော မြွေကဲ့သို့ရင်း၊ လှောင်ချိုင့်အတွင်းသို့ ရောက်ရှိနေသော ချိုးငှက်ကဲ့သို့ရင်း၊ အချုပ်ခန်းတွင်းသို့ ရောက်ရှိနေသော {ဝါ} အချုပ်အနှောင်ခံနေရသောသူကဲ့သို့ရင်း ထို့အတူ ယောဂီသူတော်စင်သည် မိမိအား စက္ကန့်မလပ် ဒုက္ခပေးလျက်ရှိသော သင်္ခါရနယ်မှ လွတ်မြောက်လိုစိတ် ဖြစ်ပေါ်လာသည်ကို မုဉ္စိတုကမျတာဉာဏ်ဝင်သည်ဟု ဆိုသည်။

## အထူးသိသာရန်

ဖော်ပြခဲ့သော ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ် အစရှိသော ဉာဏ်စဉ်တို့ ဖြစ်ပေါ်လာသည်မှာ ယခုလို စာဖြင့်ရေးပြသကဲ့သို့လဲမကြာပါ၊ နှုတ်ဖြင့်ဟောပြောရသည်ထက်လဲ မြန်ပေသည်၊ ဒေသနာတော်ယာရှိချက်အရကြောင့်သာ ယခုကဲ့သို့ တခုစီ့တခုစီ ခွဲခြား၍ ဖော်ပြနိုင်ပေသည်၊ ယောဂီများ ခန္ဓာကိုယ်တွေ့ အနေဖြင့် ယခုကဲ့သို့ ခွဲခြားပြီး သိရှိနားလည်ရန် အလွန်အလွန်ခဲယဉ်းပေသည်။

များသောအားဖြင့် ယောဂီများ တွေ့ရိုးတွေ့စဉ် သိရိုးသိစဉ် သိရှိကြသည်မှာ ဤလံမျှရှိသော ခန္ဓာကိုယ်ရုပ်တရားကြီးကို သတိနှင့်ဉာဏ်ယှဉ်ပြီး ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ပျက်မှု ပြိုမှု ကုန်မှု ချုပ်ပျောက်မှု တမျိုးမဟုတ်

တမျိုးကိုသာ တွေ့နေရလေသည်၊ ထိုကဲ့သို့ ဆက်တိုက်တွေ့သိနေရသောကြောင့် ဤခန္ဓာကိုယ်အပေါ်၌ အကောင်းမမြင်ပဲ အပြစ်တွေသာ ထင်လာတော့သည် ယခင်ကကဲ့သို့ အထင်ကြီးမှု အားကိုးမှု နှစ်သက်စွဲလမ်းမှုတွေ လျော့နည်းလာတော့သည်၊ တဘက်က ဤကဲ့သို့ လျော့နည်းလာသောကြောင့် (ဓမ္မနိယာမအစဉ်အလာ) အတိုင်း, တဘက်တွင် အထင်သေးမှု အပြစ်မြင်မှု အဆိုးထင်မှု ကြောက်ရွံ့စရာဘေးအန္တရာယ်အနေ မြင်လာမှု ငြီးငွေ့လာမှု စွန့်ခွါလိုမှု ဘေးရန်ကင်းရာ၌ ပုန်းအောင်းခိုလှုံလိုမှု စသည်တို့ ဇယ်ဆက်သကဲ့သို့ ဟခုပြီးတခု ဆက်တိုက် ယောဂီဉာဏ်ထဲ၌ ထင်လာ,မြင်လာ တွေ့သိလာတော့သည်။

ယောဂီသည် ဖော်ပြပါအတိုင်း ရှုပကာယခေါ် ဤခန္ဓာအပေါ်၌ ကြောက်ရွံ့ထိတ်လန့်စရာ ဘေးအနေသာ ဆက်တိုက် ထင်လာသောကြောင့် ဘေးဒုက္ခမှ လွတ်မြောက်လိုသောဆန္ဒ ပြင်းပြလာတော့သည်၊ သို့သော်.... လွတ်မြောက်လိုရုံမျှနဲ့တော့ မလွတ်မြောက်နိုင်သေးပေ၊ လွတ်မြောက်နိုင်ရန် နည်းကောင်းလမ်းမှန်ကို စနစ်တကျ ရှာကြံဆောင်ရွက်မှသာ လွတ်မြောက်နိုင်ပေလိမ့်မည်။ မိမိတို့ခန္ဓာအစဉ်တွင် အစမထင်သော သံသရာမှ ယနေ့ထိတိုင် စူးဝင်လျက်ရှိသော "အနုသယကိလေသာ၁မိစ္ဆာဒိဋ္ဌိ" ဆူးငြောင့်ကြီး (၀၁) မိမိတို့ခန္ဓာအစဉ်တွင် ထာဝစဉ်လောင်ကျွမ်းလျက်ရှိသော သက္ကာယဒိဋ္ဌိမီးစုကြီးကို ခုတ်ထွင်ရှင်းလင်း ပယ်သတ်

နိုင်ရန် အလိုရှိသော် (ဝါ) ကျရောက်ဆဲ, ကျရောက်လတ္တံ့သော သံသရာဘေးဒုက္ခကြီးမှ လွတ်မြောက်လိုသည်ရှိသော်–

"လွတ်လိုလျှ၍၊ လွတ်ရတဲ့ငါ၊
ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချီ၊
အားတိုက်ဖို့၊ ပဋ္ဌိသန်ါဥာဏ်"

ဟူသော ဆောင်ပုဒ်အရ တောလေးဆယ် စစ်ကူကို ရယူပြီး လွတ်မြောက်မှုရှေ့ရှု၍ အောက်ပါအတိုင်း ကြိုးစားအားထုတ်ရန် လိုပေသည်။

~~~~~

## တောလေးဆယ် (ခေါ်)
## ဘာဝနာလေးဆယ် နှင့် ပဋ္ဌိသန်ါဥာဏ်

### အနိစ္စလက္ခဏာပြဂါထာ

ရူပံ အနိစ္စံ ပလောကံ၊
စလံ+ပဘင်္ဂုံ+အဒ္ဓုဝံ။
ဝိပရိဏာမဓမ္မ+သာရကံ၊
ဝိဘဝံ+မစ္စု+သင်္ခတံ။ ။

(ရူပံ=ဤရုပ်က္ခန္ဓာသည်)—

၁။ အနိစ္စံ=မြဲခြင်းသဘောမရှိ။
၂။ ပလောကံ=ပျက်စီးခြင်းသဘောရှိ၏။
၃။ စလံ=ရွေ့ရှားတုန်လှုပ်တတ်၏။
၄။ ပဘင်္ဂုံ=ဖရိုဖရဲပြိုကွဲခြင်းသဘောရှိ၏။
~~~~~

၅။ အဒ္ဓုဝံ=ခိုင်မာခြင်းသဘောမရှိ။
၆။ ဝိပရိဏာမံ=ဖောက်ပြန်ခြင်းသဘောရှိ၏။
၇။ အသာရကံ=အနှစ်သာရမရှိ။
၈။ ဝိဘဝံ=ဆုံးရှုံးခြင်းသဘောရှိ၏။
၉။ မစ္စု=သေခြင်းသဘောရှိ၏။
၁၀။ သင်္ခတံ = အဖန်ဖန်ပြုပြင်အပ်သော သဘော ရှိ၏။

အနိစ္စံ=အနိစ္စလက္ခဏာ ဆယ်ချက်ပါတည်း။

ဒုက္ခ ရောဂါ+ဃံ ဂဏ္ဍံ၊
သလ္လာ+ဗာဓံ ဥပဒ္ဒဝံ။
ဘယီ+တျု+ပသဂ္ဂါ+တာဏံ၊
အ လေ ဏာ+သရဏံ ဝဓံ။ ။

အဃမူလံ အာဒီနဝံ၊
သာသဝံ မာရအာမိသံ။
ဇာတိ+ဇရံ ဗျာဓိ သောကံ။
ပရိဒေဝ မုပါယာသံ၊
သံကိလေသ သဘာဝကံ။ ။

စ=အနိစ္စသာ ဖြစ်သည်မဟုတ်သေး။ ရူပံ=ရူပက္ခန္ဓာသည်–

၁။ ဒုက္ခံ=ယုတ်မာညစ်ဆိုး ဒုက္ခမျိုးသာတည်း။
၂။ ရောဂံ=ကျင်နာညစ်ဆိုးရောဂါမျိုးသာတည်း။
၃။ အဃံ=အကျိုးယုတ်အကျိုးမဲ့မျိုးသာတည်း။
၄။ ဂဏ္ဍံ=မဖွယ်ရပ်ဆင်း ထွက်မြင်းအနာမျိုးသာတည်း။

၅။ သလ္လံ=စူးဝင်ညစ်ဆိုးမြှားငြောင့်မျိုးသာတည်း။
၆။ အာဗာဓံ=နှိပ်စက်လွှမ်းမိုးအနာမျိုးသာတည်း။
၇။ ဥပဒ္ဒဝံ=လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုး သာတည်း။
၈။ ဘယံ=ကြောက်ဖွယ်ညစ်ဆိုးဘေးရန်မျိုးသာတည်း။
၉။ ဤတိ=ထိတ်လန့်စဖွယ် အန္တရာယ်မျိုးသာတည်း။
၁၀။ ဥပသဂ္ဂံ=တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ် မျိုးသာတည်း။
၁၁။ အတာဏံ=စောင့်ရှောက်မဲ့လျှင်းဘေး၏အသင်းသာ တည်း။
၁၂။ အလေဏံ=ကွယ်ကာမဲ့လျှင်၊ ဘေး၏အသင်းသာ တည်း။
၁၃။ အသရဏံ=ကိုးရာမဲ့လျှင်း ဘေး၏အသင်းသာတည်း။
၁၄။ ဝဓံ=သမ္မုတိသစ္စာ လျော်စွာပညတ် ခေါ်ဝေါ် အပ်သည့် လူ, နတ်, ဗြဟ္မာ, သတ္တဝါကို သုံးဖြာခဏ ဘင်သို့ကျအောင် ကာလမရှည် သန္တာန်စည်၍ နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးသာတည်း။
၁၅။ အဃမူလံ=ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ် သာတည်း။
၁၆။ အာဒီနဝံ=ဆိုးဝါးညစ်ညူးအပြစ်စုသာတည်း။
၁၇။ သာသဝံ=အာသဝေါတရား လေးပါးတို့၏ အစီး အပွားသာတည်း။

၁၈။ မာရအာမိသံ=ကိလေသာမာရ် မစ္စုမာရ်တို့၏ စားဖတ် ဝါးဖတ် သုံးသပ်နှင်းနယ်ရာသာတည်း။
၁၉။ ဇာတိ = လောကသုံးခွင် ဘုံအပြင်၌ ခေါ်တွင်ပေါ်လာ သတ္တဝါဟူ မည့္မမင်ငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိ၏။
၂၀။ ဇရံ=ဆုတ်ယုတ်လျော့ပါးခြင်းသဘောရှိ၏။
၂၁။ ဗျာဓိ=ဖျားနာခြင်းသဘောရှိ၏။
၂၂။ သောကံ=စိုးရိမ်ပူပန်ခြင်းသဘောရှိ၏။
၂၃။ ပရိဒေဝံ=ငိုကြွေးမြည်တမ်းရသောသဘောရှိ၏။
၂၄။ ဥပါယာသံ=သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်းသဘောရှိ၏။
၂၅။ သံကိလေသံသဘာဝကံ= တဏှာ၊ ဒိဋ္ဌိ၊ ဒုစ္စရိတ တည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို ပွားစီးစေတတ်သော သဘောရှိ၏။
ဒုက္ခံ=ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးပါးတည်း။

အနတ္တာ စ ပရံ ရိတ္တံ၊
တုစ္ဆံ သုည+ဂ္ဂ္ဂ တာလီသံ။
ဝေဒနာဒယော ခန္ဓာပိ၊
တထေဝ ပဉ္စကာပိ ဝါ။ ။

စ=အနိစ္စ ဒုက္ခသာဖြစ်သည်မဟုတ်သေး။
ရူပံ=ရူပက္ခန္ဓာသည်—
၁။ အနတ္တာ=ကိုယ်မဟုတ်။

၂။ ပရံ=အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပ သစတည်း။
၃။ ရိတ္တံ=အနှစ်သာရဟူသမျှနှင့် မြူမျှမယှဉ် အစဉ်ဆိတ်ကင်းသော တရားသာတည်း။
၄။ တုစ္ဆံ=ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားသာတည်း။
၅။ သုညံ=ထောက်ရာတည်ရာ ကိုးကွယ်ရာမျိုး တစိုးတစိ မရှိလုံးလုံး အသုံးမကျသော တရားသစတည်း။
အနတ္တာ=အနတ္တလက္ခဏာငါးပါးတည်း။

ဣတိ=ဤသို့။ တာလီသံ=လေးဆယ်သော အခြင်းအရာ၏။ ဝေဒနာဒယော = ဝေဒနာအစကုန်သော။ ခန္ဓာပိ=နာမ်ခန္ဓာတို့သည်လည်း။ တထေဝ=ထိုရူပက္ခန္ဓာ အတူသာလျှင်။ တာလီသံ=အခြင်းအရာ လေးဆယ်စီချည်း ရှိကြကုန်၏။ ဝါ=အစိတ်မှတပါး အပေါင်း၊ တနည်းကား၊ ပဉ္စကာပိ=ခန္ဓာငါးပါး၊လုံးတို့သည်လည်း။ တထေဝ-တထာဧဝ=ထို့အတူသာလျှင်၊ တာလီသံ= လေးဆယ်သော၊ အခြင်းအရာရှိကုန်၏။

အဲဒီလို အနိစ္စလက္ခဏာထဲမှာ သင်္ဂြိုဟ်ယူရတဲ့ ဆယ်ချက်၊ ဒုက္ခလက္ခဏာထဲမှာသင်္ဂြိုဟ်ယူရတဲ့ နှစ်ဆယ့်ငါးချက်၊ အနတ္တလက္ခဏာထဲမှာ သင်္ဂြိုဟ်ယူရတဲ့ ငါးချက်၊ အားလုံးပေါင်း အချက်လေးဆယ်နဲ့ ခန္ဓာငါးပါးအနက် တပါးတပါးမှာ ဘာဝနာလေးဆယ်နဲ့ အကျယ်ဖြန့်ချိပြီးတော့ နှလုံးသွင်း၊

အဲဒါ ဘာဝနာလေးဆယ်နဲ့ ရုပ်နာမ်မှလွတ်အောင် ဒုံးပြေးခြင်းပေါပဲ၊ အဲဒီလို ဘာဝနာလေးဆယ် အကျယ်ပွားခြင်းကို "လွတ်လိုလျှ၍၊ လွတ်ရတဲ့ငှါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖို့၊ ပဋိသင်္ခါဉာဏ်"၊ သံပေါက်အရ ပဋိသင်္ခါဉာဏ်လို့ခေါ်တယ်၊ (၀၁) ပဋိသင်္ခါဉာဏ် ဝင်လာတော့သည်။

ဤတောလေးဆယ်ကို [ကျေးရှူးရှင် တိပိဋကဓရ ဆရာတော်ဘုရား၏ ခေတ် ၆-ပါ ကျမ်း] မှ ကောက်နုတ်ဖော်ပြသည်။

## သင်္ခါရုပေက္ခာဉာဏ်ဝင်လာပုံ

ယောဂီသူတော်စင်သည် ဤတလုံးမျှရှိသော မဟာဘုတ်ခေတ်ရုပ်ကြီးအပေါ်၌ အထက်ဖော်ပြပါအတိုင်း ဘာဝနာလေးဆယ်ဖြင့် နှလုံးသွင်းကာ ဆက်လက်ရှုပွားသည်ရှိသော် ယခင်ကတွေ့သိနေကြအတိုင်း ပျက်မှု၊ပြိုမှုကိုပဲ ထပ်မံတွေ့ရပေသည်၊ သို့သော်....အပျက်၊အပြိုတို့သည် စောစောပိုင်းကလောက် မကြမ်းတော့ပဲ တဖြေးဖြေး သိမ်မွေ့ သိမ်မွေ့လာတော့သည်။ တရိပ်ရိပ်နှင့် သိကာမျှ သိကာမျှအနေသာထင်နေတော့သည်။

ယင်းကဲ့သို့ ပျက်ပြိုမှု နူးညံ့သိမ်မွေ့လာသောကြောင့် ယောဂီသည် မိမိခန္ဓာကိုယ်အပေါ်၌ စောစောပိုင်းကလောက် အပြစ်မြင်ကာ မထိတ်လန့်မကြောက်ရွံ့တော့ပဲ သက်သာခွင့်

ရရှိလာတော့သည်၊ (ဝါ) သင်္ခါရ အနိစ္စအပေါ်၌ တစတစ လျစ်လျူရှုနိုင် လာတော့သည်၊ ထို့အပြင် ယခင်က မိမိ ခန္ဓာကိုယ်ရုပ်တရားအပေါ်၌ တပ်မက်နှစ်သက်သောအားဖြင့် ကြံစည်အားထုတ်ခဲ့သော လောဘ, ကြံစည်တိုင်းမရလျှင် နှလုံးမသာယာခြင်းဖြစ်ခဲ့သော ဒေါသ တည်းဟူသော ကိလေသာဆိုးအယုတ်တရားမျိုးတွေဟာလဲ ယာယီအားဖြင့် ချုပ်ပျောက်နေလေသည်။

ဖော်ပြပါအတိုင်း အတင်းအကြပ် နှိပ်စက်အပ်သော ခန္ဓာ ရုပ်တရားကြီးကပေးသော သင်္ခါရဒုက္ခမှုရင်း၊ ကိလေသာဆိုး အယုတ်တရားမျိုးကပေးသော ဒုက္ခမှုရင်း၊ သက်သာခွင့် ရသည်ထက် ရလာသောကြောင့် ယောဂီသူတော်စင်သည် သင်္ခါရတည်းဟူသော ဤခန္ဓာအပေါ်၌ သည်းခံနိုင်လာ, ခွင့်လွှတ်နိုင်လာ, လျစ်လျူရှုနိုင်လာ, ဥပေက္ခာပြုလာနိုင် တော့သည်။ ယင်းကဲ့သို့ အလယ်အလတ်ဖြစ်သော (တတြ မဇ္ဈတ္တုပေက္ခာ) ခေါင်းဆောင်တဲ့ ဉာဏ်မျိုးကို သင်္ခါ ရုပေက္ခာဉာဏ်ခေါ်လေသည်။

~~~~~~~~

## ကိလေသာဒုက္ခ နှင့် သင်္ခါရဒုက္ခ

ရှေ့ဉာဏ်စဉ်စခန်းသို့မဆက်မီ အထက်တွင် ဖော်ပြပါရှိ သော ကိလေသာဒုက္ခနှင့် သင်္ခါရဒုက္ခအကြောင်းကို အလျှင်း သင့်ခိုက် ဖော်ပြသွားလိုပေသည်။
~~~~~~~~

## (က) ကိလေသာဒုက္ခ ဆိုသည်မှာ

အစေးကပ်ရှိအသက်မဲ့ဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, ပစ္စည်းဥစ္စာ, စိန်,ရွှေရတနာ၊ ဆင်,မြင်း,ကျွဲ, နွား, အစရှိသော ရုပ်နာမ်ဓမ္မ အဝဝတို့အပေါ်၌ လိုချင်တပ်မက်သောအားဖြင့် ရှေ့ရှုကြံစည်ခြင်း "လောဘ"၊ ရှေ့ရှုကြံစည်တိုင်း မရသောကြောင့် နှလုံးမသာယာသော "ဒေါမနဿ (ဝါ) ဒေါသ"၊ အစရှိသော ကိလေသာဆယ်မျိုးကပေးသော ဒုက္ခကိုဆိုလိုပေသည်။

## (ခ) သင်္ခါရဒုက္ခဆိုသည်မှာ

ဤတလံမျှရှိသော ခန္ဓာကိုယ်၌ ယေဘုယျအားဖြင့် ဒုက္ခနှစ်မျိုးပေးလျက်ရှိသည်၊ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အပ္ပဋိကာရဒုက္ခ = စိုးရိမ်, ပူဆွေး, ငိုကြွေး, ငြိုငြင်, နာကျင်, ပြင်းပြ ဖုံးလွှမ်းမရသော ဒုက္ခမျိုး။ [ဥပမာ] ကိုယ်ပေါ်၌ ကျရောက်သော မခံသာမှု, ဆင်းရဲမှု, ကာယိက ဒုက္ခအမျိုးမျိုးကိုရင်း, နာမ်ပေါ်သို့ ကျရောက်သော မခံသာမှု, ဆင်းရဲမှု စေတသိက ဒုက္ခအမျိုးမျိုးကိုရင်း ဆိုလိုပေသည်။

ယင်းဒုက္ခအကြမ်းစားကြီးတွေကို လောဘ,ဒေါသ တည်းဟူသော ကိလေသာတရားတို့က မဖုံးလွှမ်းနိုင်လော ဒုက္ခမျိုး

ဖြစ်သည်။ တရားအားထုတ်သည်ဖြစ်စေ၊ တရားအားမထုတ်သည်ဖြစ်စေ၊ သာမန် သိရိုးသိစဉ်အသိဖြင့် သိနိုင်မြင်နိုင်သော ဒုက္ခမျိုးဖြစ်သည်။

၂။ ပဋိစ္ဆန္နဒုက္ခ=ပုဂ္ဂိုလ်, သတ္တဝါတို့၏ စိတ်ကို လောဘ, ဒေါသ, မောဟ တည်းဟူသော ကိလေသာ (ဝါ) ကာမစ္ဆန္ဒ, ဗျာပါဒ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ တည်းဟူသော နီဝရဏတရားတို့ ဖုံးလွှမ်းထားသဖြင့် ပကတိမျက်စိနှင့် မမြင်နိုင်မမြင်ရသော ဒုက္ခမျိုးဖြစ်ပေသည်။

ယင်းသိမ်မွေ့နူးညံ့သော ဒုက္ခမျိုးကို သိနိုင်မြင်နိုင်ရေးအတွက် အထက်တွင်ဖော်ပြခဲ့သည့် ကမ္မဋ္ဌာန်းအလုပ်မျိုးကို ကျင့်သုံးရခြင်းဖြစ်သည်။ ဖော်ပြပါ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း, မိဿကကမ္မဋ္ဌာန်း သုံးမျိုးအနက် အလျှင်းသင့်ရာ ကမ္မဋ္ဌာန်းကို စနစ်တကျ ကျင့်သုံးလျက်ရှိသော ဝိပဿနာယောဂီများသာ ဉာဏ်မျက်စိဖြင့်မြင်ရသောဒုက္ခမျိုး (ဝါ) ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏမစဲ တသဲသဲ,တဖွဲဖွဲ, မွမွ,ရှရှ ပျက်ပြိုလျက်ရှိသော ဒုက္ခမျိုးကို သင်္ခါရဒုက္ခ ဟု ဆိုလိုခြင်းဖြစ်သည်။

## အထူးသိဘွယ်တရပ်

အထက် သင်္ခါရပေက္ခာဉာဏ်စခန်း၌ ဖော်ပြထားသည့်အတိုင်း လက်ရှိကမ္မဋ္ဌာန်းအလုပ် ကျင့်သုံးလျက်ရှိသော ယောဂီသည် တွေ့ရှိနေသော အပျက်,အပြိုနယ်မှ အပျက်,

အပြိုလွှတ်သော (ဝါ) သင်္ခါရနယ်မှ အသင်္ခတနယ်သို့ လွှတ်မြောက်လိုစိတ်သည် တဖြေးဖြေးနူးညံ့လာပြီး အပျက်နယ်အပေါ်၌ သိကာမျှ, သိကာမျှအနေသာ ရှိနေတော့သည်။ (ဝါ)သင်္ခါရဟူသော အပျက်နယ်အား ဥပေက္ခာပြုနေလေတော့သည်။

အကယ်၍ အထက်ဖြစ်သော အရိယာနယ်မြေသို့ မတက်လှမ်းလိုသေးသော ပုဂ္ဂိုလ်များသည်ငင်း၊ အရိယာနယ်မြေသို့ ဝင်ရောက်ခိုလှုံလိုပါသော်လဲ ခိုလှုံခွင့်မရသေးသောသူများသည်ငင်း၊ အရိယာနယ်မြေသို့ တက်လှမ်းခိုလှုံနိုင်လောက်အောင် အရည်အခြင်း မရှိသောသူများ (ဝါ) ယောဂီများသည် ယင်း သင်္ခါရုပေက္ခာဥာဏ်စခန်းတွင် တခမ်းရပ်သွားလေတော့သည်။

## (က) အရိယာနယ်မြေသို့ မတက်လှမ်းလိုသေးသောပုဂ္ဂိုလ်မျိုး

{၁} သမ္မာသမ္ဗုဒ္ဓ=ဘုရားဆုပန် ပုဂ္ဂိုလ်များသည်ငင်း။

{၂} ပစ္စေကဗုဒ္ဓါ= သစ္စ သ နာ ပ အ ခါ ပွင့် သော ဘုရားငယ်ဆုပန်များသည်ငင်း။

{၃} အဂ္ဂသာဝက-မဟာသာဝက=ဆုပန် ပုဂ္ဂိုလ်များသည်ငင်း။

ထိုပုဂ္ဂိုလ်တို့သည် ပါရမီဖြည့်ကျင့်ရန်ကျန်ရှိနေသေးသော ကြောင့် ယင်းဉာဏ်စခန်းတွင် ရပ်တန့်သွားလေတော့သည်။ ဖော်ပြပါ ဆုကြီးပန်များသည် ယခု မိမိတို့လျှောက်ခဲ့သော ဝိပဿနာလမ်းစဉ်အတိုင်းပင် ကျင့်သုံးခဲ့ကြရပေသည်၊ ဝိပဿနာလုပ်ငန်းစဉ် (ဝါ) ဉာဏ်စဉ်များကို ဖြတ်ကျော် သွား၍လဲ မရကောင်း, ကျင့်သုံးမှုမပြုပဲ ချန်လှပ်ထားခဲ့ ၍လဲ ရကောင်းသောတရားစု မဟုတ်ကြောင်း သိသာရန် လိုအပ်ပါပေသည်။

ဆုကြီးပန်မဟုတ်သူ ပုဂ္ဂိုလ်များသည် မည်သို့ပင် အထက်ဖြစ်သောအရိယာနယ်မြေသို့ တက်လှမ်းလိုကြစေကာ မူ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ အစရှိသော ဣန္ဒြေ များ ညီညွတ်မှုမရှိသေးပါက တက်ရောက်နိုင်ခွင့်မရသေးပေ၊ (တနည်း) အရိယာနယ်မြေသို့ တက်လှမ်းနိုင်သော အရည် အချင်းဖြစ်သည့် သီလ, သမာဓိ, ပညာများ မရင့်ကျက် သေးပါကလဲ တက်ရောက်နိုင်ခြင်း မရှိသေးသည်ကို သတိပြု ရသည်။

## အနုလောမဉာဏ် ဝင်လာပုံ

ယောဂီသူတော်စင်သည် ဖော်ပြပါအတိုင်း သင်္ခါရ တည်းဟူသော ဤခန္ဓာကိုယ်အပေါ်၌ တဏှာမဝင်ပဲ အနိစ္စ ထင်အောင် မီးပွတ်ယောက်ျားအလား အထပ်ထပ်ရှုပွားခဲ့ သော စွမ်းအားကြောင့် ကိလေသာကပေးသော ဒုက္ခနှင့် ခန္ဓာကပေးသောဒုက္ခ, (ဝါ) သင်္ခါရဒုက္ခတို့ကို လျစ်လျူရှု

ကာ ဥပေက္ခာပြုနိုင်ခဲ့သည့်အတွက် သင်္ခါရုပေက္ခာဉာဏ်သို့ သက်ဝင်ခဲ့လေသည်။ ယင်းဉာဏ်သို့ သက်ဝင်လာသော ယောဂီများသည် အထက်ကဖော်ပြခဲ့သည့်အတိုင်း အထက်အထက် ဖြစ်သော ဉာဏ်စခန်းသို့ မတက်လှမ်းလိုသေး (ဝါ) မတက်လှမ်းနိုင်သေးသော ပုဂ္ဂိုလ်များအတွက် ဤနေရာ၌ ရပ်တန့်သွားလေတော့သည်။

အကယ်၍ အထက်အထက် ဉာဏ်စခန်းသို့ တက်လှမ်းရန် အလိုရှိသော ယောဂီသူတော်စင်တို့သည်-

"ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ"-

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မမြဲတဲ့ အနိစ္စအနေဖြင့် ဉာဏ်နှင့် မြင်နိုင်ခဲ့သည်ရှိသော် အနုလောမဉာဏ်ကို ရနိုင်သည်ဟု ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဟောညွှန်တော်မူထားသည့်အတိုင်း ဤတလံမျှရှိသော ခန္ဓာကိုယ်ကို လက္ခဏာယာဉ်သုံးချက်တင်ပြီး ရှုပွားရပေအုံးမည်။ (ဝါ) ဆက်လက်ရှုပွားပါလေ။

ယောဂီသူတော်စင်သည် ဤသို့ရှုပွား၍ သင်္ခါရတရားတို့၏ ပျက်မှု၊ ပြိုမှု၊ ချုပ်ပျောက်ကုန်ဆုံးနေမှုတို့ကို သိကာမျှ သိကာမျှအနေ ထင်လာ၊ မြင်လာပြီးနောက် ပရိကံ၊ ဥပစာ၊ အနုလုံဟု ခေါ်သော ဇော-သုံးချက်ကို ကျကာ ဝိပဿနာဉာဏ်တို့၏ အထွဋ်အထိပ်ဖြစ်သော "အနုလောမဉာဏ်"သို့ သက်ရောက်သွားတော့သည်။ (ဝါ) သင်္ခါရနယ်မှ အသင်္ခတနယ်သို့ ကူးသော တံခါးသည် လှစ်ကနဲပွင့်သွားတော့သည်။

# ဂေါတြဘူဉာဏ်ဝင်လာပုံ

ယောဂီ သူတော်စင်သည် အောက်, အောက် ဖြစ်သော ဝိပဿနာဉာဏ်များ၏ အကူအညီပေးခဲ့မှုကြောင့်၎င်း၊ အနုလောမဉာဏ်ကတဆင့် မြှင့် တင် ပေး လိုက် မှု ကြောင့် ၎င်း၊ ကိလေသာတည်းဟူသော ပညတ်နယ်မြေ နှင့် အဖြစ်, အပျက်တည်းဟူသော သင်္ခါရနယ်မြေကို (ကာမာဝစရ,စိတ်) ဦးဆောင်သည့် ဂေါတြဘူဉာဏ်ဖြင့် ကျော ခိုင်း လိုက် တော့သည်၊ (ဝါ) ဟိုမှာဘက်ကမ်းသို့ ခုန်ကူးလိုက်တော့သည်။

တနည်းအားဖြင့်–

သန်မာထွားကြိုင်းသော ရန်သူနှစ်ဦးတို့က မိမိ၏ လက်မောင်း နှစ်ဘက်ကို တယောက်တဖက်စီ ချုပ်ကိုင်ကြကာ ရဲရဲတောက်နေသော မီးကျည်းတွင်းထဲသို့တွန်းချရန်ကြိုးစား အားထုတ်ခြင်းကို ခံနေရသော ယောကျ်ားတဦးရှိသည်ဆိုကြပါစို့၊ ထိုယောကျ်ားသည် အသက်ဘေးမှ ချမ်းသာရရှိရေး အတွက် ရှိရှိသမျှသော ခွန်အားကို စိုက်ထုတ်ကာ ရုံးထွက်သဖြင့် ဘေးကင်းသောငြိမ်းရာသို့ ဆိုက်ရောက်သွားတော့သည်။

ထိုဥပမာနည်းတူ ယောဂီသူတော်စင်သည်လည်း မိမိအား အတင်းအကြပ် နှိပ်စက်အပ်လျက်ရှိသော ကိလေသာရန်သူနှင့် ခန္ဓာရန်သူတို့၏ လက်တွင်းမှ အလွတ်ရုံးထွက်သွားလေတော့သည်။ (ဝါ) အဖြစ်,အပျက် ချုပ်ငြိမ်းရာသို့ ဦးတည်သော ဂေါတြဘူဉာဏ်သို့ သက်ဝင်သွားတော့သည်။

## မဂ်ဉာဏ်ထူးသိဝင်သည်

အနုလောမဉာဏ်က ဖွင့်ပေးလိုက်သော မဂ်တံခါး, ပေါက်အတွင်းသို့ ဂေါတြဘုဉာဏ်သည် နောက်က တွန်းသွင်းပေးလိုက်သကဲ့သို့ ယောဂီ၏အာရုံ၌ သိမ့်ကနဲ ငြိမ့်ကနဲ ဖြစ်သွားကာ ကိလေသာက ပေးသော ဒုက္ခ နှင့် ခန္ဓာကပေးသော ဒုက္ခများကိုပါ ယာယီအားဖြင့် လုံးဝ လွတ်ကင်းသွားတော့သည်။ ထို့ပြင် သင်္ခါရနယ်အသိများ ကိုပါ စက္ကန့်အနေဖြင့် အဆက်ပြတ်သွား, ချုပ်ငြိမ်းသွား လေ သည်။

(ဝေဘူဆရာတော်ဘုရားကြီး ၏ ဥပမာ နှင့် ပြရသော်.... ရေငတ်၍နေသောသူသည် ရေကိုသောက်လိုက်ရသည်ရှိသော် ရေငတ်ပြေသကဲ့သို့ ဖြစ်သွားတော့သည်)။ [ဝ၊] နိဗ္ဗာန်ကို မဂ်ဉာဏ်ထူးဖြင့် ဦးတိုက်လေတော့သည်။

## ဖိုလ်ဉာဏ်ထူးသိဝင်ပုံ

အထက်ဖော်ပြပါအတိုင်း သောတာပတ္တိမဂ်စိတ်တကြိမ် ကျပြီးနောက် (ဝ၊) သန္တိသုခ တည်းဟူသော ငြိမ်းမှု အတွေ့ခတ်ထူးကို တကြိမ်ခံစားလိုက်ရပြီးနောက် သောတာ ပတ္တိဖိုလ်စိတ် နှစ်ကြိမ်၊ [ဉာဏ်ကြီးသော တိက္ခပညာပုဂ္ဂိုလ် များ၊မှာ သုံးကြိမ်]၊ ဖြစ်ပေါ်ခံစားလိုက်ရတော့သည်၊ ထိုသို့ တွေ့သိခံစားမှု (ဝ၊) ဖိုလ်ချမ်းသာမျိုးကို အရိယာနွယ်ဝင် သောတာပန်အစရှိသော သူတော်စင်များသာလျှင် ခံစား နိုင်ပေသည်။

## ပထမပိုင်း
## ခွတ်လေးပါး ရုပ်ကမ္မဋ္ဌာန်း နိဂုံးချုပ်

အထက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း မဟာသတိပဋ္ဌာန သုတ်လာ သတိပဋ္ဌာန်တရားလေးပါးရှိသည်။ ကမ္မဋ္ဌာန်းအခွဲ ဖြင့်.... (၁) ရုပ်ကမ္မဋ္ဌာန်း၊ (၂) နာမ်ကမ္မဋ္ဌာန်း၊ (၃) မိဿကကမ္မဋ္ဌာန်း ဟူ၍ သုံးမျိုးရှိသည်၊ ယင်းသုံးမျိုးအနက် ရုပ်ကမ္မဋ္ဌာန်းတွင် အပိုင်းခြောက်ပိုင်းခွဲပြီး ဟောညွှန်ထား ကြောင်း အထက်တွင် အကျယ်ဖော်ပြပြီးဖြစ်သည်။

ဆိုလိုသည်မှာ- ယင်း ကမ္မဋ္ဌာန်းသုံးမျိုးအနက် တမျိုး၊ တမျိုးကို စနစ်တကျ "ရှုကွက်,အရှုခံ" မှန်ကန်စွာဖြင့် ပွား များ အားထုတ်ပါက အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့် ထွက်ပေါ်လာပြီး မဂ် ဉာဏ် ဖိုလ်ဉာဏ်ထိ ရရှိနိုင်ပေသည်။

ထို့အတူ ရုပ်ကမ္မဋ္ဌာန်းခြောက်မျိုးတွင်လဲ မည်သည့်ရုပ် ကမ္မဋ္ဌာန်းကပဲ အားထုတ်သည်ဖြစ်စေ "သူ့ရှုကွက်နှင့် သူ့ အရှုခံ"တွေ မှန်ကန်ပါက ရှုဉာဏ်တည်းဟူသော အနုဗောဓ ဉာဏ် (ဝါ) ဝိပဿနာဉာဏ်တွေ [ဓမ္မလမ်းစဉ်အရ] သူ့ သဘာဝအလျောက် ပေါ်ထွက်လာတော့သည်။ ဥဒယဗ္ဗယ ဉာဏ်နှင့်ဘင်ဉာဏ်ကြတော့ တူညီသွားတော့သည်၊ (ဝါ) ရုပ်ခန္ဓာအပျက်ကြတော့ တူညီသွားတော့သည်။

[ဥပမာ]…. မန္တလေးမြို့မှ ရန်ကုန်သို့ သွားကြသည့် ခရီးသည် များသည် သူ့အကြောင်း သူ့ရည်ရွယ်ချက်နှင့်သူ အသီးသီးရှိကြသည်၊ ဒါကြောင့်မို့ တချို့က နေ့အမြန်ရထားကို၎င်း, တချို့က ညအမြန်ရထားကို၎င်း, တချို့က စာပို့ရထားကို၎င်း, တချို့က ရိုးရိုးရထားကို၎င်း အသီးသီးစီးကြလေသည်၊ သို့သော် မည်သို့ပင် မီးရထားခြင်းခြားနားမှု ရှိစေကာမူ ရန်ကုန်သို့ရောက်တာခြင်းတော့ တူကြပေသည်၊ အချိန်စောမှု အချိန်နောက်ကျမှုသာ ကွာခြားပေသည်။

ထို့အတူပင် ဓာတုမနသိကာရပဗ္ဗ = ဓာတ်ကမ္မဋ္ဌာန်းမှာလ် ဓာတ်အသီးသီးတို့၏ သဘာဝလက္ခဏာသာ ခြားနားမှုရှိသည်၊ သာမညလက္ခဏာကျတော့ အားလုံးတူညီမှုရှိသည်။ (ဝါ) ရုပ်တရား၏ ဖြစ်မှု, ပျက်မှု အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ကြတော့ တူညီကြလေသည်။

ယင်းကဲ့သို့ သင်္ခါရနယ် (ဝါ) အဖြစ်အပျက်နယ် တူညီမှုရှိလျှင် အသင်္ခတနယ် (ဝါ)ဖြစ်မှု,ပျက်မှု ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်နယ် (ဝါ) အရိယာနယ်ကို မျက်မှောက်ပြုပုံခြင်းလဲ တူညီလေတော့သတည်း။

## ဒုတိယ ပိုင်း

# ဝိညာဏဓာတ်ရှုပွားနည်း

## (၀၁)

## စိတ္တာနုပဿနာ သတိပဋ္ဌာန်

စိတ္တာနုပဿနာ ဟူသည်မှာ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်လာ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း, မိဿကကမ္မဋ္ဌာန်း ဟူ၍ ကမ္မဋ္ဌာန်းသုံးမျိုးအနက် နာမ်ကမ္မဋ္ဌာန်း ဖြစ်ပေသည်။ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ပေါ်ထွက်လာရေးအတွက် မနောဝိညာဏဓာတ် (၀၁) "စိတ်ကို အရှုခံအာရုံ"အဖြစ် ထားကာ ရှုပွားယူရသော ကမ္မဋ္ဌာန်းအလုပ် ဖြစ်ပေသည်။

ယင်း နာမ်ကမ္မဋ္ဌာန်းမှာ ပထမပိုင်း၌ ဖော်ပြပြီးခဲ့သော ရုပ်ကမ္မဋ္ဌာန်းကဲ့သို့ သဘာဝလက္ခဏာကို ကိုယ်အမူအရာ နှုတ်အမူအရာအပေါ်၌ စမ်းသပ်ရှာဖွေ၍ တွေ့သိနိုင်သော အလုပ်မျိုးမဟုတ်ပေ။ [ဥပမာ]— ပထဝီဓာတ်၏ သဘာဝလက္ခဏာဖြစ်သော လေးမှုသဘော, မာမှုသဘော, ကြမ်းမှုသဘောကိုရင်း၊ တေဇောဓာတ်၏ ပူမှုသဘော, မှုသဘောကိုရင်း၊ ဝါယောဓာတ်၏ တွန်းမှုသဘော, ကန်မှုသဘောကိုရင်း၊ အာပေါဓာတ်၏ ဖွဲ့မှုသဘော, ပြန့်မှုသဘောကိုရင်း၊ ဤတလံမျှရှိသော ရုပ်တရားအပေါ်၌ "သဘောကို သိပါက" အလွယ်တကူ ရှာဖွေ၍ တွေ့သိနိုင်ပေသည်။

ယခု အရှုခံအာရုံအဖြစ် ထားရမည့် စိတ်ကလေးသည် အကောင် အထည် ဒြဗ် ထင်ရှားမရှိသော ပရမတ္ထသဘော ကလေးမျှသာ ဖြစ်သည်၊ ဒါကြောင့်မို့ ဖမ်းပြီးအသုံးပြုလို လျှင် စိတ်ကို တွေ့နိုင်၊ သိနိုင် ရေးအတွက် စိတ်ရဲ့အပြုအမူ စိတ်ရဲ့သဘော (ဝါ) စိတ်ရဲ့သဘာဝလက္ခဏာကို ရှေးဦးစွာ သိရှိအောင် ဆောင်ရွက်ရန်လိုအပ်ပေသည်။

## စိတ်၏ဆောင်ပြချက်များ

[၁] စိတ္တံ ဝိဇာနနလက္ခဏံ=အာရုံတခုတခုအပေါ် ၌ လိုက်၍ သိသိနေသော သဘောရှိသည်။

[၂] စိတ္တံ ပုဗ္ဗင်္ဂမရသံ = သိမှုအပေါ်၌ ဦးဆောင် သော ကိစ္စရှိသည်။

[၃] စိတ္တံ သန္ဓာနပစ္စုပဋ္ဌာနံ = သိမှုအပေါ်၌ စဉ်တိုက်သဘွယ် အတန်းလိုက်သဘွယ် ထင်ရ တတ်သည်။

စိတ်ဟူသော မနောဝိညာဏဓာတ်အား လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် အစရှိသော အခြင်းအရာ သုံးမျိုးဖြင့် ဝေဘန် သုံးသပ်သည်ရှိသော် အထက်ဖော်ပြပါအတိုင်း "ဆောင်ပြ ချက်"တို့ကို တွေ့ရသည်။

## စိတ်၏ ဂုဏ်သတ္တိများ

စိတ္တံ=စိတ်ဟူသော မနောဝိညာဏဓာတ်သည် အောက်ပါဂုဏ်သတ္တိများနှင့်လဲ ဆက်ဆန်လျက်ရှိပေသည်။ (၁၀) အစွမ်းသတ္တိများရှိသည်။

၁။ ဖန္ဒနံ=တုန်လှုပ်တတ်သည်။
၂။ စပလံ=လေဘ်မာတတ်သည်။
၃။ ဒုရက္ခံ=အထိမ်းရခက်သည်။
၄။ လဟု=လျင်မြန်လှသည်။
၅။ သုဒုဒ္ဒသံ=မြင်နိုင်ခဲလှသည်။
၆။ သုနိပုနံ=အလွန်သိမ်မွေ့လှသည်။
၇။ ဧကစာရံ=တခုပြီးတခုသို့ကူးတတ်သည်။
၈။ အသရီရံ=အကောင်အထည်လဲမရှိ။
၉။ ဂုဟာသယံ=မဟာဘုတ်တို့အား မှီလေ့ရှိသည်
၁၀။ ယတ္ထကာမနိပါတိနံ=ကာမဆိုလျှင် အယုတ်အမြတ် မရွေးတော့။

(ဓမ္မပဒပါဠိတော်,စိတ္တဝဂ်မှ)

## 'ပါပသ္မိံ ရမတေ မနော'

ဤ မနော=ဟု အမည်ထူးရှိသော စိတ်ကလေးသည်။ ပါပသ္မိံ=မကောင်းသောအမှု, မကောင်းသောအာရုံတို့၌သာ။ ရမတေ=မွေ့လျော်တတ်ပေသည်။

ဤမနောဝိညာဏဓာတ်ဟူသော စိတ်ဆိုး၊ စိတ်မိုက်၊ စိတ်ရိုင်း ကလေးသည် အလွန်လျှင်မြန်လှသည်၊ နှိမ်နင်းရန်လဲ အလွန်ခဲယဉ်းသည်၊ အဖြစ်အပျက်လဲ အလွန်မြန်လှသည်၊ မျိုးနွယ်အယုတ်အမြတ် အပ်မအပ်ကိုလဲ ဝေဘန်လေ့မရှိပေ၊ လောကီအာရုံကာမဂုဏ်အပေါ်၌ ချင့်ချိန်မှုမရှိပဲ ကျရောက်ကျက်စားလေ့ရှိသည်။

ယင်းသို့ သတ္တိရှိသော စိတ်ကလေးကို သွန်သင်ဆုံးမနိုင်လျှင် ၎င်းစိတ်ကလေးသည် ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ပေးနိုင်သည်။

[ဓမ္မပဒပါဠိတော်၊ စိတ္တဝဂ်မှ]

## 'ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ'

ဘိက္ခဝေ=ရဟန်းတို့။ ဣဒံစိတ္တံ=ဤမနောဝိညာဏဓာတ်ဟူသော စိတ်ကလေးသည်။ ပဘဿရံ=တထိန်ထိန် တလက်လက် ပြိုးပြိုးပြက်ပြက် ရှိလေသည်။ (ဝါ)ထွန်းလင်းတောက်ပလျက်ရှိသည်။

[ဂေါ်တ္တရပါဠိတော်]

## 'သုက္ကာ တိ ဩဒါတာ စိတ္တဿ ပဘဿရ ဘာဝကရဏာ'

မနောဝိညာဏဓာတ်ဟူသော ဤပင်ကိုယ်စိတ်သည် ဖြူစင်တောက်ပအောင် ပြုလုပ်တတ်၍ (ဝါ) ပြုလုပ်တတ်သော

သတ္တဝါထူးနှင့် ပြည့်စုံသည်ဖြစ်၍ ဖြူစင်သောသဘော ရှိပေသည်။

သုတ္တာဓမ္မာ (ဓမ္မသင်္ဂဟပါဠိတော်)

စိတ္တေန နီယျတိ လောကော စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ သဗ္ဗေဝ ဝသ မန္ဝဂူ။

လောကော=ပုဂ္ဂိုလ်,သတ္တဝါတို့ကို။ စိတ္တေန=မနောဝိညာဏဓာတ်ဟုဆိုအပ်သော စိတ်သည်။ နီယျတိ=မိမိအလိုသို့သာလျှင် အပါသေးဆောင်တတ်သည်။ လောကော=ပုဂ္ဂိုလ်,သတ္တဝါတို့ကို။ စိတ္တေန=မနောဝိညာဏဓာတ်ဟုဆိုအပ်သောစိတ်သည်။ ပရိကဿတိ=မိမိအလိုသို့သာလျှင် အတင်းဆွဲ၍သွားတတ်သည်။

တသ္မာ=ထိုကြောင့်။ သဗ္ဗေဝ=အလုံးစုံသာလျှင်ဖြစ်ကြကုန်သော ပုထုဇ္ဇန်သတ္တဝါ,ပုဂ္ဂိုလ်တို့သည်။ စိတ္တဿ=စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ = တခုတည်းသောတရား၏။ ဝသံ=အလိုနိုင်ငံသို့။ မန္ဝဂူ=အနုမတဂ္ဂသံသရာ၌ အစဉ်တစိုက် အမြဲလိုက်၍နေကြလေသည်။

## ဆိုလိုရင်းအဓိပ္ပါယ်

မနောဝိညာဏဓာတ်ဟူသောစိတ်သည် တလောကလုံးရှိ ပုဂ္ဂိုလ်,သတ္တဝါအားလုံးတို့ကို မိမိအလိုသို့ပါအောင် ဆွဲဆောင်နိုင်သည်၊ လောကကြီး၏ ဆိုးမှုကောင်းမှုကိုလဲ စီမံ

တတ်လေသည်၊ တခုတည်းသောထိုစိတ်၏ အလိုဆန္ဒကိုသာ လိုက်နေကြရသည်။

[စိတ္တသုတ်,ဒေဝတာသံသုတ်ပါဠိတော်]

အထက်ဖော်ပြပါ ဒေသနာတော်များအရ "စိတ္တံဝိဇာနန လက္ခဏံ" စိတ်သည် အာရုံတခုတခုအပေါ်၌ လိုက်ကာ,လိုက်ကာ သိ,သိနေသောသဘော ရှိနေရုံတင်မကပဲ စိတ်၏ဂုဏ်, စိတ်သတ္တိများသည်လဲ အထူးအထွေ အများအပြားရှိသေးကြောင်း သိသာထင်ရှားလှပေသည်။

ထို့ပြင် ယင်းဂုဏ်ထူး ဝိသေသတို့နှင့် အညီရှိသော စိတ်ကလေးသည် ရူပါရုံမျိုးမဟုတ်သောကြောင့် မံသစက္ခုခေါ်သာမန်မျက်စိဖြင့်ကြည့်၍မမြင်ရ၊ မမြင်နိုင်ပေ၊ ဓမ္မာရုံမျိုးဖြစ်သောကြောင့် ပညာစက္ခုနှင့် (ဝါ) ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်ပေသည်ဟု ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ဓမ္မပဒ ပါဠိတော်မှာ ဟောညွှန်ထားပေသည်။

ယင်းကဲ့သို့ သိမ်မွေ့နက်နဲ, သိမြင်ရန် ခက်ခဲလှသော မနောဝိညာဏဓာတ်ဟူသော စိတ်ကို ဝိပဿနာလုပ်ငန်းတွင် "အရှုခံအာရုံ"အဖြစ်ထားကာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ထွက်ပေါ်ရရှိနိုင်ရေးအတွက် ကျင့်သုံးရမည့် အလုပ်သည် ရုပ်ကမ္မဋ္ဌာန်းကဲ့သို့ လွယ်ကူသော အလုပ်မဟုတ်ကြောင်း ရှေးဦးစွာ သိထားသင့်ပေသည်။

# မဟာသတိပဋ္ဌာနသုတ်
## စိတ္တာနုပဿနာဥဒ္ဒေသ

ဣဓ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဘိက္ခဝေ = ရုပ်နာမ်အစဉ် ဘေးရန်တွေ့ဟု ရှုနိုင်ကြသော အို-ယောဂီသူတော်စင် အပေါင်းတို့....။

ဣဓ=ဤ မြတ်စွာဘုရား သာသနာတော် အတွင်း၌။ ဘိက္ခု = သံသရာဘေး ထောက်တွေးမြော်မြင် ယောဂီသူတော်စင်သည်။ အာတာပီ = မနောဝိညာဏဓာတ်ဟူသော၊ စိတ်ကို အာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော = စိတ်ကိုပိုင်းခြား၍သိသော ပညာနှင့်ပြည့်စုံသည်ဖြစ်၍။ (ဝါ) မနောဝိညာဏဓာတ်ကို ပိုင်းခြား၍သိသော ဝိပဿနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ=မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံသည်ဖြစ်၍။

လောကေ=ဝိညာဏုပါဒါနက္ခန္ဓာတည်းဟူသော ဤလောက၌။ အဘိဇ္ဈာဒေါမနဿံ = စိတ်ကိုတပ်မက်သောအားဖြင့် ရှေ့ရှုကြံစည်ခြင်းဟူသော လောဘ၊ ရှေ့ရှုကြံစည်တိုင်း၊ မရသောကြောင့် နှလုံးမသာယာခြင်းဟူသော

ဒေါမနဿကို၊ ဝိနေယျ=တဒင်္ဂ ဝိက္ခမ္ဘန အားဖြင့် ပယ်ဖျောက်၍။

စိတ္တေ=သရာဂစိတ်, စသည်တို့၌၊ စိတ္တာနုပဿီ=သရာဂစိတ် စသည်တို့ကို အဘန်တလဲလဲ ရှုပွားသည်ဖြစ်၍၊ စိတ္တာနုပဿီ=သရာဂစိတ်စသည်တို့ကို၊ အနိစ္စ=မမြဲဟူ၍၎င်း၊ ဒုက္ခ=ဆင်းရဲဟူ၍၎င်း၊ အနတ္တ=အစိုးမရဟူ၍၎င်း အဘန်တလဲလဲ သတိမပြတ် ရှုမှတ်လျက်ရှိသောဝိပဿနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ=နေ၏။ (ဝါ) နေကြပါကုန်လော့....။

## အဓိပ္ပါယ်အကျဉ်းချုပ်

ယောဂီ သူတော်စင်သည် မမေ့မလျော့သော သတိ, လုံ့လဝီရိယ ရှိရှိဖြင့် မနောဝိညာဏဓာတ်ဟူသော စိတ်ကို အစဉ်စောင့်ရှောက်သောအားဖြင့် လောဘစိတ်, ဒေါသစိတ်တွေ မခိုကပ်နိုင်အောင် အဘန်တလဲလဲ စိတ်ကလေးကို ရှုပွားနေပါ၊ စိတ်ရဲ့ဖေါက်ပြန်မှု မမြဲတဲ့သဘော, ဆင်းရဲတဲ့သဘော, အစိုးမရတဲ့သဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုပွားနေရန် ဟောညွှန်ခြင်းဖြစ်ပေသည်။

## စိတ္တာနုပဿနာအကျိုးပြ ဝတ္ထုသာဓက

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်တုန်းက မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ၌ သီတင်းသုံးလျက် ရှိစဉ်ဖြစ်သည်၊ ဇေတဝန်ကျောင်း

ဇေတာ်ရှိ သံဃာတော်များသည် သာဝတ္ထိပြည်တွင်း၌ အသီးသီး ဆွမ်းခံလျက်ရှိကြသည်၊ တနေ့သောအခါ သူဌေးသားတဦးသည် မိမိအိမ်သို့ ဆွမ်းခံကြွလေ့ရှိသော ရဟန်းတပါးထံ ချဉ်းကပ်၍ “အရှင်ဘုရား.... တပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လိုပါသည်၊ ဆင်းရဲမှထွက်မြောက်ကြောင်း အကျင့်ကောင်းများကို ဟောကြားတော်မူပါ”ဟု လျှောက်ထားပန်ကြားလေသည်။

မထေရ်မြတ်က “ကောင်းပြီဒါယကာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုပါက ရှစ်ရက်ဥပုသ်ဆွမ်း, ဆယ့်ငါးရက်ပက္ခဆွမ်းများကို လှူဒါန်းပါ၊ ဝါဆိုကျောင်း ဝါဆိုသင်္ကန်းများကိုလဲ လှူဒါန်းပါ”ဟု အမိန့်ရှိလေသည်၊ သူဌေးသားလဲ မထေရ်မြတ်မိန့်ဆိုခဲ့သည့်အတိုင်း လှူဒါန်းလေသည်၊ တဖန် သူဌေးသားက “အရှင်ဘုရား ဒီထက်အလွန်ပြုဘွယ်ကိစ္စရှိပါသေးသလား”ဟု လျှောက်ထားပြန်သည်၊ “ဒါယကာ.... ရှိပစ္စည်းများကို သုံးစုခွဲ၍ တစုကို မိမိအလုပ်ကိစ္စအတွက် ဆောင်ရွက်ပါ၊ တစုကိုမိမိသားမယားအား ကျွေးမွေးပြုစုပါ၊ တစုကိုမြတ်စွာဘုရားသာသနာတော်အတွက် ပေးလှူပါ” ဟု ညွှန်ကြားလေသည်၊ သူဌေးသားလဲ မဆိုင်းမတွ ဆောင်ရွက်ပြန်လေသည်။

သူဌေးသားသည် ဤမျှဖြင့်ရောင့်ရဲတင်းတိမ်ခြင်း မရှိသေးသောကြောင့် မထေရ်အား “ဒီထက်အလွန် ပြုဘွယ်ကိစ္စရှိပါသေးသလား”ဟု ထပ်မံလျှောက်ထားပြန်သည်၊ “ကောင်းပြီ ဒါယကာ သရဏဂုံသုံးပါးကို ဆောက်တည်ပါ၊ ငါးပါး

သီလကို ခံယူပါ” မိန့်ကြားလေသည်၊ သူဌေးသားလဲ မိန့်ဆိုတိုင်း လိုက်နာဆောင်ရွက်လေသည်၊ တဖန်ထပ်ကာ ထိုထက်အလွန်ပြုဘွယ်ကိစ္စကို လျှောက်ထားပြန်သည်၊ “ကောင်းပြီဒါယကာ ရှစ်ပါးသီလ ကိုးပါးသီလကို ဆောက်တည်ပါ”ဟု အမိန့်ရှိလေသည်၊ သူဌေးသားလဲ မိန့်ဆိုတိုင်း ကုသိုလ်ကောင်းမှုကို ပြုလုပ်လေသည်၊ ယင်းကဲ့သို့ ကုသိုလ်ကောင်းမှုကို ပြုလုပ်သောကြောင့် “အနုပုဗ္ဗသူဌေးသား”ဟု သာဝတ္ထိပြည်၌ အမည်တွင်လေသည်။

ထိုနောက် သူဌေးသားသည် မထေရ်မြတ်အား “အရှင်ဘုရား ဒီထက်အလွန် ပြုဘွယ်ကိစ္စ ရှိပါသေးသလား” ဟု မေးလျှောက်ပြန်သည်၊ “ဤသို့ဖြစ်လျှင် ရဟန်းပြုပါ”ဟု မထေရ်မြတ်က မိန့်ကြားလေသည်၊ သူဌေးသားလဲ အိမ်သူအိမ်သားများအား ခွင့်တောင်းကာ ရဟန်းပြုလေသည်။ အဘိဓမ္မာဆောင် မထေရ်တပါးအား နိဿရည်းဆရာအဖြစ်၎င်း၊ ဝိနည်းဆောင်မထေရ်တပါးအား ဥပဇ္ဈာယ်ဆရာအဖြစ်၎င်း အသီးသီးမှီဝဲဆည်းကပ်ထားလေသည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးသော ထိုသူဌေးသားရဟန်းအား အဘိဓမ္မာဆောင် နိဿရည်းဆရာမထေရ်က အဘိဓမ္မာနှင့်ပတ်သက်သော သိဘွယ်မှတ်ဘွယ် ကိစ္စရပ်များကို ဟောညွှန်ပြသ ဆိုဆုံးမလေသည်၊ ဝိနည်းဆောင် ဥပဇ္ဈာယ်ဆရာမထေရ်ကလဲ ဝိနည်းဒေသနာတော်နှင့် ပတ်သက်သော သိက္ခာပုဒ်ကြီးငယ် အသွယ်သွယ်တို့ကို သွန်သင်ပြသ ဆိုဆုံးမလေသည်။

သူဌေးသား ရဟန်းသည် ဆရာသမားများ ဆုံးမသော အဘိဓမ္မာနှင့် သက်ဆိုင်ရာပြဿနာများကိုင်း၊ ဝိနည်းတော်နဲ့ သက်ဆိုင်သော သိက္ခာပုဒ်ကျင့်ဝတ်များကိုင်း၊ လိုက်နာကျင့်သုံးရန် အတော်ပင် ဝန်လေးနေတော့သည်၊ ဤကိစ္စရပ်များသည် လွယ်ကူသော ကိစ္စရပ်များ မဟုတ်ပါလား၊ ငါသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ယခုကဲ့သို့ သာသနာ့ဘောင်သို့ ဝင်ခဲ့ပေသည်၊ သာသနာ့ဘောင်၏ ရဟန်းအဖြစ်သည် ငါ့အတွက် ခြေမလှုပ်သာ လက်မဆန့်သာ ဖြစ်နေလေပြီ၊ ငါ့အတွက် ဝန်လေးလေစွ့တကားဟု တွေးတော ဆင်ခြင်မိလေသည်။

ယင်းသို့ ဆင်ခြင်မိသဖြင့် ငါ့အဘို့ရာ သာသနာ့ဘောင်၌ နေခြင်းထက်၊ လူထွက်ရန်သာသင့်တော်ပေသည်၊ အိမ်မှာ လူဝတ်ကြောင်ဘဝနှင့်ပင် ယခင်ကကဲ့သို့ ကုသိုလ်ကောင်းမှုတို့ကို ဆောင်ရွက်တော့မည်ဟု ကြံစည်မိလေသည်၊ သူဌေးသား ရဟန်းသည် သာသနာ့ဘောင်တွင် ငြီးငွေ့လာသဖြင့် နေ့စဉ်ဆောင်ရွက်နေကြ ဒွတ္တိံသာကာရတရားကို ရွတ်ဘာသ်ခြင်း ပါဠိစာပေ သင်ကြားခြင်းတို့ကိုလဲ ဆက်လက်ဆောင်ရွက်ခြင်း မပြုပဲနေလေတော့သည်။

သာသနာ့ဘောင်၌ မပျော်မွေ့သောကြောင့် ပျင်းရိစိတ်များ ဝင်ကာ အစားပျက် အအိပ်ပျက် ဖြစ်လာတော့သည်၊ ကိုယ်လက်အင်္ဂါ ပိန်ခြုံးညှိုးနွမ်းလျက် အကြောပြိုင်းပြိုင်း ထ၍ နေလေတော့သည်၊ အစားအသောက် အအိပ်အနေ

မမှန်ကန်မှု ရေချိုးမမှန်မှုတို့ကြောင့် ကျန်းမာရေး ချို့ယွင်းလာကာ ဝေဒနာများ စွဲကပ်လာတော့သည်၊ နံရိုးပြိုင်းပြိုင်း အကြောပြိုင်းပြိုင်းနှင့် လူမမာရုပ်ပေါ်နေတော့သည်။

ထိုကဲ့သို့သော အခြင်းအရာ လက္ခဏာများဖြစ်ပေါ်လျက်ရှိသော သူဌေးသားရဟန်းကို သာမဏေငယ်တို့ကမြင်ကြ၍ "အရှင်ဘုရား ဘာကြောင့် ဒါလောက်တောင် ပိန်ခြုံးနေရပါသလဲ၊ ဝေဒနာတွေလဲစွဲလို့ပါလစ၊ နောက်ပြီးတော့ ရပ်မိရပ်ရာ ထိုင်မိထိုင်ရာ ငေးမိငေးရာဖြစ်နေရတာ ဘာကြောင့်လဲ ဘုရား" ဟု မေးမြန်းလျှောက်ထားကြလေသည်။

ထိုအခါ သူဌေးသားရဟန်းက "ငါ့ရှင်တို့ ငါသာသနာ့ဘောင်မှာ မပျော်မွေ့တော့ဘူး လူထွက်ခြင်စိတ် ဖြစ်နေသည်" ဟု ဖြေကြားလေသည်၊ သာမဏေငယ်များက သနားကျင်နာစွာဖြင့် "ဘာကြောင့် အရှင်ဘုရား လူထွက်ခြင်ရပါသလဲ" ဟု ထပ်မံမေးလျှောက်ပြန်ရာ၊ သူဌေးသားရဟန်းက မိမိ ခံစားနေရသော ဖြစ်ရပ်များကို ပြန်လည် ပြောပြလေသည်။ ထိုသို့အကြောင်းစုံကို သိရသောအခါ သာမဏေငယ်တို့သည် သူဌေးသားရဟန်း၏ နိဿရည်းဆရာနှင့် ဥပဇ္ဈာယ်ဆရာတို့ထံ သွားရောက်ကြပြီး ထိုအကြောင်းကို လျှောက်ထားကြလေသည်။

ထိုဆရာတို့သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလို၍ မိမိတို့၏ တပည့် သူဌေးသားရဟန်းကို ခေါ်ကာ မြတ်စွာဘုရားထံသို့ သွားကြလေသည်၊ မြတ်စွာ

ဘုရားသည် ရဟန်းတို့ကိုမြင်၍ "ကိစ္စအဘယ်သို့ရှိသနည်း" ဟု မေးလေသော် "မြတ်စွာဘုရား— ဤရဟန်းသစ်သည် သာသနာတော်၏ဆန့်ကျင်ဘက်စိတ် (ဝါ) လူထွက်လိုစိတ် ဖြစ်ရှိနေပါသည်"ဟု လျှောက်ထားကြလေသည်၊ ထိုအခါ မြတ်စွာဘုရားက "ချစ်သားရဟန်း ဤအတိုင်းမှန်သလော" ဟု မေးတော်မူရာ သူဌေးသားရဟန်းက "ဤအတိုင်း မှန်ပါသည်မြတ်စွာဘုရား"ဟု ဖြေကြားလေသည်။

မြတ်စွာဘုရားက "ချစ်သားရဟန်း.... ဘာကြောင့် ဒီလို ဖြစ်ရသလဲ"ဟု မေးတော်မူရာ သူဌေးသားရဟန်းသည် "မှန်လှပါ မြတ်စွာဘုရား.... တပည့်တော်သည် သံသရာဝဋ် ဆင်းရဲအပေါင်းမှ ထွက်မြောက်လိုပါ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်၊ ရဟန်းဘဝသို့ ရောက်သောအခါ တပည့်တော်၏ နိဿရည်းဆရာက အဘိဓမ္မာတရားများကို ဟောကာ ထိုတရားများကို နာယူမှတ်သားစေပါသည်၊ ထို့မှတဖန် ဥပဇ္ဈာယ်ဆရာကလဲ ဝိနည်းတော်နှင့်ပတ်သက် သော တရားများကိုဟောညွှန်ကာ ဤသိက္ခာပုဒ်က ဤသို့ ရှိ သည်၊ထိုသိက္ခာပုဒ်က ထိုသို့ရှိသည် အစရှိသည်ဖြင့် သိက္ခာပုဒ် ကြီးငယ် အသွယ်သွယ်တို့ကို ဟောညွှန်ပြသ ဆုံးမပါသည်။ ထိုကဲ့သို့ ဆုံးမသြဝါဒများကို နာကြားရသော ဘုရားတပည့် တော်သည် နေမှုထိုင်မှုကျဉ်းမြောင်းလာပါသည်၊ ဤသာ သနာတွင်း၌ ဘုရားတပည့်တော်သည် ခြေမလှုပ် လက်မဆန့် သာအောင် ဆင်းရဲပင်ပန်းလာပါသည်၊ သာသနာ့ဘောင်ကို ငြီးငွေ့ပြီး လူထွက်ချင်စိတ်ဖြစ်လာပါသည်၊ အိမ်မှာယခင်

လူဝတ်နဲ့ ရှိစဉ်ကကဲ့သို့ ကုသိုလ်ကောင်းမှုပြုကာ သံသရာမှ ထွက်မြောက်ရေးကို ဆောင်ရွက်တော့မည်ဟု ဆုံးဖြတ်မိပါသည် အရှင်ဘုရား”ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက “ချစ်သားရဟန်း....သင်သည် ဝိနည်းသိက္ခာပုဒ်တွေကို အများကြီး မစောင့်ထိမ်းရပဲ နှင့် တခုတည်းသောအရာကို ထိမ်း သိမ်း စောင့် ရှောက် နိုင် မည် လော”ဟု မေးတော်မူလေသည်၊ “အဘယ်အရာကို ဘုရား တပည့်တော် ထိမ်းသိမ်း စောင့်ရှောက်ရပါမည်လဲ မြတ်စွာ ဘုရား”ဟု ပြန်လည် လျှောက်ထားလေသည်၊ “သင်သည် မနောဝိညာဏဓာတ်ဟူသော (စိတ်)ကို စောင့်ရှောက်ရမည်၊ စောင့် ရှောက် နိုင် ပါ မည် လော”ဟု မေးတော် မူ လေသည်။ သူဌေးသားရဟန်းက “မှန်လှပါ မြတ်စွာဘုရား....အများကြီး မဟုတ်ပါက တခုတည်းသော (စိတ်)ကို တပည့်တော် ထိမ်း သိမ်း စောင့်ရှောက်ပါမည်”ဟု လျှောက်ထားလေသည်။

“ချစ်သားရဟန်း.... သို့ဖြစ်လျှင် တခုတည်းသော မိမိ၏ (စိတ်)ကိုသာလျှင် ကောင်းစွာစောင့်ရှောက်လော့—၊ သင် ချစ်သား သံသရာဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်နိုင် လိမ့်မည်”ဟု အမိန့်ရှိကာ ဖော်ပြပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

**သုဒုဒ္ဒသံ သုနိပုဏံ၊**
**ယတ္ထကာမနိပါတိနံ။**

# စိတ္တံ ရက္ခေထ မေဓာဝီ၊
# စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဘိက္ခဝေ=သာသနာ့ဘောင်၌ မမွေ့လျော်၍ လူ့ဘဝသို့ ပြန်လိုလှသော အို-ချစ်သားရဟန်း....။ သုဒုဒ္ဒသံ =မြင်းမိုရ်တောင်ကြီးဖြင့် ဖုံးအုပ်ထားအပ်သော မုံညင်းစေ့ငယ်ပမာ အလွန်တရာမြင်နိုင်ခဲလှသော၊ သုနိပုဏံ= အလွန့်အလွန်သိမ်မွေ့လှသော။ ယတ္ထကာမနိပါတိနံ = အလိုရှိရာ လောကီအာရုံတို့အပေါ်၌ သင့်မသင့်ချင့်ချိန်မှုမရှိပဲ ကျရောက်လေ့ရှိသော။ စိတ္တံ=မနောဝိညာဏဓာတ်ဟူသော စိတ်ဆိုး, စိတ်မိုက်, စိတ်ရိုင်းကလေးကို။ မေဓာဝီ = ပညာရှိသူတော်ကောင်းတို့သည်။ ရက္ခေထ= ကောင်းစွာစောင့်ရှောက်ရာ၏၊ ဂုတ္တံ = ဤသို့ လုံခြုံစွာ စောင့်ရှောက်ထားအပ်သော၊ စိတ္တံ=မနောဝိညာဏဓာတ်ဟူသောစိတ်သည်။ သုခါဝဟံ=လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတိုင်အောင် ရွက်ဆောင်ပေးတတ်လေသည်၊

ဤဒေသနာတော်လဲဆုံးရော သူဌေး၊သားရဟန်းသည် ဝိပဿနာဉာဏ်တွေ အစဉ်လိုက်ထွက်ပေါ်လာပြီး သောတာပတ္တိမဂ်ဉာဏ်, သောတာပတ္တိဖိုလ်ဉာဏ်များကို ရရှိကာ အရိယာနွယ်ဝင် သောတာပန်သူတော်စင်အဖြစ်ကို ရရှိလေတော့သည်။

[ဓမ္မပဒအနုပုဗ္ဗသူဌေးသားဝတ္ထု]

ဖော်ပြပါအတိုင်း တပုဒ်,တဂါထာကို နာကြားရရုံမျှဖြင့် တရားထူးရသော ပုဂ္ဂိုလ်မျိုးသည် ပါရမီရင့်သန်လျက်ရှိသော "ဥဂ္ဃဋိတညူ"မျိုး ဖြစ်ပေသည်။ ယခုကဲ့သို့ အလျင်းသင့်တုန်းမှာ ပုဂ္ဂလပညတ်ပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်လာ ပုဂ္ဂိုလ်လေးမျိုးအကြောင်း ဖော်ပြလိုပါသည်။

## ပုဂ္ဂိုလ်လေးမျိုး

ခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနာတော်မြတ်၌ ကြုံကြိုက်ကြကုန်သော သတ္တဝါအပေါင်းတို့သည်—

၁/ ဥဂ္ဃဋိတညူပုဂ္ဂိုလ်။
၂/ ဝိပဉ္စိတညူပုဂ္ဂိုလ်။
၃/ နေယျပုဂ္ဂိုလ်။
၄/ ပဒပရမပုဂ္ဂိုလ်။

ဟူ၍ လေးမျိုးရှိကြောင်းကို ပုဂ္ဂလပညတ်ပါဠိတော် နှင့် အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ ဟောတော်မူသည်။ ထို လေးမျိုး တွင်—

## ၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်

ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်မျိုးဆိုသည်ကား သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံရ၍ တခုသောတရားဓမ္မကို ဟောကြားတော်မူရာ အကျဉ်းသခေပ,

ဥဒ္ဒေသစကား၏ အဆုံး၌ မဂ်,ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

## ၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်

ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးဆိုသည်ကား ထိုအကျဉ်းနည်းဖြင့် ဟောခဲ့ပ, ဥဒ္ဒေသမျှနှင့် မဂ်,ဖိုလ်ကို မရနိုင်သေးပဲ၊ ထိုအကျဉ်းသခဲ့ပ, ဥဒ္ဒေသကို အကျယ်ဝိတ္ထာရအားဖြင့် ဖွင့်ပြဝေဘန် ဟောတော်မူမှသာ မဂ်,ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

## ၃။ နေယျပုဂ္ဂိုလ်

နေယျပုဂ္ဂိုလ်မျိုးဆိုသည်ကား ဥဒ္ဒေသ, နိဒ္ဒေသ, အကျဉ်းအကျယ်အားဖြင့် ဟောတော်မူသော်လဲ ဒေသနာတော်အဆုံး၌ မဂ်,ဖိုလ်ကို မရနိုင်မူ၍ ထိုဒေသနာတော်ကို ကြားနာဆောင်ရွက် လေ့ကျက်မှတ်သား၍ထားပြီးလျှင် ထိုဒေသနာတော်လာရှိတိုင်းသော တရားများကို များစွာသော နေ့,ရက်,လ,နှစ် တို့ဖြင့် ကျင့်ကြံပွားများ အားထုတ်မှသာ မဂ်,ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ဤနေယျပုဂ္ဂိုလ်မျိုးသည်လဲ မိမိသန္တာန်၌ ပါရှိသော ပါရမီအနုံအရင့် အဆင့်ဆင့်သို့လိုက်၍ရင်း၊ ကျင့်ကြံအားထုတ်ရသော ကာလ အတိုအရှည်အားဖြင့် အမျိုးမျိုးရှိကြသည်၊ ခုနစ်ရက်ကျင့်ရသော ပုဂ္ဂိုလ်မျိုးမှစ၍ အနှစ်သုံးဆယ်ကျင့်ရသော ပုဂ္ဂိုလ်မျိုး, အနှစ်ခြောက်ဆယ် ကျင့်ရသော ပုဂ္ဂိုလ်မျိုးတို့ကိုဆိုသည်။

ထိုတွင် ခုနစ်ရက်ကျင့်မှုရမည့် ပုဂ္ဂိုလ်သည် ထိုခုနစ်ရက်ကို ပဌမအရွယ်, ဒုတိယအရွယ်တို့၌ ကျင့်မည်ဖြစ်အံ့ ရဟန္တာတိုင်အောင် ဖြစ်နိုင်သည်။ တတိယအရွယ်မှကျင့်ခဲ့လျှင် အောက်မဂ်,အောက်ဖိုလ်မျှကိုသာ ရောက်နိုင်သည်၊ ခုနစ်ရက်ကျင့်မှုဆိုသည်ကား အင်အားရှိသလောက် အစွမ်းကုန် ကျင့်မှုကိုဆိုသည်။ ဝီရိယယုတ်လျော့၍နေပြန်လျှင် ယုတ်လျော့မှုအားလျော်စွာ ခုနစ်လ, ခုနစ်နှစ် စသည် ရှည်လျား၍ သွားပြန်သည်။

ယခုဘဝ၌ မဂ်,ဖိုလ်ကို ရလောက်အောင် ဝီရိယထုတ်မှု မရှိပြန်လျှင် ဝီရိယလိုသည့်အတွက် ဤသာသနာတော်မှာ မကျွတ်ရပြီ၊ နောက်,နောက် ဘုရားသာသနာတော်မှာလဲ သာသနာနှင့်တွေ့ကြုံရမှ ကျွတ်နိုင်သည်၊ မတွေ့ကြုံပြန်လျှင် မကျွတ်နိုင်သေး၊ နိယတဗျာဒိတ်ရရှိသော ပုဂ္ဂိုလ်မျိုးမှသာလျှင် ပါရမီရင့်ရာဘဝတွင် ဗျာဒိတ်တော်အတိုင်း တွေ့ကြုံမှု ကျွတ်လွတ်မှု မလွဲနိုင်ရှိသည်၊ နိယတဗျာဒိတ်ရရှိသော ပုဂ္ဂိုလ်မျိုးမဟုတ်ခဲ့လျှင် ပါရမီရှိသော်လဲ ဘုရားသာသနာနှင့် တွေ့ကြုံမှုလဲ စိတ်မချရ၊ ကျွတ်လွတ်မှုလဲ စိတ်မချရသေးပေ။

## ၄။ ပဒပရမပုဂ္ဂိုလ်

ပဒပရမပုဂ္ဂိုလ်မျိုးဆိုသည်ကား ဘုရားသာသနာတော်နှင့် တွေ့ကြုံ၍ ပရိယတ်, ပဋိပတ် တရားကို ဘယ်လိုပင် အားထုတ်သော်လဲ ယခုဘဝ မဂ်,ဖိုလ်ကို မရထိုက်မူ၍ ဝါသနာဘာဂီ ပါရမီမျှကိုသာ ရထိုက်သောပုဂ္ဂိုလ်ဖြစ်ပေသည်။ ထို

ပုဂ္ဂိုလ်သည် ယခုဘဝ၌မူကား မကျွတ်နိုင်ပေ၊ သမထအလုပ် ဝိပဿနာအလုပ် လက်ရှိနှင့် သေလွန်၍ လူ့ဘဝ နတ်ဘဝ၌ ဖြစ်သည်ရှိသော် နောက်ဘဝတွင် ဤဘုရားသာသနာမှာပင် အကျွတ်တရားရနိုင်သည်။

[ဤကဲ့သို့ပုဂ္ဂိုလ်လေးမျိုးရှိကြောင်းကို ဟောတော်မူသည်]

## သူနာဥပမာပုဂ္ဂိုလ်သုံးယောက်

ယင်း ပုဂ္ဂလပညတ် နှင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ ပင်လျှင် သူနာ(၃)ယောက်ကို ဥပမာပြု၍ ပုဂ္ဂိုလ်(၃)ယောက်အား ဟောထားတော်မူပြန်သည်။

## သူနာသုံးယောက်ဆိုသည်မှာ

(၁) ဆေးဝါးကို မမှီဝဲသော်လဲ အချိန်ကျလျှင် ကောန်ရောဂါပျောက်ငြိမ်းမည့် သူနာတမျိုး။

(၂) ဘယ်လိုပင် ဆေးဝါးခါတ်စာကို မှီဝဲငြားသော်လဲ ဤအနာရောဂါမှ မထမြောက်မူ၍ ကောန်သေရမည့် သူနာတမျိုး။

(၃) မသင့်သော အရာကို ရှောင်ကြဉ်၍ ခါတ်စာ ဆေးဝါးများကို နိုင်လောက်အောင် မှီဝဲပါမူကား ဤအနာမှ ထမြောက်မည်။ မသင့်သောအရာကို မရှောင်ကြဉ်ခဲ့သော်ငြား၊ ဆေးဝါး၊ ခါတ်စာကို နိုင်လောက်အောင် မမှီဝဲခဲ့

သော်ရင်း၊ ဤအနာဖြင့်ပင် သေရမည် ဖြစ်သော သူနာတမျိုး။

ဤကား သူနာဥပမာသုံးမျိုးတည်း။

ပွင့်တော်မူပြီးသောရှေးရှေးဘုရားတို့ထံက နိယတဗျာဒိတ်ရရှိပြီးဖြစ်၍ ယခုဘဝတွင် ကေန်ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်သည် ပဌမသူနာနှင့်တူသည်။

ပဒပရမပုဂ္ဂိုလ်မျိုးသည် ဒုတိယသူနာနှင့်တူသည်၊ ဒုတိယသူနာသည် ဤရောဂါမှ ထနိုင်ဘွယ်ရာ မရှိသကဲ့သို့ ပဒပရမပုဂ္ဂိုလ်သည် ဘယ်လိုပင် အားထုတ်ငြားသော်လဲ ဤဘဝ၌ကျွတ်နိုင်ခွင့်မရှိပြီ၊ နောက်နောက်ဘဝ၌မူကား ဤဘုရားသာသနာတော်၌လဲ ကျွတ်နိုင်သည်။ နောက်နောက် ဘုရားသာသနာတော်မှာလဲ ကျွတ်နိုင်သည်။ ဆတ္တမာကာဝလုလင်ဝတ္ထု, ဖားနတ်သားဝတ္ထု, သစ္စကပရိဗိုဇ် တို့သည် နောက်ဘဝ၌ ဤဘုရားသာသနာတော်မှာပင် ကျွတ်ကြကုန်လေသည်။

နေယျပုဂ္ဂိုလ်မျိုးသည် တတိယသူနာနှင့်တူသည်၊ တတိယသူနာသည် ရောဂါပျောက်ကင်းခွင့်, ဤရောဂါနှင့်ပင် သေဆုံးခွင့် ထိုနှစ်လမ်းနှင့်ဆက်ဆံသကဲ့သို့ နေယျပုဂ္ဂိုလ်သည်လဲ ယခုဘဝ၌ ကျွတ်နိုင်ခွင့် မကျွတ်နိုင်ခွင့် နှစ်ဘက်နှင့်ဆက်ဆံလျက်ရှိသည်၊ မိမိအရွယ်ဝုဓ်ိကိုသိ၍ စွန့်ပယ်သင့်သောအရာကို စွန့်ပယ်ကာ ဆရာ ဥပနိဿယကို မှီဝဲ၍ ထက်သန်

သော လို့လဝီရိယဖြင့် စနစ်တကျ အားထုတ်နိုင်ခဲ့သည်ရှိ သော် ယခုဘဝမှာပင် တရားထူးရပြီး ကျွတ်နိုင်သည်။

အကယ်၍ မှောက်မှားသောတရားကို လိုက်စားကျင့်လွန် ခဲ့သော်ငြင်း၊ ကာမဂုဏ်တရားတို့ကို မစွန့်လွှတ်နိုင်ခဲ့သော်ငြင်း၊ စွန့်လွှတ်နိုင်ပါသော်လဲ ဥပနိဿယဆရာကောင်းကို မရလျှင် သော်ငြင်း၊ ဆရာကောင်းကိုရရှိပါသော်ငြားလဲ ဝီရိယတရား လုံလောက်စွာ အားမထုတ်နိုင်မှု၊ အားထုတ်လိုပါသော်လဲ အသက်အရွယ်ကြီးရင့်နေမှု၊ အသက်အရွယ်နုပျိုငြားသော်လဲ ဂိလာနပုဂ္ဂိုလ်ဖြစ်နေမှု အစရှိသော ချို့ယွင်းမှုများ ရှိနေပါ က, ယခုဘဝ၌ မကျွတ်လွတ်နိုင်တော့ပြီ။

## မှတ်ချက်

ယခု မျက်မှောက် ကာလ၌ တည်ရှိသော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ [တနည်း] အဓိသီလ, အဓိစိတ္တ, အဓိပညာ တည်း ဟူသော ပဋိပတ္တိကျင့်စဉ်များသည် နေယျပုဂ္ဂိုလ်နှင့် ပဒပရမ ပုဂ္ဂိုလ် နှစ်မျိုးအတွက် ထားတော်မူအပ်သော ပဋိပတ် ကျင့်စဉ်များသာ ဖြစ်ပေသည်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် အနှစ်တထောင်၏ နောက်ကာလ၌ ဤသာသနာတော်သည် နေယျပုဂ္ဂိုလ် နှင့် ပဒပရမပုဂ္ဂိုလ် နှစ်မျိုးတို့၏ ခေတ်သမယသာ ဖြစ်ပေသည်။ (ယခုအခါ၌ သာသနာတော်တွင်းမှာ ထိုပုဂ္ဂိုလ်နှစ်မျိုးသာ လျှင် ရှိကြလေတော့သည်)။

နေယျပုဂ္ဂိုလ်သည် သတိပဋ္ဌာန်တရား သမ္မပ္ပဓာန်တရား အစရှိသော "ဗောဓိပက္ခိယတရား" တို့ကို ဆရာကောင်းထံ နည်းနိဿယခံယူ၍ ကောင်းစွာ ကျင့်သုံးနိုင်ပါလျှင် ယခု ဘဝ၌ပင် သောတာပန်ဖြစ်နိုင်သည်။ အကျင့်ပေါ့လျော့ခဲ့လျှင် နောက်ဘဝ၌နတ်ပြည်သို့ ရောက်မှ သောတာပန် ဖြစ်နိုင်လေသည်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား၏
ဗောဓိပက္ခိယဒီပနီမှ

## အထူးသိသာရန်

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မြတ်စွာဘုရားသည် အနုပုဗ္ဗ သူဌေးသား ရဟန်းအား စိတ်၏သဘော, စိတ်၏ သတ္တိများကို ရှေးဦးစွာ ဟောညွှန်သည်၊ ထိုနောက် ယင်း စိတ်ကလေးကို ကောင်းစွာ ထိမ်းသိမ်းစောင့်ရှောက်ရန် "အလုပ်တရားကိုပေးသည်"၊ (ဝ၇) တဆက်တည်း ဟော ညွှန်တော်မူပေသည်၊ သူဌေးသားရဟန်း၊မှာ ပါရမီရင့်သန်မှု ရှိသော ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်ဖြစ်၍ ဒေသနာတော်အဆုံးတွင် သောတာပန်အဖြစ်သို့ ရောက်ရှိသွားလေသည်။

တဖန် ဗောဓိပက္ခိယဒီပနီ၏ ကောက်နုတ်ချက်အရ ပုဂ္ဂလ ပညတ်ပါဠိတော် နှင့် အင်္ဂုတ္တိုရ်ပါဠိတော်အရ ပုဂ္ဂိုလ်လေးမျိုး ရှိသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် အနှစ်တထောင်၏ နောက် ကာလ၌ ယခုလက်ရှိ သာသနာတော်အတွင်းမှာ နေယျ

ပုဂ္ဂိုလ်နှင့် ပဒပရမပုဂ္ဂိုလ် နှစ်မျိုးသာရှိတော့ကြောင်း ဆက်လက် ညွှန်ပြခဲ့ပေသည်။

ဆိုလိုရင်းမှာ မနေ့ဝိညာဏဓာတ်ဟူသော စိတ်ကလေးသည် ထူးခြားသော တန်ခိုးသတ္တိများရှိသည်၊ ကောင်းသည်ဘက်ကကြည့်လျှင် လူချမ်းသာ, နတ်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာထိအောင် ရွက်ဆောင်ပေးနိုင်သည်။ မကောင်းသည်ဘက်က ကြည့်လျှင် ချမ်းသာမဘက် ဆင်းရဲသက်သက်ခံစားနေကြသော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အစရှိသော အပါယ်လေးဘုံသို့လဲ ပို့ဆောင်ပေးလျက်ရှိပေသည်။

ယင်းကဲ့သို့ တန်ခိုးသတ္တိထူးများနှင့် ပြည့်စုံလျက်ရှိသော ထိုစိတ်ကလေးကို ပြုပြင်ထိမ်းသိမ်း စောင့်ရှောက်ရန်အတွက် ယခုခေတ်တွင် တရားနာကြားရုံမျှနှင့် မရနိုင်တော့ကြောင်း ရှေးဦးစွာသိထားသင့်ပေသည်၊ မိမိတို့သည် နေယျပုဂ္ဂိုလ်နှင့် ပဒပရမပုဂ္ဂိုလ် နှစ်မျိုးအနက် မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်သည်ဟု တရားမကျင့်သုံးပဲနှင့်လဲ မသိနိုင်ကြပေ၊ တရားကျင့်သုံးမှသာလျှင် ခြားနားကွဲပြားစွာ သိနိုင်ပါမည်။

ဒါကြောင့်မို့ ဆင်းရဲဒုက္ခဘေးမှ ကင်းဝေးပြီး လောကီနှင့် လောကုတ္တရာ နှစ်ဖြာသောချမ်းသာကို လိုလားတောင်းတကြကုန်သော သပ္ပုရိသန္တယ်ဝင် သူတော်စင်တို့သည် ဆရာကောင်းများထံ နည်းနိသျယကို ခံယူကြကာ ဝိပဿနာတရားများကို ကြိုးစားအားထုတ်ကြပါရန် နှိုးဆော်လိုက်ရပေသည်။

# စိတ်၏ မှီရာကိန်းရာဌာန

အထက်ဒုတိယပိုင်းအစ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ပေါ်ထွက်လာရေးအတွက် စိတ္တာနုပဿနာ လုပ်ငန်းအရ "မနောဝိညာဏဓာတ်ဟူသောစိတ်"ကို အရှုခံအာရုံအဖြစ်ထားရမည်ဟု ဖော်ပြခဲ့ပေသည်၊ ဤကဲ့သို့ စိတ်ကို အရှုခံအာရုံအဖြစ်ထားလိုပါက ရှေးဦးစွာ အောက်ပါအစီအစဉ်များကို ပြုလုပ်ရန် လိုအပ်ပေသည်။

(၁) စိတ်၏ မှီရာကိန်းရာဌာနကိုရှာရန်။
(၂) စိတ်ကိုတွေ့သိဖမ်းမိအောင် နည်းလမ်းရှာရန်။
(၃) ဖမ်းမိသောစိတ်ကို အရှုခံအာရုံအဖြစ်ထားကာ နောက်ပေါ်စိတ်က အဆက်မပြတ်လိုက်၍ ရှုမှတ်နေရန်၊ (ဝါ) ရှေ့ပေါ်စိတ်ကို နောက်ပေါ်စိတ်က အထပ်ထပ်တလဲလဲ အဆက်မပြတ် အသိကပ်ထားရန်။

နံပါတ်(၁)အစီအစဉ်အရ ရှင်တော်မြတ်ဘုရားက ဓမ္မပဒပါဠိတော်၌ စိတ်၏တည်ရာဌာနကို အောက်ပါအတိုင်း ဟောညွှန်ထားပေသည်။

ဘိက္ခဝေ=ရုပ်နာမ်အစု၌ ဘေးရန်တွေ့ဟု ရှုနိုင်ကြသော အို-ယောဂီသူတော်စင်အပေါင်းတို့...။

ဂုဟာသယံ=ဟဒယဝတ္ထုဟုဆိုအပ်သော (နှလုံးအိမ်အတွင်း၌) ကိန်းဝပ်လျက်ရှိသော၊ ဣဒံစိတ္တံ=ဤမနောဝိညာဏဓာတ်ဟူသော စိတ်ကလေးသည်။ အသရီရံ=အကောင်အထည်ဒြဗ်လုံးမရှိပါပေ။

## အဋ္ဌကထာဆရာ၏ ထောက်ခံချက်

အာရုံကို ရှေ့ရှုသွတ်တတ်သည်၏ အဖြစ်ကြောင့်ရင်း၊ အာရုံကိုရှေ့ရှုသွတ်တတ်သည်၏ အဖြစ်တည်းဟူသော အနက်ကြောင့်ရင်း၊ နာမ်(ဝါ)စိတ်မည်၏၊ ထိုနာမ်တရားကို ဉာဏ်ဖြင့် သိမ်းဆည်းပိုင်းခြား နှလုံး၌ မှတ်သားထားပြီးသည်မှ နောက်၌ နှိုင်းယှဉ်စရာ ဥပမာမည်သည်ကား။

ယောကျ်ားတယောက်သည် အိမ်၌မြွေကိုတွေ့၏၊ ထိုမြွေကို အစဉ်တစိုက်လိုက်သည်ရှိသော် [ထိုမြွေ၏အောင်းရာ]ကို မြင်ရသကဲ့သို့၊ ထို့အတူလျှင် ဤယောဂါဝစရ (ယောဂီ) ပုဂ္ဂိုလ်သည်လည်း ထိုနာမ်ကို ဉာဏ်ဖြင့်ကပ်၍ ထက်ဝန်းကျင်၌ ရှုလတ်သည်ရှိသော် ဤနာမ်သည် အဘယ်ကိုမှီ၍ ဖြစ်သနည်းဟု ထက်ဝန်းကျင်၌ ရှာလတ်သော် ထိုနာမ်၏ မှီရာဖြစ်သော "ဟဒယဝတ္ထုရုပ်"ကို မြင်ရ၏။

တဖန် အဋ္ဌကထာဆရာက အောက်ပါအတိုင်း ဆက်လက်ဖွင့်ဆိုပြန်သည်မှာ အတိတ်ကဖြစ်ပြီးသောစိတ်ကို တဖန်ပြန်၍ အောက်မေ့ကြံစည်ကာ ကြည့်သည်ရှိသော် တဖန်အသစ်ပြန်၍ ဖြစ်ပြန်၏။ ထိုသို့သိသောအခါ မနောဝိညာဏ်စိတ်သည် နာမ်၊ အတိတ်ကဖြစ်ခဲ့သောစိတ်သည်လဲ နာမ် ဟူ၍ ဤကဲ့သို့ (နှလုံးအိမ်အတွင်းက) နာမ်တရားနှစ်ပါး ထွက်ပေါ်၍လာလေ၏။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာဘာသာပြန်မှ]

# ဆိုလိုသည်မှာ

အလွန်သိမ်မွေ့နူးညံ့လှသော သာမန်မျက်စိဖြင့် မြင်နိုင်ခဲလှစွာသော ဤမနောဝိညာဏဓာတ်ဟူသော စိတ်ကလေးသည် တန်ခိုးသတ္တိထူးများနှင့်ပြည့်စုံသည်။ ယင်း တန်ခိုးရှင် စိတ်ကလေးအတွက် "ကံ"ပိသုကာဆရာကြီးက ကောင်းနိုးရာရာ ပစ္စည်းအမျိုးပေါင်း [သုံးဆယ့်နှစ်မျိုး] ပါဝင်သော ခန္ဓာအိမ်ကြီးကို အဆန်းတကြယ် စီမံဆောက်လုပ်ထားလေသည်။ တန်ခိုးရှင် စိတ်ကလေးသည် ထိုခန္ဓာအိမ်ကြီး၏ အလယ်ဗဟိုဖြစ်သော ဟဒယဝတ္ထု ခေါ် အခန်းတွင်း၌နေသည်ဟု မြတ်စွာဘုရားနှင့် အဋ္ဌကထာဆရာတော်တို့က ဟောညွှန်မိန့်ကြားခဲ့ပေသည်။

အထက်ဖော်ပြပါ ဒေသနာတော်အထောက်အထားများအရ နံပါတ်(၁)စိတ်၏ မှီရာကိန်းရာဌာနသည် ဟဒယဝတ္ထုခေါ် နှလုံးအိမ်ဖြစ်ကြောင်း သိရှိရပေပြီ၊ နံပါတ်(၂)အရ စိတ်ကို တွေ့သိအောင် ဖမ်းဆီးရမိအောင် ဆောင်ရွက်ရန် ကျန်သေးသည်။

## စိတ်ကိုဖမ်းဆီးရမိရန် သဲလွန်စများ

[၁] နှလုံးနားမှာ၊ စိတ်ကိုရှာ၊ တွေ့လာမနောမှု။
ထပ်ကာထပ်ကာ၊ ရှုကြည့်ပါ၊ တွေ့ရာသွားလာပြု။
အာရုံခြောက်ချက်၊ စိတ်နှင့်ဆက်၊ ဝင်ထွက်အစုစု၊

ပင့်ကူအိမ်လယ်၊ နေသည့်နှယ်၊ ဆက်သွယ်မြင်တန်းမှု။
ရှုလျက်နေလျှင်၊ စိတ်ဖြစ်အင်၊ ထင်ထင်ကွဲပြားပြု။
[ကျေးဂူးရှင်သံလျင်တောရဆရာတော်ဘုရား]

၂ ကိုယ်ကောင်တောင်ပို့၊ မချို့တူစွာ၊ ဒွါရခြောက်ပါး၊
ပေါက်များပမာ၊ စိတ်နှင့်ဖွတ်ကား၊ အလားတူစွာ၊
ယောဂီများ၊ ဖမ်းသမား၊ တူလှပါ။
(ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရား)

## ထေရဂါထာပါဠိတော်လာ မျောက်မိုက်ဥပမာ

မက္ကဋော ပဉ္စဒွါရာယံ၊ ကုဋိကာယံ ပသက္ကိယ။
ဒွါရေန အနုပရိယေတိ၊ ဃဋ္ဋယန္တော မုဟုံမုဟုံ။

မက္ကဋော=စိတ်တည်းဟူသောမျောက်မိုက်သည်၊ ပဉ္စဒွါရာယံ=စက္ခု,သောတ, စသည်ငါးပါး အကြည်မှန်တံခါးရှိထသော၊ ကုဋိကာယံ=ကံလက်သမား ဆောက်လုပ်ထားဘိ ရုပ်ကုဋိ၌။ ပသက္ကိယ=ဥရမဗ္ဗေ လယ်ချက်ဘေ့ဝယ် သက်ဝင်တွယ်၍။ မုဟုံမုဟုံ=လျင်စွာလျင်စွာ။ ဃဋ္ဋယန္တော=လှုပ်ရှား၊ကြွကြွ အားယူဆလျက်။ ဒွါရေန=စက္ခု,သောတ စသည်ငါးပါး မှန်တံခါးဖြင့်၊ အနုပရိယေတိ=မရပ်မတည် လှည့်လည်ပြေးသွား နေလေ၏။

တိဋ္ဌ မက္ကဋ္ဌ မာဓာဝိ၊ န ဟိတေ တွံ ယထာပုရေ။
နိဂ္ဂဟိတောသိ ပညာယ၊ နေဝ ဒူရံ ဂမိဿသိ။

မက္ကဋ္ဌ=မရပ်မတည် လှည့်လည်ပြေးသွားသော ဟယ်မျောက်မိုက်။ တိဋ္ဌ=ရပ်ဘိလော့။ မာဓာဝိ=မပြေးလင့်။ တေ = သင့်အား။ ပုရေယထာ = ရှေးအခါ၌ကဲ့သို့။ နဟိ=မဟုတ်ပြီ။ ဒါနိ=ယခု။ တွံ=သင်သည်။ ပညာယ =ပညာတည်းဟူသော တံဖျာကြိမ်လုံးဖြင့်။ နိဂ္ဂဟိတော= ငါနှိပ်ကွပ်ဆုံးမအပ်ပြီးသည်။ အသိ=ဖြစ်လတ်ပြီ။ တွံ= မရပ်မနား လှည့်လည်ပြေးသွားသော သင်မျောက်မိုက်သည်။ ဒူရံ=ငါးဖြာအာရုံ ကာမဂုဏ်တည်းဟူသောခရီးဝေးတို့။ နေဝဂမိဿသိ = မသွားရတော့သည်သာလျှင်တည်း။

သကျျတောင်ဆရာတော်ဘုရား၏
ပဋ္ဌာဝိတဝေဒနီယဒီပနီမှ

## ထပ်မံရှင်းလင်းချက်

အမှတ်(၁) သံလျင်တောရဆရာတော်ဘုရား၏ ဆောင်ပုဒ်လင်္ကာအရ အဋ္ဌကထာ ဆရာ များ ဖွင့်ဆိုချက်နှင့် အညီ ဟာဒယဝတ္ထုကို ပင့်ကူအိမ်အနေနှင့်ရင်း၊ စိတ်ကို ပင့်ကူ အနေနှင့်ရင်း ဥပမာပေးထားလေသည်။ အာရုံခြောက်ပါးနှင့်စိတ် ဆက်သွယ်လျက်ရှိသည်၊ ယင်း ဟာဒယဝတ္ထု နှလုံးအိမ်ရှေ့မှာ အဆက်မပြတ် အထပ်ထပ် စောင့်ကြည့်နေလျှင် စိတ်ကိုဖမ်းဆီးရမိနိုင်သည်ဟု မိန့်ဆိုထားပေသည်။

အမှတ်[၂] ခန္တီးဆရာတော်ဘုရား၏ ဆောင်ပုဒ်လင်္ကာ အရမှာ ဓမ္မပဒလာ ပေါဋ္ဌိလဝတ္ထု ဖွတ်ဖမ်းဥပမာကို ပေး ထားခြင်းဖြစ်ပေသည်။ အ ပေါက် ခြောက် ပေါက် ရှိ သော တောင်ပို့ကြီးထဲ၌ ခိုအောင်းလျက်ရှိတဲ့ ဖွတ်သတ္တဝါကောင် ကို အမိအရ ဖမ်းလိုသောသူသည် အပေါက်ငါးပေါက်ကို လုံခြုံအောင် ပိတ်ဆို့ထားရသည်၊ ကျန်တပေါက်က စောင့်ဖမ်းလျှင် ဖွတ်ကောင်ကို အသေအချာမိနိုင်သည်။ ထို ဥပမာနည်းတူ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,မနော အစရှိသော တံခါးခြောက်ပေါက်ရှိတဲ့ ခန္ဓာအိမ်ကြီးကို အမှီ ပြုပြီး အကြောင်းအစးလျော်စွာ ဖြစ်ပေါ်သော အာရုံ ခြောက်ပါး "အာရုံငါးပါး"အပေါ်၌ မွေ့လျော်ပျော်ပါး လျက်ရှိသော စိတ်မိုက်စိတ်ရိုင်းသည် ဟာဒယဝတ္ထုခေါ် နှလုံး အိမ်၌ ခိုအောင်းလျက်ရှိသည်။

ယင်း စိတ်မိုက်,စိတ်ရိုင်းကို အမိအရ လက်ဆုပ်လက်ကိုင် ဖမ်းဆီးရမိလိုလျှင် ဖေါ်ပြပါ တံခါးခြောက်ပေါက် ရှိသည့် အနက် မနောတပေါက်သာ ချန်ထားပြီး ကျန်ငါးပေါက် ကို လုံခြုံအောင် ပိတ်ဆို့ထားရန်ဖြစ်သည်။ [ဝါ] တံခါး ငါးပေါက်မှ အကြောင်းအားလျော်စွာ ဝင်လာလေ့ရှိသော "အာရုံငါးပါး"ကို အာရုံမပြုပဲ မစဉ်းစားမဆင်ခြင်ပဲ, နှလုံး သွင်းမှု မပြုပဲ ဣန္ဒြေငါးပါး ဗိုလ်ငါးပါးနှင့် ပိတ်ဆို့ထား ကာ မနောပေါက်က ဇွဲလုံ့လ ရှိရှိဖြင့် စောင့်ဖမ်းလျှင် စိတ်မိုက် စိတ်ရိုင်းကို အသေအချာမိနိုင်ဟု ဆိုလိုခြင်းဖြစ် ပေသည်။

အမှတ်(၃) သေကျွတောင် ဆရာတော်ဘုရားက ထေရဂါထာ ပါဠိတော်၌လာသော မျောက်မိုက် ဥပမာပေး၍ သက်သေထုတ်ပြထားသည်။ မျောက်မိုက်နှင့်တူသော စိတ်ကလေးသည်တံခါးငါးပေါက်ရှိသောအိမ်၏ အလယ်ဗဟို၌နေသည်၊ထိုမျောက်ကလေးသည်မိမိတည်ရာဌာနအလယ်ချက်မ၌ အငြိမ်မနေပဲ အာရုံငါးပါးရှိရာသို့ တံခါးငါးပေါက်မှ မရပ်မနား ပြေးလွှားကာ မြူးထူးပျော်ပါး နေလေ့ရှိသည်။

ယခုအခါ တံခါးငါးပေါက်မှ ထွက်ကာ, ကာမဂုဏ်အာရုံငါးပါးကို မရပ်မနား ခံစားလေ့ရှိသော မျောက်မိုက်နှင့်တူသည့် စိတ်ရိုင်းကလေးကို ပေါက်လွတ်ပဲစား အလွတ်မထားတော့ပဲ သတိပဋ္ဌာန်တရား နှင့် ဆုံးမတော့မည် ဖြစ်ကြောင်း မိန့်ဆိုထားလေသည်။

နံပါတ်(၂) အစီအစဉ်အရ စိတ်ကိုဖမ်းဆီးတွေ့သိနိုင်ရေးအတွက် အထက်ဖော်ပြပါ ဒေသနာတော် အထောက်အထားနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများ၏ လက်တွေ့လုပ်ငန်း ဟောညွှန်ချက်များအရ စိတ်-ခေါ် မနောဝိညာဏဓာတ်ကို နှလုံးအိမ်ရှေ့က စောင့်ဖမ်းရန် တညီတညွတ်တည်း လက်ခံထားကြပေသည်၊ ယင်းစိတ်ကလေးအား ဖမ်းဆီးရမိရန်အတွက် နှလုံးအိမ်ကိုပဲ အကြောင်းခံရပေမည်။ (ဝါ) ရှုကွက်အဖြစ် နှလုံးအိမ်ကို အကြောင်းပြုရပေမည်။

## မသဲမကွဲမိုးဖွဲနှင်းမှုံ-စိတ်ဖြစ်ပုံ

အစွမ်းသတ္တိထူးရှိသော မနောဝိညာဏဓာတ်(ဝါ)စိတ်ကို ဖမ်းဆီးရမိပြီး အသုံးချနိုင်ရေးအတွက် အထက်က ဖော်ပြခဲ့သော ရုပ်ကမ္မဋ္ဌာန်း အရှုခံဓာတ်ကြီးလေးပါးကိုရင်း၊ ၃-ပါး ၂-ပါးကိုရင်း၊ ၁-ပါးကိုရင်း ရှုပွား၍ ရုပ်တရား၏ ဖြစ်မှု ပျက်မှု အနိစ္စသဘောကို ဝိပဿနာညာဏ်ဖြင့် တွေ့သိပြီးသော ယောဂီဖြစ်ရပါမည်။ အဖြစ်အပျက်လက္ခဏာ ၅-မျိုး ၆-မျိုး ရှိသည့်အနက် အားလုံးကိုသော်ရင်း၊ ၁-မျိုး ၂-မျိုးကိုသော်ရင်း တွေ့သိထားရန် ဖြစ်ပေသည်။

ယင်းကဲ့သို့ ရုပ်တရား၏ အဖြစ်အပျက်သဘောကို တွေ့သိပြီးသော ယောဂီသည် မိမိ၏နှလုံးအိမ်ရှေ့ တမိုက်ခန့် အကွာတွင် သတိရှေ့ဆောင်ကာ "မှိတ်မျက်စိဖြင့်" စောင့်ကြည့်နေရပါမည်၊ [ပထမနေဝင်မိုးချုပ်အချိန်]ကဲ့သို့တွေ့ရမည်၊ ဆက်လက်၍သတိမပြတ် ရှုမှတ်နေသည်ရှိသော် [ဒုတိယ အာရုံမိုးသောက်အချိန်]ကဲ့သို့ တွေ့သိရမည်၊ မသဲမကွဲမိုးဖွဲကလေးတွေ ကျနေသကဲ့သို့ရင်း၊ နှင်းမှုံကလေးတွေ တဖွားဖွားကျနေသကဲ့သို့ရင်း တွေ့ရတတ်ပေသည်။

ဆက်လက်၍ ယောဂီသည် (ရေကတွတ်ပေါက်က ငါးကောက်သော ဗျိုင်း)ကဲ့သို့ လွန်ပြီးသော ငါးနောက်သို့လဲ မလိုက်, မရောက်လာသေးသော ငါးကိုလဲမမျှော်ပဲ, မိမိရှေ့မှောက်သို့ ရောက်ရှိလာသော ငါးကိုသာ မလွတ်တမ်း ကောက်ယူသည့်နည်းတူ၊ ယောဂီဟာလဲ သတိမပြတ် အသိ

ကပ်ပြီး ပစ္စုပ္ပန်တဲ့တဲ့ နှလုံးအိမ်ရှေ့တွင် စောင့်ကြည့်နေသည်ရှိသော် (တတိယနေ့ထွက်ခါစအချိန်)ကဲ့သို့ တွေ့သိလာပြန်သည်၊ ဤသည်ကို ဆက်လက်ရှုပွားလျက်ရှိစဉ် တခါတရံ တိမ်တောင်တိမ်လိပ်ပမာ ပေါ်လာလိုက်,ပျောက်သွားလိုက် [သို့မဟုတ်] မီးခိုးတွေ, တောင်ခိုး တောင်ငွေ့တွေ ပမာ ပေါ်လာလိုက် လွင့်ပျောက်သွားလိုက် ဖြစ်နေသည်ကိုလဲ တွေ့ရတတ်ပေသည်။

ယင်းအခြေအနေသို့ ရောက်ရှိလာသောအခါ အောက်ဖော်ပြပါ (မန်လည်ဆရာတော်ဘုရား၏ မာဃဒေဝလင်္ကာနှင့် ကိုက်ညီတော့သည်)။

> ဤသင်္ခါရ၊ ကိုယ်ကစ၍၊ ဝဋ္ဋနိဿိ၊ လောကီကြိုးခက်၊ တိုးမနက်ဘူး၊ အိမ်မက်အလား၊ အငှါးဥစ္စာ၊ သူ့ဟာတမျှ၊ စိုးမရတည်း၊ ခန္ဓာမီးခိုး၊ တိမ်ရုပ်မျိုးကား၊ အစိုးမရ၊ တခဏတည်း။ ။

## အဓိပ္ပါယ်

သင်္ခါရတည်းဟူသော ဤ ရုပ်,နာမ်,ဓမ္မ အဝဝတို့သည် အမှန်တကယ်မရှိသော အိမ်မက်နှင့်ပမာတူသည်၊ ခေတ္တခဏ ငှါးရမ်း၍ထားသော သူတပါးပိုင် ပစ္စည်းဥစ္စာနှင့်တူသည်။ တိမ်ရုပ်, မီးခိုးရုပ်ကဲ့သို့ပင် ယခု-ဆင်, ခဏနေ-ကျား, အတော်ကြာ-နဂါး စသည်ဖြင့် ခိုင်မာခြင်းသဘောမရှိပဲ ပြောင်းလဲတတ်သောသဘောရှိကြောင်း ဆရာတော်ဘုရားက စပ်ဆိုထားပေသည်။

## အထူးသိသာရန်

ယောဂီသည် အထက်က ဖော်ပြပြီးခဲ့သည့်အတိုင်း ရုပ်ကမ္မဋ္ဌာန်း ခေတ်တပါးတပါးကို အရှုခံအဖြစ်ထားကာ ရှုပွားခဲ့စဉ်ကပင် ဉဒယဗ္ဗယဉာဏ်တည်းဟူသော ရုပ်တရား၏ ဖြစ်မှု, ပျက်မှု ရှုဉာဏ်ကို ရရှိခဲ့ပြီးဖြစ်ပေသည်၊ ယင်းသို့ ရုပ်တရား၏ ဝိပဿနာရှုဉာဏ် အထောက်အကူကို ရရှိခဲ့သောကြောင့် ယခု "နာမ်တရား {ဝါ} စိတ္တာနုပဿနာ"ကို ရှုပွားသောအခါမှာလဲ နာမ်တရား၏ ဖြစ်မှု,ပျက်မှု ဉဒယဗ္ဗယဉာဏ်ကပင် စတင်တွေ့သိခြင်းဖြစ်ပေသည်၊ (ဝါ) ဉဒယဗ္ဗယဉာဏ် ဝင်လာတော့သည်။

## ငြိမ်လှုပ်လွင့်ခုံစိတ်ဖြစ်ပုံ

ယောဂီနှလုံးအိမ်ရှေ့ ရှုကွက်တွင် တွေ့ရှိထားသော "အရှုခံအာရုံ ရှေ့ပေါ်စိတ်"ကို နောက်ပေါ် သိစိတ်က အဆက်မပြတ် အထပ်ထပ် ရှုပွားပြန်သည်ရှိသော် နေထွက်ခါစအချိန်မှ တဆင့်တက်ကာ {စတုတ္ထ နေမွန်းတည့်ချိန်}ကို တွေ့သိလာရပေသည်။ ယင်းကဲ့သို့ ဖြစ်ပေါ်လာသော နာမ်တရား (ဝါ) စိတ်ကလေးဟာလဲ ခိုင်မာတောင့်တင်းသော သဘောမရှိပဲ မီးရှူးမီးပန်းများ လောင်ကျွမ်း၍ မီးပွားကလေးများ တဖွားဖွား ပန်းထွက်လာတော့သလို တွေ့ရပေသည်၊ ထိုသို့တွေ့မြင်သိရှိမှုကို ဒွေသနာတော်အရ ဘင်္ဂဉာဏ် ဝင်လာသည်ဟု ဆိုပေသည်။

ဖော်ပြပါအတိုင်း ရှေ့ပေါ် အရှုခံအာရုံစိတ်ကို နောက်ပေါ်အသိစိတ် (ဝါ) အာရမ္မဏိကစိတ်က မျက်ခြေမပြတ် သတိကပ်ပြီး အထပ်ထပ်ရှုပွားပြန်သည်ရှိသော် ရှေ့စိတ်သည် တလှစ်လှစ်နှင့် ပေါ်လိုက် ပျောက်လိုက်နေရာမှ အပေါ်ကို မတွေ့သိရတော့ပဲ "တံလျှပ်"ကဲ့သို့ တဖြတ်ဖြတ် ပျက်နေပြိုနေမှုကိုသာ တွေ့ရသောကြောင့် မှီခိုအားထားရာကို ရှာမတွေ့တော့ပဲ ထိတ်လန့်မှု, စိုးရွံ့မှု, အပြစ်မြင်မှု, မသာယာမှု, မပျော်မွေ့မှု, ငြီးငွေ့မှုတို့သည် ဆက်တိုက်လိုလို ပေါ်လာတော့သည်။ (ဝါ) ဝိပဿနာဉာဏ်စဉ်များ၊ အစဉ်အတိုင်း တက်လာတော့သည်။

ယောဂီသည် ယင်းသို့သော ခံစားမှုအဝဝတို့မှ လွတ်လိုမှု လွတ်ရာလွတ်ကြောင်းအတွက် ဆင်ခြင်သုံးသပ်မှု ဖရိုဖရဲပြန့်ကြဲလျက်ရှိသော အရှုခံအာရုံစိတ်အား နောက်ပေါ်သိစိတ်က လှုပ်ရှားမှုကို ငြိမ်သက်လာစေရန် ထိမ်းပေးနေသလိုလဲ ဖြစ်လာလေသည်၊ ယင်းသို့ ဖြစ်ပေါ်လာမှုအစုံစုံကို မည်သူတစုံတဦးကမျှ ပြုလုပ်ပေးရခြင်းမရှိပဲ {ဓမ္မနိယာမ}အရ သူ့သဘာဝအရ ဖြစ်ပေါ်လာသည်ကို ဒေသနာတော်အရ ဘင်္ဂဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် နှင့် သင်္ခါရုပေက္ခာဉာဏ်ဟု အသီးသီးခေါ်ကြပေသည်။

ယင်းအခြေအနေမျိုးသို့ ရောက်ရှိ တွေ့သိလာသောအခါ အောက်ဖော်ပြပါ အာဂမယုတ္တိများနှင့်လဲ ကိုက်ညီလာတော့သည်။

ငြိမ်လှုပ်လှင့်ခုံ၊ စိတ်ဖြစ်ပုံ၊ မြင်တုံ အစုံစုံ။
မြင်လာစိတ်တွေ၊ ပျက်ပြိုနေ၊ မှန်ပေဉာဏ်မြင်မှု။
ပျက်မှုမျှသာ၊ မြင်နေလာ၊ မကြာမိုငြိမ်းရာလု။
နာမ်ပျက်ချုပ်ရာ၊ နိဗ္ဗာန်၊ ငြိမ်းစွာသန္တိမှု။
(ကျေးဇူးရှင်သံလျင်တောရဆရာတော်ဘုရား)

ရုပ်,နာမ်နှစ်ပါး ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ဤလက္ခဏာ ဝဝတ္ထာန, ဝါရဖြင့် နေ့ရက်များစွာ အခါခါသုံးသပ်၍ ဥပမာငါးမျိုးတို့တွင် တပါးတပါးသို့ အဒ္ဓါန, ကာလတို့ကို မသုတ်သင်ရပဲနှင့် သက်သည်ဖြစ်စေ၊ (သို့မဟုတ်) နှစ်ပါးသုံးပါးစသည်သို့ သက်၍နေမှု မိမိနှလုံးအိမ်၏ လက်ရှစ်သစ်ခန့်အခွန့်၌ ရုပ်လျက် နေ့ရက်များစွာကြည့်ရှု၍ငင်း၊ (မွန်းတည့်, နေဝင်, ညဦး, မိုးသောက်) ကာလတို့၌ ရသော အာရုံကိုမလွတ်မှု၍ အားထုတ်ခဲ့လျှင် တပါးတပါး၌ ရမြဲတည်း။

ထိုသို့ရပြီးသော ဥပမာအာကာရကို မလွတ်စေမူ၍ ဖြစ်ခြင်း ပျက်ခြင်းတို့ကို ဥဒယ,ဝယသို့သက်၍ အထက်ဝိပဿနာဉာဏ်, မဂ်ဉာဏ်သို့တိုင်အောင် အားထုတ်ရမည်။

ရွှေသိမ်တော်ဆရာတော်ဘုရား၏
ယောဂီပါရဂူကျမ်း (၂၀၇) မှ

(ဥပမာငါးမျိုးတွင်ဆိုသည်မှာ အထက် ရုပ်ကမ္မဋ္ဌာန်းတွင် ဖော်ပြထားသည်)။

# မူလပင်ကိုယ်စိတ်သည် ထွန်းလင်းတောက်ပသည်

ယောဂီသူတော်စင်သည် အထက်ဖော်ပြပါအတိုင်း ရှုကွက်,အရှုခံ မှန်ကန်စွာဖြင့် ရှေ့ပေါ်စိတ်ကို နောက်ပေါ်စိတ်က သတိမပြတ် အသိကပ်ပြီး နေ့ရက်များစွာ ရှုပွားဖန်များလာသော် နှလုံးအိမ်ရှေ့ရှိ နာမ်ပျက်ကလေးသည် တဖြေးဖြေးနူးညံ့ သိမ်မွေ့လာတော့သည်၊ ယခင်ရှုပွားကာစကကဲ့သို့ တိမ်လိပ်,မီးခိုး,နှင်းမှုံ,မိုးဖွဲ,အညို အမဲတွေလဲ တစတစပါးလာတော့သည်၊ ပါးရာမှတဆင့် ပျောက်ပျောက်လာတော့သည်၊ နာမ်ပျက်ကလေးဟာလဲ သိကာမျှ သိကာမျှအနေကိုသာ သိတွေ့နေရလေတော့သည်၊ ရှုကွက်အတွင်းရှိ နာမ်ကလေးဟာလဲ ရှုရင်း,ရှုရင်း တဖြေးဖြေး လင်း၍ လင်း၍ လာတော့သည်။

ခန္ဓာကိုယ်ကြီးကို ပြန်ကြည့်တော့လဲ ကိုယ်လက်အင်္ဂါကြီးငယ်တို့ ဘာမျှမရှိတော့ပဲ ဆိတ်သုဉ်းနေတော့သည်။ စက္ကူမီးပုံးပျံများကို လွှတ်ရန်အတွက် မှိုင်းတိုက်ပေးလျက်ရှိသောအခါ မီးပုံးပျံသည် အထက်သို့တက်ရန် အားယူနေသကဲ့သို့ မိမိခန္ဓာကိုယ်ဟာလဲ တကိုယ်လုံးပေါ့ပါးလျက်ရှိပြီး အထက်သို့တက်ရန် ရှန်းကန်အားယူနေသကဲ့သို့ ထင်လာပေတော့သည်၊ မိမိအား အစဉ်တစိုက် နောက်ကလိုက်ပြီး နှိပ်စက်လျက်ရှိသော လောဘ, ဒေါသ, မောဟ တည်းဟူသော ကိလေသာကပေးသည့်ဒုက္ခမှလဲ ယာယီအားဖြင့် လွှတ်ကင်း

နေလေသည်၊ သို့သော် ခန္ဓာကပေးလျက်ရှိသော [သင်္ခါရ ဒုက္ခ ခေါ် နာမ်ပျက်] ကလေးကတော့ သိကာမျှ,သိကာမျှ အနေ ကျန်နေပေသေးသည်။ (ဝါ) မပြတ်အနိစ္စသဘော ပြနေသည်။

ယင်းသို့ သိကာမျှအနေ သိကာမျှအနေ လိုက်၍လိုက်၍ တွေ့သိနေသော မနောဝိညာဏဓာတ် ခေါ် စိတ်, (ဝါ) နာမ်ကလေးသည် တဖြေးဖြေး သန့်ရှင်းစင်ကြယ်လာတော့ သည်၊ လင်းရာမှတဆင့် ထွန်းလင်းလာ တောက်ပလာတော့ သည်၊ ယခင်ကအရှုခံအာရုံအပေါ်၌ တွေ့သိလျက်ရှိသော ထိတ်လန့်မှု, အပြစ်မြင်မှု, မသာယာမှု, ငြီးငွေ့မှု တို့ဟာလဲ တစတစ ပျက်လာပြယ်လာ လျော့နည်းလာတော့ကာ သင်္ခါရတရားတို့အပေါ်၌ ဥပေက္ခာပြုလာတော့သည်၊ ဖော် ပြပါ အခြေအနေသို့ သက်ဝင်လာသော ယောဂီသူတော်စင် သည် အောက်ပါ ဒေသနာတော်များနှင့် ကိုက်ညီလာပေ တော့သည်။

## ၁။ မြတ်စွာဘုရားဟောဒေသနာတော်ယုတ္တိ

ပဘာဿရ မိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာ- ဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ တံ အသု တဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ။

ဘိက္ခဝေ = ရုပ်နာမ်အစု၌ ဘေးရန်တွေ့ဟု ရှုနိုင်ကြ သော အို-ယောဂီသူတော်စင်အပေါင်းတို့....။

သတ္တဝါတို့၏ ဘဝင်စိတ်သက်သက်သည် စင်ကြယ်တောက်ပနေ၏၊ (ဝါ) စင်ကြယ်တောက်ပလျက်ရှိသောသဘောရှိ၏။ ၎င်းစင်ကြယ်တောက်ပသော ဘဝင်စိတ်သည် ယာယီအားဖြင့် ပေါ်လာတတ်သော "ကိလေသာ"တရားတို့ကြောင့် ညစ်နွမ်းသွားလေ့ရှိ၏၊ (ဝါ) စင်ကြယ်တောက်ပမှု ပျောက်ကွယ်သွားတော့၏။

၎င်းသဘောကို (ဝါ) ၎င်းဘဝင်စိတ်သက်သက်သည် စင်ကြယ်တောက်ပတတ်၍ "ကိလေသာတရား"တို့ ယာယီလွှမ်းမိုးလာမှသာလျှင် မတောက်ပနိုင်ပဲ ညှိုးမဲ့ညစ်နွမ်းသွားတတ်သည်ဟူသော ဓမ္မသဘာဝအမှန်ကို "သုတပညာနည်းပါးသော" (ဝါ) သုတကင်း၍ ကိလေသာထူပြောသော ပုထုဇဉ်တို့သည် ဟုတ်တိုင်းမှန်ရာကို မသိတတ်ပေ၊ (ဝါ) သိတတ်သော ပညာမျိုး မရှိပေ။

**၂။ ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဝိပ္ပမုတ္တံ၊ တံ သုတဝါ အရိယသာဝကော ယထာဘူတံ ပဇာနာတိ။**

ဘိက္ခဝေ = အို-ယောဂီသူတော်စင်အပေါင်းတို့....။

သတ္တဝါတို့၏ ဘဝင်စိတ်သက်သက်သည် စင်ကြယ်တောက်ပနေပေ၏၊ (ဝါ) စင်ကြယ်တောက်ပသောသဘောရှိပေ၏၊ ၎င်းစင်ကြယ်တောက်ပနေသော ဘဝင်စိတ်သည်

ယာယီအားဖြင့် ပေါ်လာတတ်သော "ကိလေသာတရား" တို့မှ ကင်းလွတ်သော အခိုက်အတန့် ဘဝင်စိတ်ဖြစ်နေဆဲ အချိန်မှာသာလျှင် ထွန်းလင်းတောက်ပနိုင်ပေ၏။

၎င်းသဘောကို[ဝါ]ယင်းစိတ်၏မူလသဘာဝကို အကြား အမြင် ဗဟုသုတများသော "အရိယာနွယ်ဝင် ယောဂီ သူတော်စင်" များသာလျှင် ဟုတ်မှန်သည့်အတိုင်း (ဝါ) ဟုတ်တိုင်းမှန်ရာကို ဝိပဿနာဉာဏ်ပညာဖြင့်သာလျှင် တွေ့သိ နိုင်ပေသည်။

[ကောက်နုတ်ရပါဠိတော်မှ]

## ၃။ မြတ်စွာဘုရားဟော

ဤသို့တည်ကြည်သောစိတ်သည် [စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, အညစ်အကြေးမရှိလတ်သော်] ညစ်ညူး ခြင်း ကင်းလတ်သော်, ပြုပြင်ခြင်းငှါသင့်လျော်လတ်သော်, တည်တံ့လတ်သော်, မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော်, ထိုရဟန်းသည် ဝိပဿနာဉာဏ်အမြင်အလို့ငှါ စိတ်ကိုရှေ့ရှု ပို့ဆောင်၏ ရှေ့ရှုညွှတ်စေ၏။

အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်ကျမ်းဦးမှတ်ဘွယ်မှ

## ၄။ မြတ်စွာဘုရားဟောမှ

"ဖေဏုပမံ ကာယမိမံ ဝိဒိတွာ
မရီစိဓမ္မံ အဘိသမ္ဗုဓာနော"

ရုပ်ခန္ဓာကို ရေမြှုပ်စိုင် ရေမြှုပ်ခဲကဲ့သို့၎င်း၊ နာမ်ခန္ဓာကို တံလျှပ်မြှင် တံလျှပ်ရောင်ကဲ့သို့၎င်း ဉာဏ်ဖြင့်ထင်မြင်တွေ့သိ

နိုင်ခဲ့သည်ရှိသော် သေမင်းမမြင်နိုင်သောနိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သည်။

(ဓမ္မပဒပါဠိတော်)

## ၅။ ရဟန္တာအရှင်မြတ်ဟော

နိဗ္ဗာန်ကို မနောဝိညာဏဓာတ်ဖြင့်သာ သိအပ်၏၊ (ဝါ) မနောဝိညာဏ်ဖြင့်သာ သိအပ်၏၊ [အထူးသဖြင့် စင်ကြယ်သော, မွန်မြတ်သော, ဖြောင့်မတ်သော, ကမ္မာဝရဏ စသည် အပိတ်အပင်ကင်းသော, ကစမဂုဏ် အာမိသ ကင်းသော စိတ်ဖြင့်] ကောင်းစွာကျင့်သော အရိယာသာဝကသည် နိဗ္ဗာန်ကို မြင်ရ၏။

{မိလိန္ဒပဉ္စာမြန်မာပြန်မှ}

~~~~~~~~~~

## အာဂမယုတ္တိအထောက်အထားများ

## ၁။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား၏ ဒီပနီပေါင်းချုပ်မှ

ထိုဟဒယဝတ္ထုရုပ်အစုသည် နှလုံးသွေးမှာ လှိုင်းစီး၍နေ၏၊ မနောဝိညာဏ်ဟူသည် ထိုဟဒယဝတ္ထုရုပ်အပေါ်၌ တဖွားဖွားဖြစ်ပေါ်နေ၏။ ပြိုးပြိုးပြက်, ရိုးရိုးရက် တလက်လက် တလင်းလင်း နေ၏၊ "ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ" ဟူ၍၎င်း၊ "ပဏ္ဍရံ စိတ္တံ"ဟူ၍၎င်း မြတ်စွာဘုရားဟောတော်မူပေ၏။
~~~~~~~~~~

ဘိက္ခဝေ = ရဟန်းတို့၊ ဣဒံစိတ္တံ = ဤစိတ်ဝိညာဏ် မည်သည်၊ ပဘဿရံ=ပြိုးပြိုးပြက်, ရိုးရိုးရက်, တလက် လက်, တလင်းလင်းနေ၏။ စိတ္တံ=စိတ်ဝိညာဏ်သည်၊ ပဏ္ဍရံ=ဆွတ်ဆွတ်ဖြူနေ၏။

မျက်မြင်မျိုးမဟုတ် ဉာဏ်မြင်မျိုးပေတည်း၊ မျက်မြင် မျိုး အသွင်မှန်၍ ဉာဏ်မျက်စိဖြင့် ကြည့်သော်လဲ ကိစ္စ မရှိ၊ "ဝိဇ္ဇုပ္ပါဒါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိစ"ဟူသည် နှင့်အညီ လျှပ်၏ဖြစ်ခြင်းပျက်ခြင်း မြန်သကဲ့သို့ထင်မြင်၍ ဥဒယစွန်း, ဝယစွန်း ဤအစွန်းနှစ်ခုကို ဉာဏ်၌ ထိထိမိမိ အားရပါးရ မြင်နိုင်မှုသည်သာ ပမာနတည်း။

(အလင်းကျမ်းစာမျက်နှာ ၄၁၀ မှ)

## ၂။ ကျေးရှူးရှင် တိပိဋကဓရ ဆရာတော် ဘုရား၏ (မဟာဗုဒ္ဓဝင်မှ)

စူဠပန္ထကမထေရ်သည် ရင့်ကျက်ချိန်သို့ရောက်၍ ထိုပုဆိုး ကြမ်း၌ ခယ,ဝယ ကုန်ခမ်းပျက်စီးခြင်းသဘောကို စိတ်ဝယ် ထင်မြင်စေပြီး နောက်ထပ်တဖန်ဆက်၍ ဤပုဆိုးကြမ်း အဝတ်စသည် ပကတိပင်ကိုယ်အားဖြင့် ဖြူစင်သန့်ရှင်းသော အဝတ်ဖြစ်၏။

သို့သော် ဥပါဒိန္နက ငါ၏ခန္ဓာကိုယ်အား အမှီ အကြောင်းပြု ညစ်နွမ်းရလေသည်၊ ဤစိတ်တရားသည်လည်း

အဝတ်နှင့်တူသောအလား ဖြစ်ခြင်းရှိစွ့တကား၊ "ဘဝင် စိတ်အနေ ပကတိအားဖြင့် ဖြူစင်သန့်ရှင်းသော ဤစိတ် သည်လည်း" ရာဂ, ဒေါသ, မောဟ စသော ယှဉ်ဖက် အကုသိုလ်တရားတို့နှင့် ဆက်စပ်သောကြောင့် (ညစ်နွမ်းသော သဘော) ရှိပေစွ့တကား။

(မဟာဗုဒ္ဓဝင် ဆဋ္ဌတွဲ ဒုအုပ် စာမျက်နှာ ၂၃၄-မှ)

## ၃။ ကျေးဇူးရှင် သံလျင်တောရ ဆရာတော် ဘုရား၏ (ဝိပဿနာဘုံသွားမှ)

ယခုဖော်ပြထားသော စိတ်သည်လဲ ကိလေသာတို့ မရှိ, တင်းကွာခိုက်ဖြစ်၍ တောက်ပသည် ဆိုချက်အရသည် ဖြူ စင်တယ်ဟု ဆိုခြင်းဖြစ်သည်ဟု ရှင်းပြထားသည်၊ (ဝါ) ဖြူစင်နှင့် တောက်ပ အတူဟုဆိုရသည်။

ဆိုလိုချက်.... စိတ်သည် ကိလေသာနှင့် မတွဲပဲဖြစ်ပေါ် ရလျှင် [ဖြူစင်တောက်ပမှုသတ္တိ] ရှိသော ဓမ္မမျိုးဟု ဆိုလို သည်။

ကောက်ချက်.... စိတ် သဒ်တ တရားမှာလဲ (ဖြူစင် တောက်ပနိုင်တဲ့သတ္တိ)ရှိကြောင်း ထင်ရှားခိုင်လုံနေတော့ သည်။

၎င်းသည် (ရူပါရုံမျိုးမဟုတ်၍) မံသစက္ခုနှင့်မမြင်နိုင်ပေ၊ [ဓမ္မာရုံမျိုးဖြစ်နေ၍] ဉာဏ်မျက်စိတို့နှင့်သာ ဆိုင်တော့သည်။

ဝိပဿနာဘုံသွားဉာဏ်လှေခါးကျမ်း
စာမျက်နှာ ၂၆၉ မှ

## ၄။ သက္ကျတောင်ဆရာတော်၏ (ပဏ္ဍိတဝေဒနီယဒီပနီကျမ်းမှ)

တပည့်တို့ သဒ္ဒါပညာစသော ကုသိုလ်တရားတို့ကား ဖြူစင်ပြောင်လင်းသော သဘောတို့တည်း၊ အထူးအားဖြင့် ပညာတရားသည် အတုမရှိဖြူစင်ပြောင်လင်း၏၊ စိတ်ဓာတ်ကလေး၌ ဖြူစင်ပြောင်လင်းသော ကုသိုလ်တရား ပညာတရားတို့ အုပ်စိုးပေါ်လာ၍နေလျှင် (မိမိသဘောမူလရင်းက ဖြူစင်ပြောင်လင်းသော စိတ်ဓာတ်ကလေးသည် အတိပဏ္ဍရ=အလွန်ဖြူစင်၏၊ အတိပဘဿရ=အလွန်ပြိုးပြိုးပြက်ထွန်းလင်းတောက်ပ၏)၊ ပညာအားကြီးစွာ ပေါ်ထလာလျှင် ဤစိတ်ပညာတို့၏ အာနုဘော်ကြောင့် တကိုယ်လုံးရုပ်တွေ ကြည်လာ၏၊ ကိုယ်ရောင်များတောင် ထွက်လာတတ်၏။

ပဏ္ဍိတဝေဒနီယဒီပနီကျမ်း
စာမျက်နှာ ၃၆၉ မှ

## ထပ်မံရှင်းလင်းချက်

အထက်ဖော်ပြပါ (က) မြတ်စွာဘုရားကိုယ်တော်တိုင် ဟောညွှန်ချက်အရရင်း၊ (ခ) ရဟန္တာအရှင်မြတ်၏ ဟောညွှန်ချက်အရရင်း၊ (ဂ) ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ ဖွင့်ဆိုချက်အရရင်း၊ (ဃ) ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရား၏ ဖွင့်ဆိုချက်အရရင်း၊ (င) ပဋိပတ္တိသာသနာပြုအလုပ်အား ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့ကြသော ကျေးဇူးရှင်သံလျင် တောရဆရာတော်ဘုရားနှင့် သေက္ခတောင် ဆရာတော်ဘုရားများ၏ ခန္ဓာကိုယ်တွေ့ ဖွင့်ဆိုချက်များအရရင်း၊ မနောဝိညာဏဓာတ်(ဝါ)စိတ်ကလေးသည် ကိလေသာနှင့်ထိတွေ့မှု မရှိပဲ ကင်းဝေးနေလျှင် {ထွန်းလင်းတောက်ပ} လျက်ရှိကြောင်း တညီတညွတ်တည်း ဖွင့်ဆိုထားကြပေသည်။

ထို့အပြင် ကန္နီရွှေသိမ်တော် ဆရာတော်ဘုရားကြီးကလဲ စိတ်ကလေးကို ဟာဒယဝတ္ထု (ဝါ) နှလုံးအိမ်ရှေ့ လက်ရှစ်သစ်ခန့် အကွာမှာ နေ့ရက်များစွာ ရှုပွားနေပါ၊ [နေဝင်ချိန်, ညဦးချိန်, မိုးသောက်ချိန်, မွန်းတည့်ချိန်] အစရှိသော အာရုံများကို တွေ့ရှိလာမည်ဖြစ်ကြောင်း မိန့်ဆိုဖွင့်ပြထားပေသည်၊ ယင်းတွေ့သိသော အာရုံကို အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာယာဉ် သုံးချက်တင်ကာ ဆက်လက်ရှုပွားလျှင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်

များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း ဆက်လက်ဟောစည့်န် ပြဆိုထားပေသည်။

## စိတ်ကြောင့်ဖြစ်သော ကိလေသာကို စိတ်နှင့် သုတ်သင်ခြင်း

ယောဂီသူတော်စင်သည် မိမိရောက်ရှိနေသော ဝိပဿနာ နယ်မြေမှ နောက်သို့ ပြန်လည်ဆုတ်ခွါခြင်းမပြုပဲ (ဝါ) ကမ္မဋ္ဌာန်းအလုပ်ကို ချထားခြင်းမပြုပဲ၊ စိတ္တာနုပဿနာ စိတ္တာ သတိပဋ္ဌာန်အရ (ရှေ့ပေါ်စိတ်ကို, နောက်သိစိတ်)က နေ့ ရက်များစွာ အထပ်ထပ်ရှုပွား၊လာခဲ့ပေသည်၊ ယင်းသို့သတိ မပြတ် ရှုမှတ်ခဲ့သဖြင့် အထက်က ဖော်ပြခဲ့သည့် အတိုင်း လက္ခဏာယာဉ် သုံးချက်တင်၍ ဝိပဿနာဉာဏ်တွေ သခါ ရုပေက္ခာဉာဏ်ထိ ရောက်ရှိခဲ့ပေသည်။

ထိုသို့ ရှုကွက်, အရှုခံ မှန်ကန်စွာ ရှုပွားနိုင်ခဲ့ခြင်းကြောင့် သံသရာအစမှ ယနေ့ထိတိုင်အောင် မိမိ၏နာမ်တရား (ဝါ) စိတ်အစဉ်၌ စွဲကပ်ဖုံးလွှမ်းလျက်ရှိသော ကိလေသာဆိုး အယုတ်တရား၊မျိုးတို့ကို (ဝါ) ကိလေသာအညစ်အကြေး တို့ကို ထုရာမှပါးလာအောင် တိုက်ချွတ်ဆေးကြောနိုင်ခဲ့ပေ သည်။ ယင်းကဲ့သို့ ကိလေသာအညစ်အကြေးတွေ တစတစ သန့်ရှင်းစင်ကြယ်လာသော စိတ်ကလေးသည် သူ၏ပင်ကိုယ် သဘာဝ, ပင်ကိုယ်သတ္တိအတိုင်း (ထွန်းလင်းတောက်ပ)လာ ပေတော့သည်၊ ဖြူစင်သန့်ရှင်းလာသည်။

[ဥပမာ] တစုံတယောက်သောသူသည် မိမိအိမ်၌ ကြေးလင်ဗန်းတချပ်ရှိသည်ဆိုကြပါစို့၊ ထိုသူသည် ထိုကြေးလင်ဗန်းကို တခါတရံသုံးစွဲပြီးနောက် ချောင်ထိုး ထားကာ မေ့လျော့နေတော့သည်၊ ကာလအတန်ကြာမှ သတိရ၍ လိုက်ရှာသောအခါ ချောင်ထဲက ကြေးလင်ဗန်းကို ပြန်တွေ့လေသည်၊ သို့သော် မိမိထားစဉ်ကကဲ့သို့ မဟုတ်တော့ပဲ လင်ဗန်းတွင် ကြေးညှိတွေ တက်နေတော့သည်၊ ထိုသူသည် ၎င်းကြေးလင်ဗန်းကို ဆပ်ပြာကြမ်းဖြင့် အထပ်ထပ် အခါခါ တိုက်ချွတ်ရလေသည်၊ ယင်းကဲ့သို့ တိုက်ဖန်ချွတ်ဖန်များလာတော့ ကြေးလင်ဗန်းသည် မူလကရှိရင်းစွဲ အခြေအနေအတိုင်း ပြောင်လင်းတောက်ပလာတော့သည်။

ယင်းဥပမာနည်းတူ ယောဂီသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စိတ္တာနုပဿနာ စိတ္တာသတိပဋ္ဌာန် အရ ၎င်း စိတ် ကိန်းအောင်းရာ ခန္ဓာအိမ်ကြီး၏ တံခါး ၆ ပေါက်ရှိသည့်အနက် ၅-ပေါက်ကို ပိတ်ဆို့ထားလိုက်သည်။ ဤကဲ့သို့ တံခါးပိတ်ဆို့ထားမှုကြောင့် စိတ်နှင့်ယှဉ်ဖော်ယှဉ်ဖက် အပေါင်းအသင်းဟောင်း ကိလေသာသူခိုးတို့သည် မဝင်သာတော့ပဲ အလစ်ချောင်းကာနေတော့သည်။ လစ်လျှင် လစ်သလို ဝင်နိုင်ရန် စောင့်နေကြသည်၊ တဖန် နှလုံးအိမ်ရှေ့ရှိ စိတ်ကလေးကိုလဲ လွန်ခဲ့ပြီးသော အတိတ်ကာလကိုလဲ ပြန်မပြေးရအောင် မရောက်လာသေးသော အနာဂါတ်သို့လဲ မမျှော်ရလေအောင် စောင့်ကြပ်ထားခဲ့သည်။

ယင်းကဲ့သို့ အတိတ်နှင့်အနာဂါတ်ကို ပြေးလွှားမကျက်စားစေပဲ ပစ္စုပ္ပန်တည့်တည့် နှလုံးအိမ်ရှေ့ထားကာ ထိုစိတ်ကလေး၏ သာမညလက္ခဏာဖြစ်သော မမြဲသော အနိစ္စ, ဆင်းရဲသော ဒုက္ခ, အစိုးမရသော အနတ္တ သဘောတွေကို နောက်ပေါ်စိတ်က သတိမပြတ် အထပ်ထပ်ရှုမှတ်၍နေတော့သည်၊ ဤသို့ရှုမှတ်နေခြင်းသည် မြတ်စွာဘုရား၏အလိုကျ အောက်ပါဒေသနာတော်နှင့် ကိုက်ညီနေတော့သည်။

## ဗုဒ္ဓမြတ်ဘုရားအလို

ဇလေန ဘဝတိပင်္ကံ၊ ဇလေနေဝ ဝိသုဇ္ဈတိ။
စိတ္တေန ဘဝတိပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။

ယံ ပင်္ကံ=အကြင်ညွန်သည်။ ဇလေန=ရေကြောင့်။ ဘဝတိ=ဖြစ်တတ်၏။ တံပင်္ကံ=ထိုရေကြောင့်ဖြစ်သော ညွန်ကို။ ဇလေနေဝ=ရေဖြင့်သာလျှင်။ ဝိသုဇ္ဈတိယထာ= သန့်ရှင်းစင်ကြယ်စေရာသကဲ့သို့။

တထာ=ထို့အတူ။ ယံပါပံ=အကြင်မကောင်းမှုသည်။ စိတ္တေန=စိတ်ကြောင့်သာလျှင်။ ဘဝတိ=ဖြစ်၏။ တံ ပါပံ=ထိုမကောင်းမှုကိုကား။ စိတ္တေနေဝ=စိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ=သန့်ရှင်းစင်ကြယ်စေနိုင်တော့သည်။

[ဓမ္မပဒပါဠိတော်]

[ဆိုလိုရင်း] စိတ်ကြောင့်ဖြစ်ပေါ်လာသော မကောင်းမှု ကိလေသာဟူသမျှကို စိတ်ဖြင့်သာ သုတ်သင်ရှင်းလင်းနိုင်သည်ဟု ဗုဒ္ဓကဟောညွှန်ခြင်းဖြစ်ပေသည်။

## အနုလောမဉာဏ်ဝင်လာပုံ

အထက်ပါမေ့ပဒပါဠိတော်ဒေသနာအတိုင်း စိတ်ကြောင့် ဖြစ်ပေါ်လာသော ကိလေသာ အညစ်အကြေးကို စိတ်ဖြင့် တိုက်ချွတ်ဆေးကြောသည့်အနေဖြင့် နှလုံးအိမ်ရှေ့(ရှုကွက်၊ အတွင်းရှိ အရှုခံအာရုံစိတ်ကို နောက်ပေါ်အသိစိတ်) က မမေ့မလျော့ မပေါ့မတန် အဖန်ဖန်ရှုပွားနေသော ယောဂီ၏ စိတ်သည် ဖြူစင်သန့်ရှင်းပြီး အပျက်နူးညံ့လာတော့သည်။

နောက်ပေါ်သိစိတ်ကလဲ သိကာမျှ၊သိကာမျှ အနေသာ ထင်နေတော့သည်၊ သခ်ါရနယ်အပေါ် ဥပေက္ခာပြုလျက်ရှိရာမှ အသခ်တ မပျက်နယ်မြေသို့ တလှစ်လှစ်နှင့် လှမ်း၍ လှမ်း၍ မျှော်လာသည်၊ [ဝါ] ဟိုမှာဘက်ကမ်းသို့ ခုန်ကူးရန် အားယူသော အနေမျိုးထင်လာသည်၊ ခန္ဓာအားလုံး ဆိတ်သုဉ်းပြီး အပေါ်သို့စုပြီး ဆွဲတင်ခံထားရသကဲ့သို့ ကြွ၍ ကြွ၍ ထလာသည်ဟု ထင်ရသည်၊ {ဝါ} စက္ကူမီးပုံးပျံ မီးဝင်းဝလာသဖြင့် အာကာသထဲသို့ ပြန်တက်ရန် ယိမ်းကာ လှုပ်ကာ အားယူနေသကဲ့သို့ တွေ့သိလာတော့သည်၊ ယင်း အခြေအနေအရ အောက်ဖော်ပြပါ ဒေသနာတော်နှင့်လဲ ကိုက်ညီလာတော့သည်။

"ပဉ္စက္ခန္ဓေ သုညတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ"။

ပဉ္စက္ခန္ဓေ=ဤတလံမျှရှိသော ခန္ဓာငါးပါးကို။ သုညတော=ဆိတ်သုဉ်းမှု သုညအနေဖြင့်။ (ဝါ) ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, အကောင်, အထည်, ဒြပ်, သဏ္ဌာန်, အနေတို့မှ လွတ်သွား ဆိတ်သုဉ်းသွားသော အနေအားဖြင့်။ ပဿန္တော=ဉာဏ်ဖြင့် ရှုမြင်နိုင်ခဲ့သည်ရှိသော်။ အနုလောမိကံခန္တိံ=မဂ်ဉာဏ်နှင့်လျော်ကန်သော။ (ဝါ) မဂ်ဉာဏ်၏အဝင်တံခါးပေါက်ဖြစ်သော အနုလောမဉာဏ်ကို။ ပဋိလဘတိ=ရနိုင်လေတော့သည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်,ဝိပဿနာကထာမှ

## ဂေါတြဘူဉာဏ်ဖြင့် အရိယာနယ်သို့

ဖော်ပြပါ ယောဂီသူတော်စင်အား အောက်ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ်သို့တိုင်အောင် ဝိပဿနာဉာဏ် အဆင့်ဆင့်တို့၏ အထောက်အကူပေးမှုကြောင့် (ဝါ) ဝိပဿနာဉာဏ်တို့က အစဉ်အတိုင်း မြှင့်တင်ပေးမှုကြောင့် ယောဂီသူတော်စင်သည် ယခင်တွေ့သိနေသော သင်္ခါရအာရုံ အားလုံးတို့မှ လွတ်ကင်းသွားတော့သည်။ (ဝါ) ကိလေသာက ပေးသော ဒုက္ခအစွန်းမှရင်း၊ ခန္ဓာကပေးသောသင်္ခါရ ဒုက္ခအစွန်းမှရင်း လုံးဝကျွတ်သွား လွတ်သွားကာ အသင်္ခတ နယ်ထူးသို့ ဦးတည်သွားလေတော့သည်။

ယင်းကဲ့သို့ အစွန်းနှစ်စွန်းစလုံးမှထပြီးသော ယောဂီ သူတော်စင်သည် သင်္ခါရနယ်မြေ၏အသိ, သင်္ခါရနယ်မြေ၏

အာရုံတို့မှ ရပ်တန့်ကွယ်ပျောက်သွားသဖြင့် (ဝါ) သင်္ခါရ နယ်မြေကို စွန့်ခွါကာ အနိမိတ္တ, အပဝတ္တ ဖြစ်သော အသင်္ခတ နိဗ္ဗာန်သို့ ထူးသော ဂေါတြဘူဉာဏ် အသိဖြင့် ဦးတိုက်ရန် တွန်းပို့လိုက်လေတော့သည်။

## မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံ

ယောဂီသူတော်စင်သည် အထက်ဖော်ပြပါအတိုင်း ကိလေသာအာရုံနှင့် သင်္ခါရအာရုံတို့ကို စွန့်ခွါကာ (ဝါ) သင်္ခါရနယ်မြေကို ကျော်ခိုင်းကာ အသင်္ခတနယ်ထူးသို့ ခုန်ကူးလိုက်သည့်ပမာ ဉာဏ်သက်ရောက်သွားသဖြင့် ရင်ထဲ၌ သိမ့်ကနဲ, ငြိမ့်ကနဲ, ဧကနဲ ဖြစ်သွားတော့သည်။ ယခင်က တွေ့သိလျက်ရှိသော ဖြူစင်သန့်ရှင်းသော အာရုံဟာလဲ အလွန့်အလွန် ထွန်းလင်းတောက်ပသွားတော့သည်။ ယင်းကဲ့သို့ တွေ့သိခံစားလိုက်ရခြင်းသည် အခိုက်အတန့်အားဖြင့် စက္ကန့်အနည်းငယ်မျှသာ ဖြစ်ပေသည်။

ယင်းသို့ ခံစားလိုက်ရသော သုခမျိုးသည် ဝေဒယိတ သုခမျိုးမဟုတ်ပဲ, သန္တိသုခမျိုးဖြစ်၍ လောကီခံစားမှု ဥပမာမျိုးဖြင့် ညွှန်ပြရန်မတတ်နိုင်ကောင်းသော [လောကုတ္တရာ ဓမ္မမျိုး] ဖြစ်ပေသည်။ တနည်းအားဖြင့် သင်္ခါရနိမိတ်, သင်္ခါရအာရုံအားလုံးတို့မှ "နိရောဓ" ဆိုက်သွားခြင်း (ဝါ) နိဗ္ဗာန်ကို မဂ်ဉာဏ်ထူးဖြင့် ပထမဆုံးအချိန် မျက်မှောက်ပြုလိုက်ရခြင်းဖြစ်ပေသည်။

## ဖိုလ်ဉာဏ်ဖြင့် ဆက်လက်မျက်မှောက်ပြုပုံ

ယောဂီသူတော်စင်သည် မဂ်ဉာဏ်ခဏ၌ တွေ့သိလိုက်ရသော အတွေ့ထူးကို တဖန် ထပ်မံ၍ ဖိုလ်ဉာဏ်, ဖိုလ်ဇောဖြင့် တွေ့သိလိုက်ပြန်သည်၊ ယင်းကဲ့သို့ ထပ်မံတွေ့သိ၍ သန္တိသုခကို ရရှိရာ၌ ယောဂီ၏အတိတ်ဘဝက ပါရမီကိုလိုက်၍၎င်း၊ ယခုမျက်မှောက် ဝသီဘော်အနည်းအများကို လိုက်၍၎င်း၊ တာရှည်မှု, တာမရှည်မှု ခြားနားလေတော့သည်။ (ဝါ) သောတာပတ္တိဖိုလ်ချမ်းသာခံစားရာ၌ အချိန်မကြာမှု, အချိန်ကြာမှု ကွာခြားလေသည်။

~~~~~~~~

## ဒေသနာတော်ယှဉ်တွဲနှင့် တိုင်းတာချက်

ယောဂီသူတော်စင်သည် ယင်းအခြေအနေမျိုးသို့ ရောက်ရှိလာသောအခါ အောက်ဖော်ပြပါ ရှင်တော်မြတ်ဘုရား၏ ဒေသနာတော်နှင့်လဲ ကိုက်ညီလာတော့သည်။

ပဉ္စန္နံခန္ဓာနံ နိရောဓော ပရမသုညံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

သာဓဝေါ = သပ္ပုရိသန္တယ်ဝင် အို - သူတော်စင် အပေါင်းတို့....။

ပဉ္စန္နံခန္ဓာနံ = ဤတလုံ့မျှရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ နိရောဓော=ချုပ်ငြိမ်းရာကို။ ပရမသုညံ
~~~~~~~~

=သခ်ၤတအားလုံးမှ ဆိတ်သုဉ်းရာဖြစ်သော။ {ဝါ}ပုဂ္ဂိုလ် သတ္တဝါ, ယောကျ်ား, မိန်းမ, အကောင်, အထည်, ဒြပ်, သဏ္ဌာန်အနေဟူသော ကိလေသာအမြင်နှင့်, ရုပ်နာမ် ဟူသော သခ်ၤတအမြင်တို့မှ ဆိတ်သုဉ်းရာဖြစ်သော။ နိဗ္ဗာနန္တိ=ပရမတ္ထသန္တိဟူသော၊ ပဿန္တော=ပဋိဝေဓ, ဝိဇ္ဇာဉာဏ်မျက်စိဖြင့် မြင်နိုင်ခဲ့သော။ သမ္မတ္တနိယာမံ= အရိယာမဂ်ဉာဏ်သို့၊ ဩက္ကမတိ = သက်ဝင်လေတော့သတည်း။

## အဓိပ္ပါယ်

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းရာ အထွဋ်ထိပ်ဆုံး ဆိတ်သုဉ်းမှု ပရမသုညကို နိဗ္ဗာန်အနေဖြင့် မြင်သိလာမှ (ဝါ) သိမြင်နိုင်မှ မဂ်ဉာဏ်သို့ သက်ဝင်နိုင်သည်၊ (ဝါ) မဂ်ဉာဏ်ပေါ်လာနိုင်တော့သည်။

## ပစ္စဝေက္ခဏာဉာဏ် ဝင်လာပုံ

ယောဂီသူတော်စင်သည် ဖော်ပြပါအတိုင်း လောကီနယ်တွင် တခါဘူးမျှမတွေ့ဘူး မကြုံဘူးသော အတွေ့ထူးကို ယာယီအားဖြင့် ခံစားလိုက်ရပြီးနောက် (ဝါ) အသခ်ၤတဓာတ် မြတ်နိဗ္ဗာန်၏ငြိမ်းမှုကိုခဏတာခံစားလိုက်ရပြီးနောက် မူလထွက်လာခဲ့သော သခ်ၤါရနယ်သို့ ပြန် လည် ဆင်း သက်သွားရလေတော့သည်။ (ဝါ) ဘဝင်စိတ်ပြန်ကျသွားသည်။

ယင်းသို့သခ်ါရနယ်သို့ ပြန်လည်ရောက်ရှိလာသောအခါ အောက်ပါအတိုင်း ဆင်ခြင်သုံးသပ်မိလေသည်။

၁။ ဗရပ္ပဝိပဿနာ အပျက်နယ်မှ အဖြစ်အပျက်ဆိတ်သုဉ်းရာ မဂ်ဉာဏ်နယ်မြေသို့ ရောက်ရှိပုံကို သုံးသပ်ခြင်း။

၂။ မဂ်ဉာဏ်ခဏတွင် တွေ့သိလိုက်ရသော သန္တိသုခမျိုးကို ဖိုလ်ဉာဏ်ဖြင့် ထပ်မံတွေ့သိခံစားရမှုကို ပြန်လည်သုံးသပ်ခြင်း။

၃။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ခဏတို့၌ တွေ့သိလိုက်ရသော (သဉပါဒိသေသနိဗ္ဗာန်)ကို ပြန်လည်သုံးသပ်ခြင်း။

၄။ ပယ်သတ်လိုက်နိုင်သော ကိလေသာတို့ကို သုံးသပ်ခြင်း။

၅။ မပယ်သတ်ရသေးသော ကြွင်းကျန်သည့် ကိလေသာတို့ကို ပြန်လည်သုံးသပ်ခြင်း။

## မှတ်ချက်

အမှတ်( ၄ )ဖြစ်သော ကိလေသာကို ပယ်သတ်မှုနှင့် အမှတ်(၅)ဖြစ်သော ကြွင်းကျန်သော ကိလေသာတို့အား ပြန်လည်သုံးသပ်ခြင်းပြုရာ၌ ဉာဏ်ထူးသော ယောဂီများသာ ဆင်ခြင်သုံးသပ်နိုင်ပါသည်။ အသိဉာဏ်နုံ့သော ယောဂီများ အဘို့ ဉာဏ်မမှီနိုင်သေး၍ မဆင်ခြင်မသုံးသပ်နိုင်သေးပေ။

# သဉပါဒိသေသနိဗ္ဗာန် နှင့် အနုပါဒိသေသနိဗ္ဗာန်

## (က) သဉပါဒိသေသနိဗ္ဗာန်ဟူသည်မှာ

ခန္ဓာငါးပါးနှင့် ကိလေသာ အကြွင်းအကျန် ရှိသေး၍ လက်ရှိခန္ဓာနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းကို ဆိုလိုပေသည်။

[ဥပမာ] တစုံတယောက်သော ခရီးသည်တဦးသည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ အစုန်မီးရထားဖြင့် စီးနင်းလိုက်ပါသွားသည် ဆိုကြပါစို့. ထိုသူသည် ရန်ကုန်မြို့သို့ ဝင်ခါနီး တိုးချောင်ကြီး တိုးချောင်လေး ဘူတာများသို့ ရောက်သောအခါ မီးရထားပေါ်က ရွှေတိဂုံစေတီတော်မြတ်အား လှမ်း၍ ဖူးမျှော်လိုက်ရဘိသကဲ့သို့ရင်း။

ထို့အတူ တစုံတယောက်သောသူသည် ပြည်မြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်ခရီးဖြင့် စီးနင်းလိုက်ပါလာသည် ဆိုကြပါစို့. ထိုသူသည် ပြည်လမ်း ဟံသာဝတီအဝိုင်းသို့ ရောက်ရှိလာသောအခါ ကားပေါ်က ရွှေတိဂုံစေတီတော်မြတ်အား လှမ်း၍ ဖူးမျှော်လိုက်ရဘိသကဲ့သို့ရင်း။

ထို့အတူ တစုံတယောက်သောသူသည် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြို့သို့ ရေလမ်းခရီးသင်္ဘော စီး၍ လိုက်ပါလာသည်ဆိုကြပါစို့. ထိုသူသည် တွံတေး တူးမြောင်းအလယ်သို့ရောက်ရှိလာသောအခါ သင်္ဘောပေါ်

က ရွှေတိဂုံစေတီတော်မြတ်အား လှမ်း၍ ဖူးမျှော်လိုက်ရဘိ သကဲ့သို့ရှင်း၊ ယင်းဥပမာနည်းတူ သဥပါဒိသေသနိဗ္ဗာန် အား မှတ်ယူရာသည်။

အလုံးစုံသော သောတာပန်ပုဂ္ဂိုလ်များ သကဒါဂါမိ ပုဂ္ဂိုလ်များ အနာဂါမိပုဂ္ဂိုလ်များ နှင့် ရဟန္တာအစရှိသော အရိယာပုဂ္ဂိုလ်များသည် ထိုမျှသော ကာလပတ်လုံး ခန္ဓာ ဝန်ကို မချနိုင်ကြသေး၊ ထိုပုဂ္ဂိုလ်များအားလုံးသည် ဤမျှ သော ကာလပတ်လုံး သဥပါဒိသေသနိဗ္ဗာန်ကိုသာ မျက် မှောက် ပြုကြလျက် ရှိသေးသည် ဆိုပေသည်။

**ဆောင်ပုဒ်လင်္ကာ**

သဥပါဒိ၊ သေသနိ၊ ကြွင်းရှိငါးရပ်ခန်။

## (ခ) အနုပါဒိသေသနိဗ္ဗာန်ဆိုသည်မှာ

ဘုရားမြတ်စွာ ပစ္စေကာနှင့် ရဟန္တာအရှင်သူမြတ်များ အားလုံး ကိလေသာဝန်နှင့် ခန္ဓာဝန်ကို အပြီးသတ် အဆုံး တိုင် ချလျက် ပဋိသန္ဓေနေမှု, အိုမှု, နာမှု, သေမှုတို့ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သော၊ အပ္ပဏိဟိတံ=တဏှာ ကင်းရာဖြစ်သော၊ နိဗ္ဗုတိ = ဒုက္ခချုပ်ငြိမ်းရာဖြစ်သော။ အမတံ=မသေရာဖြစ်သော။ ပဏိတံ = အထွဋ်အမြတ်ဆုံး ရှိရာဖြစ်သော။ သုဒ္ဓိ=စင်ကြယ်သော။ သန္တိ=ထာဝစဉ် ငြိမ်းရာဖြစ်သော အစရှိသည့် ဂုဏ်သတ္တိထူးများနှင့် ပြည့်စုံ သော နိဗ္ဗာန်၌ ခိုလှုံခွင့်ရခြင်းကို အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုပေသည်။

## ဆောင်ပုဒ်လင်္ကာ

အနုပါဒိ၊ သေသနိ၊ အကြွင်းမရှိငါးရပ်ခန့်။

ကျေးဇူးရှင်လယ်တီဆရာတော်သံ ချိုခံ၌
လာရှိသည်။

## သောတာပန်ပုဂ္ဂိုလ်ရရှိအပ်သော အကျိုးတရားများ

အထက်ဖော်ပြပါအတိုင်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီးသော ယောဂီသည် (သောတာပန်)ပုဂ္ဂိုလ်သည် ဤကျမ်းအစ ပထမပိုင်း၌ ဖော်ပြခဲ့သော {မဟာသတိပဋ္ဌာနသုတ် ပါဠိတော်လာ အကျိုးငါးပါး}ကို ရရှိလိုက်တော့သည်။

ထို့ပြင်တဝ ယင်းအကျိုးတရားငါးပါးနှင့် အကျမ်းဝင်ဆက်စပ်လျက်ရှိသော အောက်ဖော်ပြပါ အကျိုးတရားတို့ကိုပါ ပူးတွဲရရှိလိုက်ပြန်ပေသည်။

[၁] အောက်ဖြစ်သော ဝိပဿနာဉာဏ် အကူအညီဖြင့် မဂ်ဉာဏ်သည် (ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာဆိုးနှစ်မျိုး)ကို အကြွင်းအကျန်မရှိ ပယ်သက်နိုင်လိုက်သည်။

[၂] သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်သောကြောင့် အရိယာ သစ္စာ

၄-ပါးစလုံးကို ဉာဏ်ဖြင့် တွေ့သိလိုက်ရတော့သည်။

[၃] အပါယ်သို့ ကျရောက်စေနိုင်သော အကုသိုလ်ကြွေးဟောင်း, မြီဟောင်းများအား အကြွင်းအကျန်မရှိ ပယ်သတ်ဖျက်ဆီးပြစ်ကာ မဖြစ်ပေါ်သေးသော အပါယ်ကျရောက်စေနိုင်သည့် အကုသိုလ်တရားမျိုးတို့ကို မဖြစ်ပေါ်အောင် ပိတ်ပင်တားဆီးနိုင်တော့သည်။

[၄] ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါး အပါအဝင် ရပ်ပြစ်ရှစ်ပါးတို့မှရင်း၊ အသညသတ်ငါးဘုံတို့မှရင်း၊ အပြီးသတ် အဆုံးတိုင် လွတ်ကင်းသွားတော့သည်။

[၅] သူတော်ကောင်းတရား (၇)ပါးကို မိမိလက်ဝယ်ထားကာ ကုသိုလ်ကောင်းမှုအစုစုတို့ကိုလဲ ဆောင်ရွက်နိုင်တော့သည်။

[၆] မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်သမီးတော် အစစ်များအဖြစ်သို့လဲ ရောက်ရှိသွားတော့သည်။

[၇] နတ်ပြည်ခြောက်ထပ် နှင့် လူတို့ဘောင်၌ မိမိနှစ်သက်ရာဘုံတွင် ခုနစ်ဘဝ လောကီစည်းစိမ်တို့ကို ခံစားပျော်စံပြီး ရှစ်ဘဝသို့မကူးရပဲ အနုပါဒိသေသ နိဗ္ဗာန်သို့ စံဝင်နိုင်လေတော့သည်။

# သောတာပန်အဖြစ်သည် လူမင်း နတ်မင်း ထက် မွန်မြတ်သည်

အရိယာသူတော်စင်တို့၏ အောက်ဆုံးအဆင့်မျှသာရှိသေးသော သောတာပန်ပုဂ္ဂိုလ်သည် ဖော်ပြပါ အကျိုးတရားများကို ရရှိခံစားရသောကြောင့် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးအား အောက်ဖော်ပြပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ယင်းဒေသနာတော်ကို ဟောကြားရခြင်းမှာ (သူဌေးကြီး၏သား မောင်ကာလ)အား အကြောင်းပြုပြီး ဟောကြားခြင်းဖြစ်ပေသည်၊ အနာထပိဏ်သူဌေးကြီးနှင့် သူဌေးကတော်ပုညလက္ခဏာဒေဝီ တို့၌ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါ၊ သုမနဒေဝီဟူသော သမီးသုံးယောက်နှင့် မောင်ကာလ ဟူသော သားတယောက်ရှိလေသည်၊ အနာထပိဏ်သူဌေးကြီးသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရားအား ပထမဆုံးအကြိမ် ဖူးတွေ့ရစဉ်ကပင် သောတာပန်တည်ခဲ့ပေသည်။

ထိုနောက်သူဌေးကြီးသည် မြတ်စွာဘုရားအား သာဝတ္ထိပြည်သို့ ပင့်ဆောင်၍ ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတကာကြီးဖြစ်ပေသည်၊ ထိုကဲ့သို့ မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ခွင့် ရခဲ့သောကြောင့် ဇနီးသူဌေးကတော် နှင့် သမီးသုံးယောက်မှာလဲ သောတာပန်များဖြစ်ခဲ့ကြလေသည်၊ သား မောင်ကာလ တယောက်သာ ပုထုဇဉ်အဖြစ်နဲ့ ကျန်နေလေသည်၊ မောင်ကာလ မှာ သူဌေး

သွားဟူသော ဂုဏ်ပကာသနနှင့် သွားကာလာကာ ပျော်ကာ ပါးကာ သောက်ကာ စားကာနှင့် အချိန်ကုန်နေလေသည်။

ယင်းအဖြစ်ကို တွေ့မြင်နေရသော ကျောင်းတကာသူဌေး ကြီးသည် သားအတွက် ရင်လေးရှာလေဘော့သည်၊ တဦး တည်းသော သားယောကျ်ားမို့ မမန်ရက်၊ မမဲရက်ပဲချော့ကာ မိမိလိုဘပြည့်အောင် နည်းပရိယာယ်နှင့် ဆွဲဆောင်မည်ဟု ကြံစည်ခဲ့လေသည်၊ ဒါကြောင့်မို့ တနေ့သောအခါ မောင်ကာလ အား ခေါ်ယူပြီး "ဇေတဝန်ကျောင်းတော်သို့ သွားကာ မြတ်စွာဘုရား၏ တရားတော်ကို တကြိမ်နာကြား လျှင် တနေ့ငွေတရာပေးမည်"ဟု ပြောကြားခဲ့လေသည်။

မောင်ကာလ မှာ အပျော်အပါး အသုံးအစားကြီးသူ အားလျော်စွာ တရားတော်ကို နာကြားလို၍မဟုတ်ပဲ ငွေ တရာကို လိုချင်သောကြောင့် ညနေတိုင်း ညနေတိုင်း ဇေ တဝန်ကျောင်းတော်သို့သွားပြီး တရားနာလေသည်၊ ဖခင် သူဌေးကြီးကလဲ ပြောထားသည့်ဂတိမဖျက်ပဲ နေ့စဉ်ငွေတရာ ပေးလေသည်၊ နောက်တော့သူဌေးကြီးက တမျိုးကြံစည်ကာ သားအားခေါ်၍ ပြောပြန်သည်၊ "ငါ့သား မြတ်စွာဘုရား ဟောကြားတော်မူသော တရားတို့ကို ငါ့အား ပြန်ပြောပြ နိုင်ခဲ့လျှင် တနေ့တရာမကပဲ တနေ့ငွေတထောင် ပေးမည်"ဟု ပြောခဲ့လေသည်။

မောင်ကာလမှာ ငွေတထောင်ရမည် ဆိုသောကြောင့် ယခင်ကကဲ့သို့ မြတ်စွာဘုရားတရားဟောလျှင် အိပ်ပျော်၍

နေလို့မဖြစ်တော့ပဲ မြတ်စွာဘုရားဟောကြားသော တရားတော်များကို နာကြားမှတ်သားရလေတော့သည်၊ ယင်းသို့မှတ်သားလှာသော တရားတို့ကို ဘခင်သူဌေးကြီးအား ပြန်လည်ပြောပြရလေသည်။

မောင်ကာလ သည် ပါရမီရှင်တဦးဖြစ်သည်နှင့်အညီ မြတ်စွာဘုရားဟောသော တရားတော်များကို နာကြားရဖန်များသောအခါ တရားဒေသနာတော်အဆုံး၌ သောတာပန် တည်သွစးလေတော့သည်၊ ထိုအချိန်မှစ၍ မောင်ကာလ သည် အသွားအလာ အနေအထိုင် အစားအသောက်တွင် ယခင်ကကဲ့သို့ မဟုတ်တော့ပဲ တမူ ထူးခြားလာတော့သည်၊ ဖခင်သူဌေးကြီးထံမှလဲ ယခင်ကကဲ့သို့ ငွေတောင်းခံခြင်း မပြုတော့ပဲ ဘာသိ ဘာသာ နေလေတော့သည်။

ကျောင်းတကာ သူဌေးကြီးမှာ မိမိသား၏အရိပ်အကဲကို အမြဲမပြတ် ကြည့်ရှုအကဲခတ်လျက်ရှိသည့်အားလျော်စွာ သား၏ အမူအရာပြောင်းလာတာကို တွေ့ရလေသည်၊ သူဌေးကြီး စိတ်ထဲတွင် သို့လော သို့လောဟုဝေခွဲ၍မရပဲ ရှိလာလေသည်၊ ဒါကြောင့်မို့ ဇေတဝန်ကျောင်းတော်သို့သွားကာ မိမိ၏သား မောင်ကာလ အကြောင်းကို အစမှအဆုံးတိုင် အကျိုးအကြေစင်းစုံလင်စွာ မြတ်စွာဘုရားအား လျှောက်ထားလေသည်၊ ယင်းကိစ္စနှင့် ပတ်သက်၍ မြတ်စွာဘုရားကအဖြေပေးသည့်အနေဖြင့် အောက်ပါဒေသနာတော်ကို သူဌေးကြီးအား ဟောကြားတော်မူလေသည်။

ပထဗျာ ဧကရဇ္ဇေန သဂ္ဂဿ ဂမနေနဝါ၊
သဗ္ဗလောကာဓိ ပစ္စေန သောတာပတ္တိဖလံ ဝရံ။

သာဓဝေါ = အသင် ကျောင်း ဒါယကာ သူဌေးကြီး။ သောတာပတ္တိဖလံ = သောတာပတ္တိဖိုလ်သည်။ (ဝါ) သောတာပန်အဖြစ်သို့ ရောက်ရှိသော သူတော်စင်သည်၊ ပထဗျာ = လေးကျွန်းစလုံးကို၊ ဧကရဇ္ဇေန = တဦးတယောက်တည်း အုပ်စိုးရသော စကြာမင်းစင်စစ် ဖြစ်ရခြင်းထက်ရင်း။ သဂ္ဂဿ ဂမနေနဝါ=နတ်ပြည် ခြောက်ထပ်ကို လွှမ်းမိုးအုပ်စိုးရသော နတ်တို့သနင်း သိကြားမင်းအဖြစ်ကို ရရှိခြင်းထက်ရင်း။ သဗ္ဗာလောကာဓိပစ္စေန= အလုံးစုံသော နတ်ပြည်ခြောက်ထပ် ပြဟ္မာဘုံနှစ်ဆယ်နှင့်တကွ တလောကလုံးကို အုပ်စိုးရခြင်းထက်ရင်း။ ဝရံ= သာလွန်ထူးကဲ မွန်မြတ်လှပါပေသည်။

(ဓမ္မပဒ မောင်ကာလဝတ္ထုမှ)

## သောတာပန်၏ မဟာပစ္စဝေက္ခဏာ (၇)ပါးဆောင်ပုဒ်လင်္ကာ

၁။ ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၍၊ ဆင်ခြင်ရှုကြည့်၊ ဖြစ်ပျက်မိ, အသိရှင်းသည်သာ။
ယထာဘူတ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊ ကိလေဆိုး, ဖြစ်ရိုးမရှိပါ၊

(ဤသို့သိရ ပထမ ပစ္စဝေက္ခဏာ)

၂။ မဂ်သိပြီးဟန်၊ ဝိပါတ်ညာဏ်၊ ဖန်ဖန်မှိဝဲကာ။
အကြမ်း,အနု၊ ကိလေစု၊ ငြိမ်းမှုထင်ရှားရာ။
[ဉာဏ်သို့သိရ ဒုတိယ ပစ္စဝေက္ခဏာ]။

၃။ ရှုမှတ်သိရ၊ ဉာဏ်လမ်းမှ၊ ပြင်ပတခြားမှာ။
ကိလေငြိမ်းဘိ၊ မြတ်အရိ၊ မရှိဆုံးဖြတ်ရာ။
{ဉာဏ်သို့သိရ တတိယ ပစ္စဝေက္ခဏာ}။

၄။ ကုစားနိုင်ကောင်း၊ အာပါတ်ပေါင်း၊
တိမ်းစောင်းရောက်သေးရာ။
မဖုံးမကွယ်ပဲ၊ ကုစားမြဲ၊ နောင်လဲစောင့်ရှိုးပါ။
(ဉာဏ်သို့သိရ စတုတ္ထ ပစ္စဝေက္ခဏာ)။

၅။ ရှောင်လွှဲမရ၊ မှုကိစ္စ၊ ပြုရလေသောခါ။
သိက္ခာသုံးပါး၊ ကျင့်ရကား၊ စိတ်အားသန်မြဲသာ။
[ဉာဏ်သို့သိရ ပဥ္စမ ပစ္စဝေက္ခဏာ]။

၆။ ဗုဒ္ဓဟောကြား၊ မြတ်တရား၊ နာကြားရသောခါ။
လုံးစုံမကြွင်း၊ နှုလုံးသွင်း၊ နာခြင်းအားကောင်းစွာ။
{ဉာဏ်သို့သိရ ဆဋ္ဌမ ပစ္စဝေက္ခဏာ}။

၇။ ဗုဒ္ဓဟောထား၊ မြတ်တရား၊ နာကြားရသောခါ။
အနက်သိမြင်၊ စိတ်ဝယ်ရှင်၊ ကိုယ်တွင်သိမ့်သိမ့်ဖြာ။
(ဉာဏ်သို့သိရ သတ္တမ ပစ္စဝေက္ခဏာ)။
ယင်းပစ္စဝေက္ခဏာ၊ ခုနစ်ဖြာ၊ ညီစွာဖြစ်မူ၊
အရိယာမှန်၊ သောတာပန်၊ ကောန်ဆုံးဖြတ်ယူ။

## မှတ်ချက်

အမှတ်[၄]အပိုဒ်သည် ရဟန်းတော်များအား တိုက်ရိုက်ရည်ညွှန်းထား ခြင်း ဖြစ်ပေသည်၊ (က) ရှင်သာမဏေများအတွက် ဆယ်ပါးသီလကိုယူပါ၊ (ခ) လူဝတ်ကြောင်ယောဂီများအတွက် ငါးပါးသီလကိုယူကြပါ။

[မူလပဏ္ဏာသပါဠိတော်ကောသမ္ဗိသုတ်မှ]

## ခေတ် ၆-ပါး နာကြားရသော ပုက္ကုသာတိအရှင်

ပုက္ကုသာတိအရှင်သည် တက္ကသိုလ်ပြည်ကို အုပ်စိုးရသော ဘုရင်တပါးဖြစ်ပေသည်၊ ထိုစဉ်က မဇ္ဈိမဒေသ မဂဓတိုင်း ရာဇဂြိုဟ်ပြည်တွင် ဗိမ္ဗိသာရမင်းသည်ရှင်း, သာဝတ္ထိပြည်တွင် ပသေနဒီကောသလမင်းသည်ရှင်း, ရာဇဓမ္မဆယ်ပါး မင်းကျင့်တရားနှင့်အညီ ထီးနန်းအုပ်ချုပ် မင်းလုပ်လျက်ရှိကြလေသည်။

တနေ့သောအခါ တက္ကသိုလ်ပြည်မှ ကုန်သည်တစုသည် ကုန်ရောင်းကုန်ဝယ်အလုပ်ဖြင့် ရာဇဂြိုဟ်ပြည်သို့ လှည်းများနှင့် ရောက်သွားကြလေသည်၊ ကုန်သည်တို့သည် ခရီးအပန်းဖြေပြီးကြသောအခါ နန်းတွင်းသို့ဝင်၍ ဗိမ္ဗိသာရမင်းကြီးအား လက်ဆောင်များဆက်သကာ ဖူးမျှော်ကြလေသည်။ မင်းကြီးက "အမောင်တို့… အဘယ်တိုင်း အဘယ်ပြည်က

လာကြသနည်း”ဟု မေးမြန်း စုံစမ်းလေသည်၊ ကုန်သည်များက မိမိတို့သည် တက္ကသိုလ်ပြည်ကဖြစ်ကြောင်း လျှောက်ထားကြလေသည်။

ဆက်လက်၍ မင်းကြီးက “အမောင်တို့ မင်းကြီးသည် အဘယ်အမည်ရှိသနည်း၊ အမောင်တို့မင်းကြီးသည် ရာဇဓမ္မဆယ်ပါး မင်းကျင့်တရားနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်ပါ၏လော” မေးမြန်းစုံစမ်းပြန်သည်။ ကုန်သည်များက မိမိတို့၏ မင်းကြီးအမည်မှာ ပုက္ကုသာတိမင်းဖြစ်ပါသည်၊ မင်းကြီးသည် တိုင်းသူပြည်သားများအပေါ်၌ သူ၏ရင်ဝယ်သားနှင့်မခြား သနားကျင်နာမှုထားကာ ရာဇဓမ္မဆယ်ပါး မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပါသည်ဟု လျှောက်ထားကြလေသည်။

တဖန်ဆက်၍ မင်းကြီးက “အမောင်တို့၏မင်းကြီးသည် အသက်အရွယ် အဘယ်မျှရှိသနည်း”ဟု မေးပြန်သည်၊ ကုန်သည်တို့က အသက်အရွယ်ကို လျှောက်ထားကြသောအခါ ဗိမ္ဗိသာရမင်းကြီးသည် မိမိနှင့် သက်တူရွယ်တူ ဖြစ်ကြောင်း သိရလေသည်၊ “ကောင်းပြီ အမောင်တို့.... အမောင်တို့၏ မင်းကြီးဟာလဲ ငါနဲ့ သက်တူရွယ်တူရှိသည်၊ တိုင်းပြည်ကိုလဲ တရားသဖြင့် အုပ်ချုပ်နိုင်သူဖြစ်ကြောင်းသိရပေပြီ၊ အမောင်တို့သည် အမောင်တို့၏ မင်းကြီးနှင့် ငါ့အား မဟာမိတ်ဖြစ်အောင် အကျိုးဆောင်ရွက်ပေးနိုင်မည်လော”ဟု မေးလေသည်။ ကုန်သည်တို့က ဆောင်ရွက်ပေးနိုင်ပါသည်၊ ဆောင်

ရွက်ပေးပါမည်ဟု တညီတညွတ်တည်း လျှောက်ထားကြလေသည်။

မင်းကြီးလည်း အဆိုပါကုန်သည်များအား အခွန်အကောက် လွတ်ငြိမ်းခွင့်ပေးလိုက်လေသည်၊ တည်းခိုနေထိုင်ရေးအတွက်လဲ မချို့တဲ့ရလေအောင် သက်ဆိုင်ရာ မြို့ကြပ်မြို့ဝန်တို့အား ညွှန်ကြားပေးလိုက်လေသည်၊ ကုန်သည်များကုန်ပစ္စည်းရောင်းချပြီး၍ ပြန်ခါနီးလျှင် မိမိအားလာရောက်တွေ့ဆုံပြီးမှ ပြန်ကြရန် အမိန့်ရှိလိုက်လေသည်။

ကုန်သည်တို့လဲ မိမိတို့၏ ကုန်ရောင်းကုန်ဝယ်ကိစ္စ ပြီးကြသောအခါ မင်းကြီးမှာထားသည့်အတိုင်း အဖူးအမျှော် ဝင်ရောက်ကြလေသည်၊ မင်းကြီးသည် ကုန်သည်တို့အစး "အမောင်တို့ — ချမ်းသာစွာပြန်ကြပေတော့၊ အမောင်တို့တိုင်းပြည်သို့ရောက်လျှင် အမောင်တို့မင်းကြီးအား ငါကကျန်းမာရေးကိုအဖန်ဖန်မေးလိုက်သည်၊ ကျန်းမာစေကြောင်းဆုမွန်တောင်းလိုက်သည်ကို လျှောက်ထားကြပါလေ၊ ထို့ပြင်လဲ ဗိမ္ဗိသာရမင်းကြီးက တက္ကသိုလ်ပြည်ရှင် ဘုရင်မင်းမြတ်နှင့် မဟာမိတ်အဖြစ်အလိုရှိကြောင်း လျှောက်ထားကြရန်" မှာလိုက်လေသည်။

ကုန်သည်တို့လဲ "ကောင်းပါပြီ အရှင်မင်းမြတ်"ဟု ဝန်ခံကြ၍ တက္ကသိုလ်ပြည်သို့ ခရီးစဉ်အတိုင်း ပြန်ကြလေသည်၊ မိမိတို့မြို့သို့ ရောက်သောအခါ အလုပ်ကိစ္စကို အဆောတလျှင်စီစဉ်ကြပြီး ပုက္ကုသာတိ မင်းကြီးထံ အခစားဝင်ကြလေသည်၊ ဗိမ္ဗိသာရမင်းကြီး မှာကြားချက်များကိုလဲ မချန်မချွင်းပဲ

အလုံးစုံပြန်လည်လျှောက်ထားကြလေသည်၊ "ကောင်းလေစွ အမောင်တို့ .... အမောင်တို့အား အမှီပြု၍ ငါသည် မဇ္ဈိမ ဒေသ၌ မဟာမိတ်မင်းတပါးကို ရအပ်ပေပြီ"ဟု ဝမ်းမြောက် ရွှင်လန်းစွာ မိန့်ကြားလိုက်လေသည်။

တနေ့သောအခါ၌ ရာဇဂြိုဟ်ပြည်သား ကုန်သည်များလဲ တက္ကသိုလ်ပြည်သို့ ကုန်ရောင်းကုန်ဝယ် ရောက်လာကြလေ သည်။ လက်ဆောင်ပဏ္ဏာများကို ယူဆောင်ကြကာ ပုက္ကု သာတိ မင်းကြီးထံသို့ အဖူးအမြော်ဝင်ကြလေသည်၊ မင်းကြီး က ထိုကုန်သည်တို့ကို "အမောင်တို့.... အဘယ်အရပ်ဒေသမှ လာကြကုန်သနည်း"ဟု မေးလေသည်၊ ကုန်သည်တို့က ရာဇဂြိုဟ်ပြည်မှလာရောက်ကြကြောင်း လျှောက်ထားကြလေ သည်၊ ထိုအခါ မင်းကြီးက "အမောင်တို့သည် ငါ၏သူငယ် ချင်း မဟာမိတ်ရင်းဖြစ်သော ဗိမ္ဗိသာရမင်းတရားကြီး၏ ရွှေမြို့တော်မှ လာကြသူများ ဖြစ်ပေသပေါ့"ဟု မိန့်ဆိုလေ သည်၊ ကုန်သည်များက "မှန်လှပါကြောင်း"ဟု လျှောက် ထားကြလေသည်၊ မင်းကြီးသည် ဗိမ္ဗိသာရမင်း၏ ကျန်းမာ ရေးကို မေးလေသည်၊

ထိုနေ့ာက်မှစ၍ ပုက္ကုသာတိမင်းကြီးသည် ရာဇဂြိုဟ်ပြည် မှ ရောက်ရှိလာကြသော ခြေလျင်ကုန်သည် လှည်းကုန်သည် တို့အား အကောက်အခွန်များကို လွတ်ငြိမ်းခွင့် ပေးခြင်း, အစားအစာနှင့် တည်းခိုရန် နေရာထိုင်ခင်းများကို ပေးခြင်း,

ဘေးဥပါဒ်အန္တရာယ်များ မကျရောက်အောင် ကာကွယ်ပေးခြင်းအစရှိသော အမှုကိစ္စများကို ဆောင်ရွက်ပေးကြရန် မြို့ဝန် မြို့ကြပ်များအား အမိန့်ထုတ်ပြန်ထားလေသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းတရားကြီးကလဲ ထိုနည်းတူစွာ မိမိတိုင်းပြည်သို့ ရောက်ရှိလာကြသော တက္ကသိုလ်ပြည်ကုန်သည်များအား အခွန်အကောက်လွတ်ငြိမ်းခွင့်ပေး၍ အမှုကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြရန် မြို့ဝန်မြို့ကြပ်များအား ညွှန်ကြားထားပြီးဖြစ်ပေသည်။

~~~~~~~~~~

## မင်းနှစ်ပါးတို့ သဝဏ်လွှာ အပြန်အလှန် ပါးကြပုံ

မကြာမီကာလအတွင်း၌ ဗိမ္ဗိသာရမင်းကြီးသည် မဟာမိတ်ဖြစ်သော ပုက္ကုသာတိမင်းထံ ကုန်သည်များကတဆင့် အောက်ပါသဝဏ်လွှာကို ပါးလိုက်လေသည်။

"အဆွေတော်မင်းမြတ်....

ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြား၊ ကျောက်မျက်ရတနာ ဟူသမျှတို့သည် ပစ္စန္တရာဇ်အရပ်၌သာ ပေါ်ထွက်တတ်ကြပေသည်၊ အကယ်၍ အကျွန်ုပ်၏ သူငယ်ချင်းနိုင်ငံတော်၌ ကြည့်ရှုချင်ဖွယ် နားထောင်ချင်ဖွယ် အသွယ်သွယ်သော ရတနာများ ထွက်ပေါ်လာပါလျှင် အကျွန်ုပ်အား အသိပေးစေလိုပါသည်"။
~~~~~~~~~~

ထို့အတူပင် ပုဏ္ဏသာတိမင်းကြီးကလဲ ဗိမ္ဗိသာရ မင်းကြီးထံသို့-

''အဆွေတော်မင်းမြတ်....

မဇ္ဈိမဒေသဟူသည်မှာ အလွန်ကြီးမြတ်သော တိုင်းကြီး, ပြည်ကြီး, မြို့ကြီး, ပြကြီးများ အခြေတည်ရာ ဒေသကြီးဖြစ်ပေသည်။ သို့ပါ၍ ထိုမဇ္ဈိမဒေသဝယ် ထူးဆန်းသော ကြည့်ရှုချင်ဘွယ်, နားထောင်ချင်ဘွယ်, အသွယ်သွယ်သောရတနာများ ပေါ်ထွန်းလာခဲ့သည်ရှိသော် အဆွေတော် မင်းတရားကြီးသည် အကျွန်ုပ်အား အသိပေး အကြောင်းကြားစေလိုပါသည်''။

ဟူ၍ဖော်ပြပါရှိသော အတုံ့သဝဏ်လွှာကို ကုန်သည်များကတဆင့် ပြန်ကြစေးလိုက်လေသည်၊ မင်းနှစ်ပါးသည် တဦးနှင့်တဦး မတွေ့မမြင်ရပဲလျှက် တမန်ခြင်းဆက်သွယ်, သဝဏ်လွှာခြင်း ဆက်သွယ်ကြကာ မြဲမြံသော မဟာမိတ်အဖြစ်သို့ ရောက်ရှိကြလေသည်။

## ပုဏ္ဏသာတိမင်းကြီး၏ လက်ဆောင်

ဤသို့လျှင် မင်းနှစ်ပါးသည် နှစ်ရှည်လများစွာ ချစ်ကြည်လာခဲ့ကြလေသည်၊ တနေ့သောအခါ ပုဏ္ဏသာတိမင်းကြီးလက်ဝယ်သို့ တတိုင်းတပါးဖြစ် လက်ဆောင်ပဏ္ဏာတော်အထူးကို ရရှိလေသည်၊ ၎င်းပဏ္ဏာတော် ပစ္စည်းအထူးမှာ

အဆင်းငါးပါးနှင့်ပြည့်စုံသော အလွန်အဘိုးထိုက်တန်သည့် ကမ္ဗလာရှစ်ထည် ဖြစ်ပေသည်၊ မင်းကြီးသည် မိမိကတိကဝတ် ထားခဲ့သည့်အတိုင်း ယင်းအဘိုးတန်ပစ္စည်းများကို သူငယ် ချင်း ဗိမ္ဗိသာရမင်းကြီးထံ လက်ဆောင်ပေးပို့ရန် ဆုံးဖြတ် လိုက်လေသည်။

ယင်းသို့ဆုံးဖြတ်ပြီးနောက် ချော မော သေ သပ် သော နံ့သာကြုတ်ရှစ်လုံးတို့၌ထည့်ကာ မင်းတံဆိပ်များခတ်နှိပ်၍ ဗိမ္ဗိသာရမင်းကြီးထံ ဆက်သကြကုန်လော့ဟု အမတ်တို့ အား တာဝန်ပေးလေသည်၊ ဤလက်ဆောင်တော်ကို အဆွေ တော် မင်းကြီးသည် ရွှေမြို့တော်အလယ်တွင် မင်း မူးမတ် ပရိသတ် ခြံရံလျက် အဆွေတော်ကိုယ်တိုင် ဖွင့်လှစ်စေလိုပါ ကြောင်း ဟူ၍ သဝဏ်လွှာအမှာစကား ပါးလိုက်လေသည်။

ပုက္ကုသာတိမင်းကြီး၏ ကိုယ်စားလည်တော် အမတ်တို့လဲ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကြကာ အဆိုပါ လက်ဆောင် တော်ကို ဗိမ္ဗိသာရမင်းကြီးထံ ဆက်သကြလေသည်၊ မင်း ကြီးလဲ သဝဏ်လွှာကို ရှေးဦးစွာဘတ်ပြီးနောက် သဝဏ်လွှာ၌ ပါရှိသည့်အတိုင်း ရွှေမြို့တော်အလယ်၌ မူးမတ် ပရိသတ် ဗိုလ်ပါ ခြံရံကာ နံ့သာဖြူ ကြုတ်များကို ဖွင့်တော်မူလေ သည်၊ ထိုကြုတ်ရှစ်လုံးစလုံး၌ အဘိုးအနဂ္ဃ ထိုက်တန်သည့် အလျား ၁၆-တောင်စီ၊ အနံ ၈-တောင်စီ ရှိကြသော ကမ္ဗလာ အထည်များကို တွေ့ကြရလေ့သည်။ ကြည့်ရှုနေကြသောမင်း နှင့်တကွ ပရိသတ်အပေါင်းတို့ဟာလဲ အံ့သြချီးမွမ်း၍ မကုန် နိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေ့တော့သည်။

ဗိမ္ဗိသာရမင်းကြီးသည် လူခြင်းမတွေ့ဘူးပါပဲလျက် တဦးနှင့်တဦး မဟာမိတ်ဖြစ်ခဲ့ကြသော ပုက္ကုသာတိမင်း၏ လက်ဆောင်တော်များသည် အနဂ္ဃ အဘိုးထိုက်တန်ပါပေသည်၊ ယင်းအဘိုးထိုက်တန်သော အထူးအမြတ်ပစ္စည်းများကို အကြောင်းပြုပြီး ကုသိုလ်တရား ပွားများစေခြင်းအလို့ငှါ မြတ်စွာဘုရားအား လေးထည်သော ကမ္ဗလာကို လှူဒါန်းလေသည်၊ ကျန်လေးထည်ကို မိမိနန်းပြာသာဒ်ဆောင်၌ အလှုထားရှိလေသည်။

# ဗိမ္ဗိသာရမင်းကြီး၏တုံ့ပြန်လက်ဆောင်တော်

ဗိမ္ဗိသာရမင်းကြီးသည် သူ၏သူငယ်ချင်း ပုက္ကုသာတိမင်းထံ အဘယ်သို့သော လက်ဆောင်တော်တို့ကို တုံ့ပြန်ရလျှင် သင့်တော်မလဲလို့ စဉ်းစားတော်မူလေသည်၊ ဗိမ္ဗိသာရမင်းကြီးသည် ဘုန်းကြီးသော မင်းတပါးဖြစ်သောကြောင့် ရာဇဂြိုဟ်ပြည်၌ တက္ကသိုလ်ပြည်ကပို့သော လက်ဆောင်များထက် သာလွန်သော ရတနာများရှိပေသည်၊ သို့သော် မင်းကြီးသည် သောတာပန် ဖြစ်ပြီးသောအခါမှစ၍ ဘုရား, တရား, သံဃာ တည်းဟူသော ရတနာသုံးပါးမှလွဲ၍ အခြားတပါးသော လောကီပစ္စည်းဥစ္စာများအပေါ်၌ နှစ်သက်ရွှင်လန်းခြင်း တန်ဘိုးထားခြင်း မရှိတော့ပဲ ဖြစ်နေလေတော့သည်။

သို့ဖြစ်သောကြောင့် မင်းကြီးသည် သူ၏သူငယ်ချင်းအား တလောကလုံးတွင် အထွဋ်အမြတ်ဆုံးဖြစ်သော ရတနာမျိုးကို

လက်ဆောင်အဖြစ်တုံ့ပြန်ရန် ကြံစည်တွေးတောပြီး အောက်ပါအတိုင်း အစီအစဉ်များ ပြုလုပ်လေတော့သည်။

မင်းကြီးသည် တလောကလုံးတွင် အထွဋ်အမြတ်ဆုံးဖြစ်သော ဘုရား,တရား, သံဃာ တည်းဟူသော ရတနာသုံးပါး တက္ကသိုလ်ပြည်သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူကြဘိသကဲ့သို့ သဝဏ်လွှာကိုပို့ရန် အလျားလေးတောင်, အနံ တထွာ, ရှိသည့် မထူလွန်းမပါးလွန်းသော ရွှေပြားကို ခတ်စေလေသည်၊ ထိုရွှေပြားဝယ် အက္ခရာတို့ကို ရေးသားမည့်နေ့၌ နံနက်စောစောကပင် ဦးခေါင်းလျှော် ရေမိုးသန့်စင်၍ အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်လေသည်၊ ထိုနောက် နံနက်စာစားသောက်ပြီးလတ်သော် နန်းပြာသာဒ်ထက်သို့ တက်ရောက်တော်မူ၍ အောက်ထပ်တံခါးများကို ပိတ်ထားလိုက်တော့သည်။

ထိုနောက် မင်းကြီးသည် ခတ်ယူလာသော ရွှေပြားပေါ်၌အရဟံအစ, ဘဂဝါအဆုံး, ဘဝဂ်ချုပ်မျှ ဘုန်းတော်ကြီးမား ဂုဏ်[၉]ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပထမရေးသားလေသည်၊ ဆက်လက်၍ ဗုဒ္ဓဝင်အကျဉ်းချုပ်ကိုပါ ရေးသားပြီး ထိုမြတ်စွာဘုရားသည် ယခုအခါ ပွင့်ထွန်းဖြစ်ပေါ်တော်မူလျက်ရှိကြောင်းကို ရေးသားဖော်ပြလေသည်။

တဖန် သွာက္ခာတအစ, ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချုပ်မျှ ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော

တရားတော်မြတ်၏ဂုဏ်ကို ချီးကျူးရေးသားလေသည်။ ဆက်လက်၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော်မြတ်သည် အစ၏ကောင်းခြင်း, အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်း တည်းဟူသော ကောင်းခြင်းသုံးဖြာနှင့် ညီညွတ်ကြောင်း၊ ထို့ပြင် (ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး)ကို ကျင့်ကြံအားထုတ်လျှင် လူချမ်းသာ နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတိုင်အောင် ရောက်ရှိနိုင်ကြောင်း ရေးသားလေသည်။

မင်းကြီးသည် တဖန်ဆက်၍ သုပ္ပဋိပန္နအစ, ပုညက္ခေတ္တံ အဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့်ပြည့်စုံတော်မူသော သံဃာဂုဏ်တော်ကို ရေးသားလေသည်။ ထိုသံဃာတော် အရှင်မြတ်တို့သည် မြတ်စွာဘုရား ဟောညွှန်တော်မူသော သိက္ခာသုံးရပ် အကျင့်မြတ်တွေကို ကျင့်သုံးကြသဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်နှင့် ရဟန္တာစသည်ဖြင့် အရိယာသူတော်စင်များ၏အထိ တရားထူးများရကြကြောင်း ရေးသားလေသည်။

ဆက်လက်၍ အာနာပါနဿတိကမ္မဋ္ဌာန်း ရှုပွားနည်းကို အကျယ်တဝင့် ရေးသားလေသည်၊ ထိုနောက် နိဂုံးချုပ်အနေဖြင့် "အဆွေတော် ပုက္ကုသာတိမင်းသည် အကယ်၍ တတ်နိုင်စွမ်းပါလျှင် တောထွက်၍ ရဟန်းပြုစေခြင်ပါသည်" ဟု တိုက်တွန်းစကား ရေးသားလိုက်လေသည်။

ယင်းသို့ ရေးပြီးသော ရွှေပြားကို သေချာစွာလိပ်၍ နူးညံ့သော ကမ္ဗလာနှင့် ရစ်ပတ်ချည်နှောင်လိုက်သည်၊ ထို

နောက် နံ့သာနှစ်ကြုတ်၌ရင်း, ထိုနောက် ငွေကြုတ် ရွှေကြုတ် ပတ္တမြားကြုတ် စသည်တို့ဖြင့် အဆင့်ဆင့်ထည့်လေသည်။ ထိုနောက်မှ မင်းတံဆိပ်ခတ်နှိပ်ပြီး မင်းခမ်းမင်းနားဖြင့် ရာဇဂြိုဟ်နယ်မြေအဆုံးထိ ပို့စေသည်၊ တက္ကသိုလ်ဘုရင်ထံလဲ ခြေမြန်တော်လွှတ်၍ မင်းခမ်းမင်းနားဖြင့် စောင့်ကြိုရန် သဝဏ်လွှာပါးလိုက်လေသည်။

လက်ဆောင်တော် ပို့ဆောင်ကြမည့် တမန်တော် အမတ်များကိုလဲ "အမောင်တို့.... ငါ့သူငယ်ချင်း ပုက္ကုသာတိမင်းသည် ဤလက်ဆောင်ပစ္စည်းတို့ကို လက်ခံယူသောအခါ မောင်းမမိဿံ အခြွေအရံတို့အလယ်၌ လက်မခံပဲ ပြာသာဒ်ထက်သို့ တက်ရောက်ကာ မင်းကြီးတဦးတည်း လက်ခံစေလိုကြောင်း" လျှောက်ထားကြပါလေဟု အတွင်းစကား မှာကြားလိုက်လေသည်။

## ပုက္ကုသာတိမင်း လက်ဆောင်တော်ကို ကြိုယူခြင်း

ပုက္ကုသာတိမင်းကြီးသည်လဲ တက္ကသိုလ်ပြည်၏ နယ်စပ်မှ မင်းခမ်းမင်းနားဖြင့် စောင့်ကြိုလျက်ရှိလေသည်၊ နယ်စပ်မှ တဆင့် တက္ကသိုလ်နေပြည်တော်အတွင်းသို့ ခမ်းနားကြီးကျယ်စွာ ယူဆောင်သွားကြလေသည်၊ ယင်းလက်ဆောင်သည် တက္ကသိုလ်ပြည်တွင်းသို့ ထူးဆန်းလှစွာ ပူညံနွေး၍ ရောက်ရှိ

သွားလေသည်၊ ဗိမ္ဗိသာရမင်းကြီး၏ တမန်တော်အမတ်သည်လဲ မင်းကြီးမှာလိုက်တော်မူသည့်အတိုင်း ပုက္ကုသာတိမင်းအားလျှောက်ထားလေသည်။

ပုက္ကုသာတိမင်းကြီးသည် အမှာစကားကို ကြားသိရပြီးနောက် လက်ဆောင်တော် သယ်ယူလာကြသော တမန်တော်မှူးမတ်တို့အား ထိုက်သင့်သလို ပြုစုကြရန် မှာထား၍ နန်းပြာသာဒ်ပေါ်သို့ တက်ရောက်သွားလေသည်။ နန်းပြာသာဒ်ပေါ် ရောက်သောအခါ အဝင်တံခါးများတွင် အစောင့်ချထားကာ အတွင်းသို့ တဦးတယောက်မျှ ဝင်ရောက်ခွင့်မပြုရန်အမိန့်ထုတ်ထားခဲ့လေသည်။ ထိုနောက် မင်းကြီးသည် လက်ဆောင်တော်အား မြင့်သောနေရာ၌ထား၍ မိမိကနိမ့်သောနေရာ၌ထိုင်ကာ လက်ဆောင်တော်ပစ္စည်းကို ဖွင့်ကြည့်တော်မူလေသည်။

မင်းကြီးသည် အဘိုးတန်ရတနာများ စီချယ်ထားသောစသေတ္တာအဆင့်ဆင့်ကို တခုပြီးတခု ဖွင့်လှစ်ပြီး နောက်ဆုံးကမ္ဗလာအဝတ်နှင့် ပတ်ထားသော ရွှေပြားလိပ်ကို ဖြန့်၍ကြည့်သောအခါ ညီညာဝိုင်းစက်သော အက္ခရာစာလုံးများဖြင့် ရေးသားတော်မူထားသော ရတနာသုံးပါး၏ ဂုဏ်တော်များကို ဖတ်ရှုရလေသည်။

## ပုဏ္ဏသာတိမင်းကြီး ပီတိသောမနဿဖြစ်ခြင်း

ယင်းသို့ ဘုရား,တရား,သံဃာ တည်းဟူသော ရတနာသုံးပါး၏ ဂုဏ်တော်များကို ဘာသ်ရှုရသောအခါ မင်းကြီး၏ သန္တာန်၌ အားကြီးသောနှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, ပီတိသောမနဿများဖြစ်ပေါ်လာလေသည်။ (ဤလောက၌ မြတ်စွာဘုရားရှင်သည် ထင်ရှားစွာပွင့်ထွန်းတော်မူလာပြီ)ဟူသော သတင်းစကားကို ငါ့သူငယ်ချင်း ဗိမ္ဗိသာရမင်းကြီး၏ အကြိုးဆောင်ပေးမှုကြောင့် ငါကြားနာခွင့်ရပေပြီ ဟုဆင်ခြင်ကာ အားကြီးသော နှစ်သက်ရွှင်လန်းမှု တဖွားဖွားဖြစ်ပေါ်လျက်ရှိပေသည်။

~~~~~~~~~~

## မင်းကြီးချာန်ရပြီး မြတ်စွာဘုရားအား ရည်ရှူး၍ ရဟန်းပြုခြင်း

ထိုနောက် မင်းကြီးသည် ရွှေပေသဝဏ်လွှာ၏ နောက်ဆုံးအခဏ်းဖြစ်သော အာနာပါနဿတိကမ္မဋ္ဌာန်းကို ညွှန်ကြားချက်အတိုင်း ပွားများအားထုတ်လေတော့သည်။ မင်းကြီးသည် အတိတ်ဘဝက ပါရမီအခံရင့်သန်မှု အကြောင်းပြု၍ ထက်သန်သော သဒ္ဓါတရား, မလျော့သော လုံ့လဝီရိယ, မမေ့မလျော့သော သတိရှိမှုတို့ကြောင့်၊ ရက်အနည်းငယ်အတွင်း၌ပင် ရူပါဝစရဈာန်တို့ကို အပြည့်အစုံ ရရှိလေသည်၊
~~~~~~~~~~

မင်းကြီးသည် မည်သူတစုံတဦးကိုမျှ အဖူးအမျှော်မခံတော့ပဲ အလုပ်အကြွေးလုလင်ငယ်တဦးကိုသာ အဝင်ခံကာ ရရှိသော အချိန်ကို ဈာန်ချမ်းသာနှင့် ပျော်မွေ့စွာ စံတော်မူနေလေ တော့သည်။

ယင်းသို့ ဈာန်ချမ်းသာနှင့် မွေ့လျော်၍ ၁၅-ရက်ခန့် ကြာသောအခါ မှူးမတ်ဗိုလ်ပါနှင့်တကွ တိုင်းသူပြည်သား တို့သည် နန်းတော်မြေကွက်လပ်ကြီး၌ စည်းဝေးကြလျက်—

"အရှင်မင်းကြီး....

အရှင်မင်းကြီး၏ အဆွေတော် ပေးပို့လိုက်သော လက် ဆောင်ပဏ္ဏာတော်တို့ကို ပြသင့်ပြထိုက်သော သူတို့အား ပြ သင့်ပါသည်၊ တိုင်းတပါးသား မင်းအချို့တို့သည် နည်း ပရိယာယ် ကြွယ်ဝစွာ ပြည်ထောင်အချင်းချင်းအပေါ်၌ လှည့်ဖြားအကောက်ကြံတတ်ကြပါသည်၊ အရှင်မင်းမြတ် စဉ်းစားဝေဖန်တော်မူပါ"ဟု တညီတညွတ်တည်း လျှောက် တင်ကြလေသည်။

မင်းကြီးသည် ထိုသို့ကြွေးကြော် လျှောက်ထားသံကို ကြားရသောအခါ ငါသည်တိုင်းပြည်နှင့်တကွ ပြည်သူပြည် သား အစိုးအပွားကိုပဲ ဆောင်ရမည်လော၊ (သို့မဟုတ်) မြတ်စွာဘုရား၏ အဆုံးအမဩဝါဒကိုခံယူကာ သာသနဝန် ကိုပဲ ဆောင်ရမည်လောဟု ကြံစည်စဉ်းစားလေတော့သည်၊ ထိုနောက်မှမင်းကြီးသည် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ကာ သာသနဝန်ကိုဆောင်ရန် ယတိပြတ် ဆုံးဖြတ်လေတော့သည်၊

ဆံမုတ်ဆိတ်ကိုပယ်ပြီး ဈေးထဲမှ သပိတ်သက်နိုးကို ဝယ်စေကာ မြတ်စွာဘုရားအားရည်မှန်း၍ ရဟန်းပြုလေတော့သည်။

ယင်းသို့ရဟန်းပြုပြီးနောက် နန်းတွင်းသူ နန်းတွင်းသား, မှူးမတ်များ, မြို့သူမြို့သားများ၏ ငိုကြွေးသံ ပူဆွေးသံ ကြားက ထီးနန်းစည်းစိမ်နှင့် တိုင်းပြည်ကိုစွန့်ခွါကာ မင်းကြီးသည် မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်ဌာနသို့ ဦးတည်လျက် ဘိနပ်မစီး ထီးမဆောင်းပဲ တကိုယ်တော်တည်း ခရီးထွက်ခဲ့လေတော့သည်၊ လမ်းခရီးကြား၌ လှည်းကုန်သည်များက ဆွမ်းကိစ္စအဝဝကို ဒါနပြုခဲ့ကြလေသည်။

ထိုသို့သော ခရီးလမ်း၌ လှည်းကိုလဲမစီးရှာပဲ ခြေလျင်ခရီးဖြင့်လာခဲ့ရာ တက္ကသိုလ်ပြည်မှ ယူဇနာ(၁၉၂)ယူဇနာ မိုင်အားဖြင့် (၂၄၉၆)မိုင် ကွာဝေးသော သာဝတ္ထိပြည်သို့ ရောက်ခဲ့လေသည်၊ ပုက္ကုသာတိအရှင်သည် ဤသည်ကား သာဝတ္ထိပြည်ပေတကား, ဤသည်ကား ဇေတဝန်ကျောင်းတော်ပေတကားဟု အမှတ်မထားမိပဲ ဖြတ်ကျော်ခဲ့လေသည်၊ ထိုမှတဆင့် ယူဇနာ(၄၅)ယူဇနာ မိုင်အားဖြင့် (၅၈၅)မိုင် ဝေးကွာသော ရာဇဂြိုဟ်မြို့သို့ ရောက်ခဲ့လေသည်။

ပုက္ကုသာတိအရှင်သည် ဖော်ပြပါအတိုင်း ရာဇဂြိုဟ်မြို့သို့ ညနေ နေဝင်ကာစအချိန် ဆိုက်လာသည်၊ ဗိမ္ဗိသာရမင်းကြီး၏ သဝဏ်လွှာတော်အရ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှာပင် သီတင်းသုံးလျက် ရှိလိမ့်မည်ဟု ထင်နေလေသည်၊

ထိုကြောင့် တွေ့ရှိသောလူများကို "မြတ်စွာဘုရား အဘယ် ကျောင်းတိုက်၌ သီတင်းသုံးနေပါသနည်း" ဟုမေးလေသည်၊ လူများက "အရှင်ဘုရား ယခုအဘယ်ကကြွလာပါသလဲ" ဟု မေးကြသည်၊ ပုက္ကုသာတိအရှင်က "မြောက်အရပ် တက္ကသိုလ် ပြည်ဘက်ကလာခဲ့ကြောင်း" ပြောလေသည်၊ ထိုသူများက "ဒါဖြင့် အရှင်ဘုရား ခရီးလွန်လာခဲ့ပေပြီ၊ မြတ်စွာဘုရား သည် ယခု ဤရာဇဂြိုဟ်ပြည်မှ(၄၅)ယူဇနာ ကွာဝေးသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက် ရှိပါသည်" ဟု လျှောက်ထားကြလေသည်။

ယင်းသို့သိရသောအခါ ပုက္ကုသာတိ အရှင်သည် ယခု အခါ မြတ်စွာဘုရားထံသို့ ပြန်သွားရန် အချိန်မရှိတော့၍ ယနေ့တညဘာ ဤအရပ်၌ အနားယူတည်းခိုပြီး နံနက်မိုး သောက်မှ ခရီးဆက်ရန် အကြံပြုလေတော့သည်၊ ထိုကြောင့် စေ့စေ့ ကလူ များ ကို ပင် "အမောင်တို့.... ဤဒေသသို့ အချိန်မရှိ (ဝါ) အချိန်မတော်ရောက်လာသော ရသေ့ ရဟန်းများသည် အဘယ်အရပ်၌ တည်းခိုကြပါသလဲ" ဟု မေးလေသည်၊ လူများက အိုးထိန်းသည်တဲကို ညွှန်ပြသဖြင့် ထိုတဲသို့သွားကာ အိုးထိန်းသည်ထံ ခွင့်တောင်း၍ တညဉ့်တာ တည်းခိုရန် တဲတွင်းသို့ ဝင်ရောက်သွားတော့သည်။

## မြတ်စွာဘုရားရှင်ကြွလာတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ထိုနေ့မိုးသောက်ထတော်မူသော အခါ သတ္တလောကအတွင်း ကျွတ်ထိုက်သော သူများကို

ကြည့်တော်မူလျှင် ပုက္ကုသာတိအရှင်ကို တွေ့မြင်တော်မူလေသည်၊ ထိုပုဂ္ဂိုလ်သည်လဲ အာယုသက်တန်း ကုန်ဆုံးနေသူယနေ့တညတာသာလျှင် အသက်ရှင်နေနိုင်သူဖြစ်ကြောင်း တွေ့ရှိရသဖြင့် မြတ်စွာဘုရားသည် (၄၅)ယူဇနာ ကွာဝေးသော ခရီးကို ခြေလျင်ကြွရောက်ကာ ပုက္ကုသာတိအရှင်ကို သနားချီးမြှောက်ရန် ကြွလာတော်မူလေသည်။

မြတ်စွာဘုရားသည် ပုက္ကုသာတိအရှင် အိုးထိန်းသည်တဲအတွင်းသို့ ဝင်ပြီးစအချိန်တွင် ထိုတဲအနီးသို့ ဆိုက်ရောက်လာတော်မူလေသည်၊ မြတ်စွာဘုရားသည် တဲအတွင်းသို့မဝင်သေးပဲ တဲဝ၌ ရပ်တော်မူလျက် "အို...ရဟန်း သင့်အဘို့ရာအကယ်၍ ဝန်မလေးပါမူ ငါတို့လဲ ဤတဲအတွင်း၌ တညဥ့်တာမျှ နေထိုင်လိုပေသည်"ဟု ခွင့်တောင်းစကား မိန့်ကြားတော်မူလေသည်၊ ပုက္ကုသာတိအရှင်သည် မြတ်စွာဘုရား၏အသရေတော်ကို ဖုံးအုပ်ထားသဖြင့် သာမန်ရဟန်းတပါးအမှတ်ဖြင့် "ငါ့ရှင်....ဤအိုးထိမ်းသည်တဲသည် ဆိတ်ငြိမ်မှုလဲရှိပါသည်၊ ကျယ်ဝန်းမှုလဲရှိပါသည်၊ အရှင်မြတ်သည် ချမ်းသာစွာ သီတင်းသုံး နေထိုင်တော်မူပါ"ဟု ခွင့်ပြုစကားပြောကြားလေသည်။

ဤသို့လျှင် ခတ္တိယဇာတ် မြတ်သော အမျိုးအနွယ် ရှိကြသူ, ရှေးဆုတောင်းကုသိုလ်ကောင်းမှု အထူးနှင့်ပြည့်စုံကြသူ, မင်း စည်းစိမ်ကို စွန့်လွှတ်ကာ ရဟန်းပြုကြသူ, ရွှေရောင်အဆင်း ဝင်းဝါသော ကိုယ်ရည်မျှစားရှိကြသူ, စျာန်သမာပတ်ကို ရရှိတော်မူကြပြီးဖြစ်သော ဘုန်းရှင်ကံရှင်နှစ်ဦးသည်

အိုးထိန်းသည် တဲအတွင်း၌ ဈာန်သမာပတ်အသီးသီး ဝင်စားကြကာ ညဦးယံအချိန်ကို ကုန်လွန်စေတော့သည်။

မြတ်စွာဘုရားရှင်သည် ပုက္ကုသာတိအရှင်အား တရားဟောရန် စကားစ, ရရှိစေခြင်းငှါ ရှေးဦးစွာ ဤသို့ မေးတော်မူလေသည် "ရဟန်း.... သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုသနည်း၊ အဘယ်သူသည် သင်၏ ဆရာ ဖြစ်ပါသနည်း၊ အဘယ်သူ၏တရားကို သင်နှစ်သက်ပါသနည်း" ထိုအခါ ပုက္ကုသာတိအရှင်က "မိမိသည် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ ရဟန်းပြုခဲ့သည်၊ မိမိ၏ဆရာသည် မြတ်စွာဘုရားဖြစ်သည်၊ မိမိသည် မြတ်စွာဘုရား၏ တရားတော်ကို အနှစ်သက်ဆုံးဖြစ်သည်"ဟု အကျယ်ဖြေကြား လျှောက်ထားလေသည်။

တဖန် မြတ်စွာဘုရားရှင်က "ရဟန်း ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားအပေါင်းကို သိတော်မူသော မြတ်စွာဘုရားသည် အဘယ်မှာ နေတော်မူသနည်း"ဟု မေးတော်မူသည်။ "ငါ့ရှင်...ဥတ္တရတိုင်း သာဝတ္ထိမည်သော မြို့၌ မြတ်စွာဘုရား နေတော်မူပါသည်" ဟု ပုက္ကုသာတိအရှင်က ဖြေကြားလေသည်။ ထိုနောက် ဆက်လက်၍ "ရဟန်း သင်သည် ထိုမြတ်စွာဘုရားကို မြင်ဘူးပါ၏လော၊ အကယ်၍မြင်ခဲ့သည်ရှိသော် သိပါအံ့လော" ဟု မေးတော်မူပြန်သည်၊ ပုက္ကုသာတိအရှင်က "ငါ့ရှင် မိမိသည် မြတ်စွာဘုရားကိုမမြင်ဘူးပါ၊ အကယ်၍တွေ့မြင်ငြား သော်လဲ မသိရပါ"ဟု ဖြေကြားလေသည်။

ယင်းကဲ့သို့ စကားစ, စကားဆက်ကို ရရှိပြီးသည်နောက် မြတ်စွာဘုရားရှင်သည် ဤအမျိုးကောင်းသားအား တရားဟောရလျှင် ကောင်းပေမည်ဟု စိတ်အကြံ ဖြစ်လေသည်၊ ထိုကြောင့် ပုက္ကုသာတိအရှင်အား "ရဟန်း သင့်အား ငါ တရားဟောပေအံ့၊ ထိုတရားကို ကောင်းစွာနှလုံးသွင်း၍ နာကြားပေလော့"ဟု မိန့်ဆိုလေသည်၊ ပုက္ကုသာတိအရှင်က မြတ်စွာဘုရားရှင်အား "ကောင်းပါပြီ ငါ့ရှင်"ဟု ပြန်ကြား ပြောဆိုလေသည်။

ထိုနောက် မြတ်စွာဘုရားရှင်သည် ပုက္ကုသာတိအရှင်အား "ရဟန်း....ဤပုဂ္ဂိုလ် သတ္တဝါ ဟူသမျှသည် ဓာတ်ခြောက်ပါးသာရှိသည်၊ ဖဿာယတန ခြောက်ပါးသာရှိသည်။ စိတ်၏ ကြံစည်သုံးသပ်ခြင်း တဆယ့်ရှစ်ပါး ရှိသည်၊ တည်ရာ တရား လေးပါးရှိသည်၊ ယင်းတည်ရာတရား လေးပါးတို့၌ တည်သော ပုဂ္ဂိုလ်,သတ္တဝါအား ငါဟူ၍ထောင်လွှား မှတ်ထင်မှု မာနရေအယဉ်တို့ မယိုစီးကုန်၊ မာနရေအယဉ် တသွင်သွင် မစီးလတ်သော် ထို (ခီဏာသဝ) ရဟန်းကို ကိလေသာခပ်သိမ်း အေးငြိမ်းသောရဟန်းဟု ဆိုအပ်ပေသည်။

(၁) ဝိဿနာပညာကို မမေ့ရာ၊ (၂) ဝစီသစ္စာကို စောင့်ရသည်၊ (၃) ကိလေသာစွန့်ခြင်းကို [ဝါ] ကိလေသာကို စွန့်ဘို့ရာ ပွားများအားထုတ်ရာသည်၊ (၄) ထိုရဟန်းသည် ကိလေသာငြိမ်းအေးမှုကိုသာ [ဝါ] ကိလေသာ ငြိမ်းအေးရန်သာ ကျင့်ရာသည်"။

(ဤကား ဓာတုဝိဘင်္ဂသုတ်၏ ဥဒ္ဒေသ{=အကျဉ်း} မာတိကာ ဖြစ်ပေသည်)။

မြတ်စွာဘုရားသည် ယင်းကဲ့သို့ မာတိကာတရားစဉ် ခင်းထားပြီးလျှင် ထိုမာတိကာပါ စကား ဝါကျစုများကို တခုစီ တခုစီ အကျယ်နိဒ္ဒေသ ဖွင့်ပြဟောကြားတော်မူလေသည်။

အကျယ်နိဒ္ဒေသ ဟောကြားတော်မူပုံကို မိဋ္ဌက မြန်မာပြန် ဥပရိပဏ္ဏာသပါဠိ ဓာတုဝိဘင်္ဂသုတ်၌ ဆက်လက်လေ့လာနိုင်ပါသည်။

**မှတ်ချက်**

ဤကျမ်း၌မူ ဓာတ်ခြောက်ပါးကိုသာ အဓိကထားပြီး ကောက်နုတ်ဖော်ပြသွားရန်ဖြစ်ပေသည်။

## ဝိပဿနာတရား ဓာတ်(၆)ပါးကို ဟောကြားခြင်း

"ရဟန်း.... ဝိပဿနာပညာကို မမေ့ရာ၊ ဝစီသစ္စာကို စောင့်ရာ၏၊ ကိလေသာကို စွန့်ခြင်းငှါ အစးထုတ်ရာ၏၊ ကိလေသာငြိမ်းခြင်းကိုသာ ကျင့်ရာ၏ ဟူသောစကားသည် အဘယ်ကိုစွဲ၍ ဆိုသနည်း၊ အဘယ်သို့လျှင် ဝိပဿနာကို မမေ့ရာသနည်းဟူမူ၊ ရဟန်း.... ဓာတ်တို့သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ် စသည်အားဖြင့် ဤခြောက်ပါးရှိလေသည်"။

ယာစ အဇ္ဈတ္တိကာ ပထဝီဓာတု ယာစ ဗာဟိရာ ပထဝီဓာတု ပထဝီယေဝေသာ၊ နေတံမမ နေသောဟ မသ္မိ နေသောမေအတ္တာတိ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။ ဝေမေတံ ယထာဘူတံ သမ္မပညာယ ဒိသွာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ ပထဝီဓာတုယာ စိတ္တံ ဝိရာဇေတိ။

ဘိက္ခဝေ=ရုပ်နာမ်အစု၌ဘေးရန်တွေ့ဟုရှုရန် ရောက်ရှိနေသော အို-ရဟန်း။

အဇ္ဈတ္တိကာ=အတွင်းသန္တာန်၌ဖြစ်သော။ ယာစ ပထဝီဓာတု=အကြင် လေးလံကြမ်းထမ်း ခက်မာသော သဘောရှိသော ပထဝီဓာတ်သည်။ အတ္ထိ=ရှိလေသည်။ ဗာဟိရာ=အပသန္တာန်၌ဖြစ်သော။ ယာစ ပထဝီဓာတု=အကြင်လေးလံကြမ်းထမ်း ခက်မာသော သဘောရှိသော ပထဝီဓာတ်သည်။ အတ္ထိ=ရှိလေသည်။

သော = ဤပထဝီဓာတ်နှစ်ပါးသည်။ ပထဝီယေစ= ပထဝီဓာတ်၏ သဘောလက္ခဏာသက်သက်မျှသာတည်း။ တံ=ဤပထဝီဓာတ် နှစ်မျိုးစလုံးသည်၊ နမမ=ငါပိုင် ငါ့ဥစ္စာ ငါ့ပစ္စည်းလဲမဟုတ်၊ သော=ဤဓာတ်နှစ်မျိုး စလုံးသည်။ နအဟမသ္မိ=ငါ,ငါအမျိုးသား, ငါအမျိုး သမီးလဲမဟုတ်။ သော=ဤဓာတ်နှစ်မျိုးစလုံးသည်၊ နမေအတ္တာ=ငါ့ကိုယ်,ငါ၏အတ္တ,ငါ၏ဇီဝလဲမဟုတ်။

ဣတိဝေ = ဤသို့လျှင်။ တေ = အတွင်းအပြင် ဤဓာတ်နှစ်မျိုးစလုံးကို။ ယထာဘူတံ=သဘောမှန်အတိုင်း။ သမ္မာ = ကောင်းစွာ။ ပညာယ = ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ=ရှုပွားအပ်သည်။ ဧဝံ=ဤသို့။ တေ=ဤဓာတ်နှစ်မျိုးကို။ ယထာဘူတံ=သဘောမှန်အတိုင်း။ သမ္မာ=ကောင်းစွာ။ ပညာယ=ဝိပဿနာပညာဖြင့်။ ဒိသွာ=မြင်၍။(ဝါ)မြင်ခဲ့သည်ရှိသော်။ ပထဝီဓာတုယာ=ပထဝီဓာတ်အပေါ်၌။ နိဗ္ဗိန္ဒတိ=နှစ်သက်ခြင်းကင်းလွတ်ကာ ငြီးငွေ့သည်။ ပထဝီဓာတုယာ=ပထဝီဓာတ်အပေါ်၌။ စိတ္တံ=မနောဝိညာဏဓာတ်ဟူသောစိတ်သည်။ ဝိရာဇေတိ =တပ်မက်ခြင်းကင်းလွတ်လေသည်။

## မှတ်ချက်

ကျန်ရှိသော အာပေါဓာတ်, တေဇောဓာတ်, ဝါယော ဓာတ် တို့ကိုလည်း ဤကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် သိမြင်ကြပါလေ၊ အာကာသဓာတ်မှာ ရုပ်ဓာတ်ပင်ဖြစ်သော်လဲ အရှုခံ အာရုံအဖြစ် ရှုပွားရန်မဟုတ်ပါ၊ ရုပ်ဓာတ်တပါးနှင့်တပါး မဆက်စပ်အောင် ပိုင်းခြားပေးသော သဘောမျှသာ ဖြစ်ပေသည်။

## ဝိညာဏဓာတ်

ထိုမှတပါး ပင်ကိုယ်သတ္တိအားဖြင့် ထက်ဝန်းကျင် စင်ကြယ်သော ဖြူစင်သန့်ရှင်းသော ဝိညာဏဓာတ်သည် ကျန်ရှိပေသေးသည်။ ထိုဝိညာဏဓာတ်သည် အဘယ်နည်းဟူမူ—

အာရုံငါးပါးအပေါ်၌ ကိုင်းတတ်သည့်သဘော, ညွတ်တတ်သည့်သဘော, အာရုံအသီးသီးကို ကြံစည်တတ်သော သဘော, အာရုံအသီးသီးတို့ကို သိတတ်သော သဘောရှိသော ဝိညာဏခေတ်သည်ရှိလေသည်။

တံ=ထိုဝိညာဏခေတ်သည်။ န မမ=ငါ့ပိုင်,ငါ့ဥစ္စာ ငါ့ပစ္စည်းလဲမဟုတ်။ နေသော=ထိုဝိညာဏခေတ်သည်။ နအဟမသ္မိ=ငါ,ငါ့အမျိုးသား,ငါ့အမျိုးသမီးလဲမဟုတ်။ နမေသော=ထိုဝိညာဏခေတ်သည်။ နမေအတ္တာ=ငါ၏ အတ္တ, (ငါ၏အသက်) ငါ၏ဇီဝလဲမဟုတ်။

ဣတိဧဝံ=ဤသို့လျှင်။ တံ=ထိုမနောဝိညာဏခေတ်ကို။ ယထာဘူတံ=သဘောမှန်အတိုင်း။ သမ္မာ=ကောင်းစွာ။ ပညာယ=ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ=ရှုပွားအပ်သည်။ ဧဝံ=ဤသို့။ တံ=ထိုဝိညာဏခေတ်ကို။ ယထာဘူတံ=သဘောမှန်အတိုင်း။ သမ္မာ=ကောင်းစွာ။ ပညာယ=ဝိပဿနာပညာဖြင့်။ ဒိသွာ=မြင်၍။ (ဝါ) မြင်ခဲ့သည်ရှိသော်။ ဝိညာဏံ=ဝိညာဏခေတ်အပေါ်၌။ (ဝါ) စိတ်အပေါ်၌။ နိဗ္ဗိန္ဒတိ=နှစ်သက်ခြင်း ကင်းလွတ်ကာ ငြီးငွေ့လာသည်။ ဝိညာဏံ=ဝိညာဏခေတ်အပေါ်၌။ စိတ္တံ=မနောဝိညာဏခေတ်ဟူသောစိတ်သည်။ ဝိရာဇေတိ =တပ်မက်ခြင်းကင်းလွတ်လေတော့သည်။

မြတ်စွာဘုရားရှင်သည် အထက်တွင် ဖော်ပြခဲ့ပြီးသော မာတိကာစဉ်အတိုင်း ပုဏ္ဏသာတိအရှင်အား အကျယ်တဝင့်

ဟောကြားတော် မူခဲ့ပေသည်။ ထိုမှတဖန် ဆက်လက်၍ မြတ်စွာဘုရားရှင်သည် "ရဟန်း.... သင်သည် ယခုငါဟော ကြားသော ဤခေတ်ခြောက်ပါး ဝေဖန်သုံးသပ်ရန်အတွက် ဓာတုဝိဘင်္ဂသုတ်ကို ဆောင်လေလော့"ဟု နိဂုံးချုပ် မိန့် ကြားတော်မူလေသည်။

## ပုက္ကုသာတိအရှင် အနာဂါမ်အဖြစ် ရောက်ရှိခြင်း

မြတ်စွာဘုရားရှင်ဟောကြားတော်မူသော ဒေသနာတော် အဆုံး၌ ပုက္ကုသာတိအရှင်သည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို အစဉ်အတိုင်းရရှိပြီး မိမိ၏ရှေးကောင်းမှု ဉပနိဿယ ပါရမီခံအလျောက် အောက်မဂ်, အောက်ဖိုလ် များကိုရရှိကာ အနာဂါမ်အရိယာဖြစ်လေတော့သည်။

ပုက္ကုသာတိအရှင်သည် အနာဂါမိဖိုလ်သို့ ရောက်ရှိပြီး နောက် ယခုငါ့အား တရားဟောကြားတော်မူသော အရှင် သည် ငါ၏ဆရာ မြတ်စွာဘုရားရှင်ဖြစ်ရမည်ဟု တထစ်ချ ယုံကြည်လေတော့သည်၊ ထိုနောက် ပုက္ကုသာတိအရှင်သည် အားရဝမ်းသာစွာဖြင့် ခပ်သိမ်းသော တရားတို့ကို ပိုင်းခြား သိမြင်တော်မူသော မြတ်စွာဘုရားသည် ငါ့အား မဟာ ကရုဏာတော်ထားကာ ကြွရောက်တော်မူပေသည်ဟု ဆင် ခြင်၍ နေရာမှထကာ လက်ဝဲပခုံးစွန်း၌ သင်္ကန်းကိုတင်လျက် မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးတိုက်လေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား... မိုက်မဲတွေဝေ ကာ မလိမ္မာသည့်အလျောက် အပြစ်သည် ဘုရားတပည့်တော် အား လွှမ်းမိုးသွားခဲ့ပါပြီ၊ ဘုရားတပည့်တော်သည် မြတ်စွာ ဘုရားအား ငါ့ရှင်ဟူ၍ ခေါ်ဝေါ်ပြောဆိုမိခဲ့ပါသည်၊ မြတ်စွာဘုရားသည် အစဉ်သနားတော်မူသောအားဖြင့် ဘုရား တပည့်တော်အား ခွင့်လွှတ်တော်မူပါ သည်းခံတော်မူပါ အရှင်မြတ်ဘုရား"ဟု လှိုက်လှဲစွာ လျှောက်ထားလေသည်။

"ရဟန်း.... စင်စစ်တကယ်ပင် မိုက်မဲတွေဝေမလိမ္မာသည့် အလျောက် အပြစ်သည် သင့်အား လွှမ်းမိုးခဲ့လေပြီ၊ ရဟန်း သင်သည် အပြစ်ကိုအပြစ်ဟုရှု၍ အပြစ်အား လျော်စွာ ကုစားသောကြောင့် သင်၏ထိုအပြစ်ကို ငါတို့သည် သည်း ခံကုန်သည်၊ ရဟန်း အကြင်သူသည် အပြစ်ကိုအပြစ်ဟု ရှုမြင်၍ အကြောင်းအားလျော်စွာ ကုစားပေသည်၊ နောက် အခါလဲ စောင့်စည်းသည်ရှိသော် ဤကုစားခြင်း စောင့် စည်းခြင်းသည် ငါဘုရား၏အဆုံးအမ သာသနာတော်၌ ကြီးပွားခြင်းပင်တည်း"ဟု မြတ်စွာဘုရားသည် မိန့်ဆိုတော် မူလေသည်။

ထိုနောက် ပုက္ကုသာတိအရှင်သည် "ဘုန်းတော်ကြီး သောမြတ်စွာဘုရား... ဘုရားတပည့်တော်သည် မြတ်စွာဘုရား အထံတော်၌ ရဟန်းအဖြစ်ကို ရပါရစေ"ဟု လျှောက်ထား လေသည်၊ မြတ်စွာဘုရားက "ကိုယ်ပိုင်သပိတ်သင်္ကန်း ပြည့်စုံ ပြီလော"ဟု မေးတော်မူ၍ "ဘုရားတပည့်တော်၌ သပိတ် သင်္ကန်း မပြည့်စုံသေးပါ"ဟု ပြန်လည်လျှောက်ထားလေ

သည်၊ "ရဟန်း မြတ်စွာဘုရားတို့သည် သပိတ်သက်န်းမပြည့်စုံသူကို ရဟန်းပြုမပေးကုန်"ဟု မိန့်တော်မူလေသည်၊ ယင်းကဲ့သို့ မိန့်ကြားတော်မူသောကြောင့် ပုက္ကုသာတိအရှင် မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပြီးလျှင် သပိတ်သင်္ကန်းရှာဖွေရန် နေရာမှ ဖဲခွါသွားတော့သည်။

## ပုက္ကုသာတိအရှင်စုတေ၍ အဝိဟာဗြဟ္မာဘုံ၌ ဖြစ်ခြင်း

ပုက္ကုသာတိအရှင်သည် ပံသုကူသင်္ကန်းစစ်စစ်ကို ရရှိလိုသည်ဖြစ်သောကြောင့် သူ၏မဟာမိတ် ဗိမ္ဗိသာရမင်းကြီး ထံလဲ မသွား၊ တက္ကသိုလ်မှ ရောက်ရှိနေကြသော ကုန်သည်များထံသို့လဲ မသွားပဲ မြို့ပြင်ထွက်ကာ အမှိုက်ပုံနှင့် သုသာန်တို့၌ အဝတ်ကြမ်းကိုရှာလေသည်၊ ထိုကဲ့သို့ပံသုကူ အဝတ်ကြမ်းကို အမှိုက်ပုံတခု၌ ရှာဖွေလျက်ရှိစဉ် (အတိတ်ဘဝက ရန်သူဘီလူးမ ဝင်ပူးကပ်အပ်သော) စိတ်ဖောက်ပြန်နေသည့် သားသည်အမိနွားမတကောင်သည် အနီးသို့ပြေးလာပြီး ဦးချိုဖြင့်ဝှေ့၍သတ်လေသည်။

ပုက္ကုသာတိအရှင်သည် ထိုနွားမဝှေ့သောဒါဏ်ချက်ဖြင့် နေရာ၌ပင် အသက်ပျောက်ကာ အမှိုက်ပုံပေါ်၌ မှောက်၍ ထားအပ်သော ရွှေစင်ရုပ်တုပမာ ဖြစ်ရှာလေတော့သည်၊ ထိုသို့ စုတိပြုတ်ကြွေ သေလွန်ပြီး၊လတ်သော် (အဝိဟာဗြဟ္မာ

ဘုံ)၌ ဗြဟ္မာကြီးဖြစ်လေသည်၊ ယင်းသို့ဖြစ်၍ ကာလ မကြာမှီပင် ထိုဘုံ၌ အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာ ဗြဟ္မာကြီး ဖြစ်လေသည်။

ထိုကဲ့သို့ စုတိပြတ်ကြွေ သေလွန်ပြီးသော ပုဏ္ဏသာတိ အရှင်၏ ရုပ်ကလာပ်ကို မဟာမိတ်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ညောင် စောင်း ငယ် ဖြင့် တင် ယူ စေ ပြီး နောက် သင့်လျော်လျောက်ပတ်ရာအရပ်၌ ထားရှိလေသည်။ ပြီးနောက် ရေချိုးသမား ဆတ္တာသည်အစရှိသော သူများကို ခေါ်စေ၍ ရုပ်အလောင်းကို ရေချိုးပေးစေလေသည်၊ တဖန် ဝတ်ဖြူစင်ကြယ်တို့ကို ဝတ်စေလျက် မင်း၏အသွင်ဖြင့် တန်းဆာဆင်စေသည်။ ထိုနောက် ပန်း နံ့သာ အမျိုးမျိုးဖြင့် ပူဇော်လျက် မြို့ပြင်သို့ထုတ်ဆောင်ကာ နံ့သာထင်းများတို့ဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်မှုပြုပြီး အရိုးဓာတ်များကိုယူဆောင်၍ စေတီတည်ထားလေတော့သည်။

(မဟာဗုဒ္ဓဝင် စတုတ္ထတွဲကို မှီငြမ်းပြုသည်)

## ကျမ်းစာငယ်၏ နိဂုံး

ဗုဒ္ဓဝါဒ၊ လမ်းဆုံးရ၊ ဟောပြနိဗ္ဗာန်ပင်။
နိဗ္ဗာနမှာ၊ ပရမသုညတာ၊ ခန္ဓာသုညတမြင်။
ခန္ဓာသုညတ၊ မြင်ရေးက၊ ဓာတ်မှသိနိုင်ပင်။
ထိုသဘာဝ၊ ထေခက်ရှုဆ၊ ဓာတ်ကစရှုဝင်။

အထက် ကျမ်းဦးအစ၌ ဖော်ပြပြီးခဲ့သော ယင်းလင်္ကာဆောင်ပုဒ်အရ ဗုဒ္ဓဝါဒီတို့၏ အမြင့်ဆုံး ရည်မှန်းချက် ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်ပေသည်၊ နိဗ္ဗာန်ဆိုသည်မှာ ကံကပေးသော ဒုက္ခ, ကိလေသာကပေးသောဒုက္ခ, ခန္ဓာကပေးသော ဒုက္ခ အစရှိသော ဒုက္ခအသီးသီးမှ လွတ်ကင်းသွားသော အမြတ်ဆုံး ချုပ်ဆုံးမှုကို ဆိုလိုပေသည်။ (ဝါ) အမြတ်ဆုံး ဆိတ်သုဉ်းမှုဖြစ်ပေသည်။

ယင်းအမြတ်ဆုံးဆိတ်သုဉ်းမှု အသခ်တဓာတ် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုပါလျှင် ဤတလံမျှရှိသော ခန္ဓာကိုယ်ကြီးကို ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ ဟူသော ပညတ်နိမိတ် ပညတ်အာရုံတို့မှ ကွယ်ပျောက်သွားကာ ဉာဏ်ထဲတွင် သုညအနေ ထင်လာမြင်သိလာအောင်ရှုပွားရပေမည်၊ ဤကဲ့သို့ ခန္ဓာသုညတ ထင်မြင်လာရေးအတွက် ဓာတ် (ဝါ) သဘာဝ လက္ခဏာမှသာ သိနိုင်ပေသည်။ ဒါကြောင့်မို့ ဓာတ်(၆)ပါး ကမ္မဋ္ဌာန်းကို ပေးရခြင်းဖြစ်ပေသည်။

သို့သော် ယင်းကဲ့သို့ဓာတ်[၆]ပါးကမ္မဋ္ဌာန်းကိုပေးရာ၌လဲ အမြင့်ဆုံးဖြစ်သော နိဗ္ဗာန်ထိရရှိရေးအတွက် ရည်ရွယ်ချက် မထားသေးပါ၊ ပထမရှေးဦးစွာ သမုတိသစ္စာနယ် (ဝါ) ပညတ်နယ်တည်းဟူသော ကိလေသာနယ်ကို ဖြတ်ကျော်နိုင်ပြီး ဝိပဿနာနယ်မြေသို့ ရောက်ရှိရေးအတွက် အဓိကထားပါသည်။ တနည်းအားဖြင့် သဘာဝလက္ခဏာဟူသော ဓာတ်ရုပ် ဓာတ်နာမ်ကို ကွဲကွဲပြားပြားသိပြီး သာမည

လက္ခဏာဖြစ်သော သင်္ခါရအနိစ္စ, သင်္ခါရဒုက္ခများကို အနုပဿနာဉာဏ် (ဝါ) ဝိပဿနာဉာဏ်ဖြင့် သိမြင်လာရေးကို အဓိကထားရှိပေသည်။

ဤကဲ့သို့ ပညာတ်မနှော ပရမတ္ထသဘောဖြင့် ရုပ်အစစ် နာမ်အစစ်ကို တွေ့သိလာခဲ့သည်ရှိသော်—

ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။

သုသိမ = ချစ်သားသုသိမ။ ပုဗ္ဗေခေါ = ရှေးအဘို့၌သာလျှင်။ ဓမ္မဋ္ဌိတိဉာဏံ=ပရမတ် ရုပ်နာမ်တို့အား ပိုင်းခြား၍သိသော ဝိပဿနာဉာဏ်သည်။ ဟောတိ=ဖြစ်၏။ ပစ္ဆာ=ထိုမှနောင်၌။ နိဗ္ဗာနေ=နိဗ္ဗာန်သို့။ ဉာဏံ= အာရုံပြု၍ဖြစ်သော မဂ်ဉာဏ်သည်။ ဥပ္ပဇ္ဇတိ=ဖြစ်ပေါ်လာလေတော့သည်။

ဟု မြတ်စွာဘုရားရှင်ဟောညွှန်ထားပေသည်။

## အဓိပ္ပါယ်

ရှေးဦးစွာ ယောဂီသည် ပရမတ် ရုပ် နာမ် ကို ပိုင်းခြား၍ ဝိပဿနာဉာဏ်နှင့် သိမြင်ရန်အရေးကြီးသည် ဤကဲ့သို့ သိမြင်ရန် အရေးကြီးသည်၊ ဤကဲ့သို့ သိမြင်လာပါက နောင် မ ရှေး မ နှောင်း ကာ လ အ တွင်းမှာ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပေသည်ဟု ဟောညွှန်ထားပေသည်။

(သံယုတ်ပါဠိတော်သုသိမသုတ်)

ထို့ပြင် မြတ်စွာဘုရားသည် ခန္ဓာငါးပါးကို အောက်ပါအတိုင်း ဟောညွှန်ထားပြန်လေသည်။

> ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ
> ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ
> နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မမြဲသောအနိစ္စအနေဖြင့် မြင်နိုင်ခဲ့သော် (ဝါ) တွေ့သိအောင် ရှုပွားနိုင်ခဲ့သော် အနုလောမဉာဏ်တိုင်အောင် ရနိုင်ပေသည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ချုပ်ဆုံးခြင်းကို မြဲသော နိဗ္ဗာန်ဟု မြင်နိုင်ခဲ့သော် မဂ်ဉာဏ်နှင့်တကွ ဖိုလ်ဉာဏ်ကို သက်ဝင်နိုင်၍၊ (ဝါ) မျက်မှောက်ပြုနိုင်ပေသည်၊

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အထက်ဖော်ပြပါ ဒေသနာတော်နှစ်ရပ်၌ မြတ်စွာဘုရားရှင်သည် (က) ဤတလံမျှရှိသော ခန္ဓာကိုယ်မှာ ရုပ်နာမ်ကို တွေ့သိအောင်ရှုပွားပါ၊ ရုပ်နာမ်အစစ်ကို တွေ့သိလျှင် (ခ) အနိစ္စ ဒုက္ခ အနတ္တကို အမှန်တကယ် တွေ့သိလာပေမည်၊ ဤသို့ တွေ့သိလာလျှင် (ဂ) အနုလောမဉာဏ် ရရှိပြီး ရပ်တန့်မနေတော့ပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ဟု အာမခံချက် ပေးထားခြင်း ဖြစ်ပေသည်၊

ဒါကြောင့်မို့ မိမိတို့ ဗောဓိပက္ခိယ ကမ္မဋ္ဌာန်း ဌာန က ရှင်တော်မြတ်ဘုရား အလိုတော်ကျဖြစ်စေရန် (၁) ပရမတ္ထ ရုပ်နာမ်အစစ်ကို တွေ့သိအောင်ရှုပွားစေပါသည်၊ ယင်းသို့ တွေ့သိပြီးနောက် (၂) အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးကို ဝိပဿနာဉာဏ်ဖြင့် တွေ့သိအောင် ရှုပွားစေပါ သည်၊ ယောဂီများ ယင်းကဲ့သို့ အဖြစ်အပျက် သင်္ခါရတရား တို့ကို အမှန်အတိုင်း တွေ့သိလာနိုင်လျှင် အသင်္ခတတည်းဟူ သော အကျိုးတရားသည် အမှန်တကယ် ပေါ်ထွက်လာနိုင် ပေတော့သည်။ (ဝါ) အနှေးနဲ့အမြန် အသင်္ခတဓာတ် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေတော့မည်ဟု ယုံကြည် ပေသည်။

ယောဂီများသည် ဟုတ်တိုင်းမှန်စွာ (ဝါ) နည်းမှန် လမ်းမှန်အတိုင်း ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရရှိရေးအတွက် ဆရာရှာကြပါ၊ (ဝါ) ဆရာရှာရမည်ဟု မြတ်စွာဘုရားရှင် ဟောညွှန်ထားခဲ့ပေသည်။ အကယ်၍ ယင်း ဟောညွှန်ချက်ကို လိုက်နာကျင့်သုံးခြင်းမရှိခဲ့သော် မိမိတို့ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရှိပဲ လမ်းချော်သွားတတ် ပေသည်။ (ဝါ) တရားလမ်းကြောင်း လွဲသွားတတ်ပေ သည်။

အဘယ်ကဲ့သို လမ်း ကြောင်း လွဲ တတ် သ နည်း ဟူ မူ .... ယောဂီသည် တဆင့်ကြားဘူးနားဝနှင့်ဖြစ်စေ၊ ကမ္မဋ္ဌာန်း ကျမ်းစာအုပ်ကို ကြည့်ရှု၍ဖြစ်စေ၊ အကယ်၍အားထုတ်သည် ဆိုကြပါစို့၊ ဤသို့အားထုတ်သဖြင့် ယောဂီသည် ဈာန်

ညီညွတ်လာသောအခါ ဉာဏ်စဉ်များ တက်လာလေတော့သည်၊ ယင်းသို့ဉာဏ်စဉ်တက်လာ၍ သမ္မသနဉာဏ်ကိုလွန်၍ ဥဒယဗ္ဗယဉာဏ်နှသို့ရောက်ရှိသောအခါ ဆင်တူရိုးမှား လမ်းခွဲကလေးများကို တွေ့တတ်ပေသည်။

## ဆင်တူရိုးမှားတွေ့တတ်ပုံများ

ယောဂီသည် ဖော်ပြပါအတိုင်း သတိနှင့်ဉာဏ် ယှဉ်မိလာသောအခါ တရားအားထုတ်လျက်ရှိစဉ် ဘယ်နေ့တွင် ဘယ်သူ ဘာဖြစ်လိမ့်မယ် အစရှိသော ကြားစိတ်များကိုရင်း၊ တချို့တလေကျတော့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကြွရောက်လာသည်ကိုရင်း၊ ရဟန္တာများ, ဝိဇ္ဇာများ ကြွရောက်လာသည်ကိုရင်း၊ အာရုံနှင့်တွေ့မြင်တတ်ကြပေသည်။ တချို့ယောဂီများကျတော့ သူသေကောင်တွေ အရိုးစုတွေကိုရင်း၊ နတ်သမီး နတ်သားတွေကိုရင်း၊ တွေ့ရတတ်ပေသည်။ တချို့ကြတော့လဲ စုန်းပူးသလို နတ်ပူးသလို ဖြစ်လာတတ်သည်၊ ငိုချင်သလို ရီချင်သလိုလဲ ဖြစ်လာတတ်ပေသည်။ တချို့ယောဂီများကြတော့ မျက်မှောင်ရှေ့တွင် စိမ်းစိမ်း ပြာပြာ ဝင်းဝင်း လက်လက် တွေကိုလဲ တွေ့ရတတ်ပေသည်။

ဤဖော်ပြပါ နိမိတ်များ ပညတ်အာရုံများ၊အနက် တချို့ယောဂီများသည် အတိတ်ဘဝက အလေ့အလာ ထုံခဲ့သည့်

အတိုင်း ယခုတွေ့မြင်ရခြင်းဖြစ်ပေသည်၊ ယောဂီများအားလုံး (ဝါ) ယောဂီတိုင်းတွေ့မြင်ကြသည်ဟု မဆိုလိုပါ၊ အကယ်၍ ဆရာမရှိပဲ အားထုတ်သော ယောဂီများသည် အကြောင်းတိုက်ဆိုင်ပြီး ဖော်ပြပါအတိုင်း ပေါ်လာ တွေ့လာသည်ရှိသော် တခါဘူးမျှ မတွေ့မြင်ဘူးသော အတွေ့ထူးများကြောင့် နှစ်သက်စွဲလမ်းဘွယ်ရာအာရုံကို တွေ့လျှင်လဲ နှစ်သက်စွဲလမ်း တတ်ပေသည်။ အကယ်၍ ကြောက်လန့်စရာ အာရုံမျိုးကို တွေ့လျှင်လဲ ကြောက်လန့်ပြီး ကမ္မဋ္ဌာန်းအလုပ်ကို ချထားတတ်ပေသည်။

ယင်းကဲ့သို့ အတွေ့အကြုံမျိုးကို တွေ့သိနိုင်ရန်အတွက် ယဘုယျအားဖြင့် လူတထောင်မှာတယောက်, တသောင်းမှာ တယောက် တွေ့သိရန် ခဲယဉ်းလှပေသည်။ တရားအလုပ်ကို လုပ်သူမှသာ သမာဓိအားကောင်းပြီး တွေ့နိုင်မြင်နိုင်ပေသည်။ [ဥပမာ] ရန်ကုန်သို့ မန္တလေးမှ အမြန်မီးရထား စီး သွား၊ သော ခရီး သည် သည် လမ်းကြားရှိ ဘူတာကြီးဘူတာလေးတွေကို ဖြတ်ကျော်ပြီးမှ ရန်ကုန်ဘူတာကြီးကို ဝင်ဆိုက်သကဲ့သို့ တရားကျင့်သုံးသော ယောဂီများဟာလဲ ဖော်ပြပါအတိုင်း သတိနှင့်ဉာဏ်ယှဉ်မိလာလျှင် ဓမ္မတာအတိုင်း (ဝါ) ဓမ္မသဘာဝအတိုင်း ဥဒယဗ္ဗယဉာဏ်သို့ ဝင်ရောက်လာလျှင် အနည်းနဲ့အများ {ဖော်ပြပါဥပက္ကိလေသတရား} (ဝါ) မဂ်မှားများကို တွေ့ရပေသည်။

ထို ဥပက္ကိလေသတရား ပညတ် အာရုံ များ အပေါ် ၌ ယောဂီသည် တပ်နှစ်သက်သောစိတ် (ဝါ) တဏှာဝင်သွားလျှင်သော်၎င်း၊ ကြောက်စိတ်များဝင်သွားလျှင်သော်၎င်း၊ တရားလမ်းကြောင်းပေါ်က ချော်ကျသွားသည်ဟု ဆိုပေသည်၊ တနည်း မိမိရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရှိပဲ သောင်တင်နေတတ်လေသည်။

ဒါကြောင့်မို့ နည်းမှန်အတိုင်း ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို အလိုရှိကြသော ယောဂီသူတော်စင်အပေါင်းတို့သည် ရှင်တော်မြတ်ဘုရား ဟောညွှန်ဘော်မူသည့်အတိုင်း ဆရာသမားကို အမှီထားပြီး ကျင့်ကြံအားထုတ်ကြပါဟု နှိုးဆော်တိုက်တွန်းကာ နိဂုံးချုပ်လိုက်ရပါတော့သတည်း။

# ပဏ္ဏနာ-ဆုတောင်း

## "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"

သဗ္ဗဒါနံ=ခပ်သိမ်းဥဿုံ အလုံးစုံသော ဒါနမျိုးကို။
ဓမ္မဒါနံ=တရားတော်လှူဒါန်းရသော ဓမ္မဒါနမျိုးသည်။
ဇိနာတိ=မြင့်မြတ်ဆုံးဖြစ်သည်။

ဟူသော (ဓမ္မပဒ သက္ကပဉှာသုတ်)၌ ရှင်တော်မြတ်ဘုရား ဟောညွှန်တော်မူထားသည်အတိုင်း ကျွန်ုပ်၏ ဤ ဓမ္မဒါန ကုသိုလ်ကောင်းမှု အဘို့သည် သုံးလောကထွဋ်ထား မြတ်ဘုရား၏ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာ တည်းဟူသော သာသနာတော်ကြီးသုံးရပ် အကျင့် မြတ်တွေ နေရောင်၊လရောင် အနန္တပမာ ထွန်းလင်းတောက်ပ စွာနှင့် တည်တန့်ခိုင်မြဲပြီး အကွယ်မစေဘအောင် ကိုယ်စွမ်း နိုင်သမျှ ဉာဏ်စွမ်းနိုင်သမျှ နှစ်ရှည်လများစွာ ဆောင်ရွက် နိုင်ရပါစေသား....။ ဆောင်ရွက်နိုင်ရပါစေသတည်း။

ဗောဓိပက္ခိယကမ္မဋ္ဌာနာစရိယ
ဗောဓိပက္ခိယကျောင်း
မင်းကွန်းတောင်ရိုး။

## ''ဓမ္မဒါန အလှူရှင်''

အမည် ________________________

နေရပ် ________________________

________________________

ဤစာအုပ်ကို
''ဓမ္မဒါန''ပြုလိုသောပုဂ္ဂိုလ်များ
အောက်ပါဌာနနှင့်
ဆက်သွယ်နိုင်ပါသည်။


ဦးစံလှ
၇၃-မင်္ဂလာလမ်း မဟာနွယ်စဉ်
အိမ်အမှတ်[၂၅၉]၊
တက္ကသိုလ်အနီး-မန္တလေး။

ဒေါ်တင်ကြည်နှင့် သားများ ပုံနှိပ်တိုက်၊